
# နန္ဒကျော်သူ

## မုန်တိုင်းနှင့်တိမ်လျှိုင်း

ပ ထ မ ပိုင်း



+ စာမူကြိုတင်ခွင့်ပြုချက်အမှတ် ၄၅၆/၈၈(၁

+ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၀/၈၉(

ပထမအကြိမ်

၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ - ၆၀၀၊ တန်ဖိုး - ၃၀ ကျပ်

အဖုံးရိုက်နှင့်

ကာလာခွဲ - လင်းအောင်ဖဆက်

စာအုပ်ချုပ် - ကျော်ဆန်းဦး

ပုံနှိပ်သူ - ဦးပါကြီး (မြ ၀၁၉၅)

ဆန်းသစ်စပုံနှိပ်တိုက်

အမှတ် ၅၀၂၊ သိမ်ဖြူလမ်း

ရန်ကုန်

# နန္ဒကျော်သူ

## မုန်တိုင်းနှင့် တိမ်လျှိုင်း

ပထမပိုင်း

(၂-အုပ်တွဲသိုင်း၊စာစဉ်)

င်း

ည်။

ထင်းဆန်းတောင်တန်းကြီးအားအဖြူရောင်ဇာပဝါကလွှမ်း
ခြုံထားသည့်နှယ်။

စိမ်းလန်းစိုပြည်နေသော ထင်းဆန်းတောင်၏အထက်ပိုင်းကို
ဖြူဖွေးသောနှင်းထုက လွှမ်းအုပ်၍မိုးထားသည်။

ဘော်ငွေ ရောင်ခမောက်ကြီးဆောင်းထားပေးသည်နှင့် တူ
နေတော့သည်။

ထင်းဆန်းတောင်သည် မြင့်မားသလောက်ရှည်လျား၏။

ကြီးမားကျယ်ပြန့်သော မတောင်တန်းကြီး၏ တစ်နေရာဝယ်
င်ခံ့စွာဆောက်လုပ်ထားသည့် အိမ်ကလေးတစ်လုံးကို မြူ
င်းများကြားတွင် တွေ့မြင်နိုင်ပေသည်။

ထိုအိမ်ကလေးနှင့်မလှမ်းမကမ်းတွင် ကျယ်ပြန့်သောကျောက်
ျာတစ်ခုရှိနေသည်။

နှင်းတို့သည် ကျောက်ဖျာပေါ်သို့ တဖွဲဖွဲကျဆင်းနေ၏။

ကျောက်ဖျာပေါ်တွင် အသက်အားဖြင့် ခုနစ် နှစ် ရှစ် နှ
သာရှိဦးမည့် လူငယ်ကလေးတစ်ယောက်သည် နှင်းများကိုအံ
က် ရပ်တန့်နေသည်ကို တွေ့မြင်ရသည်။

ူငယ်ကလေးမှာ ခန္ဓာကိုယ်အချိုးအဆစ်ကျနလှ၏။

ိုးကျစ်တောင့်တင်းသော သူ၏ ခန္ဓာကိုယ်အထက်ပိုင်း
မှည့်သည့်အဝတ်အစားမှ ဝတ်မထားပါ။

အောက်ပိုင်းတွင် အပြာရောင်ဖဲအပျော့စားဘောင်းဘီရှ
ကလေးကိုဝတ်ဆင်၍ ခါးလည်၌ အဖြူရောင်အဝတ်ခါးပ
စည်းနှောင်ထားသည်။

လူငယ်ကလေးသည် နှင်းမှုန်များကြားဝယ် ရပ်တန့်နေရ
ခေတ္တမျှကြာသောအခါ သူ၏ခန္ဓာကိုယ်ကို ဘယ်ယိမ်းညာနွဲ့
စတင်လှုပ်ရှားလေ့တော့သည်။

လူငယ်ကလေးသည် အကွက်စေ့စေ့ဖြင့် သိုင်းလေ့က
ကစားနေခြင်းဖြစ်ပေသည်။

အသက်အားဖြင့် ရှစ်နှစ်နီးပါးသာရှိဦးမည်။

လူငယ်ကလေး၏သိုင်းလေ့ကျင့်နေဟန်မှာ တကယ့်သိုင်း
မားကြီးတစ်ဦးနှင့် မထူးခြားလှပါ။

လျင်မြန်သည်၊ ဖျတ်လတ်သည်၊ အကွက်စေ့သည်။

ခြေအရပ်အသိမ်း၊ အဆုတ်အတက်။

လက်အဆန့်အတန်းအဆွဲအငင်များမှာလျင်မြန်ဖျတ်လတ်
အားမာန်ပြည့်ရှိသဖြင့် လေတိုးသံကိုခပ်ဖွဖွဝေးမှပင် ကြ
နေရသည်။



လူငယ်ကလေးသည် မိမိ၏ခြေနှစ်ချောင်း ရပ်တန့်နိုင်
လောက်တည့်အချိန်ကတည်းက သိုင်းပညာသင်ကြားခဲ့ရကြောင်း
ထင်ရှားလှသည်။

ထို့ပြင် လူငယ်ကလေးသည် ဆရာကောင်းသမားကောင်း
နှင့် လေ့လာဆည်းပူးသင်ကြားထားသူလည်း ဖြစ်ရပေမည်။
မှန်ပေသည်။

လူငယ်ကလေး၏ဆရာသည် မလှမ်းမကမ်းမှနေ၍ရပ်တန့်ကာ
လူငယ်၏လှုပ်ရှားမှုများကို မမှိတ်မသုန်ကြည့်ရှုအကဲခတ်လျက်ရှိ
နေပေသည်။

* * *

အသက်ခြောက်ဆယ်ကျော်ငါးဆယ်နီးပါးရှိ အရပ်တောင်
တောင်မောင်းမောင်းနှင့်လူသည် သိုင်းလေ့ကျင့်နေသောလူငယ်
ကလေးကို လှမ်းကြည့်နေရာမှ သူ၏မျက်စိကို အနီးရှိဝက်သစ်ချ
ပင်ကြီးဆီသို့ လှမ်းကြည့်လိုက်သည်။

ဝက်သစ်ချပင်ကြီးတွင် ဓားနှင့်ခုတ်ထစ်ထားသည့်အရာခုနစ်
ခုရှိနေပေသည်။

ထိုသူသည် ဝက်သစ်ချပင်ကြီးဆီသို့လျှောက်သွားပြီး လက်
မှဓားဖြင့် ခုတ်ထစ်လိုက်လေသည်။

ဝက်သစ်ချပင် ပင်စည်၌ ဓားဖြင့်ခုတ်ထားသောအရာ ရှင်
တိတိဖြစ်သွားလေတော့သည်။

သိုင်းလေ့ကျင့်နေသောလူငယ်သည် ထိုအခြင်းအရာကိုမြ
သည်နှင့် အနားသို့ပြေးလာ၏။

'ဘဘတွမ် ကျွန်တော်အသက်ရှစ်နှစ်ပြည့်ပြီဟုတ်လား'

သိုင်းလေ့ကျင့်နေသောလူငယ်က မိမိ၏ရင်ဘတ်ကိုပုတ်ပြ
ဘဘတွမ်ဆိုသူကို မေးလိုက်လေသည်။

ဘဘတွမ်က ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်ချီ မင်းအသက်ရှစ်နှစ်ပြည့်ပြီ'

လူငယ်ကလေး၏အမည်မှာ ထန်ချီဖြစ်သည်။

သို့သော် သူ့ကို တစ်လုံးတည်း ချီ ဟုသာခေါ်၏။

ချီသည် ဝက်သစ်ချပင်မှ ဓားခုတ်ရာအမှတ်အသားများ
ထပ်မံ၍ ရေတွက်ပြန်သည်။

ပြီးမှ သူသည် ဘဘတွမ်ခေါ်တွမ်ကျူးကိုမော့ကြည့်လိုက်
'ဆယ်လပိုင်းရောက်တိုင်း ရောက်တိုင်း ကျွန်တော်တစ်နှ
ပြည့်တာပေါ့နော် ဘဘတွမ်'

ဘဘတွမ်က အသာအယာခေါင်းညိတ်၍

'ဟုတ်တယ်၊ မင်းမှတ်ထားဖို့က ဆယ်လပိုင်းရောက်တို
ရောက်တိုင်း မင်းရဲ့အသက်တစ်နှစ်တိုးပြီ ဆိုတာပဲ'

'ဆယ်လပိုင်းတော့ ဟုတ်ပါပြီ၊ ဘယ်နှစ်ရက်နေ့မှာ ကျ
တော့မွေးတာလဲ ဘဘတွမ်'



ဘဘတွမ် ချီကို ဆတ်ခနဲကြည့်လိုက်သည်။

နောက် သူ့မျက်နှာသည် မိုးပေါ်သို့ မော့သွား၏။

မေးရိုးကြီးများ တဖြည်းဖြည်း ထောင်လာသည်ကိုကြည့်
ခြင်းအားဖြင့် ဘဘတွမ် အံကို ကြိတ်ထားမှန်း သိလိုက်ရသည်။

ဘဘတွမ်၏မျက်နှာ မှိုင်းရီသွားသည်။

'နေ့ရက်တော့ ငါအတိအကျမသိဘူးချီ'

စိတ်ဆိုးသည့်အသံလည်းမဟုတ်၊ ပျော့ပျောင်းသည့်အသံ
လည်း မဖြည်ပါ။

ဘဘတွမ်သည် ခပ်ဆတ်ဆတ်ကလေးပြော၍ အိမ်ထဲသို့ပြန်
ဝင်သွားတော့သည်။

* *

ချီသည် ခပ်ငူငူကလေး ကျန်ခဲ့သည်။

သူသည် ဝက်သစ်ချပင်ကြီးအား အဓိပ္ပာယ်မဲ့ ငေးမော
ကြည့်နေ၏။

ရှစ်နှစ်သားရှိပြီဖြစ်သော ချီသည် အသိဉာဏ်နှင့် ဗဟုသုတ
ပညာရပ်များကို ဘဘတွမ်က ကြိုးစားပမ်းစားသင်ကြားပေး
ထားသည်။

ချီသည် မြို့ပြကျေးရွာများသို့ တစ်ခါမှ မရောက်ဖူးသေးပါ။

သို့သော် မြို့ပြကျေးရွာများတွင် မိမိတို့ကဲ့သို့ လူသားများ များစွာနေထိုင်ကြသည့်အကြောင်း ချီ သိရှိထားရသည်။

နောက် ရှေးဘုရင်များ၏ ရာဇဝင်များ၊ သူရဲကောင်းတော်လှန်ရေးသမားများ အကြောင်းကို ဘဘတွမ်က ပြောပြသည့်အခါ ချီသည် စိတ်ပါဝင်စားစွာဖြင့် နားထောင်နေတတ်သည်။

ဘဘတွမ် ပြောပြသမျှသော အကြောင်းအရာတို့သည် ချီ၏ မျက်စိထဲ၌ ကွင်းကွင်းကွက်ကွက် မြင်လာတတ်တော့သည်။

လက်တွေ့အားဖြင့်တော့ ချီသည် မိမိကဲ့သို့သောလူသားဟူ၍ ဘဘတွမ်နှင့် ဦးဦးဝမ်းတုံတို့ကိုသာ မြင်ဖူးလေသည်။

ဦးဦးဝမ်းတုံသည် မြို့ကြီးပြကြီး၌ နေသည်ဟုသိရသည်။

ဦးဦးဝမ်းတုံလာလျှင် များစွာသော စားသောက်စရာများ ဝယ်ခြမ်းလာတတ်၏။

ဦးဦးဝမ်းတုံသည် ချီအား အလွန်အမင်း ချစ်ပုံရသည်။

ရောက်ရှိလာသည်နှင့် ချီကို ပခုံးပေါ်သို့ထမ်းတင်၍ ပျော်ရွှင်စွာ လှည့်ပတ်ပြေးတတ်သည်။

တကယ်တော့လည်း ချီ၏ဘဝမှာ ဘဘတွမ်နှင့် ဦးဦးဝမ်းတုံ တို့သာလျှင် ရှိနေခဲ့သည် မဟုတ်ပါလား။

ဒီတစ်ခါ ဦးဦးဝမ်းတုံလာလျှင် မိမိဘယ်နေ့ကမွေးသလဲ ဟု မေးမည်။

ချီက ထိုကဲ့သို့စဉ်းစားပြီး ဝက်သစ်ချပင်ရင်းမှ ခွာလာခဲ့သည်။



ထို့နောက် ကျောက်များပေါ်တွင် မိမိအား သင်ကြားပေးထားသည့် သိုင်းပညာကို ဆက်လက် လေ့ကျင့်နေတော့သည်။

* * *

ဝိုင်းဝိုင်းစက်စက် လဝန်းသည်အေးမြသောအလင်းရောင်ကို ကြည်လင်တောက်ပစွာပေးထားသည်။

ကျောက်ဖျာပေါ်တွင် ဘဘတွမ်နှင့်ချီက ထိုင်ခုနေ၏။

သူတို့နှစ်ဦး၏ အလယ်တွင် ရေနွေးကရားက အငွေ့တထောင်းထောင်းနှင့် ရှိနေပေသည်။

မီးဖိုပေါ်တွင် ရေနွေးအိုးတည်ထား၏။

ချီသည် ရေနွေးကုန်သွားသည်နှင့် ထ၍ထည့်ပေးသည်။ ပြီးသည်နှင့် ဘဘတွမ်၏စကားများကို မျက်လုံးကလေး မှေးစင်းကာ နားထောင်လျက်ရှိနေတတ်သည်။

ဘဘတွမ်သည် အဘက်ဘက်မှ ပညာဗဟုသုတပြည့်စုံသူဖြစ်ပေသည်။

ယခုအခါ ထိုပညာဗဟုသုတများကို ချီ၏ဦးနှောက်ထဲသို့ ရိုက်သွင်းနေခြင်းဖြစ်ပေသည်။

ဘဘတွမ်သည် ဟိုးလွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင်နီးပါးက အုပ်ချုပ်ခဲ့သော ဆွမ်ဘုရင်၏ ရာဇဝင်ကိုလည်း မိမိကြားဖူးနားဝရှိခဲ့သည့်အတိုင်း ပြောပြခဲ့သည်။

ဆွမ်ဘုရင်၏ သတ္တိရှိပုံ၊ တိုင်းပြည်အုပ်ချုပ်ပုံများကို အတုယူစရာကောင်းသော အချက်အလက်များ ရှာဖွေပြောပြခဲ့၏။

ထို့နောက် မင် မင်းဆက်များအကြောင်း၊ နှစ်ပေါင်းတစ်

ရာနီးပါး မင်မင်းဆက်အုပ်ချုပ်ခဲ့ပုံများ၊ မြို့စားနယ်စားတို့၏ စရိုက်များအကြောင်းနှင့် မြို့စားနယ်စားများကို မကြိုက်သေ သူများက ပုန်ကန်ထကြ၍ မြို့ပြပြည်ရွာများ ပျက်စီးရ အကြောင်း။

ထိုစဥ်က 'ရဲလို' မြစ်နှင့် 'လို' မြစ်နှစ်ခုအကြား ဆူပူသော ကျန်းသည့် သူပုန်သူကန်များအကြောင်း၊

ထိုသူပုန်များကို သိုင်းပညာတတ် လူစွမ်းကောင်းများက နှိမ်နင်းပုံတို့ကို ပြောပြသည့်အခါ ချီသည် အလွန်အမင်းစိတ်ပါ ဝင်စားစွာ နားထောင်လေသည်။

'အခုကော အဲဒီလူဆိုးသူပုန်တွေဟာရှိတုန်းပဲလားဘဘတွမ်'

ချီက ဘဘတွမ်၏စကားကိုဖြတ်၍ ပြန်မေးတတ်သည်။

'ရှိတာပေါ့ချီရယ် အခုတုရင်လက်ထက်မှာ သာတော ဆိုးသေးတယ်၊ လူတွေဟာ ဥစ္စာကြေးငွေရဖို့အတွက် တ ယောက်နဲ့တစ်ယောက် သတ်ဖြတ်နေကြတယ် အာဏာ ရဖို့အ တွက်လဲ တစ်ယောက်နဲ့တစ်ယောက် မနာလိုကြဘူး'

'ဥစ္စာကြေးငွေ ဟုတ်လားဘဘ'

ဘဘတွမ်ကပြုံးလိုက်လေသည်။

ဘဘတွမ်၏အပြုံးသည် လရောင်နှင့်အတူအေးမြလှ၏။

'ဥစ္စာဆိုတာမိမိ ပိုင်ဆိုင်သမျှပစ္စည်းပစ္စယကို ဥစ္စာလို့ခေါ် တယ် ကြေးငွေဆိုတာလဲထို့အတူပဲ ငွေဆိုတာ ကိုယ်လိုချင်တဲ့ ပစ္စည်းတစ်ခုကိုလဲလှယ်တဲ့ အရာဝတ္ထုတစ်ခုပဲ၊ဥပမာဆိုပါတော့ မင်းဝတ်ထားတဲ့ဘောင်းဘီကို ငွေနဲ့ဝယ်ရတယ်၊ ဟောဒီရေနွေး ကရားကိုငွေနဲ့ဝယ်ရတယ်'



'ငွေမရှိရင် ဝယ်လို့မရဘူးပေါ့ဟုတ်လား'

ဘဘတွမ်သည် ချီကိုစိတ်မကောင်းစွာဖြင့် ငုံ့ကြည့်လိုက်၏။ လူရယ်လို့ စဖြစ်လာကတည်းက လူ့ပတ်ဝန်းကျင်နဲ့ ကင်း ကွာကြီးပြင်းလာခဲ့ရသော ချီသည် ငွေကြေးကိုပင်မမြင်ဖူးသေး ရှာပေ။

'ငွေမရှိရင် လောကကြီးမှာရပ်တည်လို့မရဘူးကွ'

ဘဘတွမ်သည်ပြောရင်းမှ သူ့အိတ်ထဲရှိ ငွေတုံးငွေစများကို ပြလိုက်သည်။

အပေါက်နှင့် ကြေးပြားကလေးများကိုလည်း ထုတ်ပြ၏။ ထို့နောက် သူ့တန်ဖိုးအလိုက် အသုံးဝင်ပုံတို့ကို ရှင်းပြခဲ့လေ သည်။

'အဲဒီငွေရဖို့အလုပ်လုပ်ပြီးရှာရတယ်၊ ရှာလို့ရတဲ့ငွေနဲ့ ကိုယ် လိုချင်တာကို ပြန်ဝယ်ရတာပေါ့ကွာ တစ်နေ့မင်းဒါတွေသိလာ မှာပါ'

ချီသည် တဖြည်းဖြည်းသဘောပေါက်လာပြီ ဖြစ်လေသည်။

'နောက်ပြီး အာဏာဆိုတာဘာလဲဘဘတွမ်'

'အင်း ဒါတွေဟာ မင်းမေးသင့်တဲ့စကားတွေပါပဲ။ တစ် နေ့မှာ မင်းအလိုလိုသိလာမှာပါ ယေဘုယျအားဖြင့်တော့အာ ဏာဆိုတာ တိုင်းပြည်ကိုအုပ်ချုပ်ထားတဲ့ ဘုရင်မင်းမြတ်ဆီက ဆင်းသက်လာတဲ့ လက်နက်တစ်ခုပေါ့ကွာ၊ ခပ်လွယ်လွယ် မင်း နားလည်အောင် ပြောရမယ်ဆိုရင် ဒီအလုပ်ကိုမလုပ်ရဘူး၊ ဒီ လူကိုမသတ်ရဘူး၊ သူများပစ္စည်းကိုမလုယူရဘူးစသည်ဖြင့် ချုပ်

ချယ်တားဆီးထားတာကို အမိန့်အာဏာလို့ခေါ်တယ် အဲဒါကို ဖောက်ဖျက်ရင် ထိုက်သင့်တဲ့အပြစ်ဒဏ်ခံစားရမယ်'

ဘဘတွမ်သည် မောသွားဟန်ဖြင့် ရေနွေးကြမ်းကိုသောက်ရင်း နားလိုက်သည်။

ချီအဖို့နားလည်သည်လည်းရှိ၏။မရှင်းလင်းသည်များလည်း ရှိနေသည်။

သို့သော် သူ့အနေဖြင့် အကွက်စေ့စေ့ ပြန်လည်မေးတတ်ပေ။

ဘဘတွမ်သည် ပြောသာပြောနေရသည်။ ချီတစ်ယောက် သိပ်ပြီးသဘောပေါက်လိမ့်မည် မဟုတ်မှန်း သိထား၏။

'မင်း နည်းနည်းငယ်ပါသေးတယ်ချီရယ်၊ အခုနေမှာဘဘ သင်ပေးတဲ့စာရယ်၊ အခြားဗဟုသုတနဲ့ သိုင်းပညာကိုသာ ကြိုးစားစမ်းပါဦး မင်းအသက် ဆယ့်နှစ်နှစ်ပြည့်တဲ့အခါကျရင် မြို့ကြီးပြကြီးတွေကို ရောက်အောင် ဘဘခေါ်သွားမှာပေါ့'

ချီကျေနပ်သွားသည်။

'ဆယ့်နှစ်နှစ်ဆိုတော့ နောက်လေးနှစ် ကျန်သေးတာပေါ့ နော်ဘဘ'

ချီက သူ့လက်ချောင်းကလေးများကို ချိုး၍ရေတွက်ရင်း ပြောလိုက်လေသည်။

ဘဘတွမ်ကပြုံး၍ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တာပေါ့လူလေးရဲ့ နောက်လေးနှစ်ဆိုရင် မင်းရဲ့အသက်ဟာ ဆယ့်နှစ်နှစ်ပဲ'

* * *

## ပုံမြင်ဟောင်းတစ်ခု

အင်ထရမ်းမြို့တော်သည် အတွင်းဝန်မင်းရုံး စိုက်သော်မြို့တော်ဖြစ်သည့်အလျောက် အလွန်စည်ကားလှသည်။

သူဌေးသူကြွယ် ကုန်သည်ပွဲစားကြီးများ မင်းမှုထမ်းအရာရှိကြီးများ စုံလင်သကဲ့သို့ လက်လုပ်လက်စား ဆင်းရဲသားများလည်းပေါများလှ၏။

ထို့အတူ အကျင့်စာရိတ္တအမျိုးမျိုး အသွေးအရောင်အမျိုးမျိုးနှင့် သိုင်းသမားများလည်း ထူပြောလှပေသည်။

ထိုကဲ့သို့လူနေထူထပ်ပြီး စည်ကားသည့်မြို့တော်ဖြစ်သည်နှင့်အညီ သူခိုးဓားပြ လူသတ်သမားများကလည်း ပေါများလှသည်။

မြို့စားကြီးကျင်းဟူသည် သူခိုးဓားပြလူသတ်သမားများကို နှိမ်နင်းသည်ဟုဆိုသော်လည်း တကယ်တမ်း ထိထိရောက်ရောက် မနှိမ်နင်းနိုင်ပါ။

အခြားအသေးအဖွဲ့သူခိုးသူဝှက်ကလေးများကိုသာ ဖမ်းဆီးမိနိုင်ပြီး၊ တကယ်တမ်းလူသတ်ဓားပြတိုက်နေသည့်ဂိုဏ်းကိုမဖြိုခွဲနိုင်ပါ။

အထူးသဖြင့် ကျားမင်းဓားပြဂိုဏ်းသည် အင်ထရမ်းမြို့တော်တစ်ဝိုက်၌ အထူးနာမည်ကြီးပြီး လူတိုင်းကြောက်ရွံ့နေကြရပေသည်။

မြို့စားကြီးကျင်းဟူ၏ကိုယ်ရံတော်တပ်သားများ အထောက်တော်များနှင့် မြို့ပြအုပ်ချုပ်ရေးအဖွဲ့သား လူဆိုးထိန်းများပင် ကျားမင်းဓားပြဂိုဏ်းကို ထိရောက်စွာမနှိမ်နင်းနိုင်ခဲ့ပေ။

ထိုသတင်းကို နေပြည်တော်မှကြားသိရလေသည်။

အတွင်းဝန်မင်းသည် အင်ထရမ်းမြို့တော်တစ်ဝိုက်၌သောင်းကျန်းနေသော ကျားမင်းဓားပြဂိုဏ်းကိုနှိမ်နင်းရန် ဘုရင့်ကိုယ်ရံတော်တပ်မှ အတော်ဆုံးတပ်မှူးတစ်ဦးကို လွှတ်လိုက်လေသည်။

ထိုတပ်မှူးသည် နေပြည်တော်မှ အင်ထရမ်းမြို့တော်သို့ ရောက်ရှိပြီး ဆယ့်ငါးရက်အကြာမှာပင် ကျားမင်းဓားပြဂိုဏ်းမှအသတ်ခံလိုက်ရလေတော့၏။

ထူးခြားသည်မှာ ထိုတပ်မှူးကိုလွှတ်လိုက်သည့်အတွင်းဝန်မင်းလည်း ရာထူးမှကျဆင်းသွားတော့သည်။

ထိုအတွင်းဝန်မင်းရာထူးမှကျဆင်းပြီး အတွင်းဝန်ချန်ယိဆိုသူက အစားထိုးဝင်ရောက်လာတော့သည်။



အတွင်းဝန်မင်း ချန်ယိတက်ရောက်လာသည်နှင့် အင်ထရမ်းမြို့ရှိမြို့စားကြီးကျင်းဟူသည် အလိုလိုရာထူးအရှိန်အဝါမြင့်တက်လာတော့သည်။

အဘယ်ကြောင့်ဆိုသော် အတွင်းဝန်မင်းချန်ယိနှင့် အင်ထရမ်းမြို့စားကြီးကျင်းဟူမှာ တစ်ဦးနှင့်တစ်ဦး ကျေးဇူးတရားမကင်းရာမကင်းကြောင်း ရှိနေကြသောကြောင့်ပင်။

ဒီတော့လည်း ရေမြင့်လျှင်ကြာတင့်ဆိုသလိုဖြစ်ခဲ့ရ၏။

* * *

မြို့စားကြီးကျင်းဟူ တန်ခိုးအာဏာကြီးထွားလာသည်နှင့် အမျှ မြို့သူမြို့သားများနှင့် သူဌေးသူကြွယ်များကပါကြောက်ရွံ့လေးစားလာကြတော့သည်။

မြို့စားကြီးကျင်းဟူ တန်ခိုးအာဏာတက်လာသည်နှင့်အမျှ တစ်ဖက်ကကျားမင်းဓားပြဂိုဏ်းကလည်း ပိုမိုအတင့်ရဲသောင်းကျန်းလာတော့သည်။

ထိုအခါ မြို့ခံပညာရှိလူကြီးများသည် ဝေဖန်သုံးသပ်ချက်များပြုလာကြတော့၏။

မြို့စားကြီးထံ၌ အလွန်တော်သော ကိုယ်ရံတော်တပ်သားများရှိနေပါလျက်နှင့် ကျားမင်းဓားပြဂိုဏ်းက တစ်နေ့တခြားဆိုးရွားလာသည်မှာ အခြားထူးထူးထွေထွေစဉ်းစားနေစရာမလိုတော့ပေ။

ကျွဲမင်းခေါ်ပြုဂိုဏ်းသည် မြို့စားကြီး၏ တပည့်များပင်ဖြ
ရမည်ဟူ၍။

သို့သော် ထိုသတင်းသည် ထင်ထင်ရှားရှားနှင့်ထိထိရော
ရောက်မကျယ်ပြန့်သွားပါ။

တီးတိုးဝေဖန်ပြောဆိုရုံမျှသာ တတ်နိုင်ကြပေသည်။

မြို့စားကြီး၏တန်ခိုးအာဏာက ထက်မြက်နေသည်မဟုတ်ပ
လား။

* * *

သူဌေးကြီးထန်ဝူကို အင်ထရမ်းတစ်မြို့လုံးကသိရှိသည်။

သူဌေးကြီးထန်ဝူသည် ငွေကြေးချမ်းသာသလောက်တပ
လက်သားအခြေအရ လည်း ပေါများလှ၏။

သူဌေးကြီးထန်ဝူထံ၌ လက်ရွေးစင် သိုင်းသမားပေါ
မြောက်မြားစွာရှိသည်။

သူဌေးကြီးထန်ဝူသည် မျိုးချစ်စိတ်ရှိသောသူတစ်ဦးဖြစ်ပေ
သည်။

မှုပတ်လျှင်မခံ၊ မတရားတာကို လက်ပိုက်ကြည့်မနေတ
သောစိတ်ထားရှိလေသည်။

တစ်မြို့လုံးရှိသူဌေးသူကြွယ်များသည် သူဌေးကြီးထန်ဝူ
အကြောင်းကိုသိထားလေသည်။

ချစ်လည်း ချစ်ခင်ကြ၏။ လေးလည်းလေးစားကြသည်



အထက်တန်းလွှာအချင်းချင်း လေးစားကြသည်သာမက
မရှိဆင်းရဲသားများကလည်း သူဌေးကြီးထန်ဝူကိုလေးစားကြ
သည်။

အဘယ်ကြောင့်ဆိုသော် အချင်းအနှီးမရှိ၍ ရိုးရိုးသားသား
လာရောက်ဖွင့်ပြောလျှင် သူဌေးကြီးက လုံးဝတွန့်တိုမှုမရှိဘဲ
ကူညီတတ်သောကြောင့်ပင်ဖြစ်သည်။

ထို့ကြောင့်လည်း သူဌေးကြီးထန်ဝူဟူ၍ သတင်းကမွှေး
နေခြင်းဖြစ်သည်။

* *

'မင်းကြားရတဲ့သတင်းက အမှန်ပဲလား အန်ကူး'

သူဌေးကြီးထန်ဝူသည် သူ့ရှေ့၌ ထိုင်နေသော လက်ရွေးစင်
သိုင်းသမား အန်ကူးအား မေးလိုက်ခြင်း ဖြစ်သည်။

အန်ကူးသည် သူဌေးကြီးထန်ဝူ၏ ညာလက်ရုံးတပည့် တစ်
ဦးပင် ဖြစ်လေသည်။

'ဒီသတင်းကို ကျွန်တော် ကြားနေတာကြာပါပြီ၊ ဒါပေမယ့်
လက်ပူးလက်ကြပ် မဖမ်းနိုင်တော့ ပြောရခက်တယ်မဟုတ်လား၊

ဒါကြောင့် ဗီတစ်ခါတော့ သေသေချာချာ စောင့်ဖမ်းမယ်ဂု
စိတ်ကူးထားပါတယ်'

ထန်ဝူသည် လက်နှစ်ဖက်ကို နောက်ပစ်၍ လမ်းလျှော
ရင်း စဉ်းစားနေသည်။

နှစ်ခေါက်သုံးခေါက်မျှ လျှောက်ပြီးသောအခါ အန်ကူ
ရှေ့၌ ရပ်တန့်လိုက်လေသည်။

'မင်း သတိတော့ထားရလိမ့်မယ်'

အန်ကူးက ခေါင်းကိုဆတ်ခနဲ ညိတ်လိုက်သည်။

'ဟုတ်ကဲ့ ကျွန်တော် အစစအရာရာ သတိထားပါ့မယ်'

သူဌေးထန်ဝူက မျက်မှောင်ကြုတ်၍

'မင်း ဘယ်သူနဲ့ သွားမှာလဲ'

'ကျွန်တော် တန်ကြင်းလိန်နဲ့လင်စိန်ချိုင်းကိုခေါ်သွားမယ

ထန်ဝူက စဉ်းစဉ်းစားစားဖြင့် ခေါင်းညိတ်ပြလိုက်သည်။

'အင်း ကောင်းသားပဲ'

* * *

အမှောင်ထုက တဖြည်းဖြည်း စိုးမိုးလာသည်။

လူသုံးဦး။

လူသုံးဦးသည် အင်ထရမ်းမြို့၏ အရှေ့ဘက် ခပ်ကျကျ
ကွက် အတွင်းရှိ ခန့်ညားသော အဆောက်အအုံထဲသို့မသိမ
ဝင်သွားကြ၏။



ထိုအဆောက်အအုံမှာ သူဌေးကြီးလျူခင်၏ အဆောက်
အအုံ ဖြစ်လေသည်။

အပြင်မှ ဝင်ရောက်လာသော လူသုံးယောက်ကို သူဌေးကြီး
လျူခင်က သူ၏သီးသန့်ခန်းထဲသို့ ခေါ်ဆောင်သွားလေသည်။

ထို့နောက် အခန်းတံခါးကို လုံခြုံစွာပိတ်ပစ်လိုက်လေသည်။

'မိတ်ဆွေတို့သုံးယောက်ကို ကျုပ် အထူးပဲ ကျေးဇူးတင်ပါ
တယ်၊ နောက်ပြီး သူဌေးကြီးထန်ဝူကိုလဲ ကျေးဇူးတင်လို့ မဆုံး
ပါဘူး'

သီးသန့်ခန်းထဲသို့ ဝင်ရောက်လာသော လူသုံးဦးမှာ လက်
ရွေးစင် သိုင်းသမား အန်ကူး၊ တန်ကြင်းလိန်နှင့် လင်စိန်ချိုင်း
တို့ပင် ဖြစ်ကြသည်။

သူတို့သုံးဦး လျူခင်၏ ဂေဟာသို့ ရောက်ရှိ လာရခြင်း
အကြောင်းမှာ ယနေ့ညတွင် သူဌေးကြီး လျူခင်၏ ဂေဟာသို့
ကျားမင်းအဖွဲ့မှ ခါးပြတိုက်မည့်သတင်းကို လျူခင်ကကြားသိ
ရလေသည်။

ထိုအခါ လျူခင်သည် လက်ရွေးစင် သိုင်းသမား အန်ကူး
အား အကူအညီ တောင်းခံလေသည်။

ထို့ကြောင့် အန်ကူးက သူ၏သခင်ကြီး ဖြစ်သူ ထန်ဝူထံ၌
ခွင့်တောင်း၍ ခါးပြများကို ဖမ်းဆီးသုတ်သင်ရန် မိတ်ဆွေနှစ်
ဦးနှင့်အတူ လျူခင်၏ဂေဟာသို့ ရောက်ရှိလာခြင်းဖြစ်ပေသည်။

'သူတို့ဒီညခါးပြလာတိုက်မယ်ဆိုတာအသေအချာပဲလားဗျ'
အန်ကူးက လျူခင်အား မေးလိုက်လေသည်။

'ကျုပ်ကြားရတဲ့သတင်းက မမှားဘူးဆိုရင်တော့ သူတို့လ
မှာ သေချာတယ်၊ ဒါကြောင့်မို့လဲ ကျုပ်မိသားစုတွေကိုတခြာ
နေရာ ခေတ္တပို့ထားလိုက်တယ်'

'ကောင်းပါတယ်၊ သူတို့သာ အမှန်လာမယ်ဆိုရင် ကျုပ်တို့
က လွတ်လွတ်လပ်လပ် တိုက်ခိုက်ဖမ်းဆီးလို့ရတာပေါ့ဗျာ'

လင်စိန်ချိုင်းက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

'ကျားမင်းဂိုဏ်းကလူတွေဟာ အမြဲတမ်း မျက်နှာဖုံးတွေ
စွပ်ထားတတ်ကြတယ်ဆိုတာ ဟုတ်သလားဗျ'

သူဌေးကြီးလျူခင်က မေးသည်။

အန်ကူးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ မျက်နှာကို အဝတ်စုတ်နဲ့ဖုံးအုပ်ထားပြီး ချက်လုံ
နှစ်လုံးပဲ ဖော်ထားတယ်လို့ ပြောပါတယ်'

'ဒါနဲ့ သူတို့ဟာ မြို့စားကြီး ကျင်းတူရဲ့ လူတွေဆိုတာ
အမှန်ပဲလား'

အန်ကူးက မချိပြုံး ပြုံး၍

'ဒီညဖမ်းမိလို့ မျက်နှာဖုံးခွာကြည့်ရင် အဖြေပေါ်မှာပဲ'

သူဌေးကြီးလျူခင်က အန်ကူး၏အနားသို့ အနည်းငယ် တိ
လိုက်ပြန်သည်။

'အကယ်၍ မြို့စားကြီးရဲ့လူဖြစ်နေရင် ဘယ်နှယ့်လုပ်မလဲ'

အန်ကူးက ပြုံးလိုက်ပြန်၏။

'ဘယ်တတ်နိုင်မလဲ၊ လူတွေသိအောင်ထုတ်ဖော်လိုက်ရုံပဲပေ'

လျူခင်မှာ ရှည်လျားစွာ သက်ပြင်းချမိလိုက်လေသည်။

* *



လျူခင်၏ဂေဟာမှာ ခါတိုင်းကဲ့သို့ပင် အိပ်ချိန်တန်သော
အခါ မီးအိမ်များအားလုံးကို မှိတ်ပစ်လိုက်လေသည်။

ထိုအခါ ဂေဟာအတွင်း၌အမှောင်ထုက စိုးမိုးသွားတော့
သည်။

အန်ကူးတို့သုံးဦးသည် အတွင်း၌တစ်ခန်းစီခွဲ၍ အသီးသီး
ရှိနေသူ့အခြေအနေကို စောင့်ကြည့်နေကြသည်။

'ဒုန်း'

အုန်းမောင်းခေါက်သံတစ်ချက်က ပီပီပြင်ပြင်ပေါ်ထွက်လာ
တော့သည်။

* အင်တရမ်းတစ်မြို့လုံးသည် အိပ်မောကျနေပြီဖြစ်၏။

ထိုစဉ် ရုတ်တရက် ဂေဟာ၏အနောက်ဘက်မှ ခွေးဟောင်
သံအချို့ ပေါ်ထွက်လာလေသည်။

မကြာမီ ဂေဟာ၏ခေါင်းရင်းဘက်မှ တံခါးတစ်ချပ်သည်
ဝုန်းခနဲပွင့်ထွက်သွားပြီး မည်းမည်းသဏ္ဌာန် အရိပ်ခြောက်ခုက
ခုန်ဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထို့နောက် ခုန်ဝင်လာသူခြောက်ယောက်သည် အတွင်းသို့
ရောက်ရှိသည်နှင့် မီးအိမ်များကိုထွန်းညှိလိုက်သောအခါ အခန်း
အသီးသီး မီးများလင်းထိန်သွားတော့သည်။

ထိုစဉ်မှာပင် အန်ကူးတို့သုံးဦးသည် ပုန်းကွယ်နေရာမှ ခုန်
ထွက်၍ ဓားပြလူဆိုးခြောက်ဦးအား ကရမန်းကြမ်းပင်တိုက်ခိုက်
လေတော့သည်။

လျူခင်၏ဂေဟာတွင် တိုက်သံခိုက်သံများနှင့် အော်ဟစ်သံ
များ တစ်ခဏချင်း ဆူညံသွားလေတော့သည်။

လူဆိုးခြောက်ဦးအနက် နှစ်ဦးမှာ အခြေအနေမဟန်၍ ထွက် ပြေးလွတ်မြောက်သွားသော်လည်း သေးဦးမှာ အန်ကူးတို့သ ယောက်၏လက်ချက်ဖြင့် အသက်ဆုံးရှုံးသွားရလေသည်။

အန်ကူးတို့ဘက်မှ တန်ကြင်းလိန်တစ်ယောက်သာ အနည် ငယ်ဒဏ်ရာရရှိသွားလေသည်း

သေဆုံးသူလေးဦး၏မျက်နှာဖုံးကို ချွတ်ကြည့်လိုက် သော ခါ တစ်ဦးမှာ မြို့စားကြီးကျင်းဟူ၏ကိုယ်ရံတော်တပ်မှ တ သားတစ်ဦးဖြစ်နေသည်ကို တွေ့ရှိလိုက်ရလေသည်။

သူဌေးကြီးလျူခင်သည် ချက်ချင်းပင် မြို့ပြအုပ်ချုပ်ရေး ဖွဲ့မှလူဆိုးထိန်း အာဏာသားများကိုခေါ်၍ ပြသလိုက်လေတော သည်။

* * *



ကျားမင်းခေါးပြအဖွဲ့ထဲတွင် မြို့စားကြီးကျင်းဟူ၏ ကိုယ်ရံ တော်တပ်သားတစ်ဦး ပါရှိနေသည်ဟူသောသတင်းသည် အင် ထရမ်းမြို့တော်အား အံ့အားသင့်တုန်လှုပ်သွားစေတော့သည်။

ထိုသတင်းနှင့်အတူ ကျားမင်းခေါးပြများအား တိုက်ခိုက် ဖမ်းဆီးသူများမှာ သူဌေးကြီး ထန်ဝူ၏လက်ရုံးတပည့်များဖြစ် ကြောင်းလည်း တစ်စတစ်စဖြင့် လူသိများသွားလေတော့သည်။

သိသိ သာသာမျက်နှာပျက်၍ အရှက်ရသွားသူမှာ မြို့စားကြီး ကျင်းဟူပင်ဖြစ်တော့သည်။

သို့သော်မြို့စားကြီးသည် မိမိ၏အရှက်ကိုကာကွယ်သည့်အနေ ဖြင့် သေဆုံးသွားသောကိုယ်ရံတော်တပ်သား၏ ဆွေမျိုးများ ကိုဖမ်းဆီးချုပ်နှောင်လိုက်လေသည်။

နောက်တွင် မိမိလက်အောက်မှယ်သားများ ယခုကဲ့သို့အ ကျင့်စာရိတ္တပျက်ပြားပါက ယခုလိုပင် ဆွေစဉ်မျိုးဆက်ဖမ်းဆီး ချုပ်နှောင်မည်ဖြစ်ကြောင်း မြို့တော်၌ကြေညာလိုက်လေသည်။

* * *

တစ်နေ့... ။

သူဌေးကြီးလျူခင်သည် သူဌေးကြီးထန်ဝူထံသို့ အလည်အ ပတ်ရောက်ရှိလာလေသည်။

သူတို့နှစ်ဦးသည် အလ္လာပသလ္လာပစကားများ ပြောဆိုနေကြ ရာမှ မြို့စားကြီးကျင်းဟူ၏အကြောင်း ပါလာတော့သည်။

'မိတ်ဆွေကြီးထန်ဝူရဲ့တပည့်တွေကူညီခဲ့တာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်ရင်လေးနေတယ်ဗျာ'

လျှုခင်ကပြောလိုက်သည်။

'ဘာကိုစိတ်လေးတာလဲ'

ထန်ဝူက မျက်မှောင်ကြုတ်၍ ပြန်မေးလိုက်၏။

'မြို့စားကြီးက သူ့တပည့်ဓားပြဖြစ်ကြောင်း ဖော်ထုတ်ရ အတွက် မိတ်ဆွေကြီးကို ကျေနပ်မှာတော့မဟုတ်ဘူး'

ထန်ဝူက လက်ကာ၍ခေါင်းယမ်းလိုက်သည်။

'ကိစ္စမရှိပါဘူး ကျုပ်တို့ကမှန်ကန်တဲ့ဘက်ကရပ်တည်ဘာပဲ သူတို့က အကောက်ကြံချင်လဲ ဘယ်တတ်နိုင်မလဲဗျာ'

'ဒါပေမယ့် မိတ်ဆွေကြီး သတိစိရိယနဲ့ နေဖို့တော့သင့်ပါ တယ်'

'ဟုတ်ကဲ့ အခုလိုသတိပေးတာကျေးဇူးတင်ပါတယ်'

* *



လျှုခင် သတိပေးသွားပြီးအချိန်သိပ်မကြာလိုက်ပါ။

မြို့စားကြီးကျင်းဟူက နေပြည်တော်သို့ပို့သော ဘဏ္ဍာငွေ များ လမ်းခုလတ်တွင်ဓားပြတိုက်ခံလိုက်ရသည်။

ဘုရင့်ဘဏ္ဍာတော်ငွေများနှင့် အဖိုးတန်ရတနာ ပစ္စည်းများ အတော်များများပါသွားလေသည်။

မြို့စားကြီးသည် အကြီးအကျယ်ဒေါသဖြစ်လျက် အင်ထ ရမ်းတစ်မြို့လုံး ပိုက်စိတ်တိုက်၍ရှာဖွေစေတော့၏။

ဘဏ္ဍာငွေကိုတိုက်ယူသော ဓားပြများသည် ဤမြို့ထဲကပင် ဖြစ်ရမည်ဟု မြို့စားကြီးကအထင်ရှိထားလေသည်။

ထို့ကြောင့် ယခုကဲ့သို့ရှာဖွေခိုင်းခြင်းဖြစ်၏။

သူဌေးကြီးထန်ဝူသည် သူ့လက်ရွေးစင် တပည့်များအတွက် စိုးရိမ်သွားလေသည်။

ထို့ကြောင့် လူအားလုံးကိုမိမိဂေဟာသို့ ခေါ်ထားလိုက် လေသည်။

သိပ်မကြာသော အချိန်ပိုင်းကလေးမှာပင် အာဏာသား များနှင့် ကိုယ်ရံတော်တပ်မှူးအချို့သည် သူဌေးကြီးထန်ဝူ၏ ဂေဟာသို့ဆိုက်ရောက်လာတော့၏။

'ကျုပ်တို့ သူဌေးမင်းရဲ့ဂေဟာကိုရှာချင်တယ်'

သူဌေးကြီးထန်ဝူ၏မျက်နှာမှာ ရှက်လွန်း၍ နီမြန်းသွားလေ သည်။

သူဌေးကြီးထန်ဝူမှာ သူဌေးကြီးဟုသာ အခေါ်ခံထားရ သော်လည်း အသက်အားဖြင့်လေးဆယ်ခန့်သာရှိပေသည်။

အဆင့်မြင့် သိုင်းပညာများ တတ်မြောက်ထားသည့်အပြင်

မျိုးချစ်စိတ်နှင့် မဟုတ်မခံစိတ်ရှိသောကြောင့် ဒေါသထောင်း ထွက်သွားလေသည်။

သူသည် ကိုယ်ရံတော်တပ်မှူးကြီး၏ မျက်နှာကို စေ့စေ့ ကြည့်လိုက်သည်။

'မင်းတို့ ငါ့လိုလူကိုလူဓားပြလို့ထင်ရသလား'

ကိုယ်ရံတော်တပ်မှူးကြီးက မဲ့ပြုံးပြုံး လိုက်သည်။

'လောကမှာ ဓားပြဆိုတာချိုပါတာမဟုတ်ဘူးဗျ ဘယ်သူ့ ဂေဟာမဆို ရှာဖွေဖို့ကျုပ်တို့မှာ မြို့စားကြီးအမိန့်ပါတယ်'

အန်ကူးနှင့် လင်စိန်ချိုင်းတို့လူစုသည် ခါးတွင်ချိတ်ထား သော ဓားကိုအသင့်ပြင်ဆင်ထားကြလေသည်။

သူ့တပည့်များ၏ အကြောင်းကိုသိသော သူဌေးကြီးထန်ဝူ က ဆန္ဒမစောရန် သူ့တပည့်များကိုသတိပေးလိုက်လေသည်။

'ကဲ ကောင်းပြီ ခင်ဗျားကရှာချင်သပဆိုရင် ရှာကြစမ်း ဗျာဟေ့ မင်းတို့ကဘာမှဝင်ရောက်မစွက်ပါနဲ့ သူတို့လွတ်လွတ် လပ်လပ်ရှာပါစေ'

သူဌေးကြီးထန်ဝူသည် မိမိကိုယ်မိမိယုံကြည်စွာဖြင့် အသာ တကြည် ရှာဖွေခွင့်ပြုလိုက်သည်။

အာဏာသားများသည် အခန်းစေ့အောင်ပိုက်စိတ်တိုက်ရှာ ဖွေကြလေသည်။

သို့သော် မမျှော်လင့်သောနေရာမှ မမျှော်လင့်သောပစ္စည်း များကို တွေ့လိုက်ရသောကြောင့် သူဌေးကြီးထန်ဝူ၏မျက်နှာမှာ သွေးဆုတ်သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်သွားလေတော့သည်။

* * *



ဂေဟာ အနောက်ဘက်အခန်း၊ တိုလီမိုလီပစ္စည်းများထား သည့်အခန်းထဲမှ အဖိုးတန်ရတနာထုပ်များကို တွေ့ရှိလိုက်သော ကြောင့်ပင်ဖြစ်သည်။

'မဖြစ်နိုင်ဘူး ဒါဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး'

ထန်ဝူ၏အသံက ကျားဟိန်းသံကဲ့သို့ပေါ်ထွက်လာတော့၏။

ကိုယ်ရံတော်တပ်မှူးကြီးက မဲ့ပြုံးပြုံးလိုက်သည်။

'လက်ဆုပ်သက်ကိုင်တွေ့ထားပြီးမှတော့ ခင်ဗျားကဖုံးကွယ် မနေပါနဲ့တော့ဗျာ'

'ဒါ ဒါ မင်းတို့လုပ်ကြံတာပဲဖြစ်ရမယ် တို့ဂေဟာထဲမှာ သစ္စာဖောက် တစ်ယောက်ရှိရမယ်ဟေ့'

ထန်ဝူက သူ့ထင်မြင်ချက်ကို အော်ဟစ်ပြောဆိုလိုက်သည်။

လက်ရွေးစင် သိုင်းသမားများသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ကိုယ်ရံတော်တပ်မှူးက လှောင်ပြောင်ရယ်မော လိုက်သော သည်။

'ဒီလိုဟိတ်လုံးဟန်လုံးတွေနဲ့ ခင်ဗျားဓားပြတိုက်ခဲ့တာတွေ ဘယ်လောက်ကြာပြီလဲ'

'ဘာ မင်းဘာပြောတယ်'

ထန်ဝူ၏ဒေါသ ပေါက်ကွဲသွားပြီဖြစ်လေသည်။

ထန်ဝူသည် နံရံတွင် ချိတ်ထားသောဓားကိုဆွဲယူ၍ ကိုယ်ရံ တော်တပ်မှူးအား စတင်တိုက်ခိုက်လေတော့သည်။

* * *

အခြေအနေမှာ ဆိုးရွားစွာ ပြောင်းလဲသွားတော့၏။

အန်ကူးတို့လူသိုက်ကလည်း မိမိအရှင်သခင်အား မဟာရ
စော်ကားသည့်အပြင် မိမိတို့၏ အရှင်သခင်ကိုယ်တိုင်ပင် တို
ခိုက်နေပြီဖြစ်၍ သူတို့လည်း အာဏာသားများကိုတိုက်ခိုက်ခ
တော့သည်။

ထန်ဝူ၏ဂေဟာထဲတွင် တိုက်ပွဲက ပြင်းထန်လာတော့၏

ထန်ဝူ၏မိန်းမကလည်း မခံပါ။

သူမသည် အခန်းထဲမှ ဓားဆွဲ၍ ပြေးထွက်လာသည်။

သူမ၏နောက်မှ သုံးနှစ်သားအရွယ်သားငယ်ကလေးက ငိုယ
၍ လိုက်ပါလာသည်။

သူမသည် ကလေးငယ်ကို လှည့်ကြည့်လိုက်သည်။

ထို့နောက် သူမ၏လူယုံတော်ကိုခေါ်ကာ လက်ထဲမှအထု
တစ်ခုနှင့်အတူ ကလေးကိုအပ်လိုက်သည်။

'နင်—ဒီကလေးကို လွတ်ရာကျွတ်ရာ ခေါ်သွားစမ်းပါ'

သူမ၏လူယုံတော်ကလည်း ကလေးကိုကောက်ချီ၍ တိုက်
ကြားမှ ရှောင်တိမ်းထွက်ပြေးရတော့သည်။

အခြေအနေ လုံးဝမကောင်းပါ။

မြို့စားကြီး၏တပ်သားများသည် တစ်သုတ်ပြီးတစ်သုတ် ထ
မ်ရောက်ရှိလာသည်။

ထိုအခါ လူနည်းစုနှင့် လူများစု ဖြစ်သွားရသည်။

မြို့စားကြီး၏ဇနီးနှင့် ညာလက်ရုံး အန်ကူးသည် ထိုတိုက်ပွဲ
ပွဲချင်းပြီး သေဆုံးသွားရလေသည်။



နောက်ဆုံးသူဌေးကြီးထန်ဝူအားလက်ရဖမ်းဆီးမိလေသည်။
အချို့ သစ္စာရှိသော တပည့်များကလည်း သူ၏သူဌေး
ကြီးနှင့်အတူ အဖမ်းခံလိုက်ရသည်။

ဓားပြမှု။

အာဏာသားတို့အား ပုန်ကန်တိုက်ခိုက်မှုများဖြင့် ထန်ဝူနှင့်
ပတ်သက်သူမှန်သမျှအားလုံးကို ဖမ်းဆီးချုပ်နှောင် စစ်ဆေး
တော့၏။ နောက်ဆုံးတွင် အမှုကခိုင်လုံသည်ဆိုကာအင်ထရမ်းမြို့
တော် အကျဉ်းစခန်း၌ လွတ်ရက်မရှိ အကျဉ်းချထားလိုက်လေ
သည်။ထိုအကြောင်းအရာ ဆုံးသွားသည်နှင့် ချီသည် ဘာဘတွမ်
ကိုမော့ကြည့်လိုက်သည်။

'အဲဒါလဲ ဟိုတုန်းက ချဇဝင်ပဲလား ဘာဘတွမ်'

တွမ်ကျူးခေါ် ဘာဘတွမ်သည် ချီကို ကရုဏာသက်စွာဖြင့်
စူးစိုက်ကြည့်လိုက်သည်။

'မဟုတ်ဘူး၊ အဲဒါ မင်းရဲ့အကြောင်းပဲ' ဟူ၍ ပြောလိုက်ချင်
ပါသည်။ သို့သော် အသက်ငယ်ရွယ်နုနယ်သေးသော ချီ တစ်
ယောက်စိတ်သောက ဖိစီးသွားမည်စိုးသောကြောင့်

'ဘာဘတွမ် ကြားဖူးတဲ့ အကြောင်းအရာ တစ်ခုပေါ့ကွယ်'

'တကယ်တော့ သူဌေးကြီးထန်ဝူဟာမြို့စားကြီးက မဟာရေး
လုပ်တာကို ခံလိုက်ရတာပေါ့နော်'

ဘာဘတွမ်က သက်ပြင်းရှည်ချ၍ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တာပေါ့ လူလေးရယ်၊ အမှန်တော့ ဓားပြတွေဟာ
မြို့စားကြီးရဲ့တပည့်တွေပဲကွ၊ ထန်ဝူရဲ့တပည့်တွေက ဖော်ထုတ်
လိုက်လို့ ရန်ငြိုးထားပြီး ထန်ဝူကိုလုပ်ကြံကြတာပေါ့ကွာ'

ချီသည် စိတ်မကောင်းသလို စဉ်းစားနေ၏။

'ဘဘတွမ် ကျွန်တော်တစ်ခုထပ်မေးချင်တယ်'

'ဘာမေးမှာလဲ လူလေးရဲ့'

'ခုနက ဘဘတွမ်ပြောတဲ့ အင်ထရမ်းမြို့တော်ဆိုတာ တကယ် ရှိသလားဟင်'

'ရှိတာပေါ့လူလေးရယ်၊ ဒီတောင်ပေါ်ကနေ အရှေ့စူးစူးကို အရက်နှစ်ဆယ်ကျော်ကျော်လောက်သွားရင် ရောက်တာပေါ့'

ချီသည် စဉ်းစားနေပြန်သည်။

ဘဘတွမ်၏စိတ်ထဲတွင် ထိုစဉ်က သုံးနှစ်သားသာ ရှိသေး သည့်ချီသည် ထိုအကြောင်းအရာများကို မှတ်မိလေမလားဟု အကဲခတ်နေမိ၏။

ချီသည် မှတ်မိချင်လည်းမှတ်မိမည်။

သို့သော် တိတိကျကျတော့ မှတ်မိမည်မဟုတ်ပေ။

သူ၏စိတ်ထဲ၌ အိပ်မက်မှက်နေသကဲ့သို့ ဖြစ်နေပေလိမ့်မည်။

'ဘဘတွမ်'

ချီက ခေါ်ပြန်၏။

'ဘာလဲလူလေး'

'အဲဒီသူဌေးကြီးထန်ဝူနဲ့ သူ့တပည့်တွေဟာ အဲဒီအကျဉ်း စခန်းထဲမှာ အခုထက်ထိရှိတုန်းပဲလား'

တွမ်ကျူးမှာ ချင်နာနေမှုကို ကြိတ်မှိတ်၍ခံစားရင်းကျေ မပျက်အောင် မနည်းကြိုးစားနေရသည်။

ယခုအချိန်တွင် 'သူဌေးကြီးထန်ဝူဟာ မင်းရဲ့အဖေပဲ' ဟု ပြောဆိုလိုက်ပါက ချီသည် ကလေးပင်ဖြစ်သော်လည်း မိဘ



သောဇောကြောင့် အချိန်အခါကိုမစောင့်ဘဲအမှားမှားအယွင်း ယွင်း လုပ်သွားမည်ကိုလည်း စိုးရိမ်သည်။

ထို့ပြင် မိဘများ၏အကြောင်းကို စဉ်းစားရင်း စိတ်ထိ ခိုက်နေမည်ကိုလည်း စိုးရိမ်၏။

'ရှိတာပေါ့လူလေးရဲ့၊ ဒါပေမယ့် ဘဘလဲ အတတ်တော့ ဘယ်ပြောနိုင်မလဲကွာ၊ အကျဉ်းစခန်းထဲမှာ အလုပ်တွေသိပ် ခိုင်းလို့ ပင်ပန်းပြီးသေသွားရင်လဲ သေသွားမှာပေါ့'

'မြို့စားကြီး ကျင်းဟူဆိုတာကော ရှိတုန်းပဲလား'

'အေး....ရှိတုန်းပဲ'

'သူ့တပည့် ဓားပြတွေကော'

'အခုဆိုရင် ပိုတောင်ဆိုးနေတုန်းပေါ့ကွာ'

ချီသည် အချိန်အတော်ကြာအောင် စဉ်းစားလိုက်ပြန်၏။

'အဲဒီလို မတရားလုပ်တဲ့လူတွေကို ကျွန်တော် အရမ်းသတ် ချင်တာပဲ'

ထိုစကားကြောင့် ဘဘတွမ်မျက်လုံးဝိုင်းသွားသည်။

ချီသည် သူ့ဖခင်၏သွေးပါပြီး ဇီဇကပြလာပြီဖြစ်သည်။

'အေး....အဲဒီလို မတရားလုပ်တဲ့လူတွေကို ဆုံးမချင်ရင် ကိုယ် ကလဲ သိုင်းပညာကို ထူးထူးချွန်ချွန်တတ်ထားမှဖြစ်မှာကွ'

'ဟုတ်ကဲ့ ဘဘတွမ်၊ ကျွန်တော့်ကို ထူးထူးချွန်ချွန်တတ် အောင် သင်ကြားပေးပါဗျာ'

ဟား...ဟား...ဟား....တတ်ရမှာပေါ့လူလေးရယ်'

* * *

## မမျှော်လင့်တဲ့ တိုက်ခိုက်မှု

ရှက်ဟောင်းကြွေ၍ ရှက်နုတို့ ဝေလေပြီ။

နွေပြီးမိုး၊ မိုးပြီးဆောင်း၊ ရာသီဥတု အလီလီ ပြောင်
ခဲ့လေသည်။

ချီသည် ဝက်သစ်ချပင်ကြီးကို ဓားဖြင့် ကိုယ်တိုင်ခုတ်
လိုက်သည်။

ထို့နောက် ဓားခုတ်ရာများကို တစ်ခုချင်းပြန်လည်ရေတွက်
လိုက်လေသည်။

'တစ် နှစ် သုံး လေး ငါး ခြောက် ခုနစ် ရှစ် ကို
ဆယ် ဆယ့်တစ် ဆယ့်နှစ် ဆယ့်သုံး ဆယ့်လေး'

နောက်ဆုံးဆယ့်လေးဟူသောအသံသည် ပိုမို၍ ကျယ်လော
သွားတော့သည်။

'ငါ့ အသက် ဆယ့်လေးနှစ်တောင်ရှိသွားပြီပဲ'



ချီက တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

'ဘယ့်နှယ်လဲဟေ့၊ မင်း ဆယ့်လေးနှစ်ပြည့်ပြီ မဟုတ်လား
ချီ'

ဘဘတွမ်က နောက်မှနေ၍ လှမ်းမေးလိုက်သည်။

'ဟုတ်ကဲ့ — ဘဘတွမ်'

'ကဲ — ဆယ့်လေးနှစ်ပြည့်တာ အပထား၊ ဒီနေ့ မင်းနဲ့ငါ
မညာတမ်း တိုက်ခိုက်ရမယ်ဆိုတာကော မေ့နေပြီလား'

'ဘယ်မေ့မှာလဲ၊ ကျွန်တော်က အဆင်သင့်ပဲ'

ချီက ရယ်မော၍ ပြောလိုက်သည်။

'အေး ... အဲ့ဒါမျိုးမှပေါ့၊ ကဲ ....လာပြီဟေ့'

* * *

ဘဘတွမ်သည် နှစ်တောင်နီးပါးရှိသောဝါးလုံးဖြင့် ချီ
အားပြေး၍ ရိုက်ချလိုက်သည်။

အမှန်တကယ်ပင် ပစ်ရိုက်လိုက်ခြင်းဖြစ်သည်။

အရှိန်ကပြင်း၏။

'ဖျောင်း'

ချီက သူ၏လက်ထဲမှဓားရှည်ဖြင့် ဆီးခံလိုက်ရာ ဝါးလုံးမှာ
ထက်ပိုင်းပြတ်သွားတော့၏။

ဘဘတွမ်သည် ပြတ်သွားသောဝါးလုံးကိုကြည့်၍ ရယ်မော
ကာ လွှင့်ပစ်လိုက်သည်။

‘ကဲ…ငါ့မှာ လက်နက်မရှိတော့ဘူး၊ မင်းစိတ်ကြိုက်ခု
စမ်း’

ချီသည် ရုတ်တရက် မခုတ်သေးဘဲ ငေးငိုင်နေ၏။

ဘဘတွမ်ကသိသည်။

‘ဘာလဲ၊ ငါ့ကိုခုတ်မိမှာစိုးလို့လား၊ မင်းကြိုက်သလို
စမ်းပါ၊ ငါ့ကိုမထိစေရဘူးလို့ ငါတာဝန်ယူတယ်’

‘ဖြစ်ပါ့မလား ဘဘတွမ်ရဲ့၊ ကျွန်တော်ကဘဘတွမ်သင်
ထားတဲ့အတိုင်း ခုတ်မှာနော်’

‘ကဲ….ခုတ်’

ချီသည် သူ၏လက်ထဲမှ ဓားဖြင့် ပထမ သုံးချက်မျှ ဆက်
ခုတ်လိုက်သည်။

တစ်ချက်မျှ မထိပေ။

ဘဘတွမ်က လက်ကာပြ၍ …

‘မင်း ငါ့ကိုညှာပြီး ခုတ်နေတယ်ဆိုတာ ငါသိတယ်၊ ဟု
တယ် မဟုတ်လား’

ချီကရယ်မော၍ ခေါင်းညိတ်ပြလေသည်။

‘ဘဘတွမ်ကိုထိသွားရင် ဘယ့်နှယ်လုပ်မလဲ’

ဘဘတွမ်က ရယ်မောလိုက်လေသည်။

‘ကဲ ဒီတစ်ခါ ရဲရဲမခုတ်ရင် မင်းနာပြီ’

ဘဘတွမ်က ကြိမ်းဝါးပြီး အသင့်အနေအထားဖြင့် ရပ်
လိုက်သည်။

ချီသည် သိပ်မညှာရဲတော့ပါ။

သူ၏လက်ထဲမှ ဓားဖြင့် တအားပင် ပြေးခုတ်လိုက်သည်



‘ဘုန်း’

ဘဘတွမ်က ရှောင်တိမ်းရင်းမှ ပြန်လှည့် တိုက်ခိုက်လိုက်ရာ
ချီမှာ မခုတ်မိဘဲ ပစ်လဲသွားတော့သည်။

သူ၏စိတ်ထဲတွင် အနည်းငယ် ခံပြင်းလာသည်။

ချီသည် လူးလဲထပြီး ဘဘတွမ်ကိုရန်သူတစ်ဦးကဲ့သို့သဘော
ထားကာ နည်းအမျိုးမျိုးဖြင့် ငါးချက်တိတိ ခုတ်ချလိုက်သည်။

နောက်ဆုံး တစ်ချက်ခုတ်ပြီးသည်နှင့် ချီမှာ ဘဘတွမ်၏
လက်ချက်မိပြီး လွင့်စဉ်ထွက်သွားပြန်သည်။

ချီသည် မျက်နှာရှုံ့မဲ့၍ ပြန်ထလာသည်။

ထို့နောက် ဘဘတွမ်ကို အံ့ဩစွာ ငေးမောကြည့်၍

‘အဲ့ဒီအကွက် ကျွန်တော့်ကိုသင်ပေးပါ ဘဘတွမ်’

တွမ်ကျူးက သဘောကျစွာ ရယ်မောလိုက်သည်။

‘ဘာလဲ အဲဒီအကွက်ကို မင်း သိပ်ကြိုက်သွားလို့လား’

‘ဘယ့်နှယ်ပြောပါလိမ့် ဘဘတွမ်ရယ်၊ ကျွန်တော် ဘဘတွမ်
ကို မလိမ်မညာဘဲ တကယ်ခုတ်တာပါ၊ ဒါပေမယ့် ဘဘတွမ်ရဲ့
လက်နက်မဲ့ တိုက်ကွက်က သိပ်ထက်မြက်တာပဲ’

‘ကဲ လာ လာ လက်နက်မဲ့တိုက်ကွက်ကို ဘဘသင်ပေးမယ်’

* * *

ထက်မြက်သော လက်နက်မဲ့ တိုက်ကွက်များ။

ဓားပစ်၊ လှံတိုပစ် အမျိုးမျိုး။

ကြိုးကွင်းပစ် ကြိုးကွင်းဖမ်း အဖုံဖုံနှင့် အတွင်းအား

စဉ်များကို ချီတစ်ယောက်ကောင်းစွာ တတ်မြောက်နေပြီဖြ

သူ၏အသက်သည် ဆယ့်လေးနှစ်သာ ရှိသေးသော်

ကိုယ်ခန္ဓာက ဖွံ့ဖြိုးလှပေသည်။

တောင့်တင်း ကြံ့ခိုင်သော ခန္ဓာကိုယ်နှင့်အတူ နုပျို

ဆန်းပြီး ချောမွေ့တည်ကြည်လှသည်။

ရုပ်ရည်က ဘဘတွမ်အဖို့ ကြည့်မဝ ရှုမဝအောင် ဖြ

တော့သည်။

မျက်လုံးမျက်ဖန်နှင့် မျက်နှာသွယ်ဆင်းပုံမှာ သူမဌ

ထန်ဂူနှင့်မတူဘဲ မိခင်ဖြစ်သူနှင့် တူနေသောကြောင့် မိန်းမ

ချောသော သူတစ်ယောက်ဟုလည်း ဆိုနိုင်ပေသည်။

ဘဘတွမ်သည် ချီကိုကြည့်ရင်းမှ သခင်ကြီးနှင့် သခ

သတိရမိသွားတော့သည်။

'ချောမောသိမ်မွေ့လှသော သားကလေးကို သူ့မိ

မြင်တွေ့ရပါလျှင် ဘယ်လောက်များ ဝမ်းသာရှာမလဲ'

တွမ်ကျူး၏စိတ်ထဲမှ ထွက်ပေါ်လာသော ခံစားချ

ပင်။

'မိခင်နဲ့ ပြန်မတွေ့ရတော့ပေမယ့် ကံကောင်းရင်

တော့ ပြန်တွေ့ကောင်းပါရဲ့လေ'

တွမ်ကျူးက ထပ်မံရေရွတ်မိပြန်သည်။



တွမ်ကျူးသည် သိုင်းလေ့ကျင့်နေသော ချီကိုတစိမ့်စိမ့်ကြည့်

င်း တွေးတောနေစဉ် အထုပ်အပိုးနှင့်လူတစ်ယောက် ရောက်ရှိ

ာတော့သည်။

ထိုလူကို မြင်တွေ့လိုက်ရသည်နှင့် ချီသည် သိုင်းလေ့ကျင့်နေ

မှ ပြေးလွှားလာပြီး

'ဟေး ဦးဦးဝမ်းတုံ ရောက်လာပြီ'

ဟု အော်ဟစ်ကာ ဝမ်းသာအားရ ပြေးဖက်လိုက်လေသည်။

* * *

ဝမ်းတုံသည် လူပျိုကြီးဖားဖားဖြစ်နေသောချီကို ဖက်ယမ်း

မ်းရှုံ့လိုက်သည်။

'မင်းက ဒီနှစ် တော်တော်ထွားလာတာပဲ ချီရယ်'

ဝမ်းတုံက ပြောလိုက်သည်။

တွမ်ကျူးက ဝမ်းတုံကို လှည့်ကြည့်ပြီး

'မင်း သူ့ကို သိုင်းပညာ ယှဉ်ရဲပါ့မလား'

ဝမ်းတုံသည် မျက်ခုံးနှစ်ဖက်အပေါ်သို့မြှင့်၍...

'ဘာလဲ သူကဒီတောင်ပေါ်မှာဗိုလ်ပဲလား'

'မင်းစမ်းကြည့်လေ သူ့အရည်အချင်းသိရမှာပေါ့'

တွမ်ကျူးက မေးငေါ့ပြ၍ပြောလိုက်သည်။

ဝမ်းတုံသည် ချီအား သေသေ ချာချာကြည့်ကာ သူ၏လက်

်ဖက်ဖြင့် ချီ၏ရင်ဝကို ဆောင့်တွန်းလိုက်လေသည်။

ချီက သူ၏ခန္ဓာကိုယ် ခပ်စောင်းစောင်းလှည့်၍ ခြေတစ်လှ
နောက်ဆုတ်ကာ လျင်မြန်စွာရှောင်တိမ်းပြီးသည်နှင့် ဝမ်းတုံ
လက်နှစ်ဖက်ကို ဆီးဖမ်း၍ပြန်လည်ဆောင့်တွန်းလိုက်သည်။

'ဘုန်း'

ဝမ်းတုံမှာ ဖင်ထိုင်လျက်သားလဲကျသွား၏။

ဝမ်းတုံသည် လဲကျသွားရာမှ ချီကိုအံ့သြစွာမော့ကြည့်လို
လေသည်။

'အား မင်းရဲ့တိုက်ကွက်က အံ့သြစရာပဲ'

'ဟား....ဟား ဟား'

တွမ်ကျူးက သူတို့နှစ်ဦးကိုကြည့်၍ အားရပါးရ ရယ်မော
လိုက်လေသည်။

* * *

ဦးဦးဝမ်းတုံရောက်လာလျှင် ဘဘတွမ်သည် သူ၏အခန်း
သို့ပေါ်သွား၍ စကားအကြာကြီး ပြောတတ်သည်။

မည်သည့်စကားများပြောကြသည်ကိုတော့ ချီကမသိပါ။

တစ်ခါတစ်ရံ ကျယ်လောင်၍ တစ်ခါတစ်ရံ တိုးသွားတ
သည်။

ထို့နောက် ကျယ်လောင်စွာရယ်မောတတ်သည့် အသံမှ
လည်းထွက်ပေါ်လာတတ်၏။

ချီကထုံးစံအတိုင်းချက်ပြုတ်စရာရှိသည်တို့ကိုချက်ပြုတ်သ



ထိုကဲ့သို့ ချက်တတ်ပြုတ်တတ်အောင်လည်း ဘဘတွမ်က သင်
ကြားပေးထားလေသည်။

ထိုမျှသာမက သားကောင်ရှာနည်း သားကောင်ပစ်ခတ်နည်း
များကိုပါ လက်တွေ့သင်ကြားပေးထားသဖြင့် ချီသည် တော
ဝက်များ၊ စိုင်များ ဒရယ်များကိုပင် အလွယ်တကူ ဖမ်းဆီးသတ်
ဖြတ်တတ်နေပြီဖြစ်၏။

ယခုသူကိုယ်တိုင်ပစ်ခတ်ဖမ်းဆီးထားသော တောဝက်တစ်
ကောင်ကိုဖျက်ကာ ချက်တန်ချက်၊ ပြုတ်တန်ပြုတ်၍ အချို့ကို
လည်း မီးနှင့်ကင်ထားလိုက်သေးသည်။

ဦးဦးဝမ်းတုံမှာ လာသည့်အခါတိုင်း အရက်ပါလာတတ်
သည်မဟုတ်ပါလား။

ဘဘတွမ်နှင့် ဦးဝမ်းတုံသည် မကြာမီအရက်သောက်တော့
မည်ဖြစ်၍ ချီ က စားစရာများကိုပြုလုပ်ပေးနေခြင်းဖြစ်သည်။

အားလုံးချက်ပြုတ်ပြီးသည်နှင့် ချီတို့သုံးဦးသားသည် ညစာ
ကိုပျော်ရွှင်စွာစားသောက်ကြလေသည်။

ထမင်းဝိုင်းတွင် ဘဘတွမ်က ချီ၏သိုင်းပညာအင်မတန်တိုး
တက်ကောင်းမွန်နေသည့်အကြောင်းများကိုသာ တွင်တွင်ကြီး
ပြောနေပေသသ။

ချီသည် မိမိအားဆယ့်နှစ်နှစ်ပြည့်လျှင် မြို့ကြီးပြကြီးများသို့
ခေါ်သွားမည်ဟု ပြောထားသောကြောင့် ယခု ဆယ့်လေးနှစ်ပင်
ရှိပြီဖြစ်သည့်အတွက် လိုက်ချင်ကြောင်း ပြောချင်သော်လည်း
ပါးစပ်မှပြောမထွက်ပေ။

အဘယ်ကြောင့်ဆိုသော် မြို့တော်၌ အခြေအနေဆိုးဝါးနေသည့်အကြောင်းများကိုသာ ဦးဦးဝမ်းတုံက ပြောနေသောကြောင့်ဖြစ်ပေသည်။

* * *

တောင်ပေါ်လေကြောင့် အအေးဓာတ်ကလွန်ကဲလာသော်လည်း ကျောက်ဖျာဘေး၌ မီးပုံကြောင့် နွေးနွေး ထွေးထွေးရှိနေပေသည်။

ဝမ်းတုံနှင့် ချီသည် ကျောက်ဖျာပေါ်တွင်ထိုင်ရင်း စကားပြောလျက်ရှိနေသည်။

အရက်သောက်ထားသည်မှာ အနည်းငယ်များသွားသောကြောင့် ဘဘတွမ်သည် စောစီးစွာပင် အိပ်ရာထဲသို့ဝင်သွားပြီဖြစ်၏။

ဝမ်းတုံသည် ကျောက်ဖျာကြီးနှင့် မလှမ်းမကမ်းတွင်ရှိနေသော ချောက်ကမ်းပါးကိုငေးစိုက်ကြည့်နေရာမှ ချီဘက်သို့လှည့်လိုက်လေသည်။

'အဲ့ဒီချောက်ကမ်းပါးဟာ တော်တော်နက်တယ်နော် မင်းသတိထားပြီးသွားလာပါ'

ဝမ်းတုံက ချီအတွက်စိုးရိမ်သဖြင့် သတိပေးလိုက်လေသည်။

'စိတ်ချပါဦးဦး ဝမ်းတုံရဲ့ ကျွန်တော်အမြဲသတိထားပါတယ်



'သတိထားတယ်ဆိုပေမယ့် ခြေချော်လက်ချော်ကျတတ်တယ်ကွ အဲဒီထဲကျသွားပြီးရင် အင်မတန်ကံကောင်းမှအသက်ရှင်မှာ'

ချီကပြုံးလိုက်လေသည်။

'စိတ်မပူပါနဲ့ဦးဦးဝမ်းရယ် ကျွန်တော်သတိထားပါ့မယ် ဒါပေမယ့် ဘဘတွမ်ကတော့ အဲဒီချောက်ထဲကိုဆင်းသွားပြီး ပြန်တက်တတ်တယ်'

ဝမ်းတုံသည် ချီ၏စကားကြောင့် မျက်မှောင်ကြုတ်လိုက်လေသည်။

'ဦးလေးတွမ်ကျူးက ချောက်ကမ်းပါးထဲဘာဆင်းလုပ်တာလဲ'

'အဲ့ဒါတော့ ကျွန်တော်သေသေ ချာချာမသိဘူး သူကမကြာခဏ အဲဒီချောက်ကမ်းပါးကိုငုံ့ကြည့်ပြီးနောက် နှစ်ရက်သုံးရက်လောက်ကြာတဲ့အခါမှာအဲဒီအောက်ကိုဆင်းသွားတာတွေ့တယ်၊ သုံးလေးရက်ပဲ ဆက်တိုက်ဆင်းပြီး ဘာတွေလုပ်သလဲမသိဘူး'

ချီ၏စကားကြောင့် ဝမ်းတုံသည် အတန်ကြာအောင် စဉ်းစားနေပေသည်။

'အေးလေ သူကိစ္စရှိလို့ဆင်းတာဖြစ်မှာပေါ့၊ မင်းသာအတင့်ရဲပြီး ခပ်ပေါ့ပေါ့မနေနဲ့၊ လိမ့်ကျရင် ဘယ်သူမှ ကယ်နိုင်မှာမဟုတ်ဘူး'

ချီက ဘာမှပြန်မပြောတော့ဘဲ ပြုံး၍ခေါင်းညိတ်ပြလိုက်လေသည်။

ပြီးမှ…

'ဦးဦးဝမ်းတုံ'

'ဟင်'

'စောစောက ထမင်းဝိုင်းမှာ ဘဘတွမ်က ပြောတယ်၊ နောက်ထပ် ဆရာကောင်းကောင်းနဲ့ ထပ်သင်ရရင် အဆင့်မြင့် သိုင်းသမားဖြစ်သွားမယ်ဆိုတာ ဘယ်သူ့ကို ပြောတာလဲဟင်'

ဝမ်းတုံသည် မီးဖိုထဲသို့ ထင်းတုံးအချို့ ထပ်မံ ဖြည့်လိုက်ပြီးမှ

'အဲဒါ မွင်းကို ပြောတာပေါ့ကွ'

ဟု ဖြေလိုက်လေသည်။

'ဟင် ဘဘတွမ် သင်ပေးထားတာနဲ့ မလုံလောက်ဘူးလား'

ဝမ်းတုံက ပြုံးပြလိုက်လေသည်။

'မင်း အခုတတ်ထားတာလဲ မဆိုးလှပါဘူး၊ ဒါပေမယ့် သိုင်းလောကထဲကို ဝင်လို့မရသေးဘူးကွ၊ သိုင်းလောကထဲမှာ အင်မတန်အဆင့်မြင့်တဲ့ပညာတွေ ထွန်းကားနေတော့မင်းပညာ လောက်နဲ့တော့ ယှဉ်နိုင်မှာ မဟုတ်သေးဘူး'

သိုင်းလောက။

အဆင့်မြင့်။

ထိုဝေါဟာရများကို ချီက ကောင်းကောင်း နားမလည်ပါ။

သိုင်းလောကထဲမှာ မယှဉ်နိုင်သေးဘူးဆိုတော့ မိမိသည် အခြားသူများနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရမည်လား။

ချီက ခပ်တွေတွေ စဉ်းစားနေရင်းမှ....

'သိုင်းလောကဆိုတာနဲ့ အဆင့်မြင့်ဆိုတာတွေကဘာတွေလဲ ဦးဦး'

ဝမ်းတုံသည် သူ့ခေါင်းကို တစ်ချက် ကုတ်လိုက်လေသည်။



ထို့နောက် သက်ပြင်းတစ်ချက်ချလိုက်သည်။

'သိုင်းလောကဆိုတာ သိုင်းပညာတတ်ကျွမ်းတဲ့ လူတွေနဲ့ သွားလာလှုပ်ရှားနေကြတာကို သိုင်းလောကသားတွေလို့ ခေါ်တာကွ၊ သိုင်းသမားတွေထဲမှာ လူဆိုးတွေရှိသလို လူကောင်းတွေရှိလဲတယ်၊ အချို့သိုင်းသမားတွေကသူတို့ရဲ့တတ်ကျွမ်းထားတဲ့ ပညာကို အားကိုးပြီး အနိုင်ကျင့်ကြတယ်၊ အဲ့ဒီလူတွေကို မျိုးချစ်စိတ်ရှိတဲ့ သိုင်းသမားတွေက ယှဉ်ပြိုင်တိုက်ခိုက်ပြီး ဆုံးမတယ်၊ သတ်တန်လဲသတ်ပစ်ရတာပေါ့၊ အဲဒါ သိုင်းလောကသားတွေလို့ ခေါ်ကြကယ်'

ဝမ်းတုံက ချီ နားလည်အောင် ရှည်လျားစွာ ပြောပြသည်။

ချီက ခေါင်းညိတ်လိုက်သည်။

'အဆင့်မြင့်သိုင်းပညာဆိုတာ ဘယ်လို သိုင်းပညာမျိုးကို ခေါ်တာလဲ'

'သိုင်းလောကထဲမှာ အဆင့်အတန်းအမျိုးမျိုး ရှိကြတာကို ပြောတာကွ၊ ဥပမာ လွယ်လွယ်ကူကူပြောရမယ်ဆိုရင် ဒီလူတစ်ယောက်ကို ဘယ်သူမှတိုက်ခိုက်လို့ မနိုင်ဘူးဆိုရင် အဲ့ဒီလူဟာ အဆင့်မြင့်မားတဲ့ သိုင်းပညာတတ်ကျွမ်းထားလို့ပဲ'

ချီသည် ခေါင်းကလေးငုံ့ကာ နားထောင်နေသည်။

'ဘဘတွမ်သင်ပေးတဲ့ပညာက အဆင့်မမြင့်လို့လား'

'သိုင်းပညာဆိုတာ တစ်နေ့တခြား တိုးတက်ပြောင်းလဲနေတာကွ၊ အဲ့ဒီလိုပြောင်းလဲနေတာနဲ့အမျှ ကိုယ်ကလဲရှာကြံစဉ်းပူးနိုင်မှ တော်ကာကျတာ၊ ငါတတ်နေပြီဆိုပြီးတော့ ခက်ခဲနက်နဲ

တာတွေကို ထပ်ပြီးမသင်ရင် ကိုယ်က တပန်းရှုံးမှာချည်းပဲ၊ မင်းသဘောပေါက်ပြီလား'

'ဟုတ်ကဲ့ သဘောပေါက်ပါပြီ၊ ဒါဖြင့် ကျွန်တော်ဘယ်မှာ သွားဆက်သင်ရမလဲဟင်'

'အဲဒီကိစ္စကတော့ ဘဘတွမ် စီစဉ်ပေးမှာပေါ့ကွာ'

ချီကဲ သဘောပေါက်စွာဖြင့် ခေါင်းညိတ်လိုက်သည်။

'ဒါနဲ့ ဦးဦး'

'ပြောလေကွာ'

'ကျွန်တော် မြို့ကို ဦးဦးဝမ်းတုံနဲ့ တစ်ခေါက်လောက် လိုက်လို့ မရဘူးလား'

ဝမ်းတုံ ဆက်ပြင်းချလိုက်သည်။

မြို့ကြီးပြကြီးများသို့ တစ်ခါမှ မရောက်ဖူးသော ချီအတွက် ဝမ်းတုံ စိတ်မကောင်းဖြစ်နေမိသည်။

'ဒီတစ်ခေါက် မင်းကို အလည်ခေါ်မလို့ဘဲ ချီရယ်၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်လို့လဲ'

ဝမ်းတုံသည် သူ၏စကားကို ဆက်ပြောသင့်မပြောသင့် ချင့်ချိန်နေပေသည်။

အတန်ကြာမှ....

'ဒါပေမယ့် မြို့မှာ အခြေအနေ သိပ်မကောင်းသေးဘူးကွ၊ သူခိုးဓားပြ လူဆိုးတွေ နည်းနည်းရမ်းကားနေတယ် ဆိုပါတော့ကွာ'



'အင်း ဒါတွေမင်းမသိသေးပါဘူးချီရယ်၊ အချိန်ကျလာရင်တော့ တို့တစ်တွေမြို့ထဲမှာနေကြရမှာပါ'

'ဦးဦး အခုနေတာဘယ်မြို့မှာလဲဟင်'

'ဦးဦးနေတာ တာချင်မြို့လို့ခေါ်တယ်'

ချီက ပါးစပ်မှတိုးတိုးကလေးရေရွတ်၍ မှတ်သားထား၏။

'တာချင်မြို့ တာချင်မြို့ဆိုတာ အင်ထရမ်းမြို့တော်နဲ့ ဘယ်လောက်ဝေးသလဲဦးဦး'

ဝမ်းတုံသည် ချီအားအံ့ဩသလို မျက်မှောင်ကြုတ်၍ကြည့်လိုက်သည်။

'မင်းက အင်ထရမ်းမြို့တော်ကိုတောင် သိနေပြီလား'

'ဘဘတွမ်ကပြောပြထားလို့ပါ'

'သိပ်တော့မဝေးပါဘူး၊ မြင်းနဲ့သွားရင် နှစ်ရက်လောက်ပဲကြာမယ်'

'မြင်းဆိုမှ ကျွန်တော်မြင်းစီးသိပ်တတ်ချင်တာပဲ'

ဝမ်းတုံကရယ်လိုက်၏။

'တစ်နေ့စီးရမှာပေါ့ကွာ'

* * *

ညသည် နက်ရှိုင်းလာတော့၏။

ချီသည်အိပ်မပျော်သေးပါ'

သူသည် အတွေးပေါင်းမြောက်မြားစွာကြားဝယ် နစ်မျောနေပေသည်။

အပြင်တွင် လရောင်က သာနေဆဲဖြစ်၏။

ထိုအချိန်တွင် ချီတို့၏တဲအိမ်အနီးသို့ လူလေးယောက်ချဉ်းကပ်လာသည်ကို မည်သူမှသတိထားမိဟန်မတူပါ။

လူလေးယောက်စလုံး မျက်နှာဖုံးအနက်များစွပ်ထားသည်။

အိပ်မပျော်သေးသောချီသည် အိမ်ရှေ့ဆီမှခြေသံလိုလိုကြားရသဖြင့် နားစွင့်လိုက်သည်။

တိုးတိုးပြောဆိုသံအချို့ကိုလည်း ကြားလိုက်ရသဖြင့် ချီသည်စိတ်ထဲတွင်သံသယဝင်လာသည်နှင့် အိပ်ရာမှလူးလဲထလိုက်သည်။

ထိုစဉ်မှာပင် တဲအိမ်တံခါးကိုဆောင့်တွန်းလိုက်သံ ကြားရတော့သည်။

'ဝုန်း'

ချီကအခန်းထဲမှပြေးထွက်လာ၏။

သို့သော် ချီ၏ရှေ့တွင်မားမားရပ်တန့်နေသော ဘဘတွမ်နှင့် ဝမ်းတုံတို့ကိုတွေ့လိုက်ရလေသည်။

တံခါးပွင့်သွားသဖြင့် တဲအိမ်အပြင်ဘက် လရောင်အောက်တွင်ရပ်တန့်နေသော လူလေးယောက်ကို တွေ့မြင်လိုက်ရလေ၏။

ဘဘတွမ်နှင့်ဝမ်းတုံသည် အိမ်အပြင်ဘက်သို့ ခုန်ဆင်းလိုက်သည်။

နှစ်ဦးစလုံးလက်ထဲတွင် ဓားရှည်များကိုယ်စီ ကိုင်ထားလေသည်။

ချီကတဲအိမ်အတွင်းမှ မယောင်မလည်နှင့် အခြေအနေကိုစောင့်ကြည့်နေပေသည်၊

ချီကလည်းလိုရမယ်ရ ဓားတစ်လက်ကိုင်ထားသည်။



'ခင်ဗျားတို့ကဘယ်သူတွေလဲ'

ဘဘတွမ်ကမေးလိုက်၏။

ဘဘတွမ်သည် မေးသာမေးရသော်လည်း မျက်နှာဖုံးစွပ်ထားသော လူများကိုတွေ့လိုက်ရသည်နှင့် မျက်နှာကွက်ခနဲပျက်နေပေသည်။

ချီသည် မျက်နှာဖုံးစွပ်ထားသောလူများကိုကြည့်၍ ဘဘတွမ်ပြောပြခဲ့ သောဇာတ်လမ်းထဲမှလူများနှင့် တူနေသည်ကိုသတိထားမိလေသည်။

'လတ်စသတ်တော့ ဓားပြဂိုဏ်းကထွက်ပြေးတိမ်းရှောင်နေတဲ့ တွမ်ကျုံးဆိုတာမင်းပဲမဟုတ်လား'

မျက်နှာဖုံးနှင့်လူကမေးလိုက်လေသည်။

ဝမ်းတုံသည်တွမ်ကျုံးကို တစ်ချက်ကြည့်လိုက်သည်။

အခြေအနေက ထိုလူလေးယောက်သည် မိမိတို့အားအမှန်တကယ်ပင် အန္တရာယ်ပြုတော့မည်မလွဲပေ။

ထိုလူလေးယောက်ကို တိုက်ခိုက်ရန်မှတစ်ပါး အခြားမရှိတော့ပြီ။

'ဓားပြဆိုတာဘယ်သူ့ကိုပြောတာလဲကွ'

တွမ်ကျုံးကခပ်ဆတ်ဆတ်ပြန်မေးလိုက်သည်။

မျက်နှာဖုံးနှင့် လူလေးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ရယ်မောလိုက်ကြသည်။

'ဒီမှာတွမ်ကျုံး မင်းဘာမသိချင်ယောင်ဆောင်နေတာလဲ၊ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်ကျော်ကတည်းက ထွက်ပြေးတိမ်းရှောင်

နေတာ အခုမှပဲ ခြေရာခံမိတော့တယ်၊ မင်း တို့လက်ထဲကမလွ
တော့ပါဘူး တွမ်ကျူးရာ’

ထိုသူကပြောပြောဆိုဆို မျက်နှာဖုံးချွတ်လိုက်ရာ တွမ်ကျ
မှာအံ့သြသွားလေသည်။

အကြောင်းမှာထိုသူသည် မြို့စားကြီး၏ကိုယ်ရံတော် တ
မှူး အင်ရှုဟုန်ဖြစ်နေသောကြောင့်ပင်။

အင်ရှုဟုန်သည် မိမိ၏တူဖြစ်သူ ဝမ်းတုံ၏နောက်မှခြေရာ
လိုက်လာမှန်း တွမ်ကျူး စဉ်းစားမိလိုက်သည်။

တွမ်ကျူးမှာ ချီအတွက် စုံးရိမ်သွားမိ၏။

သို့သော် တွမ်ကျူးက ရှေ့သို့တစ်လှမ်းတိုး၍ အင်ရှုဟုန်၏
မျက်နှာကို သေသေချာချာ စူးစိုက်ကြည့်လိုက်သည်။

‘ဒီမှာတပ်မှူး၊ ကျုပ်က ဓားပြမဟုတ်ဘူးဗျ၊ ကျားမှင်
ဓားပြဂိုဏ်းကလူတွေသာ အဲဒီလိုမျက်နှာဖုံး စွပ်ထားကြတာ

တပ်မှူး အင်ရှုဟုန်မှာ မျက်နှာကွက်ခနဲ ပျက်သွားလေ၏

‘မင်းထင်ချင်သလိုထင်ပါလေ၊ ငါတို့က ဂရုမစိုက်ပါဘူး
အခုလာတာက မြို့စားကြီးရဲ့ ကိုယ်ရံတော်တပ်မှူးအနေနဲ့ လာ
ဖမ်းတာပဲ၊ အဲဒီတော့ မင်းတို့ အသာတကြည်အဖမ်းခံမလာ
ဒါပဲပြော’

အင်ရှုဟုန်က ဓားကိုဆွဲထုတ်ရင်း ပြော၏။

‘ငါက ဘာအပြစ်ရှိလို့ အဖမ်းခံရမှာလဲ’

တွမ်ကျူးက ပါးစပ်မှပြောရင်း စတင်တိုက်ခိုက်လိုက်လေ
သည်။

ဝမ်းတုံသည်လည်း ဆိုင်းငံ့မနေတော့ပါ။



လက်ထဲမှဓားဖြင့် မျက်နှာဖုံးနှင့်လူသုံးဦးကို စတင်တိုက်
ခိုက်လိုက်သည်။

ထိုအခါ ချီမှာ မနေသာတော့ပါ။

အိမ်ထဲမှ ပြေးထွက်လာပြီး ဝင်ရောက် တိုက်ခိုက်လိုက်လေ
သည်။

တွမ်ကျူးက တစ်ချက်လှည့်ကြည့်၍ မကျေမနပ်ဖြင့် ချီကို
စိုက်ကြည့်လိုက်သည်။

သို့သော် ချီသည် တွမ်ကျူးအား ဂရုမစိုက်အားပါ။ ဝမ်း
တုံနှင့် တိုက်ခိုက်နေသောသူများကို ဝင်၍ တိုက်ခိုက်လိုက်လေ
တော့သည်။

တပ်မှူး အင်ရှုဟုန်သည် တဲအတွင်းမှလူတစ်ယောက်ထပ်မံ
ထွက်လာသည်ကိုမြင်သည်နှင့်

‘မင်းတို့ ဓားပြအဖွဲ့ဝင်တွေ အထဲမှာဘယ်နှစ်ယောက်ရှိသေး
သလဲ’

ဟု တွမ်ကျူးအား မေးလိုက်၏။

အင်ရှုဟုန်သည်ချီကို ကလေးတစ်ယောက်ဟုမမြင်ဘဲဓားပြ
အဖွဲ့ဝင် လူကြီးတစ်ယောက်ဟုသာမြင်နေသဖြင့် တွမ်ကျူး၏
စိတ်ထဲတွင် အနည်းငယ်ပေါ့သွားတည်။

‘ဒါတွေ မေးမနေနဲ့’

တွမ်ကျူးက တိုတိုတုတ်တုတ်ပင် ပြန်ပြော၍ ဆက်လက်
တိုက်ခိုက်လိုက်သည်။

မျက်နှာဖုံးနှင့် လူသုံးယောက်မှာလည်း သိုင်းပညာမခေလှ
ပါချေ။

သူတို့သည် ဝမ်းတုံနှင့်ချိကို သဲသဲမဲမဲ တိုက်ခိုက်နေ၏။

တဖြည်းဖြည်းနှင့်သူတို့သည် ကျောက်ဖျာကြီးအနီးသို့ရောက်ရှိသွားသည်။

ချိမှာ ကျောက်ဖျာကြီး၏အနားသို့ ရောက်ရှိနေသည်။

သူ၏နောက်တွင် ချောက်ကမ်းပါးရှိနေ၏။

တွမ်ကျူးသည် အင်ရှုဟုန်အား တိုက်ခိုက်ရင်းမှ ချိ၏အနားသို့ရောက်အောင် ခုန်ထွက်သွားလိုက်သည်။

အင်ရှုဟုန်ကလည်း တွမ်ကျူးအား မျက်ခြည်ပြတ်မခံပေ၊ အနားသို့ ပြေးလိုက်သွားသည်။

တွမ်ကျူးသည် ချိနှင့် ကျောချင်းကပ် အနေအထားဖြင့် တပ်မှူး အင်ရှုဟုန်အား တိုက်ခိုက်နေပေ၏။

ရုတ်တရက်

တွမ်ကျူး၏ခြေတစ်ဖက်သည် ချိ၏တင်ပါးအား ကန်လိုက်သကဲ့သို့ ဖြစ်သွားပေရာ ချိမှာ ရုတ်တရက် ခန္ဓာကိုယ်မထိန်းနိုင်တော့ဘဲ ချောက်ကမ်းပါးထဲသို့ ချော်ကျသွားတော့သည်။

'အား'

* * *

တွမ်ကျူးအား တိုက်ခိုက်နေသော အင်ရှုဟုန်သည် ရုတ်တရက် ရပ်တန့်၍

'မင်းသိုင်းကွက်က တော်တော်ကောင်းပါလား၊ ကိုယ့်ကိုတောင် ကိုယ်ပြန်ပြီး ချောက်ထဲကျအောင် ကန်ချနိုင်တဲ့သိုင်းကွက်ပဲ'

'ဒါ မင်းအလုပ်မဟုတ်ပါဘူး၊ သူ ငါ့အနောက်မှာ ရှိနေတာ ဘယ်သိမလဲ'

တွမ်ကျူးက စိတ်ဆိုးမာန်ဆိုးနှင့် ပြန်ပြောလိုက်သည်။

ချိ ချောက်ထဲသို့ ချော်ကျသွားသည်ကို မြင်တွေ့လိုက်ရသော ဝမ်းတုံသည် ရင်ထဲ၌ တုန်လှုပ်ချောက်ချားသွားမိတော့သည်။

မိမိ အတန်တန် သတိပေးဖူးပါလျက် ထိုနေရာနားသို့ရောက်အောင်သွားသည့် ချိအတွက်လည်း စိတ်မကောင်းဖြစ်သွားမိသည်။

ဝမ်းတုံမှာ ချိ၏စိတ်ကြောင့် အမှားမှားအယွင်းယွင်းဖြစ်သွားတော့သည်။

ရုတ်တရက် သူ့ပခုံးမှာ ပူခနဲဖြစ်သွားပြီး သွေးများဖြာကျလာသည်ကို တွေ့လိုက်ရသည်။

ထိုစဉ်မှာပင်

'ကဲ....မင်းကော ဘာတတ်နိုင်သေးသလဲ'

ဟူသည့် တပ်မှူး၏အသံကို ကြားလိုက်ရသဖြင့် ဝမ်းတုံက လှည့်ကြည့်လိုက်သောအခါ တွမ်ကျူး၏ရင်ဝကို တပ်မှူးသည် ဓားရှည်ဖြင့် ထောက်ထားသည်ကို တွေ့လိုက်ရလေတော့သတည်း။

* * *

## အဝသစ်

ချောက်ကမ်းပါးသည် အတောင်နှယ်ဆယ်ကျော်ကျော်မားလှ၏။

ထိုချောက်ကမ်းပါးပေါ်မှ လိမ့်ကျသွားသည် အသက်ရှင်ရန် ခဲယဉ်းလှပေသည်။

အင်ခတန် က ကောင်းထောက်မ၍ အသက်ရှင်သည့်အောင် တစ်သက်လုံး နာလန်မထူနိုင်ဘဲ ကျိုးကန်းနေမည်မလွဲပါပေ။

ချီသည် ထိုချောက်ကမ်းပါးကြီးယဲသို့ ထိုးကျသွားပြီလေသည်။

သူ့အား တွမ်ကျူးက ရုတ်တရက် ကန်ထည့်လိုက်ခြင်းသည်။

ချီမှာ အံ့အားသင့်သွားသည်။



သူက တစ်စုံတစ်ခုကိုပြောမည်ဟု စိတ်ကူးဆဲပင် သူ၏ခန္ဓာကိုယ်သည် လေထဲ၌ ပျံဝဲသွားရလေသည်။

ချီသည် ကြောက်အားလန့်အားနှင့် ကျိုးပြီးအော်ဟစ်လိုက်မိလေသည်။

ထိုအချက်ကလေး တစ်ခုကိုသာ ချီ နောက်ဆုံး သိလိုက်ရသည်။

ထို့နောက်တော့ ချီ ဘာမျှ မသိတော့ပါ။

လောကကြီးတစ်ခုလုံး အမှောင် ဖုံးလွှမ်းသွားတော့သည်။

သူသည် ကောင်းကင်၌ ငှက်တစ်ကောင်ကဲ့သို့ ပျံဝဲနေပေသည်။ စိတ်ထဲ၌ အလွန်ပျော်ရွှင်နေမိ၏။

အသွေးအရောင် အမျိုးစုံသော ငှက်တို့သည် သူ့အနား၌ အတောင်တဖျပ်ဖျပ် ရိုက်ခတ်လျက် ပျံသန်းနေကြသည်။

သို့သော် ချီတွင် အတောင်မပါပေ။

ဒါပေမယ့် ငှက်များနည်းတူ ကောင်းကင်၌ သူသည် ပျံဝဲနေ၏။

တိမ်တိုက်ကြီးများကြားသို့လည်း ချီ ရောက်ရှိသွားသည်။

ထိုစဉ် တိမ်တိုက်ထဲမှ အလွန်လှပသောလူတစ်ယောက် ထွက်လာလေသည်။

ထိုလူမျိုးကို ချီ တစ်ခါမှ မမြင်ဖူးပါ။

သူ့အား ဘဘတွမ် ပြောပြခဲ့ဘူးသည့် ပုံပြင်ထဲက နတ်သမီးလေး ဖြစ်ရမည်ဟု ချီက အထင်ရှိလိုက်သည်။

နတ်သမီးကလေးသည် ချီကို လှောင်ပြောင် ရယ်မောပြနေသည်။

ချီသည် နတ်သမီးကလေးအနားသို့ရောက်အောင် ပျံဝဲသွ
သည်။

သို့သော် နတ်သမီးကလေး၏ အနားသို့ မရောက်နိုင်ပေ။

သူကနည်းနည်းရွေ့လျှင် နတ်သမီးကလေးကလည်း နည်း
နည်း ရွေ့သွားသည်ဟု ထင်နေမိသည်။

ချီက အပြေးအလွှားလိုက်သည်။

သို့သော် နတ်သမီးကလေးကို မမီပေ။

နတ်သမီးကလေးက လက်ခုပ်လက်ဝါးတီး၍ ရယ်မော၏

ချီသည် အပြေးအလွှားလိုက်လေသည်။

ထိုအခါ မောလာ၏။

ချီမှာ အသက်ရှူကျပ်သည်အထိ မောလှာလေသည်။

ထို့နောက် နတ်သမီးလေးအား သံကုန်ဟစ်၍ အော်ခေ
တော့သည်။

သို့သော် သူ့အသံက ထင်သလို ထွက်မလာပါ။

ထိုစဉ် ရုတ်တရက် တိမ်တိုက်တစ်ခုက သူ့အားတအားဝ
ဆောင့်လိုက်သောအခါ....

'အား... အား'

ချီသည် မချိမဆံ့ အော်ဟစ်လိုက်သည်။

ထိုအခါ အသံထွက်လာသည်။

ချိသည် ရုတ်တရက် ထထိုင်လိုက်သည်။

မိမိသည် သတိလစ်ပြီး အိပ်မက် မက်နေခြင်းပင် ဖြစ်လေ
သည်။

* * *



ချိက ရုတ်တရက်ထထိုင်၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်လေ
သည်။

မှောင်မည်းနေသည်။

မည်သည့်အရာကိုမျှ ထင်ထင်ရှားရှား မမြင်ရပေ။

'ငါငါ ဘာဖြစ်ပါလိမ့်၊ ဘယ်ရောက်နေပါလိမ့်'

ချိက စဉ်းစားသည်။

သူ့လက်တစ်ဖက်သည် အလွန်အမင်း နာကျင်နေသည်ကို
သတိထားမိလိုက်၏။

'ရန်သူ....ရန်သူ'

ချိ ချက်ချင်း သတိပြန်ရသည်။

တဲရှေ့တွင် ရန်သူများနှင့် တိုက်ခိုက်နေစဉ် မိမိအား ဘာဘာ
တွမ်က ရုတ်တရက် ဆောင့်ကန်လိုက်သည်ကို သတိရမိသွား
တော့သည်။

'ငါ ချောက်ထဲရောက်နေပါလား၊ အပေါ်မှာ ဘာဘာတွမ်တို့
တိုက်ခိုက်နေတုန်းပဲလား၊ ဒါမှမဟုတ်'

ချိ ဆက်လက် မစဉ်းစားရဲတော့ပေ။

'ဒီလောက်မြင့်တဲ့ ချောက်ထဲကျတာ ငါဘာလို့မသေပါလိမ့်'

ချိသည် မှောင်မည်းမည်းထဲတွင် အံ့ဩစွာဖြင့် ဟိုစမ်းဒီစမ်း
စမ်းကြည့်သည်။

သူ၏တင်ပါးအောက်တွင် ပိုက်ကွန်တစ်ခုရှိနေသည်ကို စမ်း
သပ်မိလေ၏။

ထို့ပြင် ပိုက်ကွန်အောက်၌ မြက်များထူထပ်စွာရှိနေသည်ကို
လည်း စမ်းသပ်မိပြန်သည်။

ဘဘတွမ် သုံးလေးရက်ဆက်၍ ချောက်ထဲသို့ဆင်းလာသည့် ကိစ္စကို ချီပြန်၍စဉ်းစားမိလာသည်။

'ဟုတ်ပြီ....'

ဘဘတွမ်သည် ရှေးဦးစွာပိုက်ကွန်တစ်ခုပြုလုပ်နေသည်ကို မြင်မိ၏။

ယခုထိုပိုက်ကွန်သည် ချောက်ထဲရှိသစ်ပင်များဖြင့် သွယ်တန်း ကာ ပုခက်တစ်ခုကဲ့သို့ ပြုလုပ်ထားလေသည်။

ပိုက်ကွန်၏အောက်ခြေ၌ မြက်များရိပ်၍ စုပုံထားဟန်တူသည်။

ဘဘတွမ်သည် ထိုအရာကိုဖန်တီးထားသည်မှာ ယခုကဲ့သို့ မိမိ အားကန်ချရန် တမင်ဖန်တီးထားခြင်းလော။

မဖြစ်နိုင်ပါ။

ရန်သူသည် ထိုနေ့ ထိုရက်တွင်လာပြီး တိုက်ခိုက်မည်ဟု မည် သူကအတတ်သိနိုင်ပါမည်နည်း။

ဤသို့ဆိုလျှင် ဘဘတွမ် ဤပိုက်ကွန်လာရောက်ခံထားခြင်း မှာ မတော်တဆ လိမ့်ကျပါက အသက်မဆုံးရှုံးရန်ပင်ဖြစ်ပေ မည်။

မည်သို့ပင်ဖြစ်စေ၊

ယခု ဘဘတွမ်၏ကျေးဇူးကြောင့် မိမိအသက်မဆုံးရှုံးရခြင်း ဖြစ်သည် မဟုတ်ပါလား။

* * *



ချီသည် အပေါ်သို့ အမြန်ဆုံးတက်လိုပါသော်လည်း ည အမှောင်ကဖုံးလွှမ်းထားသဖြင့် ပတ်ဝန်းကျင်ကိုလုံးဝမမြင်ရပေ။

အပေါ်တွင် မည်ကဲ့သို့ဖြစ်နေသည်ကို ချီသည် အလွန်သိချင် နေ၏။

ချီသည် အမှောင်ထဲ၌ပင် စမ်းတဝါးဝါးဖြင့် ထိုနေရာတွယ် တက်သည့်နေရာ တွယ်တက်ပြုလုပ်နေမိသည်။

ချီ တစ်ခုစဉ်းစားမိသည်မှာ အပေါ်တွင်ရန်သူများရှိနေချင် ရှိနေမည်၊ ဒါမှမဟုတ် ရန်သူများက ဘဘတွမ်၏အသံကို မကြား ရသေးခြင်းဖြစ်ပေမည်။

ရန်သူမရှိ၍ ဘဘတွမ်သာရှိနေပါလျှင် မိမိအား ချက်ချင်း ကယ်တင်မည်မှာ မလွဲပါပေ။

ချီသည်စဉ်းစားရင်းလမ်းစရှာဖွေနေပါသော်လည်း အချည်း နှီးပင်ဖြစ်ရလေသည်။

သို့နှင့်ပင်....

တစ်စတစ်စ အလင်းရောင်ကဝင်လာတော့သည်။

မှန်၏။

မိုးက စင်စင်လင်းလာပြီဖြစ်ပေသည်။

ချီသည် ပတ်ဝန်းကျင်ကို ထင်ထင်ရှားရှားမြင်ရပြီဖြစ်၍ အပေါ်သို့တက်သည့်လမ်းစကို ရှာဖွေလေတော့သည်။

'ဘဘတွမ်တောင် ဆင်းနိုင်တက်နိုင်သေးတာပဲ၊ လမ်းရှိရမှာ ပေါ့'

ချီက ထိုသို့တွေးတောစဉ်းစားရင်း လမ်းစရှာဖွေကာ ကြိုး စားပမ်းစားကုပ်ကတ်တက်လေသည်။

တစ်နေရာတွင် နွယ်တန်းတစ်ခုကိုတွေ့ရ၏။

ထိုနွယ်တန်းသည် တောင်ထိပ်အထိ သွယ်တန်းကျဆင်း
ခြင်းဖြစ်၏။

ဘဘတွမ်သည် ထိုနွယ်တန်းနှင့်ပင် အတက်အဆင်းပြုလု
ခြင်းဖြစ်ရမည်ဟု ချိကယုံကြည်လိုက်လေသည်။

* * *

ချိသည် မိမိ၏ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲသည့်
ပင် သတိမထားနိုင်ဘဲ တဲအိမ်ဆီသို့ အပြေးအလွှားရောက်ရှိလ
သည်။

တဲအိမ်နှင့်အတူ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေပေသည်

ချိသည် နေရာအနှံ့ပြေးလွှားရှာမိ၏။

မတွေ့သည့်အဆုံး ပါးစပ်မှကျယ်ကျယ်ငြင်ငြင်... အော်ဟစ်မိလေသည်

'ဘဘတွမ် ဦးဦးဝမ်းတုံ'

ချိ၏အော်ခေါ်သံသည် ပဲ့တင်ထပ်သွား၏။

ချိသည် ငိုချင်စိတ်ကိုမနည်းထိန်းထားရလေသည်။

ကျောက်ဖျာအနီးတွင် သွေးစသွေးနအချို့ကိုတွေ့ရှိရသေ
အခါ ချိမှာ မျက်ရည်များကိုမထိန်းနိုင်တော့ဘဲ ငိုချပစ်လို
တော်သည်။

အကယ်၍ ဘဘတွမ်နှင့် ဦးဦးဝမ်းတုံတို့ သေဆုံးပါလျ
အလောင်းတွေ့ရပေမည်။



ယခုအလောင်းမတွေ့ရပုံထောက်လျှင် လူဆိုးများက ဖမ်း
ဆီးခေါ်ဆောင်သွားခြင်းပင်ဖြစ်ရမည်ဟု ချိက တွေးမိလိုက်
တော့သည်။

မျက်နှာဖုံးနှင့်လူဆိုးများ....။

ထို့နောက် ကိုယ်ရံတော်တပ်မှူးဆိုသူတို့ကို ချိ၏မျက်စိထဲ
၌ ဖျောက်၍မရတော့ပါ။

ချိသည် တဲအိမ်ထဲသို့ဝင်ရောက်သွားသောအခါ တစ်အိမ်
လုံးလည်း မွှေနှောက်ထားသည်ကို တွေ့ရှိရလေသည်။

ချီ ဘာဆက်လုပ်မည်နည်း။

ချီသည် စိတ်ပျက်လက်ပျက်ဖြင့် ခုတင်တစ်ခုပေါ် ပစ်လှဲချ
လိုက်သည်။

* * *

တစ်ညလုံးအိပ်ပျက်နေသဖြင့် တစ်ခဏချင်း အိပ်ပျော်သွား
တော့သည်။

နေ့တစ်ဝက်လောက်ကျမှ နိုးလာသည်။

ချီသည် စားစရာရှိသည်တို့ကိုစား၍ ဘာဆက်လုပ်ရမည်ကို
တွေးတောနေပေသည်။

'ဘယ်နည်းနဲ့မှဆို ဘဘတွမ်ဖြစ်ဖြစ်၊ ဦးဦးဝမ်းတုံဖြစ်ဖြစ်ပြန်
လာမှာပဲ'

ချီကထိုကဲ့သို့မျှော်လင့်ထားသည်။

မျှော်လင့်ထားသည့် အတိုင်းလည်း ချီသည်ထိုတဲအိမ်၌သုံး
လတိတိ စောင့်ဆိုင်းနေပေသည်။

သို့သော် ...

ဘဘတွမ်နှင့်ဝမ်းတုံတို့၏အရိပ်အယောင်ကိုမျှမမြင်ရပါပေ။

ချီ စိတ်ပျက်အားငယ်လာတော့သည်။

'တာချင်မြို့'

ဦးဦးဝမ်းတု ပြောပြသော တာချင်မြို့ကိုအမှတ်ရမိလိုက်၏။

တာချင်မြို့သည် မည်သည့်နေရာ၌ရှိပါသနည်း။

ဒါကိုလည်းသူမသိပါ။

တာချင်မြို့သာမဟုတ် ဘယ်မြို့ဘယ်ရွာကိုမှ ချီမသိပါ။

သူ့ဘဝသည် အသက်ဆယ့်လေးနှစ်တိုင်တိုင် ဤတောထဲ၌ ပေါ်မွေးကြီးပြင်းလာခဲ့ရသည် မဟုတ်ပါလား။

'ဒီတောတောင်ဟာ အင်မတန် အေးဆေးပါတယ်လူလေးရယ်၊ ကျေးရွာမြို့နယ်တွေဆိုတာက လူတွေဟာ ပုံစံအမျိုးမျိုးနဲ့ လှုပ်ရှားနေကြတာ၊ ဒေါသတွေ၊ မောဟတွေ၊ လောဘတွေဖုံးလွှမ်းပြီး ငါ့ကိုသူသတ်၊ သူ့ကိုငါသတ်နဲ့ အင်မတန်ရှုပ်ထွေးပွေလီတဲ့လူ့ဘောင်ကြီးပါကွာ'

ဘဘတွမ်၏စကားများကို တစ်ခုပြီးတစ်ခု ကြားယောင်လာမိ၏။

'ဘယ်သူ့တရားပျက်ပျက် ကိုယ်မပျက်ပါနဲ့ ဆိုတဲ့စကားလို မေတ္တာတရားထားရဘယ်လူလေးရဲ့ လူတွေကို မတရားမသတ်ရဘူး၊ ဒါပေမယ့် ကိုယ့်ကိုမတရားသတ်ဖြတ်မယ်ဆိုရင်တော့ ပြန်ကာကွယ်ရမှာပေါ့ကွာ၊ သူများပစ္စည်းကိုလဲ မတရားမယူရဘူး၊ သူများသားမယားကိုလဲ မတရားမစော်ကားရဘူး အဲ့ဒါတွေကိုကျပ်ကျပ်သတိထားပါ'



ချီသည် ပြန်လည်စဉ်းစားရင်းမှသက်ပြင်းချလိုက်သည်။

ယခု သူ့အားသွန်သင်ဆုံးမခဲ့သော ဘဘတွမ်သည်အနားတွင်မရှိတော့ပေ။ ဒီတော့မိမိဘာဆက်လုပ်ရမှာနည်း။

ဘဘတွမ်တို့ မလာတော့မယ့်အတူတူတော့ ဤနေရာတွင် တစ်ယောက်တည်း နေ၍လည်း အကြောင်းမထူးတော့ပါ။

'ငါတောင်ပေါ်ကဆင်းပြီး မြို့တို့ရွာတို့ရှိတဲ့နေရာကို သွားရင် တစ်ခုခုတော့ဖြစ်လာမှာပဲ....'

ချီကထိုကဲ့သို့စိတ်ကူးပြီးသည်နှင့် သူသည်ယူစရာရှိသည်တို့ကို ယူဆောင်ရန် တဲအတွင်းသို့လှည့်ပတ်ကြည့်လိုက်သည်။

သို့သော် သူအဖို့ဘာမျှယူစရာမရှိပါပေ။

ဘဘတွမ်ဝယ်ပေးထားသည့် ဝတ်စုံပေါ်လတ်လတ် တစ်စုံကိုသာ လဲလှယ်၍ဝတ်ဆင်လိုက်လေသည်။

ထို့နောက် ဓားရှည်ကိုယူသွားမည်ဟု စိတ်ကူးလိုက်သည်။

'လက်နက်ဆိုတာ မလိုအပ်ဘဲနဲ့ဆောင်ထားရင် ရန်သူကိုဖိတ်ခေါ်တာနဲ့တူတယ်'

ထိုစကားကိုကြားမိပြန်သည်။

ဒီတော့ ချီသည်မည်သည့်ပစ္စည်းကိုမှ ယူစရာမလိုပေ။

'ငွေသည် အရာရာနှင့်လဲလှယ်ရသော ပစ္စည်းတစ်ခုဖြစ်တယ်' မှန်သည်။ မိမိမှာယခုငွေမရှိပါ၊ မိမိဘာနှင့် စားသောက်ရမည်နည်း။

ချီသည် စိတ်ပျက်သွားမိပြန်သည်။

ဘဘတွမ်၏အခန်းထဲသို့ ဝင်သွားဖြစ်သည်။ ငွေကြေးတစ်ပြားတစ်ချပ်မျှရှာမတွေ့ရပေ။

နောက်ဆုံး ချီသည်ဘာဘာတွမ်၏ခုတင်အောက်မှ အိုးတစ်လုံးကိုတွေ့ရှိ၍ အထဲသို့လက်နှိုက်ရှာဖွေလိုက်ရာ ရွှေထည်လက်ဝတ်လက်စားအချို့ကို တွေ့ရှိလိုက်ရလေသည်။

ရွှေရှိရင်ငွေရှိရမည်ဟု ဦးဦးစမ်းတုံ ပြောထားသော စကားများကိုအမှတ်ရမိသဖြင့် ချီသည်ကျောက်စိမ်းဖြင့် ပြုလုပ်ထားသောဆွဲကြိုးလက်ကောက်တို့ကို သူ့အိတ်ထဲသို့ထိုးသွင်းလိုက်၏။

ထို့နောက်ချီသည် ....

တဲအိမ်ကလေးကို နောက်ဆုံးအနေဖြင့်ကြည့်ကာ တစ်လှမ်းချင်းထွက်ခွာခဲ့တော့သည်။

* * *

## = ကယ် တင် ရှင်

နှစ်ရက်။

နှစ်ရက်လုံးလုံး တောင်ပေါ်မှ ဆင်းလာခဲ့သော်လည်း ချီသည် မည်သည့်ရွာကိုမျှ မတွေ့ရှိသေးပါ။

ထို့အတူ မည်သူတစ်ဦးတစ်ယောက်နှင့်မျှလည်း မဆုံဆည်းမိပေ။

အမှန်တော့ ချီမှာ မသိ၍ တောထဲတွင် မျက်စိလည်နေခြင်းသာဖြစ်သည်။

သူသည် အလွန်အမင်း ဆာလောင် မွတ်သိပ်လာသောအခါ စမ်းချောင်းတစ်ခုကို အမြန်ဆုံးရှာဖွေ၍ ရေကိုအဝသောက်နေရပေသည်။

ယခုလည်း ချီ၏ဝမ်းဗိုက်ထဲ၌ အလွန်ပင် ဆာလောင်လာပြီဖြစ်သည်။

သို့သော် စမ်းချောင်းကို မတွေ့ရသေးပေ။

ချိသည် အားခဲ၍လျှောက်နေပြန်သည်။

နောက်ဆုံး၌ချိသည် စမ်းချောင်းမဟုတ်ဘဲ ကြီးမားကျ ပြန့်သည့် ချောင်းကြီးတစ်ခုကို တွေ့လိုက်ရ၏။

မည်သို့ပင်ဆိုစေ။

ရေကိုတွေ့ရပြီဖြစ်၍ ချိမှာ ဝမ်းသာသွားသည်။

သူသည် ချောင်းသို့ အမြန်ဆုံးပြေးလွှားသွားသည်။

ထို့နောက် ရေကို အငမ်းမရ သောက်ပစ်လိုက်၏။

* * *

အဆမတန် ဆာလောင်မွတ်သိပ်နေချိန်တွင် ရေကိုတစ် ကြီးသောက်လိုက်ရသဖြင့် ချိမှာ အတော်ကလေး နေသာထို သာရှိသွားသည်။

ချိသည် ရေသောက်ပြီးသည်နှင့် ခေတ္တမျှ အပမ်းဖြေက သူ၏ခရီးကို ဆက်ခဲ့ပြန်၏။

ချိ၏ခရီးကား မည်သည့်ဦးတည်ချက်မျှမရှိပါ။

အဆုံးအစမရှိသည့် ခရီးတစ်ခုကို ချိတစ်ယောက် မှန်း ၍ လျှောက်နေခြင်းသာဖြစ်တော့၏။

မိုးချုပ်သည့်အခါ သင့်တော်ရာသစ်ပင်အောက်၌ အိပ်စ ပစ်လိုက်၏။

မိုးလင်းလျှင် ဆက်၍လျှောက်ခဲ့သည်။

ဖိနပ်မရှိသော သူ၏ခြေထောက်များသည် ကြာသော် အက်၍ပင်လာတော့၏။



အဆမတန် ညောင်းညာ ကိုက်ခဲလာသော်လည်း ချိက လုံးဝမလျှော့ပါ။

တစ်နေ့တစ်ချိန် မြို့ရွာသို့မဟုတ် လူသားတစ်စုံတစ်ယောက် နှင့်တော့တွေ့မှာပဲဟုစိတ်ထဲတွင် မှတ်ယူထားလိုက်သည်။

သူသည် တောတောင်များနှင့်ဝေး၍ လွင်ပြင်တစ်ခုကိုဖြတ် သန်းလာရလေ၏။

ထိုအခါ ချိအဖို့ ရေသည် ပြဿနာတစ်ခု ဖြစ်ခဲ့ရလေ သည်။

မည်သည့်အစားအစာမျှ မစားရသည့်တိုင်အောင် ရေကို သောက်ထားရလျှင် တော်သေး၏။

ယခု ချိမှာ ရေပင် မသောက်ရတော့ပေ။

ချောင်းမတွေ့ မြစ်မတွေ့ ဖြစ်နေပေသည်။

ချိ၏နှုတ်ခမ်းများသည် ခြောက်သွေ့၍လာတော့၏။ အာ ခေါင်တွင် ကျိန်းစပ်လာတော့သည်။

သူ၏အင်အားမှာလည်း တဖြည်းဖြည်း ယုတ်လျော့လာလေ တော့သည်။

ချိသည် နောက်ဆုံး၌ တောအုပ်တစ်ခုကို ဖြတ်ကျော်ပြီး သည်နှင့် လူသွားလမ်းမကြီးတစ်ခုကိုတွေ့ရ၏။

သို့သော် ချိသည် လုံးဝဆက်မလျှောက်နိုင်တော့ပါ။

ထို့ကြောင့် သူ၏ခန္ဓာကိုယ်သည် လမ်းဘေးရှိသစ်ပင်တစ် ပင်အောက်၌ ပုံလျက်သား လဲကျသွားလေတော့သည်။

* * *

အမှန်ဓတော့။

ချုံလဲကျသွားသည့်နေရာမှာ တာချင်မြို့နှင့် သိပ်မဝေ
တော့ပါ။

အကယ်၍သာ နောက်ထပ်နေ့ဝက်မျှခရီးဆက်လျှင် တား
မြို့သို့ ရောက်ရှိသွားနိုင်ပေသည်။

သို့သော် ချုံမှာ လုံးဝမလှုပ်ရှားနိုင်တော့ပေ။

ထိုစဉ် တာချင်မြို့ဘက်ဆီသို့ အပြင်း မောင်းနှင်လာသေ
မြင်းလှည်းတစ်စီးသည် ချုံလဲကျနေသော နေရာအနီးသို့ ရော
ရှိလာသောအခါ ရုတ်တရက် ရပ်တန့်သွားလေသည်။

မြင်းလှည်းကို မောင်းနှင်လာသူမှာ လူဝကြီးတစ်ဦးဖြစ်
မြင်းလှည်းအတွင်း၌ မိန်းကလေးတစ်ဦး လိုက်ပါလာသည
မိန်းကလေးမှာ အသက်အားဖြင့် သိပ်မကြီးသေးပါ။

အများဆုံးရှိမှ ဆယ့်လေး၊ ဆယ့်ငါး၊ ချုံတို့အရွယ်
ဖြစ်သည်။

'ဦးလေးဆန်၊ အဲဒီလူဘာဖြစ်နေတာလဲ'

မြင်းလှည်းထဲမှ မိန်းကလေးက မြင်းလှည်းမောင်းသူဦးလေ
ဆန်ဆိုသူအား မေးလိုက်ခြင်းဖြစ်၏။

ဦးလေးဆန်ဆိုသူက ပခုံးနှစ်ဖက်တွန့်၍ လက်ခါပြလို
သည်။

'သေနေတာနဲ့တူတယ်'

'ရှင်'

မိန်းကလေးက ကြောက်လန့်သွားသလို ရှင်ဟုတစ်လုံးတ
ထုးလိုက်လေ၏။



'သေသေ ချာချာဆင်းကြည့်ပါဦး ဦးလေးဆန်ရယ်'

ဦးလေးဆန်ဆိုသူသည် မြင်းလှည်းထဲမှ မိန်းကလေးကိုမျက်စောင်းတစ်ချက်ထိုးကြည့်၍၊ သူ၏ဝသောကိုယ်ခန္ဓာကြီးကို မနိုင့်တနိုင်သယ်ကာ မြင်းလှည်းပေါ်မှဆင်းသွားသည်။

'သေတော့မသေဘူးဟ၊ အသက်ရှူနေတယ်၊ လှတ်လှတ်လပ်လပ်လာအိပ်ချင်လို့ ဒီမှာလာအိပ်နေတာဖြစ်မှာပေါ့ဟာ'

လူဝကြီးက စိတ်ပျက်သလိုပြောလိုက်ပြီး မြင်းလှည်းဆီသို့ ပြန်လျှောက်လာသည်။

'ဟာ....ဦးလေးဆန်ကလဲ၊ မြေကြီးပေါ်မှာဘယ်သူကလွတ်လွတ်လပ်လပ်လာအိပ်မှာလဲ'

မိန်းကလေးသည် ပြောပြော ဆိုဆို မြင်းလှည်းပေါ်မှဆင်းလိုက်၏။

ထို့နောက် လဲကျနေသောချုံကို သေသေ ချာချာငုံ့ကြည့်လိုက်သည်။

ချုံမှာ မျက်တွင်းဟောက်၍ပိန်လှီပြီး နှုတ်ခမ်းများဖြူဖွေးနေသဖြင့် အစာရေစာငတ်ပြတ်နေသူဖြစ်မှန်း မိန်းကလေးကရိပ်မိလေသည်။

'အင်း....ဒီလူအစားမစားရလို့ အားပြတ်ပြီးလဲနေတာဖြစ်ရမယ်'

လူဝကြီးက မိန်းကလေးကိုမကျေနပ်သလိုကြည့်၍
'သမားတော်ကြီးရဲ့သမီးလို့မပြောရဘူး'
'ဦးလေးဆန် ဘာပြောတာလဲ'
'ဘာမှမပြောပါဘူး'

'ကဲ....စကားမရှည်နဲ့ သူ့ကိုမြင်းလှည်းပေါ် ဆွဲတင်ပေးပါ'
လူဝကြီးသည် ခေါင်းကိုကုတ်၍....
'ဟာ....ခက်တော့တာပဲ၊ ဘာကောင်မှန်းမသိဘဲနဲ့'
'ဦးလေးဆန် ကျွန်မပြောတာလုပ်ပါ ဒုက္ခရောက်နေတဲ့လူကို ကယ်တင်ရတယ်ရှင့်'
'ဪ....ဟုတ်ကဲ့၊ ဟုတ်ကဲ့'
လူဝကြီးက မကျေမနပ်ဖြင့်အခွဲ့တိုက်၍ ပြောဆိုလိုက်ပြီး သတိလစ်နေသောချီကို မြင်းလှည်းပေါ်သို့ ပွေ့တင်လိုက်လေတော့သည်။

* * *

သမားတော်ကြီးကွမ်းဖုတို့မိသားစုသည် ချီအား အထူးအဆန်းသဖွယ် ဝိုင်း၍ကြည့်ကာ ရယ်မောနေကြသည်။
ချီကလည်း သမားတော်ကြီး၏ဂေဟာ၊ ပရိဘောဂပစ္စည်းများနှင့် သမားတော်ကြီး၏သမီးဆိုသူနှင့် မိခင်ဆိုသူကိုပါ အထူးအဆန်းသဖွယ်ကြည့်နေမိတော့သည်။
သမားတော်ကြီးကွမ်းဖုသည် တာချင်မြို့၌ အလွန်နာမည်ကျော်ကြားပြီး ကြွယ်ဝချမ်းသာသော သူဌေးတစ်ဦးဖြစ်လေသည်။
နာမည်ကျော်သလောက် အခကြေးငွေကလည်း ကြီးမားလှ၏။
သို့သော် စိတ်ကောင်းစေတနာရှိသူတစ်ဦးဖြစ်၍ အမှန်တကယ်ဒုက္ခရောက်နေသောလူနာများကို ကူညီတတ်သည်။



ထို့အတူ သမီးလေးပို့ကျူလင်မှာလည်း ဖခင်၏စိတ်ထားမျိုးရှိသူဖြစ်၏။
သမီးဖြစ်သူပို့ကျူလင်က လမ်းတွင်ဒုက္ခတွေ့နေသောချီကို အိမ်သို့ခေါ်ဆောင်လာသော်လည်း သမားတော်ကြီးမှာစိတ်မဆိုးဘဲ၊ သတိရအောင်ပြုစုပေးကာ အားဆေးများ၊ အစားအသောက်များကျွေးမွေးလေသည်။
စားသောက်ပြီးသောအခါ ချီကိုစုံစမ်းမေးမြန်းသည့်အခါ ချီ၏အဖြေစကားများကြားရသဖြင့် ရယ်မောနေကြခြင်းဖြစ်ပေသည်။
ချီမှာလည်း အမျိုးသမီးဆို၍ ဤတစ်ခါသာ ပထမဆုံးအကြိမ်မြင်ဖူးသူဖြစ်သောကြောင့် သမားတော်ကြီး၏ဇနီးနှင့်သမီးဖြစ်သူကို အထူးအဆန်းသဖွယ် ငေးမောကြည့်ရှုနေမိခြင်းဖြစ်လေသည်။
'မင်း....အမျိုးသမီးဆိုတာကို တစ်ခါမှမမြင့်ဖူးဘူးဆိုတာ ငါတို့ဘယ်လိုယုံရမှာလဲကွာ၊ အမျိုးသမီးဆိုတာကော ကြားဖူးသလား'
သမားတော်ကြီးကမေးလိုက်၏။
'ဟုတ်ကဲ့ ဘဘတွမ်ပြောပြလို့ကြားဖူးပါတယ်'
'ဘဘတွမ်ဆိုတာက မင်းနဲ့ဘာတော်သလဲ'
'ဘဘတွမ်ဆိုတာ ကျွန်တော့်ရဲ့ဘဘပါပဲ'
အားလုံးပြုံးလိုက်ကြပြန်သည်။
'မင်းမှာ အဖေအမေ မရှိဘူးလား၊ ဘဘတွမ်ဆိုတာ မင်းအဖေလား'

ချိမှာ ဘာပြန့်ဖြေရမှန်းမသိအောင်ဖြစ်နေသည်၊

'အဖေ' 'အမေ' ထိုစကားလုံးများကို ချိသည် စိတ်ထဲမှရေရွတ်မိသည်။

မှန်သည်။

မိမိမှာ မိခင် ဖခင်ရှိရပေမည်။

သို့သော် မည်သူမည်ဝါဟူ၍ မိမိမပြောနိုင်ပါ။

မိမိလူမှန်းစသိကတည်းက ဘဘတွမ်၏လက်ပေါ်တွင် ကြီးပြင်းလာခဲ့ရသည်မို့ ဘဘတွမ်ပင် မိမိ၏ဖခင်ဟု ထင်မှတ်လာခဲ့သည်။

သုံးနှစ်သားအရွယ်မှအဖြစ်အပျက်တို့သည် မိမိ၏ဦးနှောက်ထဲတွင် ရေးရေးကလေးသာ ရှိနေ၏။

သို့သော် မည်ကဲ့သို့ ရေးရေးကလေး ရှိနေမှန်းလည်း မိမိက သေသေချာချာ မပြောနိုင်ပေ။

ထို့ကြောင့် သူသည် သမားတော်ကြီး၏ မေးခွန်းများအတွက် အခက်တွေ့နေခြင်း ဖြစ်ပေသည်။

သမားတော်ကြီးက ...

'မင်း အခု ဘယ်ကလာလို့ ဘာတွေဖြစ်တယ် ဆိုတာတော့ ပြောပြနိုင်မလား'

ချိသည်သမားတော်ကြီးတို့မိသားစုကိုကြည့်၍စိတ်ကောင်းရှိသော သူများဟု ယုံကြည်လေ၏။

ထို့ကြောင့်လည်း သူမှတ်မိသည့် အချိန်မှစ၍ ယနေ့အထိဖြစ်ပျက်ပုံများကို ပြောပြလိုက်လေတော့သည်။

* * *



ချိ၏စကား ဆုံးသွားသောအခါ သမားတော် မိသားစုအားလုံး စိတ်မကောင်း ဖြစ်နေကြပေသည်။

သမားတော်ကြီး၏ဇနီးက

'လူလေးနာမည်က ချိတစ်လုံးတည်းပဲလား'

'အပြည့်အစုံက ထန်ချိပါ'

'ဒါဆို ထန်အမျိုးအနွယ်ထဲကပဲ ဖြစ်မယ်နဲ့တူတယ်'

သမားတော်ကြီး၏ဇနီးက မှတ်ချက်ချလိုက်လေသည်။

သမားတော်ကြီးသည် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေပေ၏။

အဟန့်ကြာတော့မှ

'အင်း ငါ့အထင်ပြောရရင်တော့ မလှဲသာ မရှောင်သာတဲ့ အကြောင်းတွေကြောင့် မင်းကိုတောင်ပေါ်မှာ သို့ဝှက်ထားတာပဲ ဖြစ်ရမယ်၊ အခုဆိုရင် မင်းကိုစောင့်ရှောက်တဲ့ လူတွေကိုလဲ ဖမ်းသွားပြီဆိုတော့ မင်းဘဝဟာ အားကိုးရာ မဲ့နေတော့တာပေါ့၊ တကယ်တော့ မင်းကို ဘဘတွမ်ဆိုသူက ချောက်ထဲကန်ချတာ စေတနာနဲ့ပါ၊ လူဆိုးတွေ မင်းကို ဖမ်းမိသွားမှာ စိုးတဲ့အတွက်ပဲ ဖြစ်ရမယ်'

'ဟုတ်ကဲ့ ကျွန်တော်လဲ အဲဒီလိုပဲ ထင်ပါတယ်'

'ဟင် ဒါဆိုရင် ဒီကလေး ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ရန်သူတွေကသိသွားရင် ဖမ်းဦးမှာပေါ့နော် ဟုတ်လား'

ဇနီးဖြစ်သူက သမားတော်ကြီးအား မေးလိုက်လေသည်။

'လူဆိုးတွေဆိုတာကလဲ ဟုတ်ချင်မှဟုတ်မှာပါ၊ ဘုရင့်အာဏာသားတွေပဲဖြစ်ရမယ်၊ သူပြောတဲ့အထဲမှာ တပ်မှူးဆိုတာ ပါ

လာတော့ မြို့စားကြီးရဲ့ ကိုယ်ရံတော် တပ်ကပဲဖြစ်ရမယ်၊ ဒီ
ဆိုရင် မင်းရဲ့မိဘတွေဟာ ဘုရင့်ကို ပုန်ကန်တဲ့သူတွေများလာ
ကွာ'

သမားတော်ကြီးက သူ၏ထင်မြင်ချက်ကို ပြောလိုက်ခြ
ဖြစ်ပေသည်။

ထိုစဉ်က ဘုရင်အလိုရှိနေသော တရားခံများကို သိုဝှက်ထာ
ပါက တွေ့ရှိသည့်အခါတွင် သိုဝှက်ထားသူများပါ မင်းပြစ်မင်
ဒဏ် ခံကြရသဖြင့် သမားတော်ကြီးက စိုးရိမ်သွားလေသည်။

သမားတော်ကြီး၏ဇနီးက ထန်ချိကို ကြင်နာသနားစွ
ကြည့်လိုက်၏။

'ဒါဆိုလဲ ကလေးရယ်၊ မင်းနာမည်ကို လူတိုင်းမပြောနဲ့
ကြားလား၊ နောက်ပြီး မင်းရဲ့အဖြစ်အပျက်တွေကိုလဲ ဘယ်သူ
လျှောက်ပြောမနေနဲ့ ဟုတ်လား'

'ဟုတ်ကဲ့ ခင်ဗျာ'

'အေး အေး မင်းသွားလိုရာ သွားနိုင်ပါပြီ၊ သတိဝီရိယ
တော့ နေပါကွယ်'

သမားတော်ကြီးက ကြင်နာစွာ ပြောဆို၍ ချိကို သွားခွ
ပြုလိုက်တော့သည်။

ချိသည် သမားတော်ကြီးအား ရိုသေစွာဂါရဝပြု၍ ထွ
သွားလေသည်။

ထန်ချိ ထွက်သွားသည်ကိုကြည့်၍ စိတ်မကောင်းဖြစ်မိသေ
သမီးလေး ပို့ကျူလင်က....



'ဖေဖေ သူကနေစရာမှမရှိဘဲ၊ ဘယ်ကိုသွားမှာလဲ၊ နောက်
ပြီး မြို့တို့ရွာတို့ဆိုတာ တစ်ခါမှ ရောက်ဖူးတဲ့သူ မဟုတ်တော့
ဘယ်မှာသွားစားပြီး ဘယ်မှာတည်းခိုမယ်ဆိုတာ ဖေဖေပဲ စဉ်း
စားကြည့်ပါဦး'

သမားတော်ကြီးက စိတ်ပျက်စွာဖြင့် သက်ပြင်းချလိုက်၏။

'မတတ်နိုင်ဘူး သမီး၊ သူ့အတိတ်က ဘယ်လိုမှန်း မသိဘဲနဲ့
ဖေဖေတို့က အကူအညီပေးနေရင် တစ်နေ့ ဖေဖေတို့ပါ ဒုက္ခ
ရောက်သွားနိုင်တယ်'

'သူ့မှာ ဝယ်ခြမ်းစားစရာ ငွေကြေးလဲ ရှိမှာမဟုတ်ဖူးနော်'

'မတတ်နိုင်ဘူး သမီးရယ်'

သမားတော်ကြီးက ထိုကဲ့သို့ပြောလိုက်သော်လည်း ပို့ကျူ
လင်သည် အိမ်ရှေ့လမ်းမသို့ ကပျာကယာ ပြေးထွက်သွားသည်။

'ဒီမှာ ဒီမှာ ချိ'

ပို့ကျူလင်က လှမ်းခေါ်လိုက်၏။

ချိက နောက်လှည့်ပြီးရပ်တန့်နေလိုက်သည်။

'ရှင်အခုဘယ်ကိုသွားမှာလဲ'

ချိက ခေါင်းယမ်းပြလိုက်လေသည်။

'ဒီလိုပဲ ခြေဦးတည့်ရာပေါ့ဗျာ'

'ရှင့်မှာ သုံးစွဲစရာငွေကြေးရှိရဲ့လား'

ချိမှာ မိမိထံ၌ရတနာများရှိနေသော်လည်း ထုတ်ဖော်ပြော
ပြရန်မသင့်ဟု ယူဆ၍ မိန်းကလေး၏အမေးကို ခေါင်းခါယမ်း
ပြလိုက်၏။

'မရှိဘူး'

ပို့ကျူလင်က ငွေတုံးတစ်တုံးထုတ်ပေးလိုက်၏။

'လောလောဆယ်တော့ ရှင်အဲဒါကိုယူထားဦး နောက်ပြီး ကျွန်မပြောတဲ့ဆီကို သွားပါ'

ပို့ကျူလင်သည် ချီသွားရမည့်နေရာနှင့်နာမည်ကို ပြောပြ လိုက်လေ၏။

ချီကမှတ်သားထားပြီး....

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'

ဟုပြန်ပြောကာခြေလှမ်းသွက်သွက်ဖြင့် ထွက်သွားတော့၏။

ထန်ချီသည် တာချင်မြို့ထဲတွင်တစ်လှမ်းဝင်တစ်လမ်းထွက် လျှောက်နေမိ၏။ မြင်မြင်သမျှအရာဝတ္ထုအားလုံးသည် ထန်ချီ အဖို့ အထူးအဆန်းတွေချည်းဖြစ်နေပေသည်။

ထန်ချီသည် ယနေ့မှလူ့လောကသို့ စတင်မွေးဖွားသည့်လူ တစ်ယောက်လိုဖြစ်နေပေသည်။

သို့သော် ထန်ချီကမကြောက်ပါ။

သူသည် အခြားသူများကဲ့သို့ပင် လမ်းမှန်မှန်လျှောက်၍ မ မြင်ဖူးသော အရာများကိုတွေ့သောအခါ ခေတ္တမျှ ငေးစိုက် ကြည့်နေတတ်သည်။

လမ်းမကြီး၊ လမ်းငယ်အသွယ်သွယ်ပေါ်၌ လူများစွာတို့ သည် ခြေချင်းလိန်အောင်သွားလာနေကြပေသည်။

လောကကြီး၌ လူတွေဤမျှ များပြားနေလိမ့်မည်ဟု ချီ လုံးဝမထင်မိခဲ့ပေ။

မကြာမီ နေလုံးပျောက်၍ အမှောင်ရောက်တော့မည်ဖြစ်သ ဖြင့်ထန်ချီသည် မည်သည့်နေရာတွင်အိပ်စက်ရမှန်းမသိဖြစ်နေ၏



သို့သော် သမားတော်ကြီး၏သမီးက မိမိတည်းခိုရန်နေရာ ကိုပြောပြလိုက်သဖြင့် ထန်ချီသည် မြင်းလှည်းသမားတစ်ဦးကို မေးမြန်းလိုက်လေ၏။

ထိုအခါ မြင်းလှည်းသမားကထိုအိမ်ရှိရာသို့ ချောချောမော မောပင် လိုက်ပို့ပေးလေသည်။

* * *

ထိုသူ၏အမည်မှာ လီအင့်ဂိုဖြစ်လေသည်။

လီအင့်ဂိုသည် ချီထက် အသက်အနည်းငယ်ကြီးပုံရသည်။

ပို့ကျူလင်ကလွှတ်လိုက်သည့်အကြောင်း ပြောသောအခါ လီအင့်ဂိုသည် ချီအားလိုက်လိုက်လှဲလှဲပင် ဧည့်ခံပြုစုလေသည်။

လီအင့်ဂို၏အိမ်မှာ သိပ်မကြီးလှပေ။

သားမိသားဖသုံးယောက်တည်းနေသည့် အိမ်မို့လွတ်လပ်လှ ပေသည်။

လီအင့်ဂို၏ မိဘနှစ်ပါးသည် လီအင့်ဂိုက သူငယ်ချင်းတစ် ယောက်ကိုခေါ်တင်လာသည့်အတွက် မည်သို့မျှမကန့်ကွက်ခဲ့ပေ။

ထို့ကြောင့်ချီသည် ထိုနေ့ညအဖို့ လီအင့်ဂိုနှင့်စတင်၍မိတ် ဆွေဖြစ်ပြီး လီအင့်ဂို၏အိမ်၌ပင်အေးချမ်းစွာ ညအိပ်တည်းခို လိုက်တော့သည်။

* * *

## အာဝတစ်ကွေ့မှမိတ်ဆွေ

နောက်တစ်နေ့နံနက် မိုးလင်းသည်နှင့်ပို့ကျူလင် ရောက်
လာသည်။

သူမသည် လီအင့်ဂိုအား အတော်ပင်နိုင်ပုံရသည်။ အလ
အမင်းရင်းနှီးသည်ဟုလည်း ဆိုနိုင်ပေသည်။

လီအင့်ဂို၏မိဘတို့ကလည်း သူမကိုအလွန်အရေးပေးဆက်
လေသည်။

သူမသည် လီအင့်ဂိုတို့အိမ်သို့ရောက်ရှိလာကတည်းက အသ
စာစာနှင့် လီအင့်ဂိုအားကြိမ်းမောင်းနေ၏။

မိဘများက ရယ်မောနေသည်။

ရှေးဦးစွာအိပ်ရာမှအတင်းနှိုးပြီး အဝတ်အစားလဲခိုင်းသည်
ချီ အတွက်လည်း ဝတ်စုံအသစ်တစ်ခုကိုထုတ်ပေးရန် ပြ
ဆိုပြန်သည်။

လီအင့်ဂိုသည် သူမပြောသည့်အတိုင်း လိုက်နာနေရ၏။



ချီမှာ မနေတတ်မထိုင်တတ်ပင် ဖြစ်လာသည်။

ပြီးသည်နှင့် သူမကတာချင်မြို့၏အထက်တန်းကျသော စား
သောက်ဆိုင်တစ်ဆိုင်သို့ ခေါ်လာခဲ့ပေသည်။

ထို့နောက် များစွာသောစားသောက်စရာများကို မှာကြား
လိုက်လေသည်။

အစားအသောက်များမှာ ချီတစ်ခါမျှမစားဖူးသည့် မမြင်
ဖူးသည့် အစားအစာများဖြစ်လေသည်။

ဤအစားအသောက်များအတွက် မည်မျှကုန်ကျမည်ကို ချီ
မသိပါ။

သို့သော် သူ့အဖို့ အရာခပ်သိမ်းသည် ဗဟုသုတဖြစ်စေ
သည်မဟုတ်ပါလား။

'လူဆိုတာ နားနဲ့မျက်စိကို အမြဲတမ်းဖွင့်ထားရင် သူများ
ထက်တစ်ပန်းသာတာပဲ၊ အဲဒါမြဲမြဲမှတ်ထား'

ဘဘတွမ်၏စကားများဖြစ်သည်။

ချီမှာ လီအင့်ဂို၏အဖိုးတန်သောအဝတ်အစားများနှင့် လှ
ပသည့်နောက်ပိတ်ဖိနပ်ကိုစီးထားလိုက်သည့်အခါ မသိသူများ
က ချီအား သူဌေးသားတစ်ယောက်ဟုပင် အထင်မှားသွား
နိုင်တော့သည်။

လူမှာအဝတ် ထောင်းမှာအကွပ်ဟူသောစကားကဲ့သို့ ချီက
သွားသွားနားနားဝတ်စားလိုက်သည့်အခါတွင် ပို့ကျူလင်မှာ
အံ့ဩသွားရသည်အထိဖြစ်သွားတော့၏။

ခပ်သွယ်သွယ် မျက်နှာတွင် ပေါ်လွင်သောနှာတံ၊ နက်
မှောင်သောမျက်ခုံးနှင့် စူးရှတောက်ပသည့်မျက်လုံး၊ ပါးလျား

သည့်နှုတ်ခမ်းများသည် ချိ၏ချောမောလှပမှုကို တစ်မုဟု
ချင်းဖော်ပြလိုက်သည်နှယ်ဖြစ်တော့သည်။

ပို့ကျူလင်၏စိတ်ထဲ၌ ဤမျှချောမောလှပပြီး ခန့်ညားသ
လူငယ်မျိုး တချင်မြို့တစ်မြို့လုံးပင် ရှိမည်ဟုမထင်မိခဲ့ပေ။

ပို့ကျူလင်သည် ချိကို စူးစူးကလေးကြည့်နေမိရာမှ

'နင်ဘာမှအားမနာနဲ့၊ ဒီနေ့ကစပြီး တို့သုံးယောက်ဟာ
ငယ်ချင်းတွေဖြစ်သွားပြီ၊ လီအင့်ဂိုဟာ ငါ့ရဲ့အရင်းနှီးဆုံးမိ
ဆွေဖြစ်သလို၊ နင့်သူငယ်ချင်းကောင်းတစ်ယောက်ဖြစ်တယ်
တာယုံကြည်ထားပါ'

ပို့ကျူလင်က ဆရာမကြီးသဖွယ် ချိကို ရင်းရင်းနှီးနှီး
ဘောထား၍ပြောလိုက်သည်။

ချိက အသာအယာခေါင်းညိတ်လိုက်သည်။

ပို့ကျူလင်က လီအင့်ဂိုအားလှမ်းကြည့်ပြန်၏။

'လီအင့်ဂို'

'ပြောပါဆရာမကြီး'

လီအင့်ဂို ပို့ကျူလင်ကိုကျီစယ်လိုက်သည်။

'ငါပြောတာကိုနားထောင်စမ်းပါဟယ်'

'ငါကတော့ နင့်ကိုကလန်ကဆန်လုပ်နေလို့လားပို့ကျူ
ရယ်'

လီအင့်ဂိုက ပြန်ပြော၏။

'သူ့နာမည်ချိလို့ခေါ်တယ်၊ ငါ့ရဲ့ အရင်းနှီးဆုံးမိတ်
တစ်ယောက်ပဲ'

'ဒီလောက်ဆိုငါသိပါပြီ၊ နင့်မိတ်ဆွေဆိုငါ့မိတ်ဆွေပဲ



'ဒါပေမယ့်၊ နင်မသိတာတွေအများကြီးရှိသေးတယ်'

လီအင့်ဂိုက မျက်မှောင်ကြုတ်၍

'ပြောပါ၊ ဘာတွေလဲ'

'သူက မြို့ကြီးပြကြီးကိုတစ်ခါမှမရောက်ဖူးတော့၊ သူမသိ
တာတွေအများကြီးရှိတယ်၊ အဲ့ဒါ အစစအရာရာကူညီပေးပါ၊
ဗဟုသုတဖြစ်စေမယ့်အရာအားသုံးကိုလဲပြောပြပါ၊ လိုက်ပြပါ'

လီအင့်ဂို ပြုံး၍ခေါင်းညိတ်သည်။

'ကောင်းပါပြီ၊ နောက်တော့ကော'

'ဒါလောက်ပါပဲ၊ နောက်တစ်ခုကတော့ သူ့မှာ လော
လောဆယ်လိုအပ်တာရှိရင်ဝယ်ပေးပါ၊ ငွေကြေးကိစ္စငါတာ
ဝန်ယူပါတယ်'

'နောက်တော့ကော'

'နောက်တော့ သူ့အတွက်အလုပ်တစ်ခုရှာပေးဖို့ပဲ'

'နောက်တော့ကော'

လီအင့်ဂိုက သူမကိုနောက်နေမှန်းသိ၍ မျက်နှာကိုခပ်တူတူ
ထားလိုက်ပြီး

'နင့်ကိုငါနောက်နေတာမဟုတ်ဘူး၊ ငါပြောတာတွေအကုန်
ဆောင်ရွက်ပေးပါ၊ ဒါပဲ'

'မအေးပါ ငါကဘာပြောလို့လဲ၊ ဒါပေမယ့် ငါကဒီမှာ
ကြာကြာနေရမှာမဟုတ်ဘူးနော်၊ ခဏပြန်လာတယ်ဆိုတာနင်
လဲသိသားပဲ'

လီအင့်ဂို နေပြည်တော်၌ သိုင်းပညာနှင့်စာပေပညာများ
ဆည်းပူးနေသူဖြစ်ပေသည်။

ယာခုအခါ မိဘများဆီသို့ ခေတ္တပြန်လာခြင်းသာဖြစ်၏။

'နင်ဘယ်တော့ပြန်သွားရမလဲ'

'ဆယ်ရက်လောက်တော့ကြာဦးမယ်'

'ကောင်းပြီလေ၊ နင်မပြန်ခင်တော့အကူအညီပေးခဲ့ပါ'

'စိတ်ချပါ၊ ချိအတွက် ငါတာဝန်ယူပါတယ်'

လီအင့်ဂိုက ထိုကဲ့သို့ပြောလိုက်မှ ပို့ကျူလင်မှာ စိတ်အေ

သွားဟန်တူသည်။

သူမသည် စကားကိုဝအောင်ပြောပြီးမှ အစားအသောက်

များကိုစားတော့၏။

သူတို့နှစ်ဦးစားသောက်နေသည်ကို ချိကကြည့်ပြီးအားမ

ပေ။ တိုကနန်းဆိတ်ကနန်းစားနေ၏။

ချိသည် ခေါက်ဆွဲသုံးပန်းကန်တိတိနှင့် ဟင်းများကို

ပလုတ်ပလောင်းစားပစ်လိုက်သည်။

ချိစားသောက်သည်ကိုကြည့်၍ လီအင့်ဂိုနှင့် ပို့ကျူလ

တို့ကပြုံးမိကြသည်။

သို့သော် ချိကလုံးဝဂရုမစိုက်ပေ။

သူသည် ဟန်မဆောင်တတ်၊ ကျေးသူရှိလာမှတော့ ဝအော

စားရမှာကသူ့အလုပ်ပင်။

'နင် စားလို့သောက်လို့ ကောင်းရဲ့လား'

သူတို့ကိုယ်တိုင်ပင် တစ်ပန်းကန်မကုန်သေးဘဲ သုံးပန်းက

ကုန်သော သူ့အား စားသောက်လို့ ကောင်းရဲ့လားဟု မေး

ဖြင့် ချိက ပြုံးလိုက်မိ၏။



'စားလို့ ကောင်းတာတော့ မပြောနဲ့တော့၊ နောက်ထပ် ခေါက်ဆွဲသုံးပန်းကန်လောက် လိုချင်သေးတယ်'

လီအင့်ဂို မျက်လုံးဝိုင်းသွား၏။

ပို့ကျူလင်က ထပ်မံ၍ မှာပေးလေသည်။

ချိသည် တကယ်ပင် ခေါက်ဆွဲသုံးပန်းကန်ကို နောက်ထပ် ကုန်စင်အောင် စားပစ်လိုက်လေသည်။

'ငါကတော့ ဟန်မှုဆောင်တတ်ဘူး'

ချိကရင်ထဲရှိသည့် စကားကို ထုတ်ပြောလိုက်၏။

အံ့အားသင့်နေသော လီအင့်ဂိုက ခေါင်းညိတ်ပြလိုက်၏။

'အဲဒါ ကောင်းတဲ့ စိတ်ထားပဲ'

ပို့ကျူလင်သည် ရိုးသား ပွင့်လင်းသော တောသားကြီး ချိအား နှစ်သက်စွာ ငေးကြည့်နေမိ၏။

'မင်းရဲ့ ဆွေမျိုးမိဘတွေ ရှိသလား'

မဆီမဆိုင် လီအင့်ဂို ရုတ်တရက် ဝင်မေးသည်။

ပို့ကျူလင်က ကြားဖြတ်၍

'မြို့ပြအုပ်ချုပ်ရေး အရာရှိဟောင်းကြီးရဲ့သားပီပီ စစ်ဆေး မေးမြန်းလှချည့်လား၊ ငါကပဲပြောပါ့မယ်၊ သူ့မှာမိဘဆွေမျိုး တွေ အားလုံး မရှိတော့လို့ ငါ့ဆီကိုလာတာပဲ၊ ကဲ နင်ဘာဆက် မေးဦးမလဲ'

ပို့ကျူလင်သည် နောက်ထပ် မေးစရာမရှိအောင် ပိတ်၍ ပြောလိုက်၏။

ချိကိုလည်း ထိုကဲ့သို့ပင်ပြောဆိုရန် သတိပေးလိုက်သည်နှင့် အတူတူပင် ဖြစ်တော့သည်။

'နင်ကလဲ ဒေါ်သကြီးပဲဟာ၊ ငါကမသိလို့ မေးမိတာပဲ'

လီအင့်ဂိုက ပို့ကျူလင်ကို တောင်းပန်လိုက်၏။

သူတို့သုံးဦးထဲတွင် လီအင့်ဂိုသည် အသက်အနည်းငယ်ကြီး
ရ၏။

သို့သော် ကိုယ်လုံးကိုယ်ပေါက်က ချိ လောက် မထွားကျိုင်း
ပေ။

လီအင့်ဂိုနှင့် ပို့ကျူလင်သည် မည်သို့မျှ ဆွေးသားမတော်
စပ်သော်လည်း အလွန်အလွန် ရင်းနှီးသောငယ်သူငယ်ချင်းမျာ
ဖြစ်သည်ကို ချိ ရိပ်စားမိ၏။

လီအင့်ဂိုသည် ပို့ကျူလင်ကို အလိုလိုက်ထားပုံရ၏။

အစ်ကိုတစ်ယောက်ကဲ့သို့ သည်းခံလေ၏။

အားလုံးစားသောက်ပြီးသောအခါကုန်ကျသမျှကို လီအင့်
က ရှင်းပေးသည်ကို ပို့ကျူလင်က လက်မခံဘဲ သူမကိုယ်တို
ရှင်းလင်းပေးသွားတော့၏။

* * *

တာချုင်မြို့၏ ရာသီဥတုသည် အလွန်သာယာလှ၏။

မြို့၏တောင်ဘက်နှင့် မြောက်ဘက်တွင် စိမ်းလန်းစိုပြည်သော
တောတန်းတောင်တန်းများ ကာရံထား၏။

တောင်ခြေရှိ မြက်ခင်းပြင်ကြီးမှာ မြင်းစီးလေ့ကျင့်၍အလွန်
ကောင်းသော နေရာဖြစ်လေ၏။

ယခုအခါ ချိ သည် လီအင့်ဂိုနှင့်အတူ မြင်းစီးလေ့ကျင်
သည်။



လီအင့်ဂို မြင်းကိုကျွမ်းကျင်စွာ စီးနေသည်ကို တွေ့ရသဖြင့်
သူကမြင်းစီးတတ်ချင်သည့်အကြောင်း ပြောပြသည်နှင့် လီအင့်ဂို
က သင်ကြားပေးခြင်း ဖြစ်၏။

သုံးရက်မြောက်သောနေ့တွင် ချိ သည် လီအင့်ဂိုနှင့် တန်းတူ
စီးနိုင်သည်အထိ တတ်မြောက်သွား၏။

လီအင့်ဂို အံ့သြသွား၏။

'မင်းကမြင်းစီးတာ ငါ့ထက်တောင် တော်သွားပြီ၊ မင်း
တကယ်ဉာဏ်ကောင်းတာပဲ၊ မင်း သိုင်းပညာ သင်ဖူးသလား'

'ကိုယ့်မှာပညာရှိတာကို ဘယ်တော့မှ ကြွားဝါဖော်ထုတ်မှု
မပြုရဘူး လူလေးရဲ့'

ဘဘတွမ်၏ ဆုံးမမှုကို သတိရမိ၏။

ထို့ကြောင့် ချိ က ခေါင်းကိုခါ၍

'မတတ်ပါဘူးဗျာ၊ အခြေခံလေး နည်းနည်းပါးပါးတော့
သင်ဖူးပါတယ်'

ချိ က မယုတ်မလွန်ပြောသည်။

'အင်း ဖယောကျ်ားဆိုတာ သိုင်းပညာမတတ်ထားရင်တပန်း
ရှုံးတာပဲကွ၊ ဒါကြောင့် ငါ့အဖေက ငါ့ကို နေပြည်တော်မှာ
အကျော်ကြားဆုံး သိုင်းဆရာတွေနဲ့ သင်ကြားဖို့ ငါ့ကို ပို့ထား
တာ သုံးနှစ်ရှိပြီ၊ နောက်သုံးနှစ်ဆိုရင် သိုင်းလောကထဲကို ဝင်
လို့ရပြီတဲ့'

'သြော်'

'တော်ရုံတန်ရုံ ငွေကြေးလောက်ဆိုရင် ငါခေါ်သွားပ[illegible]
တယ်၊ ဒါပေမယ့် အခု ငါသင်တဲ့နေရာက နောက်က ငွေကို[illegible]
ပြီး ပေးနေရတာကွ'

'ဒါပေါ့ကွာ... ငါ့ကုသိုလ်နဲ့ငါ ရှိပါစေတော့၊ မင်းနဲ့ ပို[illegible]
ကျူလှင်ကိုတော့ ဒီတစ်သက်မှာ ငါမေ့လို့မရတော့ပါဘူး'

ချိက ကျေးဇူးမမေ့ကြောင်း ဖွင့်ပြောလိုက်သည်။

'ရပါတယ်ကွာ၊ မင်းလဲ တစ်နေ့တစ်ချိန်မှာ ဆရာကောင်[illegible]
သမားကောင်းနဲ့ တွေ့ချင်တွေ့သွားမှာပေါ့'

ချိက သက်ပြင်းချလိုက်၏။

သူသည် ကျေးဇူးကြီးမားလှသော ဘဘတွမ်တို့ကို သတိရ[illegible]
သွားသည်။

လီအင့်ဂို ကပြောပြီးသည်နှင့် သူ့မြင်းအား တစ်အားပ[illegible]
နှင်လိုက်သည်။

ချိက အားကျမခံ နောက်မှ ဒုန်းစိုင်း၍လိုက်၏။

တစ်နေရာတွင်လီ အင့်ဂိုက ရပ်တန့်လိုက်သည်။

ချိ၏မြင်းနှင့် ယှဉ်သွားသောအခါ

'ငါမရှိတဲ့အခါ ပို့ကျူလှင်ကို တတ်နိုင်သမျှ စောင့်ရှောက်
ကူညီပါ'

'စိတ်ချပါ၊ ငါကူညီရမှာပေါ့'

'ပို့ကျူလှင်ဟာ ငါ့ကိုခင်မင်သလို၊ ငါကလဲ ပို့ကျူလှင်ကို
သိပ်ခင်မင်တာကွ၊ နောက်ပြီး တစ်နေ့မှာ ပို့ကျူလှင်ကို င[illegible]
လက်ထပ်ယူမယ်'

'ဩြော်'



ချိသည် ဩော်ဟုသာပြောလိုက်ရသည်။ လက်ထပ်ယူမည့်
စကားကို တိတိပပ နားမလည်ချေ။

ပို့ကျူလှင်ကို လက်ထပ်ယူမယ်ဆိုတာ ...လက်ထပ်ယူမယ်ဆို
တာ...

ချိသည် စိတ်ထဲ၌ တွေးတောနေမိ၏။

'ဟေ့ကောင်၊ မင်းဘာငိုင်နေတာလဲ'

လီအင့်ဂိုက ချိ၏ငေးငိုင်နေမှုကိုကြည့်၍ လှမ်းမေးသည်။

'ငါကတော့ ခပ်ရှင်းရှင်းပဲဟေ့၊ လက်ထပ်ယူမယ့်စကားကို
နားမလည်ဘူးကွ'

လီအင့်ဂိုသည် ချိကို သေသေချာချာကြည့်လိုက်သည်။

ထို့နောက် အူလှိုက်သဲလှိုက် ရယ်မောပစ်လိုက်သည်။

ချိမှာ ကြောင်သွား၏။

'လက်ထပ်ယူမယ်ဆိုတာကို မင်းမသိဘူး ဟုတ်လား'

ချိက ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်၊ အဲဒီစကားကို နားမလည်ဘူး'

လီအင့်ဂိုသည် ချိကိုကြည့်၍ သနားသွားသည်။

ထို့ကြောင့် သူသည် လက်ထပ်ထိမ်းမြားခြင်းနှင့် ပတ်သက်
သော အိမ်ထောင်မှုအကြောင်း၊ ချစ်သူတို့၏အကြောင်း၊အခမ်း
အနားများ၏ ...

* * *

သိပ်ပြီး ခမ်းနားမှုမရှိလှသော အရက်ဆိုင်ကလေးတစ်ဆို
တာချင်မြို့တွင် ထိုကဲ့သို့သော ဆိုင်မျိုး များစွာရှိလေသည်
ခေါက်ဆွဲနှင့် အခြားစားသောက်စရာများပါ တွဲ၍ရော
သည်။

တစ်ခါတရံ လူများမှာ ကျိရောက်လာတတ်သော်လည်
နေ့လယ်ပိုင်းတွင် စားသောက်သူ ပါးသွားတတ်သည်။

ဆိုင်ရှင် ကုတ်ဟီးသည် သူ၏ရွဲ့စောင်းနေသော ဆိုင်းဘု
ကို တည့်မတ်အောင် ပြန်၍ပြင်လိုက်၏။

ထိုအချိန်တွင် စားသောက်သူများလည်း ဆိုင်ထဲသို့တဖွဲ
ရောက်ရှိလာသည်။

'ခေါက်ဆွဲပြုတ် ငါးခွက်'

စားသောက်သူက လှမ်းအော်လိုက်သည်။

ဆိုင်လုလင်ကတစ်ဖန် ချက်ပြုတ်ခန်းထဲသို့ လှမ်းအော်ရ
သည်။

'ခေါက်ဆွဲပြုတ်ငါးခွက်'

'ပဲပြားကြော် နှစ်ပွဲ'

'ပဲပြားကြော် နှစ်ပွဲ'

ဆိုင်မှ စားပွဲထိုးလုလင်ကလေးသည် စားသောက်သူက
တိုင်းမှာတိုင်း သူကချက်ပြုတ်ခန်းဆီသို့ တစ်ဆင့် လှမ်းအေ
သည်။

'အရက်နှစ်အိုးပေးပါ'

အရက်မှာသည့်အခါတော့ သူက လှမ်းအော်စရာမလို



သူကိုယ်တိုင် အရက်ကောင်တာသို့သွား၍ ဆိုင်ရှင်ထုတ်ပေး
သော အရက်အိုးကိုယူပြီး ချပေးသည်။

ထိုစဉ် ဆိုင်ထဲသို့ အဘိုးအိုတစ်ယောက် ဝင်လာသည်။

ထိုအဘိုးအိုမှာ ဟောင်းနွမ်းသောအဝတ်များကို ဖိုသီဖတ်
သီ ဝတ်ဆင်ထား၏။

ခါးတွင်လည်း အရက်ဘူးတစ်လုံးကို ချိတ်ဆွဲထားသည်။

သူ၏မျက်နှာတစ်ခုလုံးသည် အရက်ကို မပြတ်တမ်းသောက်
ထားသောကြောင့် နီမြန်း ထူအမ်း၍နေသည်။

နှာခေါင်းမှာ အခြားလူများ၏နှာခေါင်းထက် ပွယောင်း
နီရဲနေ၏။

အဘိုးအိုသည် ဆိုင်ထဲရှိ စားပွဲတစ်လုံး၌ ဝင်ထိုင်၍ အရက်
အပေါစားတစ်အိုးကို မှာယူလိုက်သည်။

စားပွဲထိုးလုလင်ကလေးက ချပေးသည်။

စားပွဲထိုးလုလင်ကလေးမှာ လူငယ်ပီပီ အလုပ်အကိုင်ဖျတ်
လတ်သွက်လက်လှပေသည်။

စားပွဲလေးငါးခြောက်ဝိုင်းမှလူများကို တစ်ယောက်တည်း
နိုင်နိုင်အောင်ထိန်းထားနိုင်ပေသည်။

ဆိုင်ရှင်မှာ ထိုကဲ့သို့သောလူငယ်မျိုးကို သဘောကျသော်
လည်း လုပ်ခကျတော့ မည်သည့်အခါမှပိုမို၍ပေးကမ်းခြင်းမရှိ
ပါပေ။

ထို့ကြောင့်လည်း သူ့ဆိုင်တွင် မည်သည့်အလုပ်သမားမျှ
နှစ်လပြည့်အောင်နေခဲ့ဖူးသည်မရှိခဲ့ပါ။

ယခုဆိုင်လုလင်ကလေးမှာ တစ်လရှိပြီဖြစ်သည်။

သို့သော် ဘယ်နေ့ဘယ်ရက် ဆိုင်ကထွက်ပြေးမည် အတ
မပြောနိုင်သေးပေ။

ဆိုင်ရှင်ကုတ်ဟ ီးသည် ကပ်စေးနှဲသလောက် အလုပ်
သမားများကို မညှာမတာခိုင်းတတ်၏။

ဆူပူကြိမ်းမောင်းတတ်သည်။

အကြင်နာတရားခေါင်းပါးသည်ဟုဆိုရပေမည်။

ဆိုင်လုလင်ကလေးသည် နောက်ထပ်ရောက်လာသော နှ
ခေါင်းနီအဘိုးကြီးအတွက် အရက်တစ်အိုးကောင်တာမှသွားယူ
သည်။

ဆိုင်ရှင်ကုတ်ဟ ီးသည် ထိုအဘိုးကြီးကိုလှမ်းကြည့်၍ အ
ရက်အိုးကိုထုတ်ပေးရင်းမှ

'အဲဒီအဘိုးကြီးကို အရက်ပေးပြီးရင် ပိုက်ဆံကိုရအောင်
တောင်း'

ဆိုင်လုလင်က ခေါင်းညိတ်ပြပြီး အရက်အိုးကိုယူ၍ နှ
အဘိုးအိုစားပွဲသို့ချပေးလိုက်၏။

အဘိုးအိုသည် အရက်အိုးထဲမှအရက်ကို အငမ်းမရသောက်
ချပစ်လိုက်၏။

အတော်ကလေးကြာသော် ဆိုင်ထဲ၌လူရှင်းသွားသည်။

သို့သော် နှာခေါင်းနီအဘိုးအိုမှာမထသေးပေ။

ယခုအခါ နှာနီအဘိုးအိုသောက်ထားသည်မှာ ခပ်ပေါပေ
အရက်နှစ်အိုးရှိနေပြီဖြစ်၏။

ကုတ်ဟ ီးသည် ကိုယ်တိုင်ထလာ၍ နှာနီအဘိုးအိုအနီး
ရပ်တန့်လိုက်၏။



'ဒီအရက်နှစ်အိုးဖိုးရှင်းပေးပါ'

နှာနီအဘိုးအိုသည် အရက်များစွာသောက်ထားသော်လည်း
မူးနေသည့်ပုံစံမျိုးမပေါ်ပေ။

အဘိုးအိုက ငွေတုံးကလေးအချို့ကို အင်္ကျီအိတ်ထဲမှနှိုက်
ပေးလိုက်၏။

ကုတ်ဟ ီးက မျက်နှာရှုံ့မဲ့၍....

'ဒါပဲလား၊ တစ်ဆယ်လိုသေးတယ်'

အဘိုးအိုက လက်ခါပြလိုက်သည်။

'ငါ့မှာအဲဒါပဲပါတယ်၊ မင်းမယုံရင် ငါ့အိတ်ထဲရှာကြည့်'

ဆိုင်ရှင်ကုတ်ဟ ီးမှာ မျက်နှာနီမြန်းသွားတော့သည်။

'ခင်ဗျား ပိုက်ဆံမပါဘဲနဲ့ ဘာလို့ဆိုင်ထဲဝင်လာရတာလဲ၊
တစ်ခါတုန်းကလဲ တခြားလူတစ်ယောက်က ခင်ဗျားအတွက်
ရှင်းပေးသွားလို့ ကျုပ်အရက်ဖိုးရတာ၊ ခုလဲ...'

နှာနီအဘိုးအိုက ရယ်မော၍

'ခုလဲ တခြားလူတစ်ယောက်က ပေးမှာပေါ့ကွာ'

ကုတ်ဟ ီးသည် ဆိုင်ထဲသို့လှည့်ပတ် ကြည့်လိုက်သည်။

မည်သူတစ်ဦးတစ်ယောက်မျှ ရှိမနေပါ။

ဆိုင်လုလင်ကလေးက စားပွဲများကို အဝတ်များနှင့်သန့်ရှင်း
အောင် သုတ်နေလေသည်။

'ဘာ တခြားလူလဲ၊ ဘယ်သူမှ မရှိဘူး'

'ဒါတော့ ငါ ဘယ်တတ်နိုင်မလဲ'

'ဘာမှမတတ်နိုင်ဘူး ဟုတ်လား၊ မတတ်နိုင်ရင် နောက်ကို
လာမသောက်နဲ့ပေါ့ဗျ'

'စုန်း'

ကုတ်ဟာ ီးသည် စကားဆုံးသည်နှင့် အဘိုးအိုအား ဆော တွန်းလိုက်ရာ အဘိုးအိုမှာ ကုလားထိုင်ပေါ်မှ ကြမ်းပြင်ပေါ် ပက်လက်လန် လဲကျသွားတော့သည်။

ဆိုင်လုလင်ကလေးက စိတ်မကောင်းစွာ လှမ်းကြည့်နေ သည်။

ကုတ်ဟာ ီးက ဆိုင်လုလင်ကို လှမ်းကြည့်ကာ

'ဟေ့ ကောင် လာစမ်း၊ ဒီအဘိုးကြီးကို နှစ်ချက် သုံးချ လောက် ဆုံးမပြီး အပြင်ကို ဆွဲထုတ်လိုက်'

ဆိုင်လုလင်သည် အနားသို့ ရောက်ရှိလာသည်။

အဘိုးအိုသည် ဆိုင်လုလင်ကလေးကို ကြောက်ရွံ့စွာ ကြည့် နေမိသည်။

အသနားခံသောမျက်လုံးဖြင့် လှမ်းကြည့်နေမိသည်။

ဆိုင်လုလင်ကလေးသည် အဘိုးအိုကိုတစ်ချက် စူးစိုက်ကြည့် ကာ လက်မောင်းမှဆွဲမပြီး ကုလားထိုင်ပေါ်၌ ထိုင်စေလိုက်၏

ဆိုင်ရှင်က စားပွဲထိုးလုလင်ကို မကျေနပ်သလို ကြည့်နေ၏

'သူ့ အရက်ဖိုး ကျွန်တော် စိုက်ပေးပါမယ်'

'ဘာ မင်းက စိုက်ပေးရအောင် ဒီအဘိုးကြီးက မင်းအဖေ မို့ လို့လား'

ဆိုင်လုလင်ကလေးသည် ကုတ်ဟာ ီးကို စူးစူးကလေးကြည့် လိုက်၏။

'ဘာပဲဖြစ်ဖြစ်၊ ခင်ဗျားရဲ့အရက်ဖိုးမဆုံးရင် ပြီးတာပဲ ဟုတ်လား'



'အ ီ မာ၊ မင်းက သူတော်ကောင်းကြီးလုပ်လို့၊ မင်းဘယ် လောက် ချမ်းသာနေလို့လဲ'

စားပွဲထိုးလုလင်က ခေါင်းယမ်းလိုက်သည်။

'ကျွန်တော် မချမ်းသာပါဘူး၊ ကျွန်တော့်ကိုပေးမယ့်လုပ်ခ ထဲက အရက်ဖိုးကို နုတ်ယူထားပါ'

နှာနီအဘိုးအိုသည် စားပွဲထိုးကလေးကို ကျေးဇူးတင်သွား သည်။

စေတနာကိုလည်း လေးစားသွားမိ၏။

'ကဲ ကျုပ်မပြောဘူးလား၊ စိုက်ပေးမယ့်လူရှိပါတယ်လို့' အရက်သမားကြီးက ဆိုင်ရှင်ကိုပြောလိုက်သည်။

ဆိုင်ရှင်ကုတ်ဟာ ီးသည် ခြေဆောင့်၍ အနားမှထွက်သွား ကာ သူ့ စားပွဲ၌ ပြန်လည်ထိုင်လိုက်၏။

စားပွဲထိုးကလေးသည် နောက်ထပ် အရက်တစ်အိုးကိုယူ၍ အဘိုးအို၏အရက်ဘူးထဲသို့ပင် ထပ်မံ၍ ထည့်ပေးလိုက်သည်။

'မင်းဟာ အင်မတန် လူသားဆန်တဲ့ ကလေးတစ်ယောက်ပဲ'

အရက်သမားကြီးက ကြည်လင်ပြတ်သားစွာပြော၍ ဆိုင်ထဲ မှထွက်သွားလေ၏။

* * *

ကုတ်ဟာ ီးသည် စီးပွားရေးသမားဖြစ်သည်။

မည်သို့ပင်ဖြစ်ပါစေ၊ သူ၏အကျိုးစီးပွားကို မထိခိုက်လျှင် ပြီးရောဟု သဘောထားသူဖြစ်၏။

အရက်သမား အဘိုးအိုသည် သုံးရက်ခြား လေးရက်ခြား ဆိုသလို ရောက်ရှိလာတတ်သည်။

ထိုအခါ သူ့မှာပါလာသော ငွေအနည်းအပါးကိုသာပေး နိုင်၏။

ကျန်ငွေကို ဆိုင်လုလင်ကလေးက စိုက်ပေးလေသည်။

ဆိုင်ရှင်ကုတ်ဟာ်းသည် ဆိုင်လုလင်ကလေးအား မည်ကဲ့သို သော လူစားပါလိမ့်ဟု စိတ်ထဲမှ အံ့ကဲခတ်မိသော်လည်း ဘာ မျှတော့ မပြောချေ၊

ဆိုင်လုလင်အတွက် လုပ်ခရှင်းပေးသောအခါတွင်မည်သည့် အခါမျှ ငွေကြေးအပိုအလျှံမရရှိပါ။

အရက်သမားအဘိုးအိုအား စိုက်ပေးသောငွေနှင့်ချေလိုက် လျှင် တစ်ပြားတစ်ချပ်မျှ မကျန်တော့ပေ။

* *

တစ်နေ့။

တစ်နေ့တွင် ဆိုင်ထဲသို့ အမျိုးသမီးလေးတစ်ယောက် ဝင် ရောက်လာ၏။

ထိုမိန်းကလေးကို မြင်သည်နှင့် ဆိုင်ရှင်ကုတ်ဟာ်းက ပျာပျာ သလဲဖြင့် ခရီးဦး ကြိုဆိုလိုက်၏။

'အိုး...ပို့ကျူလင်ပါလား၊ ဆရာကြီး နေကောင်းရဲ့လား၊ ဘာလဲ နင်က ဘာဆိုင်ကိုလာပြီး အားပေးတာလား၊ ခေါ် ဆွဲအပြုတ် အကြော်ကောင်းကောင်း လုပ်ပေးရမှာပေါ့ကွယ်'



ပို့ကျူလင်သည် ဆိုင်ရှင်ကုတ်ဟာ်းအား ပြုံးရုံသာပြုံးပြ လိုက်ပြီး ဆိုင်ထဲသို့ လှည့်ပတ်ကြည့်လိုက်၏။

'ကျွန်မ မစားပါဘူးရှင်၊ လူတစ်ယောက်ကိုလာရှာတာ'

ဆိုင်ထဲတွင် စားသောက်နေသူ တစ်ဦး တစ်ယောက်မှမရှိ သေးပေ။

'ဆိုင်ထဲမှာတော့ ဘယ်သူမှမရှိပါဘူး၊ ဒါထက် သမီးက ဘယ်သူ့ကိုတွေ့ချင်တာလဲ'

'စားပွဲထိုး အလုပ်သမား' -

ပို့ကျူလင်၏စကားကြောင့် ကုတ်ဟာ်းမှာ မျက်လုံးပြူး သွား၏။

'ဟင်....ဒီကောင် သမီးကို ဘာလုပ်ခဲ့လို့လဲ ပြောစမ်း၊ငါဆုံး မပေးပါ့မယ်၊ ဒီကောင့်အကြောင်းတော့ ငါမပြောချင်ဘူး'

ပို့ကျူလင် မျက်မှောင်ကြုတ်လိုက်၏။

'သူက ဘာဖြစ်လို့လဲ'

ကုတ်ဟာ်းသည် မျက်နှာရှုံ့မဲ့ပြီး ဆိုင်လုလင်က အရက် သမား အဘိုးကြီးကို အမှက်ဖိုးများစိုက်ပေးနေသည့်အကြောင်း များ ပြောပြသည်။

ပို့ကျူလင်က ကျေနပ်စွာဖြင့် ပြုံးနေ၏။

'ဒါဟာ အင်မတန် စိတ်ထားကောင်းတဲ့လူလို့ ဆိုရမှာပေါ့ ရှင်'

'ဟာ...ဒီလိုဘယ်ဟုတ်မလဲ၊ သူကိုယ်တိုင်တော့ ဆင်းရဲခံပြီး တော့ သူတောင်းစားအဘိုးကြီးကို အရက်ဖိုးစိုက်ပေးနေတော့ ဟိုက ရောင့်တက်ပြီး မကြာခဏလာနေတာပေါ့'

ပို့ကျူလင် ပြုံးနေ၏။

'သူ အခုဘယ်မှာလဲ'

'နောက်ဖေးမှာ ထင်းခွေ ရေခပ် ခိုင်းထားတယ်၊ ပြောစမ်း ပါ ဒီကောင်သမီးကို ဘာစော်ကားခဲ့သလဲ၊ ကျုပ်ဆုံးမလိုက် မယ်'

'သူက ကျွန်မသူငယ်ချင်းပါ'

'အို….'

ကုတ်ဟိုးမှာ အံ့အားသင့်သွားလေတော့သည်။

* * *

ချီသည် ပင်ပန်းနွမ်းနယ်စွာဖြင့် ပို့ကျူလင်ကိုလာရောက် တွေ့ဆုံလေ၏။

ပို့ကျူလင်မှာ ချီကိုကြည့်၍ စိတ်မကောင်းဖြစ်သွားသည်။

'နင်သိပ်ပင်ပန်းနေသလားချီ'

ပို့ကျူလင်က ကရုဏာဖြင့်မေးလေသည်။

'အသေးအဖွဲ့ပါ၊ အလုပ်ကိုပင်ပင်ပန်းပန်းလုပ်မှ ကျန်းမာ ရေးညီညွတ်ပြီး၊ ကိုယ်အင်္ဂါဖွံ့ဖြိုးတယ်လို့ကြားဖူးတာပဲ'

မှန်ပေသည်။

ချီသည် တစ်လကျော်ကျော်အတွင်း အလျင်ထက်ပို၍ဖွံ့ဖြိုး လာသည်။

ချီနှင့်ပို့ကျူးလင်တို့နှစ်ဦး ရင်းရင်းနှီးနှီး စကားပြောနေ သည်ကိုကြည့်၍ ကုတ်ဟိုး စဉ်းစားမရဖြစ်နေ၏။

ချီသည် ပို့ကျူလင်အတွက် ခေါက်ဆွဲကြော်နှင့် အခြား စားစရာများကို ဖွယ်ဖွယ်ရာရာမှာကြား၍ကျွေးမွေးသည်။



'နင်သိပ်ပင်ပန်းနေရင် အခြားသင့်တော်မယ့်အလုပ်တစ်ခု ငါရှာပေးပါမယ်'

'မပင်ပန်းပါဘူး၊ အလုပ်ကအင်မတန်ရှားတယ်၊ ဒီအလုပ် တောင် လီအင့်ဂိုက သူမသွားခင် မရရအောင်ရှာပေးခဲ့လို့ဟန် ကျနေတာ'

'ငွေဘယ်လောက်စုမိပြီလဲ'

ပို့ကျူလင်က ကုတ်ဟိုးထံမှသိရှိထားသော်လည်း တမင် တကာမေးလိုက်သည်။

ချီက ရယ်နေသည်။

'နင်က သူများတကာကိုကူညီနေတယ်ဆို'

'ငါကနင့်မိတ်ဆွေပဲ၊ စိတ်ထားလဲ နင့်လိုပဲရှိရမှာပေါ့'

ပို့ကျူလင် ခေတ္တပါးစပ်ပိတ်သွားသည်။

အတန်ကြာမှ

'ငါက ကူညီနိုင်တဲ့အဆင့်မို့ကူညီဟာပါ၊ နင့်အနေနဲ့က ပင်ပင်ပန်းပန်းနဲ့ရထားတဲ့ငွေကို စုထားသင့်တယ်'

'လူသားအချင်းချင်းမေတ္တာထားတာ ကုသိုလ်ရပါတယ်'

ပို့ကျူလင် ဘာမျှထပ်မပြောတော့ပေ။

ချီ၏စိတ်ထားကိုလေးစားသွားသည်။

ထိုအချိန်တွင် ဆိုင်ထဲသို့ ဝတ်ကောင်းစားလှနှင့် သူဌေး သားပုံစံမျိုးလူသုံးယောက်ဝင်လာသည်။

* * *

ဆိုင်ရှင်ကုတ်ဟ ီးသည် ထိုလူသုံးယောက်ဝင်လာသည်
တွေ့လိုက်ရသည်နှင့် သူ၏သုံးဆယ့်နှစ်ချောင်းသောသွားများ
အကုန်ဖြဲထုတ်၍ကြို ဆိုလိုက်သည်။

'အို ဆရာလေးတို့ပါလား၊ မလာတာကြာပြီပဲ၊ ကြွပါကြွ
ပေါ့ ချီ ဆရာလေးတို့ကို လိုလေသေးမရှိအောင်လုပ်ပေးလိုက်

ကုတ်ဟ ီးက ညွှိသည်သုံးဦးကိုကြိုဆိုရင်းမှ ချီကိုလှမ်း
ပြောလိုက်သည်။

'ပို့ကျူလင် အေးအေးဆေးဆေးစားဦးနော်၊ ငါလုပ်စ
ရှိတာလုပ်ပေးလိုက်ဦးမယ်'

ချီသည် ပို့ကျူလင်ကိုတောင်းပန်ရင်း ထိုလူသုံးယော
ဆီသို့ထသွား၏။

မှာကြားထားသောစားစရာများကို လျင်မြန်စွာချပေး
အကောင်းစားအရက်များကိုလည်း ကုတ်ဟ ီးကကိုယ်တိ
ချပေးလေ၏။

ကုတ်ဟ ီးကိုယ်တိုင်အရေးပေးနေသဖြင့် သူဌေးသားမျ
လားဟု ချီကတွေးတောလိုက်သည်။

သို့သော် ထိုသူသုံးယောက်၏မျက်စိများသည် ပို့ကျူ
ထံသို့သာရောက်ရှိပြီး မထိတရိပြောနေသည်ကို ကြားလိုက
သောချီသည် ပို့ကျူလင်အတွက်စိုးရိမ်သွားသည်။

ထိုလူများ၏ဝေယျာဝစ္စပြီးသွားသည်နှင့် ပို့ကျူလင်ထံ
ရောက်ရှိသွားသည်။

'နောက်ကိုဒီဆိုင်မလာပါနဲ့ဟာ၊ ဒီဆိုင်မှာက လူပေါ
လာနေတာ၊ နင်တို့လိုမိန်းကလေးလာဖို့မသင့်တော်ဘူး'



ပို့ကျူလင် မဲ့ပြုံးပြုံးလိုက်လေသည်။

'နင်က သိုင်းပညာမှတတ်တော့ လူတွေကိုကြောက်နေတာ
ကိုး၊ ငါဘယ်သူ့ကိုမှဂရုမစိုက်ဘူး၊ ဒီကိုလာပြီးစော်ကားကြည့်
ပါလား'

ပို့ကျူလင်က အသံကိုမြှင့်၍ တမင်တကာပြောလိုက်လေ
သည်။

ချီက လူသုံးယောက်ကိုမသိမသာလှည့်ကြည့်၍---

'သူတို့က ဘာကောင်တွေလဲတော့မသိဘူး၊ ဆိုင်ရှင်ကတော့
အရေးပေးလိုက်တာလွန်ရောပဲ'

'နင်မသိရင်မှတ်ထား၊ အဲ့ဒီကောင်တွေက အင်ထရမ်းမြို့
စားတပ်ကကိုယ်ရံတော်တပ်သားတွေပဲ'

အင်ထရမ်းမြို့စားတပ်ဆိုသည်နှင့် ချီ၏စိတ်ထဲတွင် တစ်ချက်
ထောင်းခနဲဖြစ်သွားသည်။

ထိုစဉ်အခိုက်မှာပင် တပ်သားသုံးယောက်အနက်မှ တစ်
ယောက်ကထလာပြီး ပို့ကျူလင်၏အနားတွင်ရပ်တန့်လိုက်လေ
သည်။

'ဒီမှာ မိန်းကလေး၊ အစ်ကိုတို့ရဲ့ စားပွဲမှာ မိတ်ဖြစ်ဆွေဖြစ်
လာပြီး စားသောက်ဖို့ ဖိတ်ခေါ်ပါတယ်'

ကုတ်ဟ ီးသည် စားပွဲမှ ယှမ်းကြည့်ရင်း စိုးရိမ်နေမိသည်။
တစ်ဖက်ကလည်း ကိုယ်ရံတော်တပ်သားများ။ ပို့ကျူလင်
ကို ကြည့်ပြန်တော့လည်း သမားတော်ကြီးတစ်ဦး၏သမီးဖြစ်နေ
သည်။

ပို့ကျူလင်က မျက်နှာခပ်တင်းတင်းထား၍ ခေါင်းယမ်းပြ လိုက်၏။

'ကိစ္စမရှိပါဘူး၊ ဒီမှာ ကျွန်မ မိတ်ဆွေနဲ့ စကားပြောနေ တာ'

ကိုယ်ရံတော်တပ်သားသည် ချီကို တစ်ချက်ကြည့်၍ လက် ဝါးဖြင့် ရင်ဘတ်ကို တွန်းထုတ်လိုက်၏။

ထိုကိုယ်ရံတော်တပ်သားသည် မှလောက်လေးမလောက်စား လူငယ်စားပွဲထိုးကို လုံးဝဂရုမစိုက်ပေ။

'ဒီလိုဆိုင်က စားပွဲထိုးနဲ့ စကားပြောမယ့်အစား အစ်ကိုတို့ ဝိုင်းဖွဲ့စကားပြောတာက ပိုပြီးတင့်တယ်ပါတယ်၊ လာပါဗျာ'

ကိုယ်ရံတော်တပ်သားသည် ပို့ကျူလင်၏လက်ကို ဆွဲခေါ် လိုက်၏။

ပို့ကျူလင်၏ အခြားလက်တစ်ဖက်က အပေါ်သို့ မြောက် တက်သွား၏။

'ဖျန်း'

ကိုယ်ရံတော်၏ပါးကို ရိုက်ချလိုက်၏။

ထိုလူမှာ မမျှော်လင့်ဘဲ ပါးရိုက်ခံလိုက်ရသဖြင့် မျက်နှာ မြန်းသွားလေ၏။

ကျန်အဖော်နှစ်ဦးက သူတို့၏လူစွမ်းကောင်း ပါးရိုက်ခံလိုက် ရသဖြင့် ဝိုင်း၍ရယ်လိုက်၏။

ချီသည် တစ်နေရာမှ အသာရပ်ကြည့်နေ၏။

ပါးရိုက်ခံရသောသူသည် ရှက်လည်းရှက်၊ အသားလည်းန သွားသဖြင့် ပို့ကျူလင်အား အတင်းဖက်လိုက်၏။



သို့သော် ပို့ကျူလင်က လျှပ်တစ်ပြက် ရှောင်တိမ်းလိုက်ပြီး ထိုလူ၏တင်ပါးကို ပစ်ကန်လိုက်၏။

'ဝုန်း'

ထိုသူမှာ ဖင်ထိုင်ရက် လဲကျသွား၏။

'ဟား ဟား ဟား'

အဖော်နှစ်ဦးက ဝိုင်းရယ်လိုက်ကြ၏။

သို့သော် သူတို့၏မိတ်ဆွေမှာ အခြေအနေ မကောင်းသဖြင့် စားပွဲမှထလာပြီး ပို့ကျူလင်ကို သုံးယောက်သား ဝိုင်းရံလိုက် သည်။

ဆိုင်ရှင် ကုတ်ဟိုးသည် ကပျာကယာထလာ၏။

'ဆရာလေးတို့ သူက သမားတော်ကြီး ကွမ်းဖုရဲ့ သမီးပါ'

ကိုယ်ရံတော်တစ်ဦးက ကုတ်ဟိုး၏စကားကို လုံးဝဂရု မစိုက်ဘဲ ကုတ်ဟိုးအား ဆောင့်တွန်းလိုက်လေ၏။

လူသုံးယောက်၏အလယ်တွင် ပို့ကျူလင်က အသင့်အနေ အထားဖြင့် ရပ်တန့်ရင်းမှ လက်နှစ်ဖက်ကို ရင်၌ ယှက်ထား၏။

မျက်လုံးက သုံးယောက်စလုံး၏ လှုပ်ရှားမှုကို အကဲခတ်နေ သည်။

ကိုယ်ရံတော်တပ်သားသုံးယောက်သည် အဆင့်မြင့်သိုင်းသ မားများ ဖြစ်၏။

မိန်းကလေးက သိုင်းပညာမခေမှုန်းရိပ်စားမိလာသည့်အတွက် အရှက်မရစေရန် သုံးဦးစလုံး ဝိုင်းလိုက်ခြင်းဖြစ်၏။

ချီသည် ကုလားထိုင်တစ်လုံး၌ထိုင်၍ အသာကြည့်နေသည်။

သိုင်းလောကထဲမှ သိုင်းသမားတို့၏ စရိုက်များကိုလည်း ပီပြင်ပြင် မြင်တွေ့လာ၏။

'ဟိတ် ယား'

ပို့ကျူလင်က ဩသံပေး၍ တိုက်ခိုက်လေသည်။

တပ်သားတစ်ဦး၏မျက်နှာကို ဖြတ်ရိုက်လိုက်၏။

ထိမသွားပေ။

တစ်ယောက်က မိန်းကလေး၏ဇက်ပိုးကို လှမ်းရိုက်၏။

ပို့ကျူလင် တစ်ချက်ယိမ်းယိုင်သွား၏။

ပို့ကျူလင်မှာ တကယ်တော့ ကလေးသာသာပင် ရှိသေးသည်။

ဆယ့်ငါးနှစ်အရွယ်ဖြစ်သော်လည်း ကိုယ်ခန္ဓာက ဖွံ့ဖြိုးနေ၍ အပျိုကြီးဖားဖားဟု ထင်မိနေကြခြင်း ဖြစ်၏။

သုံးယောက်နှင့်တစ်ယောက်၊ ထို့ပြင် ယောကျ်ားသား သုံးဦးက တကယ့်သိုင်းသမားများ၊ သည်တော့ ပို့ကျူလင် မည်သည့်နည်းနှင့်မျှ အနိုင်မရနိုင်ပါ။

ချီသည် စိတ်ကိုအောင့်အည်း၍ ချုပ်တည်းနေ၏။

သူ့အနေနှင့် မည်သည့်နည်းနှင့်မျှ ဝင်ရောက် မစွက်ဖက်ပါဟု စိတ်ကိုဒုန်းဒုန်းချ ဆုံးဖြတ်ထား၏။

သို့သော် ပို့ကျူလင်အားကြည့်လိုက်ရာ တပ်သားသုံးဦးက အလွယ်တကူ အနိုင်ယူလိုက်ပြီး တစ်ဦးက ပိုင်နိုင်စွာ ချုပ်ကိုင်လိုက်၏။

တစ်ယောက်က ပို့ကျူလင်၏မေးစေ့နှင့် ပါးကို ပွတ်သပ်၍ 'ညီမလေးက လိမ်မာလျက်သားနဲ့ကွာ'



'ထွေ'

ပို့ကျူလင်က ထိုလူကို တံတွေးဖြင့် ထွေးလေသည်။

'ငါမရှိဘဲ့အခါ ပို့ကျူလင်ကို စောင့်ရှောက်ပါကွာ'

လီအင့်ဂို၏ မှာကြားချက်က ချီ၏နားထဲသို့ ရိုက်ခတ်လာသည်။

သူက စောင့်ရှောက်ပါမည်ဟုလည်း ကတိပေးလိုက်၏။

ယခု။

ချီသည် ဆက်သက်မစဉ်းစားတော့ပေ။

'ခင်ဗျားတို့ သူ့ကို လွှတ်လိုက်ပါ'

'အံမာ ချာတိတ်ကလေးက ဟား ဟား ဟား'

တစ်ယောက်က ချီကိုကြည့်၍ ဟားတိုက်ရယ်ပြီး သူ၏ခြေထောက်ဖြင့် အားကုန် ကန်ပစ်လိုက်၏။

'ဝုန်း'

ဟူသော အသံသည် ကျယ်လောင်စွာထွက်ပေါ်လာပြီး ထိုသူမှာထရံ ထောင့်၌ ခွေခွေကလေး လဲကျငြိမ်သက်သွားတော့သည်။

ပစ်ကန်လာသောခြေထောက်ကို ဖမ်းဆွဲ၍ ချီက ပြန်လည်ကိုင်ပေါက်လိုက်ခြင်းဖြစ်သည်။

ကျန်နှစ်ဦးမှာ ချီကိုကြည့်၍ မျက်လုံးဝိုင်းသွား၏။

ပို့ကျူလင်မှာ အံ့အားသင့်နေရာမှ ဝမ်းသာသွားသည်။

သူမက ချုပ်ကိုင်ထားသည်ကို ဆောင့်ရုန်းလိုက်၏။

ပို့ကျူလင်ကို ချုပ်ကိုင်ထားသူသည် လွှတ်လိုက်ပြီး ချီကို နှစ်ယောက်စလုံး ပြိုင်တူ တိုက်ခိုက်လိုက်သည်။

ချီ၏လက်ထဲမှ ကုလားထိုင်သည် ထိုသူနှစ်ဦး၏ခေါင်း
မှုးနောက်သွားစေတော့သည်။

'ဖြောင်း'

'ဖြောင်း'

တစ်ဦးမှာ နဖူးမှသွေးများ ဖြာဆင်းလာ၏။

တစ်ယောက်မှာ အနားသို့ မကပ်ရဲတော့ပေ။

ခေတ္တမျှအကြာ လူးလဲထ၍ လုံးဝသတိလစ်နေသော သူ
နှစ်ယောက်က ထမ်းပိုး၍ ဆွဲထုတ်သွားလေသည်။

ပို့ကျူလင်က ချီကို ငေးစိုက်ကြည့်၍ ပြုံးလိုက်၏။

'နင့်ကို ငါ အထင်သေးမိတာ အချိန်စောသွားတယ်'

ရပါတယ်၊ လင်းတလောက်တော့ ငှက်တိုင်း လှုပါသေ
တယ်'

ကုတ်ဟာ်းက ပြုံးပြုံးပျာပျာနှင့် အနားရောက်လာသည်

'အဲဒါက ပြဿနာပဲ'

ချီက မျက်မှောင်ကြုတ်၍ ပြန်ကြည့်လိုက်သည်။

'ဘာပြဿနာလဲ'

'သူတို့က ဒီအတိုင်းပဲနေမလား၊ မင်းကိုလာပြီး ဒုက္ခပေး
တော့မှာပေါ့၊ ငါ့ဆိုင်တော့ နာမည်ပျက်ပါပြီကွာ'

'လာစမ်းပါစေ၊ သူသေကိုယ်သေပေါ့'

ချီက ခတ်ပြတ်ပြတ်ပြောလိုက်သည်။

'မင်းကိုငါ ဆက်ပြီး မထားနိုင်ဘူး'

'ဘာဖြစ်လို့လဲ'

'သူတို့က မင်းကိုလာပြီး ဒုက္ခပေးတော့မှာ'



'ကျွန်တော့်ကိုဒုက္ခပေးတာပဲ၊ ခင်ဗျားကို ဒုက္ခပေးတာမှမ
ဟုတ်ဘဲ အနေသာချည်းပါ'

ကုတ်ဟာ်း ပါးစပ်ပိတ်သွား၏။

'နင် ဒီမှာဆက်နေလို့ ဖြစ်ပါ့မလား'

ပို့ကျူလင်က မေး၏။

'မပူပါနဲ့ဟာ၊ ဖြစ်ချင်တာဖြစ်စမ်းပါစေ'

'ငါ နင့်ကို စိတ်မချဘူး'

ချီက ရယ်မောလိုက်၏။

'နင် ငါ့အပေါ် ထားတဲ့ စေတနာကို လေးစားပါတယ်၊
ငါက တဆားသဖြင့် လုပ်လို့မှလာပြီး အနိုင်ကျင့်ရင် ကျင့်စမ်းပါ
စေ၊ ငါသေရမှာကို လုံးဝမကြောက်ဘူး'

ချီ၏စကားကြောင့် ဆိုင်ရှင်ကုတ်ဟာ်းပင် ကြက်သီးထသွား
မိတော့သည်။

'နင့်သိုင်းပညာကို ငါတော်တော်ယုံကြည်သွားပြီ၊ ဒီကောင်
သုံးကောင်ရဲ့သိုင်းပညာက ခေတာမဟုတ်ဘူး၊ ဒါတောင်နင်က
အရှုံးနဲ့မလိုက်အောင် ကိုင်ပေါက်ပစ်နိုင်တယ်ဆိုတော့ ဒီတာ
ချင်မြို့မှာ နင်ဟာ ထိပ်ဆုံး သိုင်းသမားပဲ'

ချီသည် မျက်လုံးဝိုင်း၍ ပို့ကျူလင်ကို ကြည့်လိုက်လေ၏။

'နင် ငါ့ကိုမြှောက်ပင့်ပြောနေတာလား၊ ဒါပေမယ့် ငါက
ဘဝင်မမြင့်တတ်တာ ခက်တယ်'

ပို့ကျူလင် ချစ်စဖွယ် ပြုံးလိုက်သည်။

'ငါက အမှန်ပြောတာပါ၊ နင်ဘဝင်မမြင့်တတ်ဘူးဆိုတ ငါသိပါတယ်၊ ဒါပေမယ့် ခက်တာက ဒီလူတွေမှာအာဏာ တယ်၊ လက်နက်ရှိတယ်၊ နင့်ကို အချိန်မရွေးဖမ်းသွားနိုင်တယ်

ချီ တစ်ချက်ငိုင်သွားသည်။

အာဏာ... ဘဘတွမ်ပြောပြသည့်အာဏာ၊ အာဏာနှင့်ပ ဆီးနိုင်သည်ဆိုသောစကားကို ချီသဘောပေါက်သွား၏။

'ကဲပါ ငါသတိထားပြီးနေပါ့မယ်၊ ငါ့အတွက်ဘာမှမပူ

* • *

## ဆရာကောင်း သမားကောင်း

ပို့ကျူလင်သတိပေးသွား၍မှမကြာလိုက်ပါ။

ချီအဖို့ ဘဝသစ်တစ်ခုစရန်ဖန်တီးလာတော့သည်။

ကိုယ်ရံတော်တပ်သားများနှင့်ရန်ဖြစ်ပြီး သုံးရက်အကြာတွင် ကိုယ်ရံတော်ဝတ်စုံကို တူညီစွာဝတ်ဆင်လာသော လူသုံးယောက်သည် မြင်းသုံးကောင်နှင့်အတူ ကုတ်ဟား၏ဆိုင်ရှေ့သို့ ရောက်ရှိလာတော့သည်။

မြင်းသုံးကောင်ပေါ်မှပုဂ္ဂိုလ်များကိုမြင်သည်နှင့် ကုတ်ဟား၏မျက်နှာမှာ သိသိသာသာပျက်သွားသည်။

ထိုသုံးဦးထဲတွင် ပထမရန်ဖြစ်သော တပ်သားတစ်ဦးလိုက်ပါလာသည်။

သူတို့သည် မြင်းပေါ်မှ ဆင်းလာပြီးသည်နှင့်တစ်ပြိုင်နက် ချီကိုဝိုင်းရံလိုက်သည်။

ကိုယ်ရံတော်တပ်သားထဲမှ ခေါင်းဆောင်ဖြစ်သူမှာ နဖူး
တွင်ဒဏ်ရာတစ်ချက်ရှိနေပေသည်။

'ဆရာကီဖန်း၊ သူ့ကိုဖွင့်လွှတ်ပါ၊ ကျွန်တော်တောင်းပန်
ပါတယ်'

နဖူးအမာရွတ်နှင့် ကိုယ်ရံတော်တပ်မှူးလေး၏အမည်မှာ
ကီဖန်းဟုသိရသည်။

ကီဖန်းသည် တောင်းပန်နေသောဆိုင်ရှင်ကုတ်ဟီးကိုဒေါ
သဖြင့်ကြည့်လိုက်သည်။

'ဘာလဲ၊ခင်ဗျားကလူမိုက်အားပေးလား၊ ဒီကောင်လေးက
မလောက်လေး မလောက်စားနဲ့၊ ကျုပ်တပ်သားတွေကိုတောင်
ကိုင်ပေါက်နိုင်တယ်ဆိုတော့ ဘယ်ခေလိုတုံး'

ကီဖန်းသည် ပြောပြီးသည်နှင့် ချီထံသို့လျှောက်သွားကာ
သူ၏လက်ဝါးဖြင့်လှမ်းရိုက်လိုက်သည်။

သို့သော် ချီကရုတ်တရက်ရှောင်တိမ်းလိုက်သဖြင့် ကီဖန်း၏
ရိုက်ချက်မှာလွဲချော်သွားတော့သည်။

ကီဖန်းသည် ချီကို စူးစူးဝါးဝါးကြည့်လိုက်၏။

'မင်းဘယ်သူလဲ၊ ဘယ်သူ့သားလဲ၊ သိုင်းပညာဘယ်သူသင်
ပေးသလဲ'

ကီဖန်းသည် မေးခွန်းပေါင်းများစွာမေးလိုက်၏။

ချီက မည်သည့်မေးခွန်းကိုမျှ မဖြေပေ။

'ဟေ့ကောင် မေးနေတာမကြားဘူးလား'

ချီက တုတ်တုတ်မျှမလှုပ်ပေ။



ကိုယ်ရံတော်တပ်သားသုံးယောက်စလုံး ဓားဆွဲထုတ်လိုက်
ကြသည်။

ထိုနောက် ချီအား မညှာမတာတစ်ပြိုင်တည်းခုတ်ချလိုက်
သည်။

ကုတ်ဟီးသည် မျက်စိကိုမှိတ်ထားမိလိုက်၏။

'ဖြောင်း'

ချီကိုမထိပါ၊ ကုလားထိုင်ထိုးခံ၍ ရှောင်ရှားလိုက်သည်။
ကုလားထိုင်ကျိုးပြတ်ထွက်သွားသည်။

ကိုယ်ရံတော်တပ်သားသုံးဦးသည် ချီကိုတကယ့်ဆန်း၏
သဖွယ် ဓားများဖြင့် သဲသဲမဲမဲခုတ်နေသည်။

ဆိုင်တစ်ဆိုင်လုံးပြောင်းဆန်သွားတော့၏။ ဦးကို မယုံ
ချီသည် အရွယ်နှင့်မလိုက်အောင်ရှောင်တိမ်းခွကျဲသွား
ကုလားထိုင်များစွာသည် ချီ၏အကာအကွယ်ဖို့
သွားရသည်။

အားလုံးကျိုးပဲ့ကုန်၏။

ကုတ်ဟီးမှာ ခပ်ဝေးဝေးသို့ရှောင်ပြေး၍ စိတ်ပျက်စွာ
ဖြင့်ငေးငိုင်နေမိတော့သည်။

သူ၏ဆိုင်တစ်ဆိုင်လုံး ပျက်စီးယိုယွင်းကုန်ပြီဖြစ်တဲ့အတွက်
သူသည် ချီအား စိတ်ထဲမှကျိန်ဆဲနေမိသည်။

ကြာရှည်တွင် ချီမှာ လက်ရည်ကျလာတော့သည်။

အတွေ့အကြုံကနုသေးသူမို့ သူ၏လက်မောင်းတွင် ဓားရှ
သောဒဏ်ရာအနည်းငယ်ရသွားသည်။

ဆိုင်ရှေ့တွင် လူများစုပြုံရောက်ရှိလာ၏။

ထိုလူအုပ်ထဲတွင် သိုင်းသမားများနှင့် သိုင်းဝါသနာအို
များ အမျိုးအပြားပါဝင်နေ၏။

ကိုယ်ရံတော်တပ်သားသုံးယောက်ကိုပင် အံတု၍တိုက်ခိုက်
နေသောလူငယ်ကလေးကိုကြည့်၍ အံ့ဩနေကြသည်။

အချို့ကလည်း ချီးကျူးနေ၏။

တပ်မှူးလေး ကီဖန်း၏ဓားသည် ပိုမိုသွက်လက်လာကာ
အကျဉ်းအကျပ်ဖြစ်နေသော ချီ၏ဝမ်းဗိုက်ဆီသို့ တည့်တည့်
မတ်မတ်ချိန်ရွယ်၍ထိုးသွင်းလိုက်၏။

'ချွမ်း'

သဖြူ...ားက ချီ၏ဝမ်းဗိုက်ဆီသို့ မရောက်မီတစ်စုံတစ်ခုကြောင့်
'ဘ...စ်လွင့်ထွက်သွားတော့သည်။
မလောက်လေလှည့်ကြည့်လိုက်၏။
ကိုင်ပေါက်နှိမ်မိအသက်ကို ကယ်ဆယ်လိုက်သောသူအား ချီက
ကီဖန့်မိသည်။
သူ၏ျသည် မယုံကြည်နိုင်အောင် အံ့ဩသွားတော့၏။

ကီဖန်း၏ဓားကို ရုတ်တစ်ရက် ပစ်ပေါက်လိုက်သူမှာ နာ
အရက်သမား အဘိုးကြီးပင်ဖြစ်တော့သည်။

* * *

အရက်သမား အဘိုးအိုသည် နောက်ထပ် အရက်တစ်အိုးကို
ဆွဲယူကာ မော့သောက်လိုက်ပြီး ထိုအိုးနှင့်ပင် တစ်ယောက်
သောတပ်သားအား ပစ်ပေါက်လိုက်ရာ....



'ခွပ်'

ဟူသောအသံနှင့်အတူ တပ်သားတစ်ဦး ပုံလျက်သားလဲကျ
သွားတော့၏။

ကီဖန်းတို့၏အာရုံမှာ အရက်သမားအဘိုးကြီးဆီသို့ ရောက်ရှိ
သွားပေသည်။

အရက်သမား အဘိုးအို၏လက်ထဲတွင် အရက်အိုးနှစ်လုံး
ထပ်မံ၍ ကိုင်ထား၏။

ကီဖန်းသည် အရက်သမားအဘိုးအိုအား တိုက်ခိုက်ရန်ဟန်
ပြင်စဉ်မှာပင် အရက်သမားအဘိုးအို၏လက်ထဲမှ အရက်အိုး
တစ်လုံးသည် အရှိန်ပြင်းစွာဖြင့် လွင့်ထွက်လာပြီး ကီဖန်း၏
နဖူးတည့်တည့်သို့ ဝင်ဆောင့်တော့သည်။

ကီဖန်းမှာ မှုန်ရှောင်တိမ်းနိုင်ဘဲ အရက်သမားကြီးကို မယုံ
ကြည်နိုင်သော အကြည့်ဖြင့်ကြည့်ရင်း တဖြည်းဖြည်းခွေကျသွား
သည်။

ကျန်တစ်ဦးမှာ ငေးငိုင်နေ၏။

သို့သော် အရက်သမားအဘိုးအိုက ချမ်းသာမပေးပါ။

အနားသို့ကပ်သွားပြီး ထိုတပ်သား၏ ငယ်ထိပ်တည့်တည့်သို့
အရက်အိုးကို ဆောင့်ချလိုက်...

သုံးယောက်စလုံး ငြိမ်သက်သွားတော့၏။

ချီသည် အရက်သမားကြီးအား ငေး၍ကြည့်နေမိသည်။

ကုတ်ဟ...ီးက ချောင်ထဲမှ ထွက်လာ၏။

သူ၏အရက်အိုးများ ကွဲကုန်သည်ကိုကြည့်ရင်း ရင်ဘတ်ကို
လက်ဖြင့် ဖိကပ်ထားသည်။

အရက်သမားအဘိုးအိုသည် အကောင်းစားအရက်နှစ်အိုးကို ဆွဲယူလိုက်ပြန်သည်။

ထို့နောက် ချိုင်းကြားတွင် ညှပ်ထားလိုက်၏။

'ခင်ဗျား ဘာပြောစရာရှိသလဲ'

အရက်သမားအဘိုးအိုကကုတ်ဟာ့ကို လှည့်မေးလိုက်သည်၊

'ဟာ....ကျုပ် ဘာမှပြောစရာ မရှိပါဘူး'

ကုတ်ဟာ့ ကပျာကယာဖြေလိုက်သည်။

အရက်သမားကြီးသည် ချီကိုလှမ်းကြည့်လိုက်၏။

'လာ...လူလေး၊ ငါ့နောက်လိုက်ခဲ့'

* * *

နေလုံးက ပျောက်ကွယ်တော့မည်ဖြစ်သည်။

တောင်ခြေရင်းရှိ ဇရပ်ပျက်ပေါ်တွင် အရက်သမားအဘိုးအိုက အရက်ကို ဇိမ်နှင့်သောက်နေ၏။

အနားတွင် ချီက ထိုင်နေသည်။

သူ့ကိုကြည့်တော့ မထုန်တက်သေးနှင့် အဘိုးအိုသည်အလွန်ထူးခြားသော သိုင်းသမ[illegible]ပေါက် ဖြစ်နေသည်မို့ ချီက အံ့ဩနေခြင်းဖြစ်သည်။

'မင်းသိုင်းပညာ အင်မတန်ကောင်းတာပဲလူလေးရဲ့'

အရက်သမားကြီးက ပြောလိုက်သည်။

'ဘာဘသိုင်းပညာကမှ ကောင်းတာပါ'



အရက်သမားကြီးတ ပြုံး၍ ချီကိုကြည့်လိုက်၏။

'ဟုတ်ပါ့မလားကွ'

'ဟုတ်တာပေါ့ ဘဘရဲ့၊ ဟို ကိုယ်ရံတော် တပ်သားသုံးယောက် ဘယ်လို ရှောင်တိမ်းရမှန်းကို မသိအောင်ဖြစ်သွားတာပဲ'

'ငါက တော်လို့မဟုတ်ပါဘူးကွာ၊ သူတို့ညံ့လို့ပါ'

ချီက ရယ်နေမိ၏။

အရက်သမားကြီးက အရက်တစ်အိုးလုံး သောက်ပစ်လိုက်သည်။

ကျန်သော တစ်အိုးထဲမှအရက်များကို သူ၏ဘူးထဲတွင်ထည့်ထား....

'ကဲ ..တို့ပင်ပန်းလာတယ်၊ အေးအေးဆေးဆေး အနားယူအိပ်လိုက်ကြရအောင်'

အရက်သမားကြီးသည် သူ့စကားဆုံးသည်နှင့် ဇရပ်ပျက်ပေါ်တွင် လှဲအိပ်လိုက်၏။

မကြာမီ အိပ်ပျော်သွားလေသည်။

ချီသည် အရက်သမားကြီးကို ကြည့်၍ အတွေးပေါင်းမြောက်မြားစွာ ခေါင်းထဲသို့ဝင်လာတော့၏။

ကြာတော့ သူလည်း လှဲအိပ်လိုက်လေသည်။

* * *

နေ့သစ်တစ်နေ့၏ နေရောင်ခြည်က ဇရပ်ပျက်ပေါ်သို့ထိုးကျလာလေသည်။

ထို့နောက် အိပ်နေသူနှစ်ယောက်၏ မျက်နှာပေါ်သို့ရောက်ရှိလာသည်။

ရှေးဦးစွာ နိုးထလာသူမှာ ချီပင် ဖြစ်လေသည်။

မကြာမီ အဘိုးအိုလည်း နိုးလာသည်။

အဘိုးအိုသည် မျက်နှာသစ်ပြီးသောအခါ သူ၏အိတ်ကြီးထဲမှ စားစရာအချို့ကိုထုတ်၍ ချီနှင့်အတူ စားသောက်လေသည်။

'လူငယ်တွေထဲမှာ မင်းကို ငါ သဘောအကျဆုံးပဲ'

ချီက ဘာမျှပြန်မပြောဘဲ ငြိမ်သက်၍ နားထောင်နေသည်။

'မင်းနာမည် ဘယ်လိုခေါ်သလဲ'

'ချီ'

အဘိုးအိုသည် တစ်ချက်စူးစိုက်ကြည့်၍

'တစ်လုံးတည်းပဲလား'

ချီကနာမည်အပြည့်အစုံကို ပြောရမှာ ခပ်ဆိုင်းဆိုင်းလုပ်နေသည်။

'ချီဆိုလဲ ပြီးတာပဲပေါ့ကွ၊ မဖြေချင်ရင် မဖြေနဲ့'

'ထန်ချီလို့ ခေါ်ပါတယ်'

'အင်း အင်မတန်ကောင်းတဲ့ နာမည်ပဲ၊ မင်းလို လူမျိုးဟာ လောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားသွားနိုင်တယ်၊ ငါပြောတာ မင်းမှတ်ထား'

'ဟုတ်ကဲ့'



'ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့နှလုံးသားကလှတယ်၊ မေတ္တာထားတတ်တယ်၊ စေတနာထားတတ်တယ်၊ အကြင်နာတရားရှိတယ်၊ အနစ်နာခံဝံ့တယ်၊ မဟုတ်ရင် မခံချင်တဲ့စိတ် ရှိတယ်၊ ဒီလိုလူမျိုးမှ တိုင်းပြည်မှာ မကျော်ကြားဖူးဆိုရင် ဘယ်လိုလူမျိုး ကျော်ကြားဦးမှာလဲ'

ချီကပြုံး၍ နားထောင်နေသည်။

'ဘာလဲ မင်းက အရက်သမားစကားမို့ အလေးမထားဘူးလား'

'ဒီလိုမဟုတ်ပါဘူး ဘဘ'

အဘိုးအိုက ရယ်လိုက်ပြန်သည်။

'အလကားပြောတာပါ၊ မင်း ငါ့ကို အထင်မသေးပါဘူး၊ အခုလဲ အထင်မသေးဘူး၊ အလျင်ကလဲ အထင်မသေးဘူး၊ အထင်မသေးသလိုပဲ မင်းဟာ လူတစ်ဖက်သားကို အထင်ကြီးတဲ့စိတ်ထားလဲရှိမှာ မဟုတ်ပါဘူး'

အဘိုးအိုသည် တစ်ယောက်တည်း ပြောနေသည်။

ပြောနေရင်းမှ အရက်ဘူးကို ဖွင့်၍ မော့ချလိုက်ပြန်သည်။

'ဘယ်သူ့ကိုမှ အထင်မကြီးလို့လဲ ကိုယ့်ရဲ့တော်တပ်သားကို တောင် ပြန်ပြီးအံတုရဲတာပေါ့၊ ကောင်းတယ်၊ အဲဒီစိတ်ထားမျိုး သတ္တိမျိုး ငါအရမ်းကြိုက်တာပဲ'

'ဒါထက် ဘဘနာမည် ကျွန်တော် မသိရဘူးလား'

ချီက မေးလိုက်လေသည်။

'ဟာ သိရတာပေါ့၊ ငါ့ကို အားလုံးက အရက်အိုးကြီးလို့ ခေါ်နေတာ၊ မင်း မကြားမိဘူးလား'

ချီကအသံထွက်အောင် ရယ်ပစ်လိုက်သည်။

'နာမည်ဆိုတာ မိဘကပေးတာရှိသလို၊ လူတွေကပေးတာ ရှိတာပဲ၊ ဘာဖြစ်ဖြစ် လူတွေသိဖို့ပဲ မဟုတ်လား၊ ငါ့ကိုအရ အိုးကြီးလို့မေးရင် တာချင်တစ်မြို့လုံးသိတယ်၊ အဲဒါ နာမည် ပေါ့'

'မင်းမိဘတွေက ဘယ်သူလဲ'

အဘိုးအိုသည် ခေတ္တနားပြီး ဆက်မေးလိုက်သည်။

ချီက မဖြေနိုင်ပါ။

သူ့ရာဇဝင်က အင်မတန် ရှည်လျားခဲ့သည် မဟုတ်ပါလား

အဘိုးအိုသည် ချီကိုလှမ်းကြည့်သည်၊ ပြီးမှ

'မသိတာလား၊ မဖြေချင်တာလား၊ ဘာပဲဖြစ်ဖြစ် မဖြေ ရင် မဖြေနဲ့၊ အေး ငါ့ကိုယုံကြည်တဲ့အခါကျမှ ဖြေပါ၊ မှန်ကန်တဲ့တရားပဲ၊ ငါ ခွင့်လွှတ်ပါတယ်'

ချီသည် သက်ပြင်းချ၍ ငြိမ်သက်နေသည်။

'မင်းကိုသိုင်းပညာ ဘယ်သူသင်ပေးသလဲ'

ထိုမေးခွန်းကိုလည်း ချီက မဖြေချင်ပေ။ တုံ့ဆိုင်းနေသည် အဘိုးအိုက…

'ဒါလဲ မဖြေလို့ရတယ်၊ ငါ ထပ်မမေးတော့ဘူး'

'ကျွန်တော် ဘဘကို ပြောပြချင်ပါတယ်၊ ဒါပေမယ့်'

အဘိုးအို လက်ကာလိုက်သည်။

'ဒါပေမယ့်တွေဘာတွေ လုပ်မနေနဲ့၊ မင်းကိုဖြေရမယ်လို့မ လိုဘူး၊ ကိုယ့်အကြောင်းဆိုတာ သူများသိသင့်မှ သိရတယ် ငါ့ကိုလဲမယုံနဲ့ဦး၊ အေး ယုံကြည်လာရင်တော့ပြောပေါ့၊



ဒီလိုပဲ၊ ငါ့ကိုဘယ်သူကမေးမေး အမှန်အတိုင်းဖြေမယ် ထင်သလား၊ မလွဲသာ မရှောင်သာရင် လိမ်လည်ပြီးတော့ ဖြေမှာပဲ၊ မင်းကတော့ လိမ့်မယ့်လူစားမျိုးမဟုတ်ဖူး၊ အဲဒီတော့ မဖြေနဲ့'

အဘိုးအို၏စကားက ပြတ်သားသလို ချီအဖို့လည်းဗဟုသုတများစွာရရှိနေပေသည်။

အဘိုးအိုသည် ညစ်ပတ်ပေရေသော အဝတ်အစားကိုဝတ်ထားပြီးအရက်ကိုအမြဲတမ်းသောက်နေသဖြင့်အထင်သေးစရာဟု မြင်မိသော်လည်း သူ၏စကားများနှင့် သူ၏သိုင်းပညာသည် အထက်တန်းကျလှကြောင်းချီကကောင်းကောင်းသိရှိလေသည်။

'ဒါပေမယ့် မင်းအနေနဲ့မဖြေလို့မရတဲ့ကိစ္စတွေတော့ ဖြေရလိမ့်မယ်'

'မေးပါဘဘရယ် ကျွန်တော်ဖြေပါ့မယ်'

ချီက လေးလေး စားစားပြန်ပြောလိုက်လေသည်။

'မင်း ဒီမြို့မှာဆက်နေလို့တော့မဖြစ်တော့ဘူး၊ အဲဒီတော့ မင်းဘယ်လိုသွားမယ်စိတ်ကူးထားသလဲ'

ချီက အနည်းငယ်စဉ်းစားသည်။

အတန်ကြာသောအခါမှ

'အဲဒီကိုယ်ရံတော်တပ်သားတွေက ဒီမြို့မှာ အမြဲနေသလား ဘဘ'

အဘိုးအိုက အနည်းငယ်ပြုံးလိုက်လေသည်။

'မင်းဟာ မြို့ရွာအုပ်ချုပ်ရေးတွေကိုတောင် ဘာမှနားမလည်သေးတဲ့လူငယ်တစ်ယောက်၊ ဒါကြောင့် မင်းဟာအင်မတန်ခေါင်တဲ့နေရာကလာခဲ့တာဖြစ်ရမှာယ်၊ နောက်ပြီး ဆရာကောင်း သမား

ကောင်းနဲ့လဲ သိုင်းပညာသင်ကြားခဲ့သူဖြစ်ရမယ်၊ သိုင်းပညာကို လဲ ငယ်ငယ်ကလေးကတည်းက သင်ကြားခဲ့တာဖြစ်ရမယ်’

ချီက အံ့ဩစွာနားထောင်နေ၏။

‘ဘယ်နှယ့်လဲ ငါပြောတာ’

‘မှန်ပါတယ် ဘဘ’

အဘိုးအိုက ပြုံးလိုက်၏။

‘မင်းအနေနဲ့ ဘာမှအံ့ဩစရာမလိုဘူး၊ ဒီမြို့ကို ဟိုအင်ထရမ် မြို့တော်ကြီးက တိုက်ရိုက်အုပ်ချုပ်တာကွ၊ အဲဒီတော့ အင်ဘ ရမ်းမြို့စားကြီးရဲ့ကိုယ်ရံတော်တပ်သားတွေနဲ့ အာဏာသားအချို့ ဟာ အဲဒီမြို့မှာရှိနေရတာပေါ့’

‘ဩော် ဟုတ်ကဲ့’

‘ဒါကိုမှမသိတဲ့ မင်းဟာတောထဲတောင်ထဲကပဲလာခဲ့တာဖြစ် ရမှာပေါ့၊ မင်းအသက်အရွယ်နဲ့ သိုင်းပညာအတော်ကလေးထူ ချွန်နေတာကိုထောက်ရင် မင်းဟာ လူမှန်းသိစကတည်းက သိုင်း ပညာကိုစပြီးသင်ခဲ့ရတာပဲပေါ့ မဟုတ်လား’

‘ဟုတ်ပါတယ် ဘဘ’

အဘိုးအိုက ကျေနပ်စွာခေါင်းညိတ်လိုက်လေသည်။

‘မင်းကိုသိုင်းပညာသင်ပေးတဲ့လူဟာ အင်မတန်စိတ်ထား ကောင်းပြီး သိုင်းပညာလဲတော်တဲ့လူဖြစ်ရမယ်၊ ဘယ်သူလဲဆို တာတော့ ငါသိချင်တယ်ကွာ မင်းအနေနဲ့ ဖြေသင့်မယ်ဆိုရင် တော့ဖြေပါ၊ မဖြေရင်လဲ ငါ့စိတ်ထဲမှာတော့ ဘယ်သူဘယ်ဝါ ဆိုတာ သေချာသလောက် နီးနီးသိထားတယ်၊ အေး မှားချင်လဲ မှားမှာပေါ့ကွာ’



ချီက အံ့ဩစွာငေးမောနားထောင်နေရာမှ

‘ကျွန်တော်ဖြေပါ့မယ်၊ ဒါပေမယ့် ဘဘမှန်းဆတာ မှန်မမှန် သိချင်သေးတယ်’

‘ဟား ဟား ကြိုက်သွားပြီကွာ ငါထင်တာကတော့ မင်းရဲ့ သိုင်းပညာကိုကြည့်ခြင်းအားဖြင့် သင်ပေးတဲ့လူက တွမ်ကျူး၊ မင်းက တွမ်ကျူးရဲ့လက်ပေါ်မှာငယ်စဉ်ကတည်းက ကြီးပြင်း လာတဲ့ သူဌေးကြီးတစ်ဦးဖြစ်တဲ့ ထန်ဝူရဲ့သားပဲဖြစ်ရမယ်၊ ဘယ် နှယ့်လဲ ငါပြောတာမှားသလား’

အဘိုးအိုကပြောပြီး ချီကိုလှည့်ကြည့်သည်။

ချီသည် ငေးငိုင်အံ့ဩပြီး အဘိုးအိုကိုမယုံသင်္ကာဖြင့် စူး စိုက်ကြည့်နေမိတော့သည်။

* * *

‘ဘယ့်နှယ်လဲ မင်းဘာလို့မဖြေတာလဲ မှားသွားလို့လား’

အဘိုးအိုက ဆက်၍မေးလိုက်လေသည်။

‘အားလုံးမှန်ပါတယ်ဘဘ၊ ဒါပေမယ့် ကျွန်တော်ဟာ သူ ဌေးသားတစ်ယောက်ဆိုတာတော့ ဘဘပြောမှသိရတာပေါ့’

‘ဟေ’

အဘိုးအိုသည် ထန်ချီအားမျက်လုံးပြူး၍ ကြည့်လိုက်လေ သည်။

‘မင်းကို မင်းကို တွမ်ကျူးကဘာမှမပြောမပြဘူးလား’

ထန်ချီပြုံးလိုက်သည်။

'တခြားရာဇဝင်တွေ ပုံပြင်တွေကိုတော့ ဘဘတွမ်က အ တမ်းပြောပြပါတယ်၊ ဒါပေမယ့် ကျွန်တော်ဘယ်သူဘယ်ဝါ တာတော့ တိတိ ကျကျမပြောပြပါဘူး'

အဘိုးအိုသည် သူ၏မုတ်ဆိတ်မွေးငုတ်တိုများကို လက်ဖြင့် နုတ်နေရင်းမှ

'သူက ဘာပုံပြင်တွေပြောပြသလဲ'

'အစုံပါပဲ'

ချီသည် ဘဘတွမ်ပြောပြသော ရှေးရာဇဝင်များအကြော ကို မှတ်မိသရွေ့ပြန်ပြော၏။

နောက်ဆုံး၌ မကြာခင်ကပြောပြခဲ့သော အင်ထရမ်းမြို့စ ကြီး၏ပုံပြင်ကိုပြောပြသောအခါ အဘိုးအိုမှာ မျက်လုံးဝိုင်း နားထောင်နေ၏။

ချီကပြောပြ၍စကားဆုံးသွားသောအခါ အဘိုးအိုသ ခွက်ထိုးခွက်လန်ရယ်မော၍ ချီ၏ပခုံးကိုလှမ်းဖက်ပြီး နမ်းရှု လိုက်သည်။

'ဖြစ်မှဖြစ်ရလေသူလေးရယ်၊ အင်ထရမ်းမြို့စားကြီးရဲ့ကိုယ် တော်တပ်မှူးကြီးအင်ရှုဟုန်က ဓားပြပါဆိုပြီးဖမ်းဆီးခံသွာ တဲ့သူဌေးကြီးထန်စူက မင်းရဲ့အဖေ၊ သူဌေးကတော်က သူ့ ယုံတော်ကို ကလေးအပ်လိုက်တဲ့သူကတွမ်ကျူး၊ အဲဒီကလေ လေးက ထန်ချီဆိုတဲ့မင်းပဲပေါ့ကွ'

'ဗျာ....ကျွန်တော် ကျွန်တော်....'

* * *



ထန်ချီသည် အလွန်အမင်းအံ့ဩနေသည်။

အံ့ဩရာမှ သူ၏မျက်နှာသည် ညှိုးသွား၏။

ထိုအကြောင်းကို ဘဘတွမ်ပြောပြစဉ်က ချီသည်ဝမ်းနည်းမိသေး၏။

ထိုအကြောင်းများသည် ပုံပြင်ဟုသာထင်မိသည်။

မိမိ၏အကြောင်းများဟု လုံးဝမထင်မိခဲ့ပေ။

ချီအနည်းငယ်သံသယဖြစ်ခဲ့သည်မှာ ကိုယ်ရံတော်တပ်မှူးအင်ရှုဟုန်က တောင်ပေါ်တွင် လာရောက်တိုက်ခိုက်စဉ်က ချီသည် ဘဘတွမ်အပေါ်သံသယဝင်ခဲ့၏။

ဘဘတွမ်သည် မိမိအား မည်သည့်အတွက်ကြောင့်ချောက်ထဲသို့ ကန်ချခဲ့သည်ကိုလည်း သဘောပေါက်သွားလေတော့သည်။

ချီ ဝမ်းနည်းစွာဖြင့် မျက်ရည်များစီးကျလာတော့၏။

အဘိုးအိုသည် စိတ်မကောင်းအတော်ဖြစ်သွား၏။

ပြီးမှ ပြုံးကာရယ်ကာဖြင့် ထန်ချီကို ချော့မော့လိုက်၏။

'လူလေး မင်းကဘာဝမ်းနည်းနေသလဲ၊ အခု လူလေးရဲ့ကံကကောင်းလာပြီမဟုတ်လား၊ ဒါထက်ပြောစမ်း တွမ်ကျူးဘယ်မှာလဲ'

ထိုအခါ ချီသည် တွမ်ကျူးကောဝမ်းတုံပါ ကိုယ်ရံတော်တပ်သားများနှင့်တိုက်ခိုက်ပုံ၊ မိမိချောက်ထဲရောက်သွားပုံများနှင့် နောက်ဆုံး ခေါက်ဆွဲဆိုင်သို့ရောက်ခဲ့ရသည်အထိပြောပြလိုက်တော့သည်။

* * *

အဘိုးအိုသည် မျက်စိစုံမှိတ်၍နားထောင်နေ၏။

ချိ၏စကားများဆုံးသွားသောအခါ သူသည် မျက်လုံး ဖွင့်၍ချိကိုကြည့်လိုက်သည်။

'မင်းရဲ့မျက်နှာကို ငါခေါက်ဆွဲဆိုင်မှာ စပြီးမြင်ကတည်း က ဘယ်သူနဲ့တူပါလိမ့်လို့ စဉ်းစားနေခဲ့တာ၊ နောက်ဆုံး ပ… ကောင်တွေနဲ့တိုက်ခိုက်တော့မှပဲ ငါဆက်စပ်တွေးတောလို့ရတော့ တယ်'

ထန်ချီ သည် စဉ်းစားရင်းမှ

'ဒါထက် ဘဘဘယ်သူဘယ်ဝါဆိုတာ ကျွန်တော့်ကိုပြော မပြနိုင်ဘူးလား'

'ငါဘယ်သူဘယ်ဝါဆိုတာသာသိရင် မင်းပိုပြီးတောင်အံ့ဩ ဦးမယ်၊ ငါဘယ်သူဖြစ်နိုင်သလဲ၊ မင်းစဉ်းစားစမ်း'

ချိသည် အတန်ကြာအောင်စဉ်းစားနေသော်လည်း အဖြေ ကပေါ်မလာပေ။

'ကျွန်တော်ဘယ်လိုမှစဉ်းစားလို့မရဘူးဘဘ'

အဘိုးအိုက ပြုံးလိုက်၏။

'မင်းဘယ်စဉ်းစားလို့ရမှာလဲကွာ၊ မင်းကြားရတဲ့ပုံပြင်ထဲမှာ သူဌေးကြီးထန်ဝူရဲ့ လက်ရင်းတပည့် သုံးယောက်ရှိတဲ့အနက် အန်ကူးကသေဆုံးသွားတယ်၊ တန်ကြင်းလိန်နဲ့လင်စိန်ချိုင်းက မြို့စားကြီးရဲ့တပ်သားတွေက ဖမ်းဆီးသွားတယ် မဟုတ်လား'

ချိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဘဘ'



'အေး အမှန်တော့ နှစ်ယောက်စလုံးအဖမ်းခံရတာပဲ၊ ဒါ ပေမယ့် လင်စိန်ချိုင်းက လမ်းခုလတ်မှာ ကိုယ်ရံတော်တပ် သားတွေကိုခုခံတိုက်ခိုက်ပြီး ထွက်ပြေးလွတ်မြောက်သွားတယ် ကွ....'

'ဟင် ဒါဆို ဘဘက'

အေး ငါက လင်စိန်ချိုင်းပဲ'

* * *

ဩော် လက်စသတ်တော့ဘဘချိုင်းကိုး၊ ဒါဖြင့် အခု ကျွန်တော့်အဖေနဲ့တန်ကြင်းလိန်တို့က အကျဉ်းစခန်းထဲမှာပဲ လား'

ဘဘချိုင်းသည် မျက်နှာညှိုးသွားသည်။

'အေးပေါ့ကွာ၊ သူတို့အကျဉ်းစခန်းထဲမှာ ဝဋ်ခံကြရတုန်းပဲ ပေါ့'

ချိသည် အံ့ကြိတ်လိုက်သည်။

'ကျွန်တော်လုံးဝမကျေနပ်ဘူးဘဘချိုင်း၊ အခုဆိုရင်ဘဘ တွမ်နဲ့ ဦးဦးဝမ်းတုံလဲ အကျဉ်းစခန်းထဲ ရောက်နေမှာပဲနဲ့တူ တယ်'

လင်စိန်ချိုင်းက မျက်မှောင်ကြုတ်စဉ်းစားလိုက်သည်။

'ဝမ်းတုံဆိုတာဘယ်သူလဲ'

'ဟင် ဦးဦးဝမ်းတုံကို ဘဘချိုင်းမသိဘူးလား'

'ဒီနာမည်မကြားဖူးဘူးကွ'

'ဦးဦးဝမ်းတုဟာ ဒီတာချင်မြို့မှာနေတယ်လို့သိရတယ်ကျ
တော်တို့စားသောက်ဖို့ နှစ်လတစ်ခါ ခြောက်လတစ်ခါဆိုသ
ရိက္ခာတွေလာလာပို့ပေးတယ်'

'ဩော် တွမ်ကျူးရဲ့ဘူတစ်ယောက်တော့ရှိတယ်လို့ ကြာ
ဖူးတယ် အင်းလေ သူပဲဖြစ်ရမှာပေါ့ ခုတော့တွမ်ကျူးနဲ့အ
အဆက်ပါသွားတာနဲ့တူတယ်'

'ကျွန်တော် မြို့စားကြီးကို ရင်ဆိုင်ချင်တယ် ဘဘချိုင
အမှန်တရားကို ဖော်ထုတ်ချင်တယ်'

လင်စိန်ချိုင်းက ချီကိုမျက်လုံးပြူး၍ ကြည့်လိုက်လေသည်

'အချိန်အခါလိုပါသေးတယ် လူလေးရယ်၊ နောက်
လူလေးကလဲပညာစုံသေးတာမဟုတ်ဘူး၊ မင်းအခု ဘယ်နှစ်
လဲ'

'ဆယ့်လေးနှစ်ကျော်ပြီ၊ ဆယ်လပိုင်းဆိုရင် ဆယ်ငါးနှစ

'အေး နောက်ထပ်လေးငါးခြောက်နှစ်တော့ အောင့်အ
စောင့်လိုက်ပါဦး သိုင်းပညာ ဆက်လုက်သင်ကြားဦးပေါ့ကွ

'ဘဘချိုင်း သင်ပေးမှာမဟုတ်လား'

လင်စိန်ချိုင်းကခေါင်းခါယမ်းလိုက်လေသည်။

'ဘဘပညာနဲ့မလုံလောက်ပါဘူး မင်းကို ဘဘရဲ့ဆရာကြ
ဆီရောက်အောင် ပို့ပေးမှဖြစ်မှာပါ'

'ဘဘချိုင်းရဲ့ဆရာကြီးကဘယ်မှာလဲ'

'မင်း မကြာခင်သိရမှာပါ'

* * *

## ပညာတော်သင်

လင်စိန်ချိုင်းခြေရင်းမှဇရပ်ပျက်သည် လူသွားလူလာ အလွန်
ခေါင်ပြီး လုံခြုံလှသောနေရာတစ်ခုဖြစ်ပေသည်။

အကယ်၍သာ တာချင်မြို့သို့သွားချင်ပါက တောလမ်းခရီး
ကိုဖြတ်၍ နေ့ဝက်သာသာလောက်သွားမှ ရောက်ရှိနိုင်ပေ၏။

ယခု သူတို့နှစ်ယောက်စလုံးသည် တာချင်မြို့ကိုသွား၍မဖြစ်
တော့ပါ။

ယခုအခါ ကိုယ်ရံတော်တပ်သားများသည် အရက်ဆိုင်အ
လုပ်သမားလေးချီနှင့် အရက်သမားအဘိုးအိုကို ပိုက်စိပ်တိုက်
ရှာဖွေနေတော့မည်မှာ မုလွဲပေ။

ဘဘလင်စိန်ချိုင်းသည် အေးဆေးစွာပင်လဲလျောင်းနေ၏။

ချီသည် ဘဘလင်စိန်ချိုင်းကို ကြည့်သည့်အခါတိုင်း အေး
အေးဆေးဆေးနိုင်လှသည် မတုန်မလှုပ်နေတတ်၏။

သူ့မျက်နှာတွင် သောကအရိပ်အယောင်လုံးဝမဖြစ်။

တစ်ခါတစ်ရံ ညှိုးနွမ်းနေမှုတော့ရှိတတ်သည်။

ယခု ဤဇရပ်ပျက်သို့ရောက်ရှိနေသည်မှာ သုံးရက်သုံးည ပြီဖြစ်သည်။

ပထမ နှစ်ရက်တွင်သာ စားစရာကလေးများ အနည်းအကျဉ်း စားသောက်ရပြီး ယနေ့တစ်ညလုံး မည်သည့်အစားအသောက်မှ မစားရပါ။

ဝမ်းထဲတွင် ဟာနေသော်လည်း ချီက ခံနိုင်ရည်ရှိသည်။ ဘဘချိုင်းအတွက်သာ စိတ်မကောင်းဖြစ်မိ၏။

ဘဘချိုင်းသည် အရက်ကိုအလွန်ကြိုက်တတ်သူ ဖြစ်သည်။ ယခု ဘဘချိုင်းအရက်မသောက်ရပါ။

အိပ်ရာထဲတွင် ခွေခွေလဲနေ၏။

ငွေသာရှိလျှင် ဘဘချိုင်းသည်အရက်ကို မရရအောင်သွားဝယ်လိမ့်မည်ဟု ချီကထင်ထားမိသည်။

ချီသည် တစ်စုံတစ်ခုကိုသတိရသွားသည်။

ထို့ကြောင့် သူကဘဘချိုင်းအနီးတွင် သွားရောက်ထိုင်လိုက်လေသည်။

* * *

'ဘာပြောစရာရှိလို့လဲလူလေး'

ဘဘချိုင်းကမျက်လုံးဖွင့်ကြည့်၍ မေးလိုက်သည်။

'ဘဘနေမကောင်းဘူးလား'

ချီက အကဲခတ်ရင်းမေးသည်။



ဘဘချိုင်းသည် ချီကိုကြည့်၍ပြုံးလိုက်ပြီး အိပ်နေရာမှလျှင်မြန်ဖျတ်လတ်စွာ လူးလဲထလိုက်သည်။

'ဘဘဘာမှမဖြစ်ပါဘူးလူလေးရဲ့ လူလေးရဲ့ရှေ့ရေးအတွက် ဘဘစဉ်းစားနေတာပါ'

'ဗျာ ကျွန်တော့်အတွက် ဟုတ်လား'

'ဟုတ်တာပေါ့လူလေးရယ်၊ တွမ်ကျူးမရှိလို့ လူလေးဘာမှ အားမငယ်နဲ့ လူလေးရဲ့ရှေ့ရေးအတွက် ဘဘအားလုံးတာဝန်ယူတယ်၊ လူလေးခရီးသွားဖို့ မြင်းတစ်ကောင်တော့လိုအပ်နေလိမ့်မယ်၊ အဲဒါကိုဘဘစဉ်းစားနေတာ'

'ဘာလဲဘဘ ဝယ်ခြမ်းစရာ ငွေမရှိလို့လား၊ နောက်ပြီး မြင်းကတစ်ကောင်တည်းပဲ ဝယ်မှာလား'

'မြင်းက မင်းအတွက် တစ်ကောင်တည်းလိုချင်တယ်၊ ဘဘလိုက်လို့မဖြစ်ဘူး၊ ဘဘ ဒီမှာ လုပ်စရာတွေ ရှိသေးတယ်ကွယ့်၊ ဒီကောင်တွေကို တရားသဖြင့် ပြန်လည်တုံ့ပြန်နိုင်ဖို့ ဘဘ နည်းလမ်း ရှာရဦးမယ်'

'မြင်းဝယ်ဖို့ ဘဘ ငွေလိုသလား'

'အမှန်ဆိုရင် ဘဘမှာ ငွေမရှိတာတော့အမှန်ပဲ၊ ဘဘ မိတ်ဆွေတွေ အများကြီးရှိတာပဲ၊ ဒါပေမယ့် ဘဘ ဘယ်တော့မှ ငွေရေးကြေးရေး အကူအညီမတောင်းခဲ့ဘူး၊နောက်ပြီးလုယက်တိုက်ခိုက်ဖို့လဲ စိတ်မကူးခဲ့ဘူး'

ချီက အနည်းငယ်ပြုံး၍ သူ့အိတ်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ထားသော ရတနာအထုပ်ကို ပေးလိုက်လေသည်။

'ကျွန်တော် ဘဘတွမ် အခန်းထဲက ယူလာခဲ့တာပဲ၊ ကျွ
တော် မယူလာရင်လဲ ဒီပစ္စည်း အလဟဿဖြစ်သွားမှာပဲ'

လင်စိန်ချိုင်းသည် ရတနာများကို ကြည့်လိုက်သည်။

'မင်း မှန်ပါတယ်၊ ဒါတွေဟာ မင်း မိခင်ရဲ့ ပစ္စည်းတွေမို
မင်း ပိုင်ဆိုင်သင့်တာပေါ့'

ချီသည် ထိုစကားကြားရ၍ ကျေနပ်သွားသည်။

'ဘဘလိုအပ်သလိုသုံးပါ၊ နောက်ပြီး ဘဘ ကြိုက်နှစ်သက်
တဲ့ အရက်ကိုလဲ အမြဲတမ်းဝယ်ထားပါ'

လင်စိန်ချိုင်းသည် ချီကိုကြည့်၍ ပီတိဖြစ်သွားသည်။

သူသည် ချီ၏ပခုံးကို လှမ်းဖက်လိုက်သည်။

'မင်းဟာ အင်မတန် တတ်သိ နားလည်တဲ့ ကလေး တ
ယောက်ပဲ၊ ဘဘဘာခြားလိုအပ်တာကိုပဲသုံးမှာပေါ့၊မင်းရဲ့ပစ္စည်း
ကို ဘဘ အရက်မသောက်ပစ်ပါဘူး'

'ဒါဆို ဘဘ ကျွန်တော့်ကို မချစ်လို့ဘဲ၊ ဒီပစ္စည်းကို ဘဘ
လိုအပ်သလိုသုံးဖို့ ကျွန်တော်ပေးလိုက်ပြီ၊ ဘဘ သဘောပေ

လင်စိန်ချိုင်းသည် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်လေ
သည်။

* * *



ဘဘချိုင်း ဇရပ်အောက်သို့ ဆင်းသွားသည်။

ဇရပ်အောက်တွင် ဘဘချိုင်းသည် သူ၏ပစ္စည်းထည့်ထားသော အိတ်ကိုသိမ်းထားသည်။

ဘဘချိုင်းသည် အချိန်အတော်ကြာသည်အထိ ပြန်မတက်လာသဖြင့် ချီက ဇရပ်အောက်သို့ ဆင်းသွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် လူတစ်ယောက် ဇရပ်ပေါ်သို့ ပြေးတက်လာသည်။

လက်ထဲတွင် အထုပ်တစ်ထုပ် ပါလာသည်။

ချီနှင့် လှေကားရင်း၌ ဆုံတွေ့လိုက်သည်။

ချီသည် လူစိမ်းကို မျက်တောင်မခတ် စူးစိုက်ကြည့်နေမိ၏။

ထိုလူစိမ်းကလည်း ချီကို ခပ်စိန်းစိန်း ကြည့်ရာမှ ပြုံးပြလိုက်သည်။

'ခင်ဗျား ဘယ်သူလဲ'

ချီက မေးလိုက်သည်။

'ကျုပ်က လူတစ်ယောက်ပဲလေ'

လူစိမ်းက မထိလေးစား ပြန်ဖြေလိုက်သည်။

ချီသည် လူစိမ်းကို မျက်မှောင်ကြုတ်၍ကြည့်ရင်းမှ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

'ခင်ဗျားဘယ်သူလဲ၊ ဘယ်သူ့ကို တွေ့ချင်တာလဲ'

ချီက မေးခွန်းများကိုမေးရင်း အဆင်မသင့်လျှင် တိုက်ခိုက်နိုင်ရန် ခန္ဓာကိုယ်ကို အဆင်သင့်အနေအထား ပြင်လိုက်သည်။

လူစိမ်းသည် ချီ၏အမူအရာကို ကြည့်နေ၏။

သူ့ရှေ့မှသူငယ်သည် အမြဲတမ်း သတိရှိနေသည်ကို သိလိုက်သည်။

'ငါဘယ်သူဖြစ်ဖြစ် မင်းဖမ်းစရာမလိုဘူး၊ ဒီဇရပ်ဟာ ငါပိုင်တဲ့အတွက် မင်းတို့ကိုနှင်ထုတ်ဖို့လာတာ'

ချီသည် ဇရပ်အောက်သို့ မျက်လုံးဝေ့ကြည့်လိုက်သည်။

ဘဘချိုင်း ဘယ်ထွက်သွားသည်ကို ချီ စဉ်းစား၍မရပေ။

'ဒီဇရပ်ပျက်ဟာ ဘယ်သူနေနေ ရတာပဲ၊ ကျွန်တော်တို့က ဘာဖြစ်လို့ထွက်သွားခဲ့မှာလဲ'

လူစိမ်းသည် ဒေါသထွက်လာတော့သည်။

'အံမယ် မင်းက ကြီးကြီးကျယ်ကျယ်တွေ ပြောနေလိုက်တာကွာ'

လူစိမ်းသည် သူ၏လက်ထဲမှ အထုပ်ဖြင့်လှမ်းရိုက်လေသည်။ ချီက သွက်လက်စွာ ရှောင်တိမ်းလိုက်သည်။

'မင်းက ဘယ်ဆိုးလို့တုန်း'

လူစိမ်းသည် မိမိ၏ရိုက်ချက် မမိသဖြင့် အနည်းငယ်ဒေါသထွက်လာကာ ချီကို သူ၏လက်ထဲမှ အထုပ်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ချီသည် ဘဘတွမ်သင်ကြားပေးသော လက်နက်မဲ့ တိုက်ကွက်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်လေသည်။

ချီ၏ သွက်လက်ဖျတ်လတ်ပုံ၊ အားမာန်အပြည့်ဖြင့်ပြန်လည်တိုက်ခိုက်ပုံကို လူစိမ်းသည် မနည်းသတိထား၍ ရှောင်နေရ၏။

လူစိမ်းသည် သူ၏တိုက်ကွက်ကို တဖြည်းဖြည်းမြှင့်လိုက်ပြီး လက်ထဲမှ အထုပ်ကလေးဖြင့် တရစပ် တိုက်ခိုက်တော့သည်၊



တစ်ချီတွင် လူစိမ်း၏အထုပ်သည် ချီ၏ခေါင်းကို ရိုက်မိသွားတော့သည်။

ချီမှာ ရင်ထဲ၌ စိုးရိမ်သွားမိသည်။

သူ၏ဦးခေါင်း ကွဲပြဲသွားသည်ဟု ထင်လိုက်ရ၏။

သို့သော် အထုပ်မှာ အဝတ်ထည့်ထားသော အထုပ်ဖြစ်ဟန်တူပေသည်။

ခေါင်းကိုရိုက်မိသော်လည်း ခေါင်းအုံးတစ်လုံးနှင့် ရိုက်သကဲ့သို့ ယိမ်းယိုင်သွားသည်မှအပ သိပ်ပြီးနာကျင်မှုမရှိပါပေ။

သို့သော် သူ၏ယိမ်းယိုင်သွားမှုသည် လူစိမ်း၏ အခွင့်အရေးပင် ဖြစ်သွားတော့၏။

လူစိမ်း၏ သန်မာလှသောလက်တစ်ဖက်သည် ချီ၏လည်ကုတ်ကို ဖမ်းကိုင်၍ ဇရပ်ပျက်ပေါ်သို့ ဆွဲခေါ်သွားသည်။

ဇရပ်ပေါ်သို့ရောက်သည်နှင့် ချီကိုလွှတ်ပေးလိုက်ပြီး

'မဆိုးဘူးလူလေး၊ မင်းပညာ ငါထင်ထားတာထက်တောင် ကောင်းနေသေးတယ်'

ထိုစကားသံကို ကြားလိုက်ရသောချီမှာ မျက်လုံးများဝိုင်းစက်သွားလေတော့၏။

* * *

ဘဘချိုင်း။

မှန်ပေသည်။

ဘဘချိုင်းပင်ဖြစ်ပါသည်။

ယခု ဘဘချိုင်းသည် မျက်နှာလည်းနီမြန်း၍မနေတော့ပါ။ မျက်နှာကို ဖုံးအုပ်လုမတတ် ရှုပ်ပွစွာကျနေသောခေါင်းမွှေး ဆံပင်များလည်း ယခုအခါ သပ်သပ်ရပ်ရပ်ဖြင့် စည်းနှောင် ထားသည်။

ပွရောင်းနေသည့် နီရဲသောနှာခေါင်းသည် မရှိတော့ပါ။ လူတစ်ယောက်၏ သာမန်နှာခေါင်းအတိုင်းပင် ဖြစ်နေပေသည်။ အဝတ်အစားကိုသပ်ရပ်စွာဝတ်ဆင်ထားသော ဘဘချိုင်းသည် သူထင်ထားသကဲ့သို့ အဘိုးအိုတစ်ယောက် မဟုတ်ပါ။ ဘဘတွမ်ကဲ့သို့ပင် အသက်ငါးဆယ် ဝန်းကျင် ရှိဦးမည့်လူတစ်ယောက်ဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ရ၏။

ချီသည် အံ့သြစွာ ရယ်မောပြီးမှ

'ကျွန်တော်တော့ မယုံကြည်နိုင်အောင် အံ့သြမိတော့တာပဲ ဘဘချိုင်းရယ်'

ချီက သူ၏အံ့သြမှုကို ဖုံးကွယ်မထားနိုင်တော့ဘဲ ပြောလိုက်၏။

ဘဘချိုင်းက ရယ်သည်။

'မင်း မစဉ်းစားမိလို့ပါ၊ အင်ထရမ်း မြို့စားကြီးကဒေါ်းပြပါ ဆိုပြီး သိုက်လံဖမ်းဆီးခြင်းခံနေရတဲ့ လင်စိန်ချိုင်းဆိုတဲ့လူဟာ ဒီကိုယ်ရံတော်တပ်သားတွေရှေ့မှာပကတိရုပ်နဲ့နေရဲပါ့မလားကွ'

'ဟုတ်သားပဲ၊ အခုမှ ကျွန်တော်စဉ်းစားမိတယ်၊ ဒါပေမယ့် ဘဘရဲ့မျက်နှာက ဘယ်လိုမှအတုလုပ်ထားတယ်လို့ ထင်လို့မရအောင် ဖြစ်နေတော့ အံ့သြစရာပဲ၊ နောက်ပြီးစောစော ဘဘပြောတဲ့အသံကလဲ အခုလိုအသံမျိုးမှမဟုတ်ဘဲ'



ဘဘချိုင်းက ရယ်လိုက်၏။

'ဘဘ အခုရုပ်ဖျက်ထားတာ အသေးအမွှားပဲ ရှိသေးတယ်၊ ဘဘအဘွားအိုတစ်ယောက်လို ရုပ်ဖျက်စဉ်တုန်းက တွမ်ကျူးဆိုတာ သူ့အမေနဲ့တူလှပါတယ်ဆိုပြီး ထိုင်ထိုင်ပြီးရှိခိုးလိုက်တာ ဟား....ဟား ...ဟား'

ဘဘချိုင်းက တစ်ချိန်ကအဖြစ်အပျက်ကိုပြောပြ၍ သဘောကျစွာ ရယ်မောလိုက်သည်။

ချီသည် ဘဘချိုင်းကို အလွန်အမင်း သဘောကျသွား၏။

'ကျွန်တော် ဘဘချိုင်းလိုပဲ ပညာတွေတတ်ချင်လိုက်တာ'

'မင်း ဘာမှမပူနဲ့၊ ဒီပညာတွေဟာ ငါ့ဆရာကသင်ပေးတာပဲ မင်း အဲဒီမှာ လေးငါးနှစ်လောက်သင်ခွင့်ရမယ်ဆိုရင် ငါ့ထက်တောင်သာသွားဦးမယ်'

ချီက မျက်မှောင်ကြုတ်လိုက်သည်။

'သင်ခွင့်ရရင်ဆိုတော့ အကယ်၍ သင်ခွင့်မရရင် မသင်ရဘူးပေါ့-ဟုတ်လား'

လင်စိန်ချိုင်းက ခေါင်းကို ခပ်ဖြည်းဖြည်းညိတ်လိုက်၏။

'ငါ့ဆရာကြီးက လူတစ်မျိုးပဲကွ၊ သူ့စိတ်ထဲမှာ မင်းကို အင်မတန်နှစ်သက်ရင်တော့ သင်ပေးမှာအမှန်ပဲ၊ အဲ—မင်းအပေါ် အလိုမကျဘူးဆိုရင်တော့ လုံးလုံးလှည့်မကြည့်ဘဲ သူက တရားထိုင်တဲ့ဂူထဲကကို ထွက်မှာ မဟုတ်တော့ဘူး၊ အဲ—သူနှစ်သက်ဖို့ မင်းမှာ အရည်အချင်းတွေရှိရမယ်'

'ဘယ်လိုအရည်အချင်းမျိုးလဲဘဘ'

'မင်း သေသေ ချာချာမှတ်ထား၊ ခံနိုင်ရည်ရှိရမယ်၊ ဇွဲရှိရမယ် စိတ်ပျက်မလွယ်ရဘူး၊ အနစ်နာခံရမယ်၊ ပါးစပ်ပိတ်ထားရမယ်၊ ပါးစပ်ပိတ်ထားရမယ်ဆိုတာက မလိုအပ်တဲ့စကားမှန်သမျှ တစ် လုံးမှမပြောရဘူး ကြားလား'

ချီက ခေါင်းညိတ်သည်။

'ဟုတ်ကဲ့'

'အဲ နောက်တစ်ခုက မင်းနဲ့ဆိုရင်တော့ အဆင်ပြေနိုင်ပါ တယ် မှန်တာကိုရင်ထဲမထားဘဲ တည့်တိုးပြောတတ်တဲ့လူကို သူ ကသဘောကျတတ်တယ်'

'ဟာ ဒီလောက်တော့ ကျွန်တော်စွမ်းဆောင်နိုင်ပါတယ်'

အေး စွမ်းဆောင်နိုင်ပါစေလို့ ဘဘ ဆုတောင်းပါတယ် အခု ဘဘတို့ရုပ်ဖျက်ပြီး တာချင်မြို့ထဲကိုသွားရမယ် ဒီပုံစံအတိုင်း သွားရင် ငါလဲလင်စိန်ချိုင်းအဖြစ်နဲ့ အဖမ်းခံရမယ်၊ မင်းလဲအ ဖမ်းခံရမှာသေချာတယ်'

ချီကစဉ်းစား၍

'ဘဘကတော့ဟုတ်ပါပြီ ကျွန်တော်က ရုပ်ဖျက်လို့လွယ်ပါ့ မလား'

လင်စိန်ချိုင်းက ရယ်လိုက်လေသည်။

'မင်းက အသာတောင်လွယ်သေးတယ်၊ အဲ တစ်ခုတော့ တယ် အသံမဖျက်တတ်ရင် စကားသိပ်မပြောနဲ့ ဒါပဲ ဒါပေမယ့် ဘဘကအသံဖျက်ပြောတဲ့နည်းလေးတော့ သင်ပေးပါ့မယ် ဒါက အရေးမကြီးပါဘူး မြင်းဝယ်ဖို့ နည်းနည်းအခက်အခဲတွေလို မယ်တဲ့တူတယ်'



'ဘာဖြစ်လို့လဲ ဘဘ'

'ဘာဖြစ်လို့လဲဆိုတော့ အာကာသားတွေဟာ တရုတ်ခံတစ် ယောက်ယောက်ကို ရှာဖွေတဲ့အခါ မြင်းဝယ်ပြီးပြေးမှာစိုးလို့ မြင်းရောင်းတဲ့နေရာတွေမှာ သူတို့ကစုံစမ်းနေတတ်ကြတယ်'

'ဟာ ဒါဆိုမပူပါနဲ့ မြင်းကိစ္စ ကျွန်တော့်ဟာကျွန်တော်စီ စဉ်ပါ့မယ်'

ချီကပြောလိုက်သောအခါ လင်စိန့်ချိုင်းသည် မြင်းအတွက် စိတ်အေးသွားတော့သည်။

'ဒါဆိုအတော်ပဲ မင်းအတွက်သုံးစွဲဖို့ငွေရအောင် ဒီပစ္စည်း အချို့ကို ထုခွဲရောင်းချမယ်၊ နောက်လမ်းမှာ စားသောက်ဖို့ ဝယ်ခြမ်းပြီး မင်းခရီးဆက်ပေတော့'

ဘဘချိုင်းသည် ပြောပြီးသည်နှင့် တာချင်မြို့သို့ရုပ်ဖျက်ဝင် ရန် အစီအစဉ်ပြုလုပ်လေတော့သည်။

* * *

တာချင်မြို့။

ထုံးစံအတိုင်း စည်စည် ကားကားပင်ရှိလှသည်။

ပို့ကျူလင်သည် ကုတ်ဟီး၏စားသောက်စရာဆိုင်ထဲသို့ လှမ်း ဝင်လိုက်လေသည်။

ပို့ကျူလင်အားမြင်တွေ့လိုက်ရသော ကုတ်ဟီးသည် ဘီလူး သရဲတစ်ကောင်လိုတွေ့လိုက်ရသည့်အလား မျက်နှာကိုရှုံ့မဲ့လိုက် လေသည်။

သူသည် ခါတိုင်းကဲ့သို့ သမားတော်ကြီး၏သမီးကို ပျူပျ
ငှာငှာနှုတ်မဆက်တော့ပေ။

'ဩော် နင်ရောက်လာပြန်ပြီလား၊ ဒီမှာကြည့်စမ်းပါဦး နှ
မိတ်ဆွေကောင်းကျီးလေးသွားလို့ ပစ္စည်းတွေအားလုံးအသစ်
လှယ်ထားရတယ်၊ လေးငါးနှစ်လောက်ရောင်းထားတဲ့အမြတ်
စွန်းဟာတစ်ခါတည်းနဲ့ကိစ္စချောကုန်တာပဲ'

ပို့ကျူလင်က ပြုံး၍နားထောင်နေသည်။

'ဒါတော့ ကျွန်မဘာယ်တတ်နိုင်မလဲ၊ တမင်တကာဖန်တီးတဲ့
ကိစ္စကစ်ခုမှမဟုတ်ဘဲရှင်'

ကုတ်ဟီးသည် မျက်နှာကိုတစ်ဖက်သို့လှည့်ထားရာ ပို့ကျူ
လင်ကိုပြန်ကြည့်လိုက်သည်။

'အခုကော ဘာကိစ္စလာတာလဲ'

'ကျွန်မသူငယ်ချင်းနဲ့ကိုယ်ရံတော်တပ်သားတွေ နောက်ထ
ဘာဖြစ်ကြတယ်ဆိုတာ သိချင်လို့ပါ'

'ဘာဖြစ်ရမှာလဲ သူ့ကို ကိုယ်ရံတော်တပ်သားတွေက သတ်
မလို့လာတာပေါ့၊ ဒါပေမယ့် သူ့ပထွေးအရက်သမားက ထ
ကယ်သွားတယ်လေ၊ ဒါပေမယ့်မကြာပါဘူး၊ သူတို့ကိုဖမ်းမိ
တော့မှာပါ၊ အာဏာသားတွေက ပိုက်စိပ်တိုက်ရှာနေကြတာ
သုံးလေးရက်ရှိပြီ'

ပို့ကျူလင်သည် မသိမသာသက်ပြင်းကလေးချမိလိုက်သည်
ချီနှင့် အရက်သမားကြီးအတွက် ပို့ကျူလင်စိုးရိမ်နေမိ၏
မိမျှားမိသွားလျှင် ချီနှင့် အရက်သမားကြီးကို သူတို့ကသတ်
ပစ်မှာပဲဟု ပို့ကျူလင်တွေးတောမိလေသည်။



သူမသည် စိတ်ပျက်စွာဖြင့် ကုတ်ဟီးအား နှုတ်ဆက်ပြီး
တာချင်မြို့၏လမ်းမကြီးအတိုင်း လျှောက်လာခဲ့လေသည်။

လမ်းမပေါ်တွင် ကိုယ်ရံတော်တပ်သားအချို့နှင့် အာဏာ
သားတို့ကို မြင်ရသောအခါ ပို့ကျူလင်သည် ဒေါသဖြစ်မိလေ
သည်။

ခေါက်ဆွဲဆိုင်၌ဖြစ်သည့်ကိစ္စနှင့်ပတ်သက်၍ ကိုယ်ရံတော်
တပ်မှူးကလေး ကီဖန်းသည် ပို့ကျူလင်၏ဖခင် သမားတော်
ကြီးထံသို့ရောက်ရှိကာ အကျိုးအကြောင်းတိုင်တန်းသည်။

ထိုအခါ သမားတော်ကြီးသည် သမီးဖြစ်သူကို ဆူပူကြိမ်း
မောင်း၍ နောက်နောင် အပြင်မထွက်ရဟု တားမြစ်ထား၏။

ယခု ပို့ကျူလင်က သမားတော်ကြီးအား အခြားမြို့တစ်မြို့
မှ လာရောက်ပင့်ခေါ်သွားသဖြင့် ပို့ကျူလင် အပြင်သို့ ထွက်
လာရခြင်း ဖြစ်လေသည်။

ပို့ကျူလင်သည် အာဏာသား အချို့ကို မကျေမနပ်ဖြင့်
ကြည့်ရင်း ဆက်လက်လျှောက်လာသည်။

ထိုစဉ် လုံးဝ မျက်နှာချင်း မဆိုင်ချင်သည့် တပ်မှူးလေး
ကီဖန်းကို ရင်ဆိုင်တိုးရပြန်လေသည်။

ကီဖန်းသည် ပို့ကျူလင်ရှေ့၌ကာဆီး၍ ရပ်တန့်လိုက်သည်။

'နင် ဘယ်ကလာတာလဲ'

ကီဖန်း၏အမေးကို ပို့ကျူလင် ရုတ်တရက် မည်ကဲ့သို့ ပြန်
ဖြေရမည်မှန်းမသိ ဖြစ်သွားလေသည်။

'ကျွန်မ ဘယ်ကလာလာ ရှင်နဲ့ဘာဆိုင်လို့လဲ'

ပို့ကျူလင်က ဘုဆတ်ဆတ်ပင် ပြန်လည်၍ အဖြေပေးလို့
သည်။

'နင် စကားကောင်းကောင်းပြောပါ၊ သမ္မားတော်ကြီး
မျက်နှာကိုထောက်ပြီး ငါအရေးမယူဘဲနေတာ၊ နင် ပေါ
သင်းနေတဲ့ စားပွဲထိုးနဲ့ အရက်သမ္မားကြီးဟာ လူကောင်းတွေ
မဟုတ်ဖူး'

'လူကောင်းတွေမဟုတ်ရအောင် သူတို့က ရှင့်ကို ဘာလုပ်
နေလို့လဲ'

ပို့ကျူလင် ပြန်လည်၍ ရန်တွေ့လေသည်။

'တို့လိုကိုယ်ရံတော် တပ်သားတွေကိုတောင် အံ့တုတယ်ဆို
တော့ ဒီကောင်တွေက လူဆိုးဓားပြတွေပဲ ဖြစ်ရမှာပေါ့၊ အခု
ဘယ်မှာသတင်းရသလဲ နင်မှန်မှန်ပြောပါ'

ပို့ကျူလင် မဲ့ပြုံးပြုံးလိုက်လေသည်။

'ရှင်တို့ဟာ တော်တော်ရယ်စရာကောင်းတဲ့လူတွေ၊ သူတစ်
ပါးကို အနိုင်ကျင့်တယ်၊ မခံနိုင်လို့ပြန်လုပ်တော့ သူခိုးဓားပြ
တွေလို့ပြောတယ်၊ တော်တော်အရှက်မရှိတဲ့ မျက်နှာတွေ'

ကီဖန်းမှာ မျက်နှာတစ်ခုလုံး နီမြန်းသွားလေသည်။

'နင် တော်တော် မိုက်ရိုင်းပါလား'

ကီဖန်းသည် ပို့ကျူလင်အား တစ်စုံတစ်ခု ပြုလုပ်ရန် ဟန်
ပြင်လိုက်သည်။

ထိုစဉ် ပို့ကျူလင် အနားသို့ အမျိုးသမီးကလေး တစ်ဦး
ရောက်ရှိလာ၏။



'မမနဲ့တွေ့တာအတော်ပဲ၊ သမားတော်ကြီးက အမြန်ဆုံး
လာဖို့ ခေါ်ခိုင်းလိုက်တယ်'

လယ်သူမ ဝတ်စုံကို ဝတ်ဆင်ထားပြီး ခမောက်ကလေး
ဆောင်းထားသော အမျိုးသမီးက ပို့ကျူလင်၏ လက်ကို
အရေးတကြီးဆွဲ၍ပြောလိုက်သည်။

ပို့ကျူလင်မှာ အမျိုးသမီး ဘယ်သူဘယ်ဝါဆိုသည်ကိုမသိ
သော်လည်း ကီဖန်းနှင့်ဆက်လက် စကားမပြောချင်တော့သည်
နှင့် အတော်ပဲဖြစ်သွားသည်။

'ဖေဖေခေါ်တယ် ဟုတ်လား၊ ဒါဆို မြန်မြန်သွားမှ'

ပို့ကျူလင်သည် ပါးစပ်မှ ပြောပြီး ကီဖန်းကို လှည့်ပင်
မကြည့်တော့ဘဲ လာခေါ်သောအမျိုးသမီးလက်ကိုဆွဲကာ ခပ်
သုတ်သုတ်ကလေး ထွက်သွားတော့သည်။

ခမောက်ဆောင်းထားသော အမျိုးသမီးကလေးက ကီဖန်း
ကို လှည့်ကြည့်ကာ မျက်နှာ မချိမချဉ် ပြုလုပ်သွားလေသည်။

* * *

သူမ၏ဖခင်သည် တခြားမြို့တစ်မြို့သို့ ခရီးသွားနေ၏။ ယခုခေါ်ခိုင်းသည်ဆိုခြင်းမှာ မဖြစ်နိုင်ပေ။

ပို့ကျူလင်က သူ့ဘေးမှ အမျိုးသမီးကို ဖျတ်ခနဲလှမ်းကြည့်လိုက်၏။

'ဖေဖေအိမ်မှာ မရှိပါဘူး၊ နင်ဘယ်သူလဲ'

အမျိုးသမီးလေးက ပြုံး၍

'ကီဖန်းနဲ့ စကားများနေမှာစိုးလို့ပါ'

'ဩော် ကျေးဇူးတင်ပါတယ်၊ ဒါထက် နင် ဘယ်ကလဲ'

'သိချင်ရင် ပြောပြမှာပေါ့'

ခမောက်နှင့် အမျိုးသမီးသည် စားစရာဆိုင်တစ်ဆိုင်ထဲသို့ ပို့ကျူလင်အား ခေါ်ဆောင်သွား၏။

ဆိုင်ထဲတွင် စားသောက်သူအချို့ရှိနေသော်လည်း သူမတို့နှစ်ဦးကို ဘယ်သူမှ ဂရုမစိုက်ပါပေ။

'ငါဘယ်သူလဲဆိုတာ သေသေချာချာကြည့်စမ်းပါဦး ပို့ကျူလင်ရဲ့'

ထိုစကားအသံကြောင့် ပို့ကျူလင်သည် မျက်နှာကိုသေချာချာကြည့်လိုက်၏။

ထိုနောက် ဆောင်းထားသောခမောက်ကို အသာမ၍ကြည့်လိုက်သောအခါ ပို့ကျူလင်၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားတော့သည်။



'ဟင်…ချီ'

ပို့ကျူလင် တိုးတိုးကလေးရေရွတ်လိုက်၏။

* *

'ပို့ကျူလင် ငါ့ကိုတစ်ခုအကူအညီပေးစမ်းပါ'

'ဘာကူညီရမလဲပြော'

'ငါမြင်းတစ်ကောင်လိုချင်တယ်၊ ငါတို့သွားဝယ်ရင် သူတို့ရိပ်စားမိသွားမှာစိုးလို့၊ နင့်အနေနဲ့သွားဝယ်ပေးပါလား'

ပို့ကျူလင် ခေါင်းခါယမ်းလိုက်၏။

'ဝယ်စရာမလိုပါဘူး၊ ငါ့အိမ်ကမြင်းကိုပေးလိုက်မယ်၊ ဒါထက် နင်ကဘယ်ကိုသွားမှာလဲ'

'သွားရမယ့်ခရီးကတော့ အတိအကျမသိသေးဘူး၊ ဒါပေမယ့် ငါ့ဘဝရှေ့ရေးအတွက် ပညာရှာဖို့ဆိုရင်တော့မမှားဘူး'

သူမ၏မျက်နှာမှာ အနည်းငယ်ညှိုးသွား၏။

'ကောင်းပါတယ်၊ ဒါပေမယ့် နင်ငါတို့ကိုအမြဲတမ်းအဆက်အသွယ်လုပ်နော်၊ အကူအညီလိုရင်လဲပြောပေါ့ ဟုတ်လား'

ချီက ကျေနပ်စွာပြုံး၍

'အေးပါဟာ၊ နင်တို့ကိုငါတစ်သက်လုံးမမေ့ပါဘူး'

မိန်းကလေးနှစ်ယောက်က စားရင်းသောက်ရင်းစကားပြော
နေသည်ကို မည်သူတစ်ဦးတစ်ယောက်မှ သံသယမရှိပေ။
ချီသည် လယ်ယာလုပ်ကိုင်စားသည့် မိန်းကလေးတစ်ဦး၏
ပုံသဏ္ဌာန်ဖန်တီးထားသောကြောင့် နည်းနည်းမှသံသယဝင်စရာ
မရှိပေ။

'နေပါဦး၊ နင့်ကိုငါအံ့သြလွန်းလို့၊ နင့်ရဲ့အပြောင်းအလဲ
မညာက တကယ်ပီရိပါလား'

ချီက ရယ်လိုက်သည်။

'ငါမှာ ဆရာကောင်းသမားကောင်း တွေ့ထားလို့ပါဟာ'

'ငါထင်တာမလွဲဘူးဆိုရင် အရက်သမားအဘိုးအိုကြီးဖြစ်ရ
မယ်'

ချီက ခေါင်းညိတ်ပြ၏။

'သူကလွဲပြီး ဘယ်သူရှိဦးမလဲ'

'ကဲ နင်ငါ့အိမ်လိုက်ခဲ့၊ ငါမြင်းတစ်ကောင်ပေးလိုက်မယ်
နင်လိုက်လာလို့လဲ ဘယ်သူကမှသံသယရှိမှာမဟုတ်ဘူး'

'ငါကမြင်းကိုယူသွားရင် နင်အဆူခံရမှာပေါ့'

ပို့ကျူလင်အ လက်ခါပြ၍ရယ်လိုက်သည်။

'နင်ဘာမှပူမနေနဲ့၊ ငါ့သူငယ်ချင်းမိန်းကလေးက မြင်းလာ
ငယ်လို့ရောင်းလိုက်တယ်ဆိုလဲ ဘယ်သူကမှမဆူဘူး'

* * *



မိန်းကလေးအသွင် ဟန်ဆောင်ထားသောချီသည် စား
သောက်စရာအချို့ကိုဝယ်၍ မြင်းပေါ်သို့တင်လိုက်သည်။

ကိစ္စအားလုံးပြီးသည်နှင့် တာချင်မြို့ပြင်သို့ ထွက်ခဲ့သည်။

ရှေ့မှသွားနှင့်သော ဘဘချိုင်းသည် တာချင်မြို့ပြင်တစ်နေ
ရာ၌စောင့်ဆိုင်းနေသည်။

တာချင်မြို့နှင့် အတော်ကလေးအလှမ်းကွာသည့်အခါတွင်
ဘဘချိုင်းအားတွေ့လိုက်ရ၏။

'ကဲ မင်းရဲ့မိန်းကလေးရုပ်သွင်ကိုပြန်ပြောင်းလိုက်ပေတော့၊
မိန်းကလေးသဏ္ဌာန်နဲ့သွားရင် လမ်းမှာအန္တရာယ်များတယ်'

ချီသည် ဘဘချိုင်းပြောသည့်အတိုင်း မိန်းကလေး၏
သဏ္ဌာန်မှ ပြန်လည်ပြောင်းလဲလိုက်တော့၏။

'မင်းသွားရမယ့်ခရီးကတော့၊ ယောဒီမြေပုံအတိုင်းပဲ'

ဘဘချိုင်းက ခရီးစဉ်မြေပုံတစ်ခုကိုထုတ်ပေး၏။

'လမ်းမှာသုံးရက်ကြာမယ်၊ ငါအမှတ်အသားလုပ်ထားတဲ့
မြို့တွေမှာသုံးညအိပ်ပြီးရင် ယောဒီတောင်ခြေရွာကိုရောက်မယ်၊
နေပြည်တော်နဲ့လဲသိပ်မဝေးတော့ဘူး၊ ဒါပေမယ့် မင်းကနေ
ပြည်တော်ဘက်ကို ဆက်လက်သွားစရာမလိုတော့ဘူး၊ အဲဒီ
တောင်ခြေရွာမှာ မြင်းကိုရောင်းပြီး လိုအပ်တဲ့ပစ္စည်းတွေကို
ဝယ်ခြမ်းပြီးတာနဲ့ ဝါးဖြူတောင်ကိုတက်ရမယ်'

ဘုဘချိုင်းပြောသမျှကို မြေပုံကိုကြည့်၍ ချီကနားထောင်နေသည်။

'လမ်းမှာဘယ်သူကမေးမေး ဝါးဖြူတောင်က ဆရာကြီးဟန်လှင်းရဲ့တပည့်လို့ပြောရမယ်၊ သူကခိုင်းစေလို့ စားနပ်ရိက္ခာလာဝယ်တာလို့ဖြေရမယ်၊ ဒါဆိုမင်းကိုဘယ်သူမှမစော်ကားဘူး၊ မှတ်မိတယ်မဟုတ်လား'

'ဟုတ်ကဲ့ မှတ်မိပါတယ်'

'ကဲ့ သွားပေတော့ တစ်နေ့တစ်ချိန်မှာ မင်းနဲ့ ပြန်ဆုံရမှာပါ လူလေးရယ်'

* * *

## အကျဉ်းသားအမှတ်(၁၇)

မိုးသည် သည်းထန်စွာရွာသွန်းလျက်ရှိနေပေသည်။

အင်ထရမ်းမြို့တော်ကြီး တစ်ခုလုံးသည် နေရာတိုင်း၌စိုစွတ်လျက်ရှိနေပေသည်။ အဆက်မပြတ် ရွာသွန်းလျက်ရှိသောမိုးကြောင့် အချို့နေရာများတွင် ရေများပြည့်လျှံနေတော့၏။

သို့သော်လည်း အင်ထရမ်းမြို့တော်ကြီးသည် အလွန်စည်ကားကျယ်ပြန့်သော မြို့ကြီးဖြစ်သည့်အလျောက် နွေမိုးဆောင်းသုံးရာသီစလုံး ဈေးဝယ်ဖောက်ကားသူ ကုန်သည်ပွဲစားများနှင့် နေ့ညမပြတ်စည်ကားမြဲစည်ကားလျက်ရှိနေသည်။

မြို့စားကြီး၏ဂေဟာအနောက်ဘက်ခြမ်းတွင် နာမည်ကျော်ကြားသော အင်ထရမ်းအကျဉ်းစခန်း ရှိနေပေသည်။

ထိုအကျဉ်းစခန်းထဲ၌ ရာပေါင်းများစွာသော အကျဉ်းသားများသည် မဝရေစာစား၍ ပင်ပန်းသောအလုပ်ကိုလုပ်နေကြရ၏။

အပြင်လောကတွင် မတရားဆိုးသွမ်း၍ ထိုက်သင့်သည့် အပြစ်ဒဏ်ပေးခြင်းကို ခံစားနေရသောလူဆိုးများအဖို့ သနားညှာတာစရာမရှိသော်လည်း မတရားသဖြင့် အချုပ်ခံရသောသူများအဖို့ အလွန်ပင်ဝမ်းနည်းစရာကောင်းလှပေသည်။

ယခုအခါ အကျဉ်းကျနေသော အကျဉ်းသားများအဖို့ပို၍ ပင်ပန်းနေသည်ဟုဆိုရပေမည်။

အကြောင်းမှာ အင်ထရမ်းအကျဉ်းထောင်ကြီးကို လက်ရှိထက်နှစ်ဆမျှပိုမိုကျယ်ဝန်းစေရန် အုတ်ရိုးအသစ်များထပ်မံကာရံနေသည့်အတွက် အကျဉ်းသမားများမှာနေ့စဉ်နှင့်အမျှ မြေတူးရခြင်း အုတ်သယ်ရခြင်း၊ အုတ်ဖုတ်ရခြင်းအလုပ်များကြောင့် အကျဉ်းသား ရာပေါင်းများစွာသည် ပင်ပန်းဆင်းရဲလျက်ရှိနေ၏။

ထိုအကျဉ်းထောင်အုတ်ရိုး တိုးချဲ့ကာရံသောလုပ်ငန်းသည် နောက်ထပ်ဆယ်နှစ်အထိ ပြီးဆုံးမည်မဟုတ်သေးပေ။

နှစ်ကြီးအကျဉ်းသမားများအဖို့ ထိုလုပ်ငန်း မပြီးဆုံးမီပင် အသက်ဆုံးရှုံးရတော့မည်မှာ မလွဲပေ။

အကျဉ်းသားများ၏ဘဝသည် လောကငရဲခံစားနေကြသည်နှင့် ဘာမျှမထူးတော့ပေ။

* * *



စီကင်ရို့။

စီကင်ရို့ကို အင်ထရမ်းတစ်မြို့လုံးက ဘီလူးသရဲတစ်ကောင်ကဲ့သို့ ကြောက်ရွံ့ကြသည်။

သို့သော် စီကင်ရို့သည် လူတကာကြောက်ရွံ့စရာ အလုပ်မျိုးကိုလုပ်နေ၍သာ ကြောက်စရာကောင်းသော်လည်း သူ၏စိတ်ထားကမူဆိုးလှပါ။

စီကင်ရို့သည် အရုပ်ဆိုးအကျည်းတန်သလောက် စိတ်သားဖြူစင်ပါသည်။

သို့သော် သူ့ကိုမည်သူကမှအဖက်မလုပ်ချင်ကြပေ။

သူ့ကိုမြင်လျှင် ခပ်ဝေးဝေးကရှောင်သူက များလေသည်။

စီကင်ရို့၏အလုပ်ကလည်း လူတကာရွံမုန်းစရာ ကောင်းလှပေသည်။

အကျဉ်းသားများကို အုပ်ချုပ်ရသောအလုပ်။

အကျဉ်းသားများကို အုပ်ချုပ်ရုံတင်မကပါ။ အထက်က အမိန့်ပေးလျှင် သူကိုယ်တိုင် သတ်သင်ပစ်ရသည်။ ရိုက်နှက်ရသည်။ ညှဉ်းပန်းရသည်။

အမှန်တော့သူသည် ထောင်ကြပ်တစ်ဦးပင်ဖြစ်လေသည်။

စီကင်ရို့လာပြီဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ထောင်သားအားလုံးသည် အသက်ကိုပြင်းပြင်းမရှူရဲတော့ပေ။

'ဒီနေ့ ဘယ်သူ့ကိုများသတ်မှာလိမ့်၊ ဘယ်သူ့ကိုများညှဉ်းဆဲပါလိမ့်' ဟုအကျဉ်းသားများ၏စိတ်ထဲဝယ် တွေးတောရတော့သည်။

စီကင်ရှိ၏လက်အောက်တွင် တပည့်ပေါင်း မြောက်မြားစွာ ရှိသော်လည်း အထက်လူကြီးသည်သတ်စရာရှိလျှင်ပင် စီကင်ရှိ ကိုယ်ပင်ခိုင်း၏။ ညှဉ်းဆဲစရာရှိလျှင်လည်း စီကင်ရှိ ကိုယ်တိုင် ညှဉ်းဆဲမှကျေနပ်လေသည်။

နေ့စဉ်နဲ့အမျှ လုပ်ကိုင်လာရသောအခါ စီကင်ရှိ မှာ ထိုအ လုပ်ကိုငြီးငွေ့လာသည်။

ထိုအလုပ်သည် သူ့ အဖို့ထမင်းစားရေသောက် ဖြစ်လာတော့ သည်။

လုံးဝမဆန်းတော့ပေ။

သို့သော်လည်း စီကင်ရှိ မှာထိုအလုပ်ကိုလက်လွှတ်၍မရပေ အဘယ်ကြောင့်ဆိုသော် သူ၏ စီးပွားရေးကြောင့်ဟုသာ ဆို မည်ဖြစ်သည်။

သူသည် ငွေအမြဲလိုအပ်နေသူဖြစ်သည်။

အကြောင်းမှာ စီကင်ရှိ သည် လောင်းကစား ဝါသနာပါ သောကြောင့် ဖြစ်၏။

* * *



ယခု စီကင်ရှိ သည် ချမ်းဂေဟာခန်းမထဲမှစိတ်ပျက်စွာထွက် လာပြီး အရက်တစ်အိုးကို မှာယူ၍ သောက်လိုက်၏။

သူသည် ချမ်းဂေဟာတွင်လာရောက်ကစားတိုင်း အမြဲတမ်း ရှုံးနေသည်သာဖြစ်သည်။

ယခုလည်း ပါလာသမျှငွေအားလုံး လောင်းကစားဝိုင် တွင် ကျန်ခဲ့တော့၏။

ထို့ကြောင့် စိတ်ပျက်ပျက်နှင့် အရက်တစ်အိုး မှာယူသောက် နေခြင်းဖြစ်သည်။

အရပ်ပိန်ပိန်ရှည်ရှည် မျက်ခုံးထူထူနှင့် ကုန်သည်ဟန်ပေါက် နေသော လူတစ်ယောက်က စီကင်ရှိ အနီးသို့ လာ၍ရပ်တန့် လိုက်၏။

'ကျုပ်ကို ခေတ္တထိုင်ခွင့်ပြုပါ'

ကုန်သည်ပုံစံနှင့်လူက ယဉ်ကျေးစွာ ခွင့်တောင်းလိုက်သည်။

'ထိုင်ပါဗျာ၊ ရပါတယ်'

ကုန်သည်ပုံစံနှင့်လူက မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ဝင် ရောက်ထိုင်လိုက်၏။

ထို့နောက် စီကင်ရှိ အား စိတ်ပျက်စွာကြည့်၍

'ခင်ဗျားအတွက် ကျုပ် စိတ်မကောင်းပါဘူး'

စီကင်ရှိ သည်ကုန်သည်ပုံစံနှင့်လူကို ခတ်ဆတ်ဆတ်မော့ကြည့် လိုက်၏။

'ဘာဖြစ်လို့လဲဗျ'

'တကယ်တော့ ခင်ဗျားက ကံသက်သက်ကစားပေမယ့် သူ
တို့က ဉာဏ်နဲ့ကစားသွားတော့ ကံသမားခံရတာပေါ့ဗျာ'

စီကင်ရို့မှာ ဒေါသထောင်းခနဲ ထွက်သွားလေသည်။

'ခင်ဗျားဆိုလိုတာက ကျုပ်ကို လိမ်ပြီးကစားသွားကြတာ
လို့ ဆိုလိုတာလား'

ကုန်သည်က ပြုံး၍ခေါင်းညိတ်လိုက်၏။

'ဆိုလိုတာ မဟုတ်ဘူး၊ အတိအကျပြောနေတာ'

'ဒါဆို ကျုပ်မကျေနပ်ဘူး'

စီကင်ရို့သည် ထိုင်ရာမှထလိုက်သည်။

ကုန်သည်က စီကင်ရို့၏လက်ကိုဖမ်းဆွဲထားလိုက်၏။

'ခင်ဗျား ဘာလုပ်မလို့လဲ'

'ကျုပ်ကို မတရားလုပ်တာသွားမေးမယ်'

ကုန်သည်က ပြုံးပြီး ခေါင်းခါယမ်းပြလိုက်၏။

'ခင်ဗျား အဲဒီလိုလုပ်ရင် မှားသွားမှာပေါ့၊ သူတို့လိမ်တာ
ညာတာကို ခင်ဗျား မြင်လဲမမြင်ဘူး၊ သိလဲမသိဘူး၊ အဲဒီတော
ခင်ဗျားပဲ အရှုံးဖြစ်သွားမှာပေါ့'

'ဒါဖြင့် ကျုပ်က ဘယ်လိုလုပ်ရမလဲ'

'မှန်တယ်၊ ခင်ဗျားကျုပ်ကို အဲဒီမေးခွန်းမျိုးပဲပြန်မေးသ
တယ်၊ ခင်ဗျား ဘာလုပ်သင့်သလဲဆိုတာတော့ ကံကိုကံနဲ့ရ
ဆိုင်သလို ဉာဏ်ကို ဉာဏ်နဲ့ပဲ ရင်ဆိုင်ရမှာပေါ့ဗျာ'

'ဟာ... ကျုပ် သူတို့လို မလိမ်တတ်ဘူးဗျ'



စီကင်ရို့ အမှန်အတိုင်းပင် ပြောလိုက်၏။

ကုန်သည်က ရယ်မောလိုက်သည်။

'ဉာဏ်နဲ့ကစားတဲ့လူကိုခေါ်ပြီး ကိုယ့်ငွေကိုပြန်ယူရမှာပေါ့'

စီကင်ရို့ ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခင်ဗျားပြောတာမှန်တယ်၊ ဒါပေမယ့်ဗျာ
ဉာဏ်သမားကို ကျုပ်ဘယ်မှာသွားရှာရမှာလဲ'

'လွယ်ပါတယ်ဗျာ အခု ခင်ဗျားရှေ့မှာ ရောက်နေပြီပဲ'

စီကင်ရို့သည် ကုန်သည်ပုံစံနှင့်လူကို အံ့ဩစွာ မော့ကြည့်
လိုက်၏။

* * *

စီကင်ရို့သည် ကုန်သည်ပုံစံနှင့်လူနှင့်အတူ ကစားဝိုင်းထဲသို့ ပြန်ဝင်သွားသည်။

သူသည် ဘေးမှနေ၍ အရိပ်အခြည် အကဲခတ်နေသည်။ ကုန်သည်နှင့်တူသောလူသည်ကစားဝိုင်းတွင် ဤလူခြေရရှနှင့် ဝင်ရောက်ကစားနေ၏။

ပထမပိုင်းတွင် ငွေအဘော်ကလေး ကုန်သွားသော်လည်း နောက်ပိုင်း၌ ကုန်သည်ထံတွင် လောင်းကစားငွေများ စုပုံလာလေသည်။

နောက်ထပ် သုံးပွဲမျှ ကစားပြီးသည့်အခါတွင် အခြား လောင်းကစားသူများ၏ငွေများသည် ကုန်သည်ထံသို့ အားလုံး ရောက်ကုန်တော့သည်။

ဉာဏ်သမားများကို သူ့ထက်သာသည့်ဉာဏ်နှင့် ကစား သွားခြင်းသာဖြစ်တော့သည်။

စီကင်ရို့မှာဖော်မပြနိုင်လောက်အောင်ပင် ဝမ်းမြောက်ဝမ်း သာဖြစ်သွားလေသည်။

ကုန်သည်ကလောင်းကစားဝိုင်းမှနိုင်သောငွေများကို စီကင် ရို့အားအပ်လိုက်သည့်အခါတွင် စီကင်ရို့သည် အထက်တန်းကျ သည့်စားသောက်ဆိုင်တစ်ဆိုင်သို့ ခေါ်ဆောင်သွားလေတော့ သည်။

* *



'ခွိတ်ဆွေရဲ့အမည်ကိုသိပါရစေ'

စီကင်ရို့က ကုန်သည်အား မေးလိုက်လေ့သည်။

'ကျုပ်ကိုတော့ ပွဲစားကြီးလျူလို့အားလုံးက ခေါ်ကြတာ ပါပဲ၊ ကျုပ်က ဒီလိုကစားတဲ့အလုပ်မျိုးကို စက်ဆုပ်ရွံရှာလွန်း လို့ ကောင်းရောင်းကောင်းဝယ်ပဲ လုပ်ကိုင်စားနေတာပါ'

'အေးဗျာ တော်ပါပြီ ကျုပ်လဲနောက်ကိုမကစားတော့ဘူး လို့ ဆုံးဖြတ်လိုက်ပါတယ် ခင်ဗျားကျေးဇူးကိုလဲ မမေ့ပါဘူး၊ လိုအပ်တဲ့အကူအညီရှိရင်ပြောပါ၊ ကျုပ်နာမည်က'

ပွဲစားကြီးလျူက စကားမဆုံးမီ ဿက်ကာပြလိုက်သည်။

'ကျုပ် ခင်ဗျားကိုသိပါတယ်၊ ခင်ဗျားကိုတွေ့ချင်လို့ အိမ် မှာသွားရှာတဲ့အခါ မတွေ့တာနဲ့ ဒီကိုလိုက်လာတာပါ'

'အင်း ခင်ဗျားလိုက်လာပေလို့သာ ကျုပ်ငွေတွေပြန်ရတဲ့အ ပြင် အမြတ်တောင်ထွက်လာသေးတယ်၊ ကဲ ခင်ဗျားကျုပ်ကိုတွေ့ ချင်တဲ့ကိစ္စပြောပါ'

ပွဲစားကြီးလျူက စဉ်းစဉ်းစားစားဖြင့်

'ခုလိုဖြစ်ပြီးမှ ကျုပ်ကိစ္စပြောရမှာတောင် အားနာသွားပြီ ဗျာ အခွင့်အရေးယူသလို ဖြစ်နေမလားလို့ပါ'

'အို ကိစ္စမရှိပါဘူး ကျုပ်အပေါ် စေတနာထားတဲ့လူကို ကျုပ်ကလဲတတ်အားသမျှ အကူအညီပေးပါရစေ'

ပွဲစားကြီးလျူသည် ကျေနပ်သွားသလို ခေါင်းကိုဆတ်ခနဲ ညိတ်လိုက်သည်။

'ကောင်းပြီလေ ဒါဖြင့်လဲပြောရတာပေါ့ ကျုပ်လာတာက တော့ ခင်ဗျားရဲ့အကျဉ်းစခန်းထဲမှာ ရှိနေတဲ့အကျဉ်းသားတစ် ယောက်ရဲ့ကိစ္စပဲ'

'ဗျာ အကျဉ်းသားကိစ္စဟုတ်လား'

စီကင်ရို့မှာ ကျောင်စက်နှင့်အတိုခံလိုက်ရသကဲ့သို့ ခန္ဓာကိုယ်မှာ တွန့်ခနဲဖြစ်သွားလေသည်။

'ခင်ဗျားဘာဖြစ်သွားတာလဲ'

ပွဲစားကြီးလျူက မေးလိုက်လေသည်။

'ကျုပ်ဘယ်ကိစ္စမဆို ကူညီနိုင်ပါတယ်ဗျာ၊ ကျုပ်ရဲ့အလုပ် ဖြစ်တဲ့ အကျဉ်းစခန်းကိစ္စကလွဲပြီးတော့ပေါ့လေ'

စီကင်ရို့က မျက်စိမျက်နှာပျက်ဖြင့် ပြန်လှည့်၍ပြောလိုက် လေသည်။

'အကျဉ်းသမားတစ်ယောက်ကို ခင်ဗျားအနေနဲ့ သက်သက် သွာညှာထားဖို့ကိစ္စပါ'

ပွဲစားကြီး ခပ်အေးအေးပြန်ပြောလိုက်သည်။

စီကင်ရို့သည် သက်ပြင်းကို ရှည်လျားစွာချလိုက်လေသည်၊

'ခင်ဗျားကို ကျုပ်သိပ်ပြီးအားနာသွားပြီဗျာ တကယ်တော့ အကျဉ်းသားတွေကို ကျုပ်နှိပ်စက်ချင်လို့ နှိပ်စက်နေတာမဟုတ် ဘူး၊ သတ်ချင်လို့သတ်နေတာလဲမဟုတ်ဘူး ကျုပ်တို့မြို့စားကြီး ရဲ့အကြောင်း ခင်ဗျားကြားဖူးမှာပေါ့ မြို့စားကြီးထက်ကြော် စရာကောင်းနေတာက သူ့ရဲ့ကိုယ်ရံတော်တပ်မှူးတွေပဲ'



'ဒါဆို ခင်ဗျားအနေနဲ့ ကျုပ်ကိစ္စကိုလုံးဝမဆောင်ရွက်ပေး နိုင်ဘူးပေါ့ဟုတ်လား'

'လူတစ်ယောက်ကိုရိုက်ရမယ်၊ နှက်ရမယ်၊ သတ်ရမယ်လို့အမိန့် ပေးလာရင် အဲဒီအမိန့်ကို ကျုပ်မလွန်ဆန်ရဲတာအမှန်ပဲ ဒါထက် ခင်ဗျားပြောတဲ့တရားခံကဘယ်သူလဲ'

ပွဲစားကြီးလျူက စီပင်ရို့အားစေ့စေ့ကြည့်၍

'အကျဉ်းသားအမှတ် တစ်ဆယ့်ခုနစ်'

ဟု ဖြေလိုက်လေသည်။

*   *   *

အကျဉ်းသားအမှတ် ၁၇ ဟုကြားလိုက်ရသည်နှင့် စီပင်ရို သည် အံ့ဩထိတ်လန့်သွားကာ ပွဲစားကြီးလျူအား မျက်လုံး ပြူး၍ ကြည့်လိုက်လေသည်။

ပွဲစားကြီးလျူက စီကင်ရို၏အမူအရာကိုကြည့်၍ ဘာမှနား မလည်အောင်ဖြစ်သွားမိသည်။

'ခင်ဗျားဘာဖြစ်သွားတာလဲ'

ပွဲစားကြီးလျူကမေးလိုက်သည်။

'အကျဉ်းသားအမှတ် ၁၇ ဟာ ခေါးပြူမှုနဲ့ဖမ်းထားတဲ့လူပဲဗျ သူက အကျဉ်းစခန်းထဲမှာအရေးကြီးဆုံးအုပ်စုထဲမှာ ပါဝင်နေ တဲ့လူတစ်ယောက်ပဲ၊ နောက်ပြီး အဲဒီလူကအကျဉ်းကျနေတာ ဆယ်နှစ်ကျော်ပြီမဟုတ်လား'

'ဟုတ်တယ်လေ၊ သူက တစ်ချိန်ကကျုပ်မိတ်ဆွေပါ၊ ဒါ ကြောင့်မို့ သူ့ရဲ့အခြေအနေကိုသိချင်လို့ပါ'

'သူ့ရဲ့အခြေအနေကိုတော့ပြောပြနိုင်ပါတယ်၊ ဒါပေမယ့် ကျုပ်ဘယ်နည်းနဲ့မှအကူအညီမပေးနိုင်တာပေါ့၊ စိတ်မကောင်း ပါဘူး'

'အင်း ပြောပါဦးဗျ'

'အကျဉ်းစခန်းထဲမှာ အရေးကြီးတဲ့ အကျဉ်းသားတွေကို ကိုယ်ရံတော်တပ်မှူးအင်ရှုတုန်က သူ့လူတွေကိုယ်တိုင်စောင့် ကြပ်ခိုင်းထားတယ်၊ အဲဒီလူတွေနဲ့ပတ်သက်လာတဲ့ အပြင်က လူမှန်သမျှကိုလဲ ဖမ်းဆီးရမယ်လို့တောင် အမိန့်ပေးထားတာ ဗျ---



ထိုစကားကြောင့် ပွဲစားကြီးလျူမှာ ပခုံးတွန့်လိုက်မိလေ သည်။

'ဒီလောက်တောင်ပဲလား၊ ဒါဆို ကျုပ်ကိုဘောင်ခင်ဗျား ဖမ်းဆီးနိုင်ပြီပဲ'

စီကင်ရို ခေါင်းယမ်းလိုက်၏။

'ကျုပ်ဒီလောက်လဲကျေးဇူးမကန်းပါဘူးဗျာ၊ နောက်ပြီး ကျုပ်ကဒီအလုပ်တွေကိုလဲ တော်တော်ကလေး စိတ်ကုန်နေပြီ ဗျာ....'

'ဒီလိုဆိုရင် ခင်ဗျားကို ကျုပ်နောက်ဆုံးအနေနဲ့အကူအညီ တစ်ခုတောင်းချင်တယ်ဗျာ'

စီကင်ရို မျက်မှောင်ကြုတ်၍...

'ပြောပါ၊ ကျုပ်နားထောင်နေပါတယ်'

ပွဲစားကြီးလျူသည် စီကင်ရို့နှင့် အချိန်အတော်ကြာသည် အထိ ဆွေးနွေးတိုင်ပင်လိုက်သည်။

စီကင်ရို ခေါင်းတညိတ်ညိတ်ဖြင့်နားထောင်နေ၏။

အချိန်အတော်ကလေးကြာသွားသောအခါ သူတို့နှစ်ဦးသ ဘောတူညီမှုရရှိသွားပုံရသည်။

စီကင်ရို့နှင့် ပွဲစားကြီးလျူသည် ထိုဆိုင်၌ အကောင်းစား အရက်ကိုမှာ၍ ပျော်ပျော်ပါးပါးစားသောက်လိုက်ကြတော့ သည်။

* * *

အကျဉ်းစခန်း။

အင်ထရမ်းအကျဉ်းစခန်းသည် အလွန်ကျယ်ပြန့်၍ ကြီးမာ လှပေသည်။

ရာပေါင်းများစွာသောအကျဉ်းသားများကို သူ့အဖွဲ့နှင့်သူ အုပ်ချုပ်ရလေသည်။

အကျဉ်းထောင်မှူးကြီးမှာချုပ်လီဖြစ်ပြီး သူ၏လက်အောက် တွင် စီကင်ရို့အပါအဝင် အကျဉ်းသားအုပ်ချုပ်သူအများအ ပြားရှိလေသည်။

အကျဉ်းစခန်းထဲ၌ သုံးမျိုးသုံးစားခွဲခြားထားသည်။

သိပ်အရေးမကြီးသော နှစ်သေးသမား၊ ဆယ်နှစ်အထိအ ကျဉ်းချခံရသော အလယ်အလတ်တန်းစားနှင့် နှစ်ကြီးသမား များဟူ၍ ခွဲခြားထားသည်။

အရေးကြီးသောနှစ်ကြီးသမားများကို ကိုယ်ရံတော်တပ်မှူး ကြီးအင်ရှုဟုန်ကိုယ်တိုင်အုပ်ချုပ်၍ သူ၏စိတ်ချရသောသူများ ကိုသာ ထောင်အရာရှိအဖြစ်ခန့်အပ်ထားသည်။

ထိုနှစ်ကြီးသမားများကို အုပ်ချုပ်ရသည့်အထဲတွင် စီကင် ရို့မပါပေ။

စီကင်ရို့သည် ဆယ်နှစ်အထိကျသောသူများကို အုပ်ချုပ် ပြီး အကျဉ်းထောင်တစ်ခုလုံးမှာ သေဒဏ်အမိန့်ကျသောသူ များနှင့်ပတ်သက်လာလျှင်သာ စီကင်ရို့နှင့်သက်ဆိုင်သည်။

နံနက်မိုးလင်းသည်နှင့် အကျဉ်းသားအားလုံးသည် သူ့အုပ် စုနှင့်သူ အလုပ်ခွင်သို့သွားကြရသည်။



အကျဉ်းသားအုပ်ချုပ်သောသူများသည် ကျာပွတ်များကိုင် ဆောင်၍ တရှမ်းရှမ်းရိုက်နှက်လျက်ရှိနေပေသည်။

နှစ်ကြီးသမားများသည် အလုပ်ကိုပင်ပန်းစွာ လုပ်ကိုင်ရ သည်။

ယနေ့ စီကင်ရို့သည် မိမိ၏တာဝန်မဟုတ်သော်လည်း နှစ် ကြီးသမားများ အလုပ်လုပ်နေသည့်ဘက်သို့ ထွက်သွားသည်။

သူ့အား မည်သူကမျှတားပိုင်ခွင့်မရှိပါ။

အကျဉ်းသားများသည် စီကင်ရို့ကိုမြင်သည်နှင့် ခေါင်းငုံ့ နေကြ၏။

စီကင်ရို့သည် နှစ်ကြီးသမားများဘက်သို့ လျှောက်သွား ရင်းမှ အကျဉ်းသားအမှတ် ၁၇ ၏အခြေအနေကို တစ်စေ့ တစောင်းကြည့်လိုက်သည်။

အကျဉ်းသား ၁၇ မှာ အလွန်အားအင်ချိနဲ့ပြီးပိန်လှီနေ သည်။

စီကင်ရို့သည် အမှတ် ၁၇ အကျဉ်းသားအား တစ်စုံ တစ်ခုသွားပြောမည်ဟုကြံစည်ကာ အနားသို့ ကပ်သွားပြီးမှ တပ်မှူးကြီး၏ လက်စွဲတော်ထောင်ကြပ်များက တစ်စေ့တ စောင်းစောင့်ကြည့်နေသဖြင့် မသိမသာပြန်လှည့်ခဲ့လေသည်။

* * *

ည—....။

ညသည် အလွန်တိတ်ဆိတ်လျက်ရှိနေပေ၏။

အချိန်မှန်မှန် အချက်ပေးသံချောင်းခေါက်နေသည့် အသံမှ လွဲ၍ အခြားမည်သည့်အသံမှ မကြားရပါပေ။

တစ်နေ့လုံး ပင်ပန်းလာသော အကျဉ်းသမားများမှာ ယခုမှ ပင် အနားယူအိပ်စက်ကြရသဖြင့် အိပ်ချိန်သံချောင်း အချက် ပေးပြီးသည်နှင့် ကိုယ့်နေရာကိုယ် အသီးသီးယူ၍ အိပ်စက်ကု တော့သည်။

အစောင့်ထောင်ကြပ်များက ကိုယ့်အဆောင်ကိုယ် တာဝန် ယူ၍ စောင့်ကြပ်နေကြ၏။

စိကင်ရို့သည် ယနေ့ညအဖို့ အိပ်မပျော်သေးပါ။

သူသည် နှစ်ကြီးအကျဉ်းသမားများထားသည့် အဆောင်သို့ သွားရန်စိတ်ကူးထားသည့်အတိုင်း ထွက်ခဲ့လေ၏။

သူသည် ခါတိုင်း ယခုကဲ့သို့ ကူးလူးခြင်း မရှိခဲ့သော်လည်း ယနေ့ညတွင် ထိုအဆောင်များဆီသို့သွားရန် စိတ်ဆုံးဖြတ်ထား သည့်အတိုင်း ထွက်ခဲ့လေ၏။

အချိန်မှာ သန်းခေါင်ကျော်နေပြီ ဖြစ်၏။

အချို့အဆောင်စောင့်များပင် အိပ်စက်ကုန်ပြီ ဖြစ်လေ သည်။



စိကင်ရို့သည် လမ်းကျဉ်းကလေးအတိုင်း လျှောက်ခဲ့ပြီး အမှောင်ရိပ်ကို အားပြုကာအဆောင်တစ်ခုဆီသို့ ချဉ်းကပ်ခဲ့၏။

ထိုအဆောင်တွင် အကျဉ်းသားအမှတ် ၁၇ ရှိနေသည် မဟုတ်ပါလား။

အဆောင်စောင့်နှစ်ယောက်မှာ နှစ်ယောက်စလုံး တံခါးဝ၌ အိပ်မောကျနေပေ၏။

စိကင်ရို့သည် ရဲဝံ့စွာပင် အဆောင်အနီးသို့ ချဉ်းကပ်လိုက် လေသည်။

အကယ်၍ သူ့ကိုတွေ့ရှိသွားပါကလည်း အရေးမကြီးပေ။

သူသည် ဤထောင်ထဲ၌ နေရာမရွေး သွားလာနိုင်သည် မဟုတ်ပါလား။

စိကင်ရို့သည် အဆောင်ထဲသို့ လှမ်းဝင်လိုက်၏။

အိပ်ဆောင်ထဲ၌ အလင်းရောင် အားနည်းလှ၏။

သူသည် အဆောင်၏ညာဘက်အစွန်တွင်ရှိနေသော အမှတ် ၁၇ ထံသို့ ချဉ်းကပ်သွား၏။

ထိုစဉ် ရုတ်တရက် အလင်းရောင်အချို့က အဆောင်တစ်ခု လုံးကို ရုတ်တရက် ထိန်လင်းသွား၏။

ရုတ်တရက် ထိန်လင်းလာသော မီးရောင်ကြောင့် စိကင်ရို့ အား စိန်းစိန်းဝါးဝါးကြည့်နေသော လူသုံးယောက်ကိုလည်း တွေ့ရှိလိုက်ရ၏။

ထိုလူများကိုတွေ့လိုက်ရသည်နှင့် စီကင်ရို့မှာ မျက်နှာတစ်
လုံး သွေးဆုတ်သွားတော့၏။

စီကင်ရို့ တွေ့ရှိလိုက်ရသူမှာ အကျဉ်းထောင်မှူးကြီး ချုံလီ
နှင့် ကိုယ်ရံတော်တပ်မှူးကြီးအင်ရှုဟုန်ကိုယ်တိုင် ဖြစ်နေသည်
ထို့ပြင် ကိုယ်ရံတော် တပ်သားအချို့ကလည်း စီကင်ရို့
အား ဝိုင်းရံထားသည်ကို တွေ့လိုက်ရတော့၏။

* * *

တပ်မှူးကြီး အင်ရှုဟုန်က မခို့တရို့ ရယ်မောလိုက်၏။

'ဘယ့်နှယ်လဲ စီကင်ရို့ ဘာအကြံအစည်နဲ့ လာတယ်ဆိုတာ
ကျုပ်ကိုအမှန်အတိုင်းပြောစမ်းပါ'

စီကင်ရို့မှာ လောလောဆယ် ဘာပြန်ဖြေရမှန်းမသိ ဖြစ်နေ
ပေသည်။

အကျဉ်းသား အချို့မှာလည်း အိပ်ရာမှ နိုးလာကာ ငေး
ကြောင်၍ ကြည့်နေမိ၏။



အမှတ် ၁၇ အကျဉ်းသားသည် စီကင်ရို့ကို ကြည့်လိုက်၊
တပ်မှူးကြီးကိုကြည့်လိုက်နှင့် နားမလည်နိုင်အောင် ဖြစ်နေ၏။

တပ်မှူးကြီးအင်ရှုဟုန်၏မျက်နှာသည် အောင်နိုင်သူစစ်သူ
ကြီးကဲ့သို့ ဝင့်ကြွားနေပေသည်။

'စီကင်ရို့သည် အင်ရှုဟုန်အား အံကြိတ်ကြည့်၍လိုက်သည်။
ကျုပ်လဲ အချုပ်သား အုပ်ချုပ်ရတဲ့ လူတစ်ယောက်ပဲ၊
လှည့်လည်စစ်ဆေးခွင့် မရှိဘူးလား'

အကျဉ်းထောင်မှူးကြီး ချုံလီသည် ရှေ့သို့တစ်လှမ်း တိုး
လိုက်လေသည်။

'မင်းက ထောင်မှာ အလုပ်လုပ်လာတာ ကြာပြီပဲ၊ ထောင်
စည်းကမ်းကို အခုထက်ထိ နားမလည်သေးဘူးလား၊ သူ့
အဆောင်မှာ သူ့လူနဲ့သူ ငါကတာဝန်ပေးထားတာပဲ၊ ထူးခြား
ရင် ငါ့ဆီအကြောင်းကြားမှာပေါ့၊ မင်းပူစရာမလိုပါဘူး'

'နေစမ်းပါဦး မင်းက ဘာသတင်း ထူးခြားတာရှိလို့လဲ'

အင်ရှုဟုန်က ဝင်မေး၏။

'မသင်္ကာတဲ့အရိပ်တစ်ခု ဒီဘက်ကိုလှာတာတွေ့လို့ အချုပ်
သား စေ့မစေ့ ဝင်ကြည့်တာ'

အင်ရှုဟုန် ရယ်လိုက်၏။

'ဟုတ်တယ် မသင်္ကာစရာကောင်းတဲ့လူတစ်ယောက် ဒီဘက်
ကိုလာတာငါလဲမြင်လိုက်တယ်၊ အမှန်တော့ အဲ့ဒီလူဟာ မင်းပဲ'

'ကျုပ် ဒီကအမှုထမ်းတစ်ယောက်ပဲ၊ ဘာမသင်္ကာစရာလိုလဲ'

'ဟား…ဟား…လိုတာပေါ့ကွာ၊ မင်းသတင်းမကြားမိဘူး
လား၊ ဟောဒီ အမှတ်ဆယ့်ခုနစ်ရဲ့ ခေါ်ပြဂိုဏ်းကလူတွေဟာ

အပြင်မှာ လှုပ်ရှားနေတယ်ဆိုတဲ့သတင်း ငါအတိအကျရ
ထားတယ်'

အကျဉ်းသားအမှတ် ဆယ့်ခုနစ်သည် ရုတ်ဘရက်အင်ရှဟုန်
အား မော့ကြည့်လိုက်သည်။

'ဟော့ကောင်တွေ၊ မင်းတို့ ငါ့ကိုဓားပြဆိုပြီး မတရားချုပ်
နှောင်ထားတာ ဆယ်နှစ်ကျော်လာပြီနော်၊ အခုလဲ အပြစ်မရှိ
တဲ့ငါ့လူတွေကို စုံစမ်းဖမ်းဆီးပြီး အချုပ်ထဲ သွင်းဦးမလို့လား
ဟေ့ မင်းတို့ကို ငါခဏခဏပြောနေတယ် သတ်ပစ်လိုက်ပါဆို
တာ ဘာဖြစ်လို့ ငါ့ကိုမသတ်ကြတာလဲ'

အကျဉ်းသားအမှတ် ဆယ့်ခုနစ်သည် ဒေါသဖြစ်စွာဖြင့်
အင်ရှဟုန်အား အော်ဟစ်ပြောလိုက်၏။

အင်ရှဟုန်သည် အကျဉ်းသား အမှတ် ဆယ့်ခုနစ်ကို ဒေါသ
ဖြင့် ကြည့်လိုက်သည်။

'ခင်ဗျားပါးစပ်ပိတ်ထားပြီး အေးအေးဆေးဆေး အိပ်မ
စမ်းပါ၊ ခင်ဗျားတို့ကို တရားသူကြီးက သတ်မိန့်မပေးလို့မသတ်
တာ၊ ကျုပ်သဘောနဲ့သာပြောရရင် ခင်ဗျားသေတာကြာပြီ
နောက်ပြီး မြို့စားကြီးကလဲ အကျဉ်းထောင် မပြီးမချင်း
အချုပ်သားတွေ မသေစေရဘူးလို့ အမိန့်ပေးထားလို့ဗျ'

'အေးပေါ့ကွာ မင်းတို့ မိုးကောင်းတုန်း ရွာဦးပေါ့'

'ထန်ဝူး ခင်ဗျားပါးစပ်ပိတ်ထား'

အကျဉ်းသားအမှတ် ဆယ့်ခုနစ်မှာ သူခွေးကြီးထန်ဝူပင်ဖြ
တော့သည်။

* * *

## ဇွဲရှိရမယ် အနစ်နာခံရမယ်

အမှတ်ဆယ့်ခုနစ်ထန်ဝူသည် မကျေမနပ်ဖြင့် လှဲအိပ်လိုက်
လေ၏။

အင်ရှဟုန်က စီကင်ရို့ကိုပြန်ကြည့်ကာ ရယ်လိုက်သည်။

'မင်းက တော်တော်ရယ်စရာကောင်းတဲ့ကောင်ပဲ၊ မင်းတို့
လော့ဂျက်မှမလျှင်ရင် ငါက တပ်မှူးကြီး လုပ်နေပါ့မလားကွာ'

စီကင်ရို့က အံကြိတ်၍ မော့ကြည့်လိုက်၏။

အင်ရှဟုန်က ဆက်၍

'အင်း....ကောင်းတော့ကောင်းပါတယ်၊ မင်းလုပ်လိုက်တာ
တော်တော် အဆင်ပြေသွားတယ်'

တပ်မှူးကြီးအင်ရှဟုန်သည် စီကင်ရို့၏အဝတ်အစားအချို့
ကို ဆွဲချွတ်၍ ပြုပြင်ထားသောမျက်နှာကို ပွတ်သတ်ဆွဲခွာလိုက်
သည်။

ထိုအခါ အချုပ်သမားအရာရှိစီကင်ရို့မဟုတ်တော့ဘဲ ခား
သမား လင်စိန်ချိုင်းဖြစ်နေသည်ကို အံ့သြစွာတွေ့လိုက်ရသည်။

'ဟင်…လင်စိန်ချိုင်း'

အကျဉ်းသမားအမှတ် ဆယ့်ခုနစ် သူဌေးကြီးထန်ဝူက ခပ်တိုးတိုး ရေရွတ်လိုက်သည်။

လင်စိန်ချိုင်းသည် သူဌေးကြီးထန်ဝူအား ပြုံးပြ၍ နှုတ်ဆက်လိုက်လေ၏။

တပ်မှူးကြီး အင်ရှုဟုန်က အောင်နိုင်သူပီပီ တ ဟား ဟား ရယ်မောလိုက်သည်။

မင်း တော်တယ်၊ မင်းသိပ်တော်တယ် လင်စိန်ချိုင်း၊မင်းက စီကင်ရှိ့ကို ရအောင်စည်းရုံးနိုင်တယ်၊ စီကင်ရှိ့ဟာ အခုတလော မှာ လောင်းကစားကိုစိတ်ဝင်စားပြီး အခြေအနေပျက်နေတယ်၊ ဒါကိုတို့ကသိလို့ သူ့အရိပ်အခြည်ကို အမြဲတမ်းစုံစမ်းနေတာကွ'

လင်စိန်ချိုင်းမှာ အကြံ မအောင်မြင်သဖြင့် အံတကြိတ်ကြိတ်ဖြစ်နေပေ၏။

'မင်းက ငွေနဲ့ပေါက်ပြီး စီကင်ရှိ့ကို တခြားထွက်သွားခိုင်းတယ်၊ တို့အဖို့ကတော့ အတော်ကလေးကောင်းသွားပါတယ်၊ ဒီကောင်ကလဲ အလုပ်ကိုစိတ်မဝင်စားတော့ဘူး၊မှင်းက စီကင်ရှိ့အယောင်ဆောင်ပြီး မင်းဆရာထန်ဝူးကို အပြင်ထုတ်ဖို့စိတ်ကူးနဲ့ ဝင်လာခဲ့တာမဟုတ်လား၊ အခုတော့မင်းတို့ခေါးပြအဖွဲ့ကိုမပင်မပန်းဘဲနဲ့ အလွယ်တကူ ဖမ်းမိတာပေါ့ကွာ ဟား ဟား ဟား'

'မင်း သိပ်စကားမရှည်နဲ့၊ ဘာလုပ်ချင်သလဲ ဒါပဲပြော'

လင်စိန်ချိုင်းက ဒေါသဖြစ်ဖြစ်ဖြင့် အော်ဟစ်လေသည်။



တပ်မှူးအင်ရှုဟုန်က ရယ်မော၍

'ဘာမှအထူးလုပ်စရာ မလိုပါဘူး၊ တို့အကျဉ်းထောင်မှာ အချုပ်သမားတစ်ဦးတိုးပြီး အလုပ်သမားတစ်ဦးလဲ တိုးလာတာပေါ့ကွာ ဟား ဟား ဟား'

* * *

လင်စိန်ချိုင်းတစ်ယောက် လောကငရဲ ခံစားရပြီဖြစ်လေသည်။

လင်စိန်ချိုင်းအား အင်ရှုဟုန်၏တရားသူကြီးများက ခေါးပြမှုနှင့်ပင် ထောင်ချလိုက်သည်။

အကျဉ်းထောင်ထဲ၌ အမျိုးမျိုးနှိပ်စက်ခံရသည်။ အစာရေစာ ဝအောင်မကျွေးဘဲ အလုပ်ကိုပင်ပင်ပန်းပန်းခိုင်း၏။

လင်စိန်ချိုင်းသည် သူဌေးကြီးထန်ဝူအား တွေ့ဆုံရန်ကြိုးစားသော်လည်း မလွယ်ပါ။

သူ့အား အခြားအုပ်စုသို့ပို့ထားပြီး တင်းတင်းကျပ်ကျပ်စောင့်ကျပ်နေသည်။

လင်စိန်ချိုင်းသည် သူ၏မိတ်ဆွေတန်ကြင်းလိန်နှင့် တွမ်ကျူးတို့ကို အကျဉ်းစခန်းထဲ၌အမျိုးမျိုးရှာကြည့် စုံစမ်းကြည့်သော်လည်း မတွေ့ရပါ။

နောက်ဆုံးသိရှိရသည်မှာ တွမ်ကျူးနှင့်တန်ကြင်းလိန်သည် အခြားအကျဉ်းထောင်သို့ ပြောင်းရွှေ့ခြင်းခံရသည်ဟု မရေမရာသတင်းများသာ ကြားသိလိုက်ရလေသည်။

တပ်မှူးကြီး အင်ရှုဟုန်သည် လူပါးတစ်ယောက်ဖြစ်သည်။ တစ်ဖွဲ့သားလုံး အတူတူထားလျှင် တစ်စုံတစ်ခုပူးပေါင်းကြံ

စည်မှာကို စုံးရိမ်သောကြောင့် လူခွဲလိုက်ခြင်းပင်ဖြစ်ပေသည်။

မိမိကိုလည်း အခြားအကျဉ်းစခန်းသို့ ပို့ဦးမည်လော။

လင်စိန်ချိုင်းက တွေးတောနေမိ၏။

မိုးသဲသဲမဲမဲရွာသွန်းလျက်ရှိနေ၏။

ထိုအချိန်တွင် —

*   *   *

မိုးကသည်းထန်စွာ ရွာသွန်းနေပေသည်။

ချီသည် သူ၏မြင်းကိုတောင်ခြေရွာ၌ အသိအကျွမ်းဖြစ်သွားသော မိတ်ဆွေတစ်ဦးအားပေးလိုက်သည်။

ထိုမိတ်ဆွေကပင် ဝါးဖြူတောင်ပေါ်ရှိ ဆရာကြီးဟန်လင်း နေထိုင်ရာကိုညွှန်ပြလိုက်လေသည်။

ဝါးဖြူတောင်သည် တောအလွန်ထူထပ်သောတောင်တန်းကြီးတစ်ခုဖြစ်သည်။

သို့သော်လည်း ထင်းဆန်းတောင်ကဲ့သို့ မြို့ကြီးများရွာကြီးများနှင့် ကင်းကွာမနေပါ။

တောင်ခြေရင်းတွင် ကြီးမားသော ကျေးရွာကြီးများရှိ၍ မလှမ်းမကမ်းတွင်လည်း၊ နေပြည်တော်မြို့ကြီးက ရှိနေသဖြင့်လူသွားလူလာများ စည်ကားလှပေသည်။

ဝါးဖြူတောင်သည် တောနက်ပြီးစိမ်းလန်းစိုပြည်၏။ သို့သော် ကျောင်းဇရပ်များစွာရှိပြီး တရားထိုင်သူများ ဆေးရှာဖွေသူများ သမားတော်များ သိုင်းပညာ လေ့လာသူများဖြင့် ဝါးဖြူတောင်သည် ကြည်နူးစရာကောင်းလှပေသည်။

ချီ၏စိတ်ထဲတွင် ဝါးဖြူတောင်သည် အလွန်ခေါင်သော



တောတောင်တစ်ခုပင်ဖြစ်လိမ့်မည်ဟု ထင်ထားသော်လည်းသူ၏အထင်နှင့်အမြင်မှာ ယခုအခါ တခြားစီဖြစ်သွားသည်။

တောင်ပေါ်တွင် ကွက်ကြားကွက်ကြား လှပသော အိမ်ကလေးများကို တွေ့ရှိရပေသည်။

ဆရာကြီးဟန်လင်း၏ဂေဟာမှာ တောင်ထိပ်၌ရှိသည်ဟု စုံစမ်း၍ရသဖြင့် ချီသည် တောင်ထိပ်ရောက်အောင်တက်ခဲ့ရလေသည်။

*   *   *

တောင်ထိပ်တွင် ကြီးမားသော အဆောက်အအုံကြီးတစ်ခုကိုတွေ့ရ၏။

တာချင်မြို့မှအဆောက်အအုံများကဲ့သို့ပင် ခန့်ညားစွာတည်ဆောက်ထားသော အဆောက်အအုံကြီးကို ချီကတွေ့ရသည့်အခါ အံ့ဩမိသွားသည်။

'ဒါ ဆရာကြီးဟန်ယင်း၏ဂေဟာမှုဟုတ်ပါ့မလား'

ချီက စိတ်ထဲမှတွေးမိလိုက်လေသည်။

ချီသည် အဆောက်အအုံခြံဝင်းကြီးထဲသို့ ဝင်ရောက်သွားသည့်အခါ အဘွားအိုတစ်ဦးက အမှိုက်သရိုက်များကိုသိမ်းဆည်းနေသည်ကို တွေ့လိုက်ရ၏။

'အဘွား ဒီဥစ္စာ ဆရာကြီးဟန်လင်းရဲ့ဂေဟာလား'

အဘွားအိုသည် ရေထဲမှလာရသဖြင့် တစ်ကိုယ်လုံး စိုရွှဲနေနေသော ချီကို မော့ကြည့်လိုက်လေသည်။

အဘွားအိုသည် ချီကိုခြေဆုံးခေါင်းဆုံးကြည့်ပြီးမှ

'အေး ဟုတ်တယ်'

ဟု စိတ်မပါသလိုဖြေလိုက်လေသည်။

'ကျွန်တော် ဆရာကြီးဆီလာတာပါ'

'ဘာကိစ္စလဲ'

'ကျွန်တော့်ကို ဘာဘာလင်စိန်ချိုင်းက လွှတ်လိုက်တာပါ'

အဘွားအိုက မျက်နှာကိုမဲ့ လိုက်သည်။

'တန်တော့ သိုင်းပညာသင်ဖို့ပဲဖြစ်ရမယ်'

'ဟုတ်ပါတယ်ခင်ဗျာ'

အဘွားအိုသည် အမှိုက်များကို ခြင်းတစ်ခုတည်းသို့ ကြုံးထည့်လိုက်သည်။

ချီသည် အဘွားအိုအား အမှိုက်များဝိုင်း၍သိမ်းထည့်၏။ ပြီးသည်နှင့် သွားရောက်စွန့်ပစ်လိုက်သည်။

ကူညီလုပ်ကိုင်တတ်သောချီကို အဘွားအိုက တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး သက်ပြင်းချလိုက်သည်။

'မင်းလှည့်ပြန်သွားတာ အကောင်းဆုံးပါပဲ၊ သင်ပေးမှာမဟုတ်ပါဘူး မသင်ပေးတဲ့အပြင် သက်သက်အရိုက်ခံနေရဦးမယ်'

အဘွားအိုက ကရုဏာသက်သလိုပြောလိုက်သည်။

ချီက စိတ်ပျက်မသွားပါ။

သူသည်ဤမျှအပင်ပန်းခံပြီးလာခဲ့ပြီးမှတော့ဆရာကြီးနဲ့မတွေ့ဘဲမပြန်နိုင်ပေ။

'ကျွန်တော် ဆရာကြီးနဲ့တွေ့ချင်တယ်'

အဘွားအိုသည် ချီကိုတစ်ချက်စိုက်ကြည့်ကာ အတွင်းခန်းဆီသို့ လက်ညှိုးညွှန်ပြလိုက်သည်။

'ဒါဆိုလဲ အထဲကိုသွား ဆရာကြီးရှိတယ်'



အဘွားအိုသည် ချီကိုပြောပြီးသည်နှင့် ပုဆိန်တစ်ခုကိုယူကာ ထင်းတုံးများကိုခွဲနေမတော့သည်။

* * *

ချီက အဆောက်အအုံကြီးထဲသို့ ဝင်ရောက်သွား၏။

ချီအထဲသို့ဝင်သွားပြီး မကြာမီမှာပင်

'ဝုန်း'

ဟုသောအသံနှင့်အတူ ချီသည် အပြင်ဘက်သို့ လွင့်စဉ်ထွက်လာလေသည်။

ထင်းခွဲနေသောအဘွားအိုက လှမ်းကြည့်၍ သက်ပြင်းချလိုက်လေသည်။

ချီမှာ အပြင်ဘက်တွင် ပုံ့ပုံ့ကလေးလဲ့ကျနေရာမှ ဖုတ်ခါပြီးပြန်ထလိုက်သည်။

ထို့နောက် အဆောက်အအုံထဲသို့ပြန်ဝင်သွား၏။

'ဝုန်း'

ချီ ဒုတိယအကြိမ်လွင့်စဉ်ထွက်လာပြန်၏။

အဘွားအိုသည် ချီအတွက်စိုးရိမ်သွားလေသည်။

အဘွားအိုသည် တစ်စုံတစ်ခုပြောမည်ဟု ကြံလိုက်သော်လည်း ချီက အထဲသို့ပြန်ထဝင်သွားသဖြင့် အံ့သြစွာငေးကြည့်နေမိပြန်သည်။

'ဝုန်း'

ဒီတစ်ခါ တော်တော်ကလေးပြင်းထန်ပုံရသည်။

ချီသည် တော်တော်နှင့်မထနိုင်ပေ။

အတန်ကြာမှ မျက်နှာကိုရှုံ့မဲ့ပြီး လူးလဲထလိုက်သည်။

သို့သော် ချီသည် အထဲသို့ပြန်မဝင်တော့ပါ။

အဘွားအိုလက်ထဲမှပုဆိန်ကိုဆွဲယူ၍ ထင်းများကိုခွဲခြိတ်ပေးနေသည်။

အဘွားအိုသည် ချီကိုအံ့ဩစွာငေးကြည့်နေမိတော့၏။

*   *   *

မိုးသည်းထန်စွာရွာချပြန်၏။

ညဦးပိုင်းတွင် အခြေအနေကကောင်းနေသော်လည်း ညလယ်ပိုင်းသို့ရောက်သောအခါ မိုးများက ရွာသွန်းချလာသည်။

ချီမှာ အဆောက်အအုံဟောင်းရှိသစ်ပင်အောက်က ကွက်ပျစ်ပေါ်၌ အိပ်စက်ရလေသည်။

'သခင်ကြီး မကျေနပ်ဘဲနဲ့ဟော့ အဆောက်အအုံထဲကိုဝင်ခွင့်လဲမပြုနိုင်ဘူး၊ အစားအသောက်လဲမပေးနိုင်ဘူး၊ အဲဒီတော့ မင်းတော်ရာကိုထွက်သွားတာက ကောင်းလိမ့်မယ်'

အဘွားအိုက ထိုကဲ့သို့ပြောသော်လည်း ချီသည် ခြံဝင်းထဲမှထွက်မသွားဘဲ သစ်ပင်အောက်က ကွပ်ပျစ်ပေါ်၌ အိပ်လိုက်လေသည်။

ယခုမိုးက ရွာလာသောအခါ ချီတစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေတော့သည်။

မီးလုံးစရာမီးဖိုမရပါ။

ချီသည် ခိုက်ခိုက်တုန်အောင်ချမ်းလာသောအခါ မိုးရေထဲ၌ပင် သွေးပူလာစေရန် တတ်ကျွမ်းသားသောပညာများကို ပြင်းပြင်းထန်ထန်ပြန်လည်လေ့ကျင့်နေလိုက်၏။



ထိုအခါ သွေးများပူလာပြီး အချမ်းဒဏ်ကို အနည်းငယ်ခံလာနိုင်တော့သည်။

ချီသည် မိုးမတိတ်မချင်းလေ့ကျင့်နေ၏။

မိုးကမိုးလင်းကာ နီးမှစဲသွားသည်။

ချီသည်လည်း မိုးလင်းကာနီးမှ ကွပ်ပျစ်ပေါ်၌အိပ်ပျော်သွားတော့သည်။

*   *   *

အဘွားအိုနှင့် အမျိုးသမီးငယ်တစ်ဦးက ဆရာကြီးဟန်လင်းရှေ့သို့ စားပွဲပေါ်သို့ အငွေ့တထောင်းထောင်းနှင့် အစားအသောက်များ လာ၍ချပေးသည်။

ပြီးစီးသွားသောအခါ အဘွားအိုက

'ဟိုသူငယ်လေးဘယ်မှ မသွားဘဲ ညက မိုးရေထဲမှာအိပ်နေတယ်'

အဘွားအိုက ချီကိုသနားသဖြင့် အရဲစွန့်ပြီး ဆရာကြီးဟန်လင်းအား ဝင်၍ ပြောလိုက်၏။

ဆရာကြီးဟန်လင်းသည် နွားနို့ပူပူကိုမှုတ်၍ သောက်ရင်းမှ

'ငါသိတယ်'

'သူအခုအိပ်နေတယ်၊ တစ်ခုခု ကျွေးလိုက်ရမလား'

'ကျွေးစရာမလို မစားရရင် သူပြန်သွားလိမ့်မယ်'

အဘွားအို ဘာမှဆက်မပြောရဲတော့ပါ။

အမျိုးသမီး ခပ်ငယ်ငယ်တစ်ဦးက ရေထမ်းနေ၏။

သူမသည် ရေထမ်းရင်းမှ ချီကို လှမ်းကြည့်လိုက်၏။

ချီကလည်း သူ့မကိုလှမ်းကြည့်၍ အိပ်ရာမှလူးလဲထကာ အမျိုးသမီးထမ်းနေသောရေပုံးကိုယူ၍ သူကဝင်ရောက် ကူ ထမ်းပေး၏။

အမျိုးသမီးက ဂေဟာအတွင်းသို့ လှမ်းကြည့်လိုက်၏။

'ဒီမှာ မောင်လေး ဆရာကြီးက နင့်ကို ဘာမှ ကျွေးမွေး မဟုတ်ဘူး၊ သိုင်းပညာလဲသင်ပေးမှာ မဟုတ်ဘူး၊ အဲဒီတေ လုပ်မနေပါနဲ့၊ နင်ပြန်သွားရင်ပိုကောင်းမယ်'

ချီ ပြုံးလိုက်သည်။

'ကျွန်တော်ပြန်ဖို့လာတာ မဟုတ်ဘူး'

'ဆရာကြီးက နင့်ကိုပညာသင်ပေးမှာမှ မဟုတ်ဘဲ'

'ဒါတော့ ဘယ်တတ်နိုင်မလဲဗျာ၊ ဆရာကြီးဆီက ပညာ မယ့်အတူတူတော့ သေသွားလဲအေးတာပဲ'

အမျိုးသမီးက ပါးစပ်ပိတ်ထားလိုက်၏။

* * *

ချီသည် သူ့အား မည်သည့်အစားအသောက်မှ မကျွေး သော်လည်း ဂေဟာတွင် လုပ်ကိုင်စရာရှိသော အလုပ်များ ဝိုင်းဝန်းလုပ်ကိုင်ပေးလျက်ရှိ၏။

ရေခပ်ပေးသည်။ ထင်းခွဲပေးသည်။ အမှိုက်သရိုက်များသိ ဆည်းပေးသည်။

ခြံဝင်းတစ်ခုလုံးရှိ သစ်ပင် ချုံနွယ်တို့အား ရှင်းလင်း သည်။

ယခုအခါ ခြံဝင်းကြီးမှာ ရှင်းလင်းပြီး အလွန်ကြည့်၍ကော နေ၏။



ချီသည် ဆာလောင်သည့်အခါ ရေကိုတဝကြီး သောက်ပစ် လိုက်၏။

သူ၏ဝမ်းဗိုက်သည် ရေနှင့်အလွန်ရင်းနှီးပြီးသား ဖြစ်သည်။

ချီသည် ဒုတိယနေ့ညနေပိုင်းသို့ရောက်သောအခါ ဆရာကြီး ၏ အခန်းသို့ ဝင်ရောက်သွားပြန်သည်။

ကုလားထိုင်များက သူ့ခေါင်းတည့်တည့်သို့ ပြေးဝင်လာ လာသည်။

ချီသည် ကုလားထိုင်များကိုဖမ်းယူပြီး နောက်ဆုံး၌ နေ သားတကျဖြစ်အောင်ပြန်လည်ထားပေးခဲ့ပြီး ထွက်လာခဲ့ရလေ သည်။

သူ့ဘဝကမထူးတော့ပြီ၊

ဤမျှအဆင်းရဲအပင်ပန်းခံ၍ လာရောက်ပြီးမှတော့ သေ ချင်သေသွားပါစေ၊ ဘယ်နည်းနဲ့မှမပြန်တော့ဟု ဆုံးဖြတ်ချက် ချထားလိုက်သည်။

* * *

သူသည် တတိယနေ့တွင်အလွန်ဆာလောင်မွတ်သိပ်နေသော် လည်း ထင်းများကိုခွဲစိတ်ပေး၏။

ရေများပြည့်အောင်ဖြည့်တင်းပေး၏။

ခြံထဲ၌ အမှိုက်သရိုက်များ၊ မြက်များရှင်းလင်းပေးသည်။

ကြာသော် မောပန်းလာပြီး ကွပ်ပျစ်ပေါ်၌လဲလျောင်းနေ လိုက်သည်။

သို့နှင့် လေးရက်မြောက်နေ့တွင် ချီမှာ ရင်ထဲ၌ကတုန်က ယင်ဖြစ်လာတော့၏။

သို့သော် သူ၏လုပ်ဆောင်စရာရှိသည်တို့ကို ခွန်အားမရှိတော့သည့်တိုင်အောင် တဖြည်းဖြည်းချင်းလုပ်ဆောင်လျက်ရှိနေ[ပေ]သည်။

ချီသည် တစ်ခါတရံ အမှိုက်ခြင်းကိုထမ်းရင်း ယိမ်းယို[င်]လဲကျသွားတတ်၏။

အဆောက်အအုံပေါ်မှမျက်စိတစ်စုံသည် ချီကိုစူးစိုက်ကြည့်နေ၏။

ထိုနောက် တံခါးပြန်ပိတ်သွားသည်။

ချီသည် ညနေပိုင်း၌ ထုံးစံအတိုင်း ဆရာကြီး၏အခန်းထဲသို့သွားကာ ဂါရဝပြုလိုက်ပြီး ရပ်တန့်နေပေသည်။

ဆရာကြီးဟန်လင်းသည် ကျမ်းစာအုပ်တစ်အုပ်ကိုဖတ်ရှုနေသည်။

ချီရောက်ရှိနေမှန်းသိသော်လည်း မသိဟန်ပြု၍ ကျမ်းစာကိုဖတ်ရှုနေ၏။

အချိန်ကြာတော့ ဆရာကြီးမှာ ညောင်းညာလာဟန်တူလေသည်။

လက်တစ်ဖက်မှာ သူ၏ခြေသလုံးများကိုပြန်လည်၍နှိပ်ရင်းကျမ်းစာအုပ်ကိုဖတ်ရှုနေသည်။

မတ်တတ်ရပ်နေသောချီသည် ရုတ်တရက် ထိုင်ချလိုက်ပြီး ဆရာကြီး၏ခြေသလုံးများကို သူ၏လက်ဖြင့် ညင်သာစွာနှိပ်နယ်ပေးလျက်ရှိနေပေသည်။

အတန်ကြာသော် ဆရာကြီးဟန်လင်းသည် စာအုပ်နှင့်မျက်နှာခွာလိုက်သည်။



'ရှယ်ံ ဒဏာလာစမ်း'

ဆရာကြီးကလှမ်းခေါ်လိုက်သဖြင့် အဘွားအိုက အခန်းထဲသို့ပြေးဝင်လာသည်။

ဆရာကြီး၏ခြေသလုံးကို နှိပ်နယ်ပေးနေသည့်ချီကိုကြည့်၍ အဘွားအိုမှာအံ့ဩသွားသည်။

ဆရာကြီးသည် အဘွားအိုကိုလှမ်းကြည့်လိုက်ပြီး....

'ရှယ်ံ သူ့ကို ကောင်းကောင်းမွန်မွန် ကျွေးမွေးလိုက်ပါ၊ မနက်ဖြန်ကစပြီး ငါသူ့ကိုသိုင်းပညာသင်ပေးရမယ်'

ဟု ကြည်လင်ပြတ်သားစွာပြောဆိုလိုက်လေတော့သည်။

* *

## အပြောင်းအလဲ

ရာသီများက ဝစ်ခုပြီးတစ်ခု ကူးပြောင်းလာသည်နှင့်အမျှ နန်းတွင်း၌လည်း ဝန်ကြီးများအပြောင်းအလဲရှိလာတော့သည်။

ဘုရင်သည် နန်းတွင်းရေးတည်ငြိမ်မှုနှင့် တိုင်းပြည်တစ်ပြည်လုံးအေးချမ်းသာယာမှုရှိစေရန် လုံးပမ်းနေရသည်။

အချို့ ဆိုးသွမ်းသောဝန်ကြီး ဝန်ကလေးများ။

မြို့တော်ဝန်များ၊ နယ်စားကြီးများ၊ မြို့စားကြီးများအပြင် နန်းရေးဝန်ကြီးပင် ရာထူးမှထုတ်ပယ်ခြင်းခံလိုက်ရသည်။

အဘယ်ကြောင့်ဆိုသော် ငါးနှစ်ကျော်ကျော်အဲချိန်ကာလ၏ နောက်ပိုင်းတွင် တရုပ်ပြည်အလယ်ပိုင်းနှင့် မြောက်ပိုင်းသည် သိသိသာသာဆူပူလာသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ဘုရင်သည် လူတော်လူကောင်းများကိုအလျင်အမြန်ရွေးချယ်၍ ထိုနေရာဒေသအသီးသီးသို့ စီမံအုပ်ချုပ်စေတော့သည်။

နေပြည်တော်တွင် အဲတွင်းဝန်မင်းချန်ယိ ရာထူးပြုတ်ကျသွားသည်နှင့် သူနှင့်ပတ်သက်သောအရာရှိကြီးငယ်တို့မှာအလိုလိုအာဏာမဲ့သွားကြလေသည်။

သို့သော် အင်ထရမ်းမြို့ရှိမြို့စားကြီးကျင်းဟူမှာမူ နောက်ထပ်တက်လာသော အတွင်းဝန်မင်းအား လက်ဆောင်ပဏ္ဏာပစ္စည်းများဖြင့် ဆက်သလိုက်သောကြောင့် ရာထူးမှမြဲနေပေသည်။ မြို့စားကြီး ကျင်းဟူရာထူးမြဲနေသမျှကာလပတ်လုံး ကိုယ်၏ တော်တပ်မှူးကြီး အင်ရှာဘုန်သည်လည်း အာဏာကြီးထွားမြဲ ကြီးထွားနေပေ၏။

ယခုဆိုလျှင် အင်ထရမ်းနယ်တစ်ဝိုက်၌ သောင်းကျန်းနေသည့် ကျားမင်းအဖွဲ့သည် ပိုမိုအတင့်ရဲလာသည်။

ထို့ပြင် ဟိုနန်နယ် ၌လည်း ဓားသမား ကိုးယောက်သည် အလွန်နာမည် ကြီးလျက်ရှိနေ၏။

တစ်ဖက်မှ အနက်ရောင်သိုင်းသမားများ ဆူပူလာသကဲ့သို့ တစ်ဖက်မှလည်း တစ်ကိုယ်တော်လူစွမ်းကောင်းများ ပေါ်ထွန်းလျက်ရှိလာသည်။

ယခု သောင်းကျန်းလာသော အနက်ရောင်သိုင်းသမားများ ထို့ပြင် ဓားသမားကိုးယောက်တို့သည် ရာထူးကျသွားသော မြို့စားနယ်စားများ၏ တပည့်တပန်းများဖြစ်ကြလေ၏။

ယခု အသစ်တက်လာသော အတွင်းဝန်မှာ သိက္ခာသမာဓိနှင့်ပြည့်စုံပြီး တိုင်းပြည်အရေး အေးချမ်းသာယာသည်ကိုသာ ရှေးရှုသည့်စိတ်ထားရှိသူဖြစ်သောကြောင့် မျိုးချစ်သိုင်းသမားများကို အလွန်ပင်အရေးပေး၍ အားကားသည်။

သူသည် အလွန်တော်သော မျိုးချစ်သိုင်းသမားများကိုမွေးမြူ၍ တိုင်းပြည်၏ထောက်လှမ်းရေးတာဝန်ကိုပေးအပ်ကာ ဆူပူသူများကို နှိမ်နင်းခိုင်းလျက်ရှိပေ၏။

နေပြည်တော်တွင် လူစွမ်းကောင်း ထောက်လှမ်းရေးသမားများသည် ပုံစံအမျိုးမျိုးဖြင့် အနက်ရောင်သိုင်းသမားများကို ဖော်ထုတ်လျက်ရှိနေသည်။

တချို့လည်း မြို့နယ်အသီးသီးသို့သွားရောက်၍ အနက်ရောင်သိုင်းသမားများအား ဖော်ထုတ်လိုက်လေ၏။

သို့သော် အချို့သော မြို့တော်ကြီးများမှာမူ အနက်ရောင်သိုင်းသမားများအား ဖော်ထုတ်ရန် ရောက်ရှိလာသည့် မျိုးချစ်ထောက်လှမ်းရေးသမားများမှာ မကြာခဏ အသတ်ခံလိုက်ရသည်။

မကြွာမီကပင် ပျံလွှားအမည်ရှိ ထောက်လှမ်းရေးသမားနှင့် လစန္ဒာခေါ်းသမားဟုအမည်ရှိသော ထောက်လှမ်းရေးသမားနှစ်ဦးမှာ ရှေ့ဆင့်နောက်ဆင့် အသတ်ခံလိုက်ရ၏။

ထိုကိစ္စအတွက် အသစ်တက်လာသော အတွင်းဝန်မင်းသည် အထော်ပင် စိတ်သောကဖြစ်ခဲ့ရသည်။

အသစ်တက်လာသော အတွင်းဝန်မင်း နန်ရှမ်းသည် ပြည်ထဲရေးကိုင်သောဝန်ကြီးအား မှညာမတာ အပြစ်တင်ဝေဖန်လိုက်တော့သည်။

ဤသို့ဖြင့် တစ်နှစ်တာအချိန် ကြာညောင်းခဲ့သောအခါ နေပြည်တော်တွင် လူစွမ်းကောင်းတစ်ယောက် ပေါ်ထွန်းလာတော့၏။

ထိုလူစွမ်းကောင်းမှာ နေပြည်တော်တွင် အလွန်အမင်းဆိုးသွမ်း၍ နာမည်ကြီးနေသောလူဆိုးငါးဦးကို တစ်ပြိုင်နက်တည်းသုတ်သင်ခဲ့သည်မှစ၍ သူ၏နာမည်သည် အလွန်ပင်ကျော်ကြားခဲ့တော့သည်။



အတွင်းဝန်မင်းသည် ထိုသူကိုတွေ့ဆုံကာ နေပြည်တော်၏ အထူးထောက်လှမ်းရေးတာဝန်ကို ပေးအပ်လိုက်၏။

တစ်ရှိန်ထိုး တိုးတက်ကျော်ကြားလာသည့် ခါးသမား၏ အမည်မှာ မုန်တိုင်းခါးသမားပင်ဖြစ်တော့သည်။

* * *

မြင်းလှည်းတစ်စီးက လမ်းမကြီးအတိုင်း လျင်မြန်စွာမောင်းနှင်လာ၏။

မြင်းလှည်းအတွင်း၌ သမားတော်ကြီးကွမ်းဖု လိုက်ပါလာသည်။

မြင်းလှည်းကိုမောင်းသူမှာ ပို့ကျူလင်ဖြစ်၏။

မြင်းလှည်းသမား လူဝကြီးဆန့်ယို့က နေထိုင်မကောင်း၍ ပို့ကျူလင်က မောင်းနှင်နေရခြင်းဖြစ်သည်။

သမားတော်ကြီးမှာ ကျေးရွာတစ်ရွာမှလာပင့်သဖြင့် ဆေးဝါးသွားရောက်ကုသရာမှ ပြန်လာခြင်းဖြစ်၏။

'သမီးရယ် ဖြည်းဖြည်းမောင်းစမ်းပါ၊ ဘာဖြစ်လို့ဒီလောက်တောင် လောနေရတာလဲ'

မြင်းလှည်းကို ကြမ်းတမ်းစွာမောင်းနှင်နေသဖြင့် သမားတော်ကြီးက လှမ်း၍ပြောလိုက်ခြင်းဖြစ်၏။

'အဖေဘာသိလို့လဲ' ဒီနေရာတွေမှာ ဓားပြတိုက်တယ်လို့ နာမည်ကြီးနေ'

ပို့ကျူလင် စကားမဆုံးလိုက်ပါ။

အဘယ်ကြောင့်ဆိုသော် သူမ၏ မြင်းလှည်းရှေ့တွင် လူခြောက်ယောက်စီ ရပ်နေသည်ကို တွေ့လိုက်ရသောကြောင့်ပင်။

'အဖေ ကျွန်မမြင်းကိုမရပ်ဘူး၊ တအားဖြတ်မောင်းမယ်'

သမားတော်ကြီးက ရှေ့သို့လှမ်းကြည့်လိုက်သည်။

'မမောင်းနဲ့သမီး အခြေအနေကပိုဆိုးသွားဦးမယ်'

သမားတော်ကြီးကလှမ်းပြောသဖြင့် ပို့ကျူလင်သည် မြင်းလှည်းကိုရပ်တန့်ပေးလိုက်လေသည်။

လူဆိုးခြောက်ယောက်စလုံး မျက်နှာဖုံးအနက်များဖုံးအုပ်ထားသည်ကို တွေ့လိုက်ရသဖြင့် ကျွားမင်းဂိုဏ်းမှဓားပြမှန်းသိရှိလိုက်လေသည်။

'ဒီကောင်တွေ မြို့တော်ကြီးနားမှာတောင် တော်တော်အတင့်ရဲနေပါလား'

သမားတော်ကြီးက စိတ်ထဲမှညည်းညူလိုက်လေသည်။

ဓားပြခြောက်ယောက်က မြင်းလှည်းကို ဝိုင်းရံလိုက်လေ၏။

သူတို့၏လက်ထဲတွင် ဓားကိုယ်စီ ကိုင်ဆောင်ထားသည်။

'ကျုပ်တို့မှာဘာမှမပါဘူး မောင်ရင်တို့ ဆေးဝါးကုသရာကပြန်လာတာ'

သမားတော်ကြီးက သံမှန်နှင့်ပြောလိုက်သည်။

ခေါင်းဆောင်လုပ်သူသည် သမားတော်ကြီးကို လှမ်းကြည့်လိုက်၏။

'ကျုပ်တို့အလှူခံတဲ့အခါ ဘာမှမပါဘူးဆိုတာ လုံးဝမရှိစေရဘူး၊ ကဲ ပါသမျှကလေးတော့ စွန့်ကြဲလိုက်ပါဦး'



ပို့ကျူလင်သည် သူမ၏ဘေးတွင်ချထားသောဓားဖြင့် သူသေသေကိုယ်သေသေတိုက်ခိုက်လိုက်ချင်သည်။

ပို့ကျူလင်မှာ ယခုအခါ အသက်နှစ်ဆယ်ကျော်နေပြီဖြစ်၍ လုံးကြီးပေါက်လှနှင့် ချစ်စရာကောင်းသလောက် စိတ်ကလည်းထက်မြက်လှ၏။

ဖခင်က လုံးဝမတိုက်ခိုက်ရန် အရိပ်အခြည်ပြထားသဖြင့် သည်းခံနေရလေသည်။

သမားတော်ကြီးသည် ပါသမျှငွေထုပ်ကိုပစ်ပေးလိုက်၏။

ပို့ကျူလင်ကလည်း သူမ၏လက်တွင် ဝတ်ဆင်ထားသော လက်စွပ်တစ်ကွင်းကိုချွတ်ပေးလိုက်လေသည်။

ဓားပြခေါင်းဆောင်သည် စိတ်ပျက်စွာဖြင့် ခေါင်းကိုခါယမ်းလိုက်လေသည်။

'ဒီငွေကလေးက ကလေးမုန့်ဖိုးလောက်ရှိတာပဲဗျာ ကျုပ်တို့ကကျေနပ်ရမှာလား'

'ကျုပ်တို့မှာ ပါသမျှအကုန်ပေးတာပဲမောင်ရင်'

'ဟေ့ သူ့ကိုဆွဲခေါ်ထားလိုက်စမ်း'

ဓားပြခေါင်းဆောင်သည် ပို့ကျူလင်အား မြင်းလှည်းပေါ်မှဆွဲချထားရန် သူ့လူများကို အမိန့်ပေးလိုက်၏။

သမားတော်ကြီးကွမ်းဖုသည် သမီးကိုစော်ကားလာသဖြင့် မနေသာတော့ပါ။

ဓားကိုရုတ်တရက်ကောက်ကိုင်၍ မြင်းလှည်းပေါ်မှခုန်ဆင်းလိုက်သည်။

'ဩော် ခင်ဗျားက ခုခံမယ်ပေါ့ဟုတ်လား ရပါတယ်'

ဓားပြခေါင်းဆောင်သည် သမားတော်ကြီးအား စတင်၍
တိုက်ခိုက်လေသည်။

ပို့ကျူလင်ကလည်း အားကျမခံတိုက်ခိုက်တော့၏။

သူတို့က စတင်တိုက်ခိုက်စဉ်မှာပင် ထိုလမ်းမကြီးအတိုင်း
ပြေးလွှားလာသောမြင်းနှစ်ကောင်ကို တွေ့လိုက်ရလေသည်။

ဓားပြများသည် ခေတ္တတွေဝေသွား၏။

သို့သော် ခေါင်းဆောင်က

'ဟေ့ အဲ့ဒီလူနှစ်ယောက်ကိုပါ တိုက်ခိုက်ကွာ'

ဟု အမိန့်ပေးလိုက်လေသည်။

သို့သော်လည်း အနားသို့ရောက်ရှိလာသည့်အခါ မြင်းပေါ်
မှလူနှစ်ယောက်စလုံးမှာ ဘုရင့်အာဏာသားဝတ်စုံကို ဝတ်ဆင်
ထားသည့်လူဆိုးထိန်းများဖြစ်နေသဖြင့် ဓားပြခြောက်ယောက်
သည် တောထဲသို့အလျင်အမြန်ပြေးဝင်သွားကြလေသည်။

* * *

သမားတော်ကြီးက ရောက်ရှိလာသော အာဏာသားလူဆိုး
ထိန်းနှစ်ယောက်ကို ကျေးဇူးတင်စွာဖြင့် လှည့်ကြည့်လိုက်၏။

ပို့ကျူလင်ကလည်း လှည့်ကြည့်မိလိုက်၏။

ထိုအခါ ပို့ကျူလင်၏မျက်လုံးအစုံသည် အံ့ဩစွာပြူး
ကျယ်သွားတော့၏။

သူမ၏နှုတ်မှလည်း

'ဟင် လီအင့်ဂို'

ဟု ဝမ်းသာအားရခေါ်လိုက်တော့သည်။

'ဪ် လက်စသတ်တော့ လီအင့်ဂိုပါလား၊ မင်းကလူဆို



ထိန်းကြီးရဲ့အဆောင်အယောင်နဲ့ဆိုတော့ ငါတောင်ရုတ်တရက်
မမှတ်မိတော့ဘူး'

သမားတော်ကြီးက ဝင်၍ပြောလိုက်သည်။

မှန်ပေသည်။

လီအင့်ဂိုသည် ဟိုငယ်စဉ်က လီအင့်ဂိုမဟုတ်တော့ပါ။

ကိုယ်ကာယထွားကျိုင်းပြီး လူဆိုးထိန်းဝတ်စုံဖြင့် အလွန်
ခန့်ညားသော လူကြီးတစ်ယောက် ဖြစ်နေပေသည်။

'လီအင့်ဂို နင် အချိန်မီရောက်လာတာ ဝမ်းသာစရာပဲ၊ တို့
သားအဖကို ဓားပြတွေက အနိုင်ကျင့်တော့မလို့'

လီအင့်ဂိုက ပြုံးနေသည်။

သူမကဆက်၍

'နင်က ဘုရင့်အာဏာသားအဖြစ် အမှုထမ်းတယ်ဟုတ်လား၊
ငါလုံးဝအထင်မကြီးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အခုတိုက်တဲ့
ဓားပြတွေဟာ မြို့စားကြီးရဲ့ ကိုယ်ရံတော်တွေပဲမဟုတ်လား၊ အဲ့ဒီ
တော့ ဘယ်သွားကောင်းနိုင်တော့မှာလဲ'

လီအင့်ဂိုသည် သူနှင့်အတူပါလာသော လူဆိုးထိန်းကို အား
နာစွာ တစ်ချက်လှမ်းကြည့်မိလိုက်လေသည်။

ထို့အတူ ပို့ကျူလင်ကလည်း ထိုသူကို ယခုမှ သေသေချာ
ချာ ကြည့်မိလိုက်၏။

ထိုအခါ ပို့ကျူလင်မှာ အံ့ဩသွားတော့သည်။

အဘယ်ကြောင့်ဆိုသော် လီအင့်ဂိုနှင့်အတူ ပါလာသော
လူဆိုးထိန်းဝတ်စုံနှင့်သူမှာ အလွန်ချောမောသည့် မိန်းကလေး
တစ်ယောက် ဖြစ်နေသောကြောင့်ပင်။

သမားတော်ကြီးမှာ သမီးဖြစ်သူ၏စကားကြောင့် လီအင့်ဂို
ကို အားနာသွားမိ၏။
'သမီးကလဲ ကွယ် ဒီဓားပြတွေဟာ မြို့စားကြီးရဲ့ တပည့်တွေ
ပါလို့ နင်လဲအတိအကျမပြောနိုင်ပါဘူး၊ အဲ့ဒီတော့ မပြောပါနဲ့'
လီအင့်ဂိုက ရယ်လိုက်၏။
'သူက ငယ်ငယ်ကတည်းက နှုတ်သီးကောင်းတာ ပြောပါ
စေဦးရယ်၊ ဩော် ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူ့နာမည်က
တိတ်အိန်းလို့ခေါ်တယ်၊ တာချင်မြို့ကို လူဆိုးထိန်း ရာထူးနဲ့
ပြောင်းလာတာပဲ၊ နင်ဘို့မှတ်ထားကြပါ'
လီအင့်ဂိုက ထိုကဲ့သို့ပြောပြီး တိတ်အိန်းဘက်သို့ လှည့်လိုက်
သည်။
'တိတ်အိန်း ဟောဒီ တာချင်မြို့က သမားတော်ကြီး ကွမ်းဖု
လို့ ခေါ်တယ်၊ သူကတော့ သမားတော်ကြီးရဲ့သမီး ငါ့ရဲ့အရင်း
နှီးဆုံး မိတ်ဆွေ ပို့ကျူလင်တဲ့'
တိတ်အိန်းက သမားတော်ကြီးနှင့် ပို့ကျူလင်တို့ကို လက်
နှစ်ဖက်ဆုပ်၍ အရိုအသေပေးလိုက်၏။
သမားတော်ကြီးက ခေါင်းညိတ်၍ အသိအမှတ်ပြု၏။
ပြီးမှ
'အေး တာချင်မှာ အခြေအနေက သိပ်တော့မကောင်းဘူး။
အလျှင်ရောက်လာတဲ့ လူဆိုးထိန်းတော့ အသတ်ခံလိုက်ရတယ်'
'ဘာဘ သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်မ အဲဒီလူ
အစား လာရတာပါ၊ သတိထားရမှာပေါ့ ဘာဘရယ်'
တိတ်အိန်းက ယဉ်ကျေးစွာ ပြောလိုက်၏။



'အေး အေး လီအင့်ဂိုကကော ဘယ်မှာတာဝန်ကျသလဲ'
'ကျွန်တော်က အင်ထရမ်းမြို့မှာပါ၊ အင်ထရမ်းမြို့မှာလဲ
လူဆိုးထိန်းအသတ်ခံရလို့ ကျွန်တော်က တာဝန်လွှဲယူရတာပါ'
သမားတော်ကြီးသည် သက်ပြင်းရှည်ကြီးကို ချလိုက်၏။
'အေးကွယ် အားလုံး သတိဝီရိယနဲ့ ဆောင်ရွက်ကြပါ'

* * *

နေရောင်ခြည်သည် အလွန်ပူပြင်းစွာ ထွန်းလင်းတောက်ပ
နေ၏။
ထိုသော် တာချင်မြို့ရှိ ပန်းမာလာ စားသောက်ဆိုင်ထဲတွင်
အေးမြလှပေ၏။
ပန်းမာလာစားသောက်ဆိုင်၏ ပြတင်းပေါက်နားမှ စားပွဲ
တွင် လီအင့်ဂိုနှင့် ပို့ကျူလင်သည်အေးဆေးစွာဖြင့်စားသောက်
နေကြ၏။
အေးဆေးစွာ စားသောက်နေသည်ဟု ဆိုရသော်လည်း
လီအင့်ဂိုအဖို့ နားမချမ်းသာလှပါ။
ပို့ကျူလင်သည် သူ့အား နှုတ်ခမ်းစူ၍ ဆူပူကြိမ်းမောင်း
နေသောကြောင့် ဖြစ်၏။
'နင် ဘာဖြစ်လို့ အိမ်ကိုမလာတာလဲ'
'အလုပ်မအားလို့ပါ'
လီအင့်ဂိုက အေးဆေးစွာ ပြန်ပြော၏။
'ဘာ အလုပ်မအားရမှာလဲ၊ နင်ဟိုကောင်မနဲ့ပဲ တပူးတွဲတွဲ
သွားလာနေတာ မဟုတ်လား၊ ငါအကုန်သိတယ်'
လီအင့်ဂို ပြုံးလိုက်၏။

'ဒီလိုမဟုတ်ပါဘူးဟာ၊ ငါက ဒီမြို့ခံလူမဟုတ်လား၊ သူက လောလောဆယ်မှာ ဧည့်သည်ဆိုတော့'

'တော်စမ်းပါ၊ သူက လူဆိုးထိန်းအရာရှိတစ်ယောက်ပဲ၊ မြို့ပြအုပ်ချုပ်ရေးကလူတွေက သူ့ကို ကူညီမှာပေါ့'

'နင်ကလဲ ဒေါသဖြစ်စရာမရှိ ရှာကြံပြီး ဒေါသဖြစ်နေတာကိုး၊ တိတ်အိန်းက သဘောကောင်းပါတယ်၊ နင်ကတောင် သူ့ကို အကူအညီပေးသင့်သေးတယ်'

ပို့ကျူလင်ကမျက်စောင်းထိုး၍ ခြေဆောင့်လိုက်၏။

'ဘယ်တော့မှမပေးသေးဘူး'

လီအင့်ဂိုကရယ်နေသည်။

အတန်ကြာမှ

'ဒါထက် ပို့ကျူလင်၊ အသတ်ခံရတဲ့လူဆိုးထိန်းကို ဘယ်သူကသတ်သွားတယ်လို့ သကင်းရသလဲ'

'ဒါတွေ ငါ့ကိုမမေးနဲ့ ငါစိတ်မဝင်စားဘူး နင်တို့ မြို့စားကြီးလက်အောက်မှာရှိတဲ့လူတွေဟာ အားလုံး သူခိုးဓားပြတွေချည်းပဲ'

'ဒီလိုမပြောပါနဲ့ဟာ လူကောင်းတွေအများကြီး ရှိပါတယ် နင်ပြောတဲ့အထဲမှာ ငါမပါဘူး'

ပို့ကျူလင် မျက်နှာကိုမဲ့ရွဲ့လိုက်၏။

'နင်လဲဒီပုတ်ထဲကဒီပဲပါပဲတစ်နေ့သူခိုးဓားပြဖြစ်မှာအမှန်ပဲ'

'ဟာ ခက်တော့တာပဲ နင်ဟာလေပြောလေကဲလေပဲ ကဲ ဒါတွေအသာထားစမ်းပါ ဟိုကောင်ရဲ့သတင်း နင်ဘာကြားသေးသလဲ'



'ဘယ်သူလဲ ချီကိုမေးတာလား'

လီအင့်ဂို ခေါင်းညိတ်ပြလိုက်သည်။

'အေး ဟုတ်တယ်'

ပို့ကျူလင်က ချီ၏ နောက်ဆုံးသူသိရသည့် အခြေအနေများကို ပြောပြလိုက်လေသည်။

လီအင့်ဂိုကစဉ်းစား၍

'အဲဒီအချိန်ကတည်းကတစ်ခါမှအဆက်အသွယ်မရဘူးလား'

ပို့ကျူလင်က စိတ်ပျက်စွာဖြင့်ခေါင်းခါယမ်းလိုက်သည်။

'တကယ်တော့ ချီဟာအလကားပဲ တို့ခင်သလိုမခင်ပါဘူး ဘာပဲဖြစ်ဖြစ် အခုဆိုရင် ခြောက်နှစ်လောက်ရှိပြီ တစ်ခါမှ အဆက်အသွယ်မလုပ်ဘူး'

'ဒီကောင့်ကြည့်ရတာ နောက်ပိုင်းကရာဇဝတ်မှုမကင်းတဲ့လူတစ်ယောက်လိုပဲ အပြစ်ရှိလို့ အဖမ်းသွားခံပြီလားမှမသိတဲ'

သူမခေါင်းယမ်းလိုက်သည်။

'ဒါတော့ မဖြစ်နိုင်ဘူး သူ့ဘဝတစ်စိတ်တစ်ဒေသကိုပြောပြတဲ့အခါမှာ သူ့မိသားစုဟာမတရားခံရတာဆိုရင်တော့ စိတ်မကောင်းစရာပဲ'

သူမတို့ စကားပြောနေစဉ် အပြာရောင်ဝတ်စုံနှင့်အမျိုးသမီးတစ်ဦး ဆိုင်ထဲသို့ဝင်ရောက်လာသည်။

သေသေချာချာ ကြည့်လိုက်သောအခါ လူဆိုးထိန်းအမျိုးသမီးတိတ်အိန်းဖြစ်နေပေသည်။

တိတ်အိန်းသည် ပို့ကျူလင်ကိုအပြုံးနှင့်နှုတ်ဆက်၍ လီအင့်ဂိုအား အရေးတကြီးခေါ်ထုတ်သွားလေသည်။

လီအင့်ဂိုသည် ပို့ကျူလင်ကို တစ်ချက်ပြုံးပြပြီး လိုက်ပါသွားတော့၏။

ပို့ကျူလင်မှာ နည်းနည်းမှမကျေနပ်တဲ အိမ်သို့ပြန်ခဲ့ရလေသည်။

* * *

ပို့ကျူလင်သည် လီအင့်ဂိုအားအလွန်ခင်မင်သူ ဖြစ်၏။

သူမ၏စိတ်ထဲတွင် လီအင့်ဂိုသည်ငယ်စဉ်ကကဲ့သို့ မဟုတ်တော့ဘဲ သူမအပေါ် စိမ်းကားလာသည်ဟု ထင်မြင်မိလာလေသည်။သူမသည်ထိုသို့စဉ်းစားရာမှ တိတ်အိန်းကိုမြင်ယောင်လာမိသည်။တိတ်အိန်းသည် အသက်အရွယ်ငယ်ပြီး အလွန်လှပမိန်းကလေးတစ်ဦးပင်ဖြစ်၏။

သူမက လီအင့်ဂိုအားကြည့်သော မျက်လုံးများသည်မရိုးမသားဟု ပို့ကျူလင်ကထင်နေမိသည်။

ပန်းမာလာဆိုင်ထဲမှာတုန်းက သူမကရဲတင်းစွာလက်ဆွဲသွားသည်နှင့် လီအင့်ဂိုသည် ကောက်ကောက်ပါအောင် လိုက်ပါသွားသည်ကို သူမအနေဖြင့် အခံရအခက်ဆုံးဖြစ်နေပေသည်။

နောက်တစ်နေ့ ပို့ကျူလင်ကလီအင့်ဂို၏အိမ်သို့ သွားရောက်မေးမြန်းသောအခါ လီအင့်ဂိုသည် တာဝန်ဝတ္တရားဆောင်ရွက်ရန် အင်ထရမ်းမြို့သို့ထွက်သွားပြီဖြစ်ကြောင်း သိလိုက်ရလေ၏။

ပို့ကျူလင် ပို၍အသည်းနာသွားမိလေသည်။

'ဩော် ငါ့ကိုတောင်နှုတ်မဆက်နိုင်တော့ပါလား'

ဟုစိတ်ထဲမှ ညည်းညူမိလိုက်လေသည်။

* *

## ရှာမရသော သဲလွန်စ

ရောက်လျှင်ရောက်ခြင်း ဆောက်နှင့်ထွင်းဆိုသလို အင်ထရမ်းမြို့သို့ လူဆိုးထိန်း လီအင့်ဂိုရောက်ရှိတာဝန်ယူပြီး နှစ်ရက်မြောက်နေ့မှာပင် မြင်းကုန်သည်အိမ်သို့ ဓားပြဝင်တိုက်ခံရပြီး ကုန်သည်ကြီးကိုသတ်သွားတော့၏။

လီအင့်ဂိုသည် စိတ်ထဲ၌အတော်ခံပြင်းသွားမိတော့၏။

သူခိုးဓားပြများသည် မိမိအားစိန်ခေါ်လေပြီဟု မှတ်ယူမိလိုက်သည်။

သူသည် နံနက်မိုးလင်းသည်နှင့် မြို့စားကြီးဂေဟာသို့ရောက်ရှိသွားသည်။

မြို့စားကြီးဂေဟာတွင် မြို့တော်အုပ်ချုပ်ရေးအရာရှိများနှင့် ကိုယ်ရံတော်တပ်မှူးများလည်း စုံညီစွာရောက်ရှိနေကြ၏။

မြို့စားကြီးသည် မြို့တော်ထဲ၌ ရဲတင်းစွာတိုက်ခိုက်နေသော ဓားပြလူဆိုးများကို အမြန်ဆုံးသုတ်သင်ရှင်းလင်းနိုင်ရန် အကြံဉာဏ်များတောင်းခံ၏။

ကိုယ်ရံတော်တပ်မှူးအသီးသီးကလည်း သူတို့လည်း တက်နိုင်သည့်ဘက်ကစွမ်းဆောင်ပါမည်၊ သို့သော် မြို့တော်၏တာဝန်အရှိဆုံးပုဂ္ဂိုလ်မှာ လူဆိုးထိန်းပင်ဖြစ်ကြောင်းလည်းတင်ပြကြ၏။

လီအင့်ဂိုကလည်း မခံချင်သည့်စိတ်ဖြင့် သူသည်အသက်ကိုပဓာနမထားဘဲ လူဆိုးခါးပြများကိုနှိမ်နင်းပါမည်ဟု ကတိပေးလေသည်။

ကိုယ်ရံတော်တပ်မှူးကြီးဖြစ်သူအင်ရှုဟုန်သည် အလွန်အမင်းဒေါသထွက်နေပုံပေါက်၏။

'ခုလိုခါးပြတိုက်လူသတ်နေတာ ခါးသမားကိုးယောက်အဖွဲ့ကပဲဖြစ်နိုင်တယ်၊ ဒီကောင်တွေဟာ ဟိုနန်နယ်ကနေပြီးအနောက်ဘက်ကို ကျူးကျော်နေတယ်ဆိုတဲ့သတင်းရထားတယ်'

'ကျားမင်းအဖွဲ့ထဲကကောမဖြစ်နိုင်ဘူးလား'

လီအင့်ဂိုက ရုတ်တရက်ပြန်မေးလိုက်၏။

'ကျားမင်းအဖွဲ့ဟာ မနေ့တစ်နေ့ကတောင် တာချင်မြို့နားမှာ ခရီးသည်တွေကို ခါးပြတိုက်တာ ကျုပ်ကိုယ်တိုင်မြင်ခဲ့ရတယ်'

အင်ရှုဟုန်သည် မျက်နှာပျက်သွားသည်ဟုထင်လိုက်ရသော်လည်း သူက အပြုံးဖြင့်ပြန်လည်ဖုံးကွယ်လိုက်သည်။

'ဟုတ်လား၊ နောက်ဆိုရင် တိုက်ရဲမှာမဟုတ်တော့ဘူးနဲ့တူပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူဆိုးထိန်းကြီးတစ်ယောက်လုံးရှိနေမှပဲ'

လီအင့်ဂို အံကြိတ်၍နားထောင်နေလိုက်၏။



ထိုစဉ် မြို့စားကြီးက...

'ကဲ ဒါတွေအသာထားပြီး၊ လူဆိုးထိန်းကြီးကိုယ်တိုင်စုံစမ်းပါဦး'

ဟု လှမ်းပြောလိုက်၏။

လီအင့်ဂိုသည် မြို့စားကြီးအားဦးညွှတ်၍ မြို့စားဂေဟာမှထွက်လာခဲ့သည်။

* * *

လီအင့်ဂိုသည် လူဆိုးထိန်းသင်တန်းကို စနစ်တကျတက်ရောက်သင်ကြားလာခဲ့သူဖြစ်သည်။

သူသည် မည်သည့်အမှုမဆို ရင်ဆိုင်ရန်အသင့်ဖြစ်နေပေသည်။

သို့သော် သူသတိထားရမည်မှာ မကြာခင်က လူဆိုးထိန်းသည် အသတ်ခံရဖူး၏။

မည်သည့်အတွက်ကြောင့် အသတ်ခံရပါသနည်း။

ရှင်းပါသည်။

လူဆိုးထိန်းအာဏာသားများကို လူကောင်းများသည်တယ်တော့မှုရန်ငြိုးမထားပါ။

လူဆိုးထိန်းအာဏာသားများကိုမုန်းတီးသူမှာ သူခိုးခါးပြနှင့်လူသတ်သမားများသာဖြစ်ပေသည်။

ထို့ကြောင့် လူဆိုးထိန်းကိုသတ်ပစ်သူမှာ လူသတ်ခါးပြတိုက်နေသည့်သူကလွဲ၍ အခြားမဖြစ်နိုင်ပါ။

လီအင့်ဂိုသည် ရှေးဦးစွာ ခါးဖြတိုက်ပြီးအသတ်ခံရသောအိမ်သို့ သွားဆောက်စုံစမ်းမှုများပြုလုပ်လေသည်။

ထိုအိမ်၌ ဂေဟာမှူးကြီးကျုံးနှင့်တွေ့ဆုံရပြီး ဂေဟာမှူးကြီးကျုံးအားစစ်ဆေးမေးမြန်းသော်လည်း ကျုံးသည်သံသယဖြစ်ရာလူကိုပင်မပြသနိုင်ပါပေ။

သို့သော် ထိုကဲ့သို့စစ်ဆေးရာမှ ထူးခြားသည့်အချက်တစ်ခုကို လီအင့်ဂိုကသတိထားမိလိုက်၏။

'ခင်ဗျားပြောတဲ့စကားထဲမှာ ဓားပြတွေက မြေတိုက်ထဲမှာရှိတဲ့ရတနာကို ဖောက်ယူသွားကြတယ်ဆိုတော့ အဲ့ဒီပစ္စည်းတွေကို အသတ်ခံရတဲ့မြင်းကုန်သည်သူဌေးကြီးကိုယ်တိုင်က ယူပေးတာလား၊ ဒါမှမဟုတ် အဲ့ဒီနေရာကိုပြောပြသွားသလား'

ဂေဟာမှူးကြီးကျုံးက

'သူဌေးက ယူမပေးပါဘူး၊ အဲဒီပစ္စည်းတွေ ထုတ်မပေးတဲ့အတွက် သူဌေးကြီးကိုသတ်ပြီး သူတို့ဟာ သူတို့မြေတိုက် လျှို့ဝှက်တံခါးကဆင်းသွားပြီးယူသွားကြတာပါ'

လီအင့်ဂိုက စဉ်းစား၍

'အဲဒီမြေတိုက် လျှို့ဝှက်တံခါးကို သိတဲ့လူ ဘယ်သူရှိသလဲ'

'သူ့ အိမ်သားတွေနဲ့ ကျွန်တော်ပဲရှိပါတယ်'

လီအင့်ဂို ဂေဟာမှူးကျုံးအား ခပ်စိန်းစိန်းကြည့်လိုက်သည်။

'သေသေချာချာစဉ်းစားပါဦး၊ တခြားသူစိမ်းတစ်ရံဆံထဲကကော သိတဲ့လူမရှိနိုင်ဘူးလား၊ ဓားပြတွေဟာ လျှို့ဝှက်တံခါးကိုသိနေတယ်ဆိုတော့ ဒီတံခါးအကြောင်းကို သိရှိထားတဲ့လူပဲဖြစ်ရမယ်'

လီအင့်ဂို၏စကားများမှား ဂေဟာမှူးကြီးကျုံးအား အနေရအထိုင်ရကျပ်သွားပေ၏။



[illegible]

လီအင့်ဂိုက ဆက်လက်၍

'ဓားပြတိုက်မခံရခင် အိမ်ကို သူစိမ်းတစ္ဆဲဆံ တယ်သူလာသေးသလဲဆိုတာ ခင်ဗျားပြန်စဉ်းစားပါဦး'

'လွန်ခဲ့တဲ့သုံးရက်လောက်က မြင်းဝယ်တဲ့လူတစ်ယောက်ပဲလာပါတယ်၊ သူက မြင်းပွဲစား မုကုပါ'

ဂေဟာမှူးကျုံးက စဉ်းစဉ်းစားစားဖြင့်ပြော၏။

'အဲ့ဒီမုကု ဒီကိုမကြာခဏ လာသလား'

'မလာပါဘူး၊ ဟိုအလျင်တုန်းကတော့ ရောက်ဖူးပါတယ်၊ နောက်ပိုင်းမှာ အဆက်အသွယ်မရှိခဲ့ပါဘူး၊ လွန်ခဲ့တဲ့ သုံးလေးရက်လောက်က လာတာလဲ မြင်းအရောင်းအဝယ် မဟုတ်ပါဘူး'

'ဘာကိစ္စလာတာလဲ'

အဖိုးတန်တဲ့ရတနာပစ္စည်း လာရောင်းတာပါ'

လီအင့်ဂို၏မျက်လုံး အနည်းငယ်မြင့်တက်သွား၏။

'အဲ့ဒီအချိန်မှာ ခင်ဗျားရှိသလား'

'ဟုတ်ကဲ့ ရှိပါတယ်'

'ဘာပစ္စည်းလဲ'

'စိန်ထည်ပစ္စည်းပါပဲ'

'သူဌေးကြီးဟာ ရတနာကိုစစ်ဆေးတဲ့အခါ ဘယ်မှာစစ်ဆေးသလဲ'

'သူ့ရဲ့ မြေအောက်စခန်းမှာပဲ စစ်ဆေးလေ့ရှိပါတယ်'

လီအင့်ဂိုက ကျေနပ်စွာ ပြုံးလိုက်၏။

ထို့နောက် မြေအောက်ခန်း လျှို့ဝှက်တံခါးကို လိုက်ပြခိုင်းလေသည်။

မဂဟာမှူးကြီးကျုံးက လျှို့ဝှက်တံခါးကို ပြသလိုက်သည့်အခါ ပိုမို၍ကျေနပ်သွားသည်။

'စိန်လာရောင်းတဲ့မုကုနဲ့ သူဌေးကြီးက ညှော်ခန်းမှာပဲစကားပြောတယ် မဟုတ်လား'

'ဟုတ်ကဲ့'

'ဒါဆိုရင် ညှော်ခန်းမှာထိုင်နေတဲ့ မုကုဟာ လျှို့ဝှက်တံခါးကို လှမ်းမြင်နိုင်တာပဲ'

ဂေဟာမှူးကျုံးက စဉ်းစား၍

'သူဌေးကြီးဟာ လူစိမ်းတွေရှေ့မှာ မြေအောက်ခန်းကိုဆင်းလေ့မရှိပါဘူး'

လီအင့်ဂိုသည် အနည်းငယ်စဉ်းစားရကျပ်သွား၏။

'မုကုရောက်နေတဲ့အချိန်မှာ ခင်ဗျားကော အချိန်ပြည့်ရှိနေသလား'

ထိုမေးခွန်းကြောင့် ဂေဟာမှူးကျုံးသည် တစ်စုံတစ်ခုကို သတိရရှိသွားသည်။

'ဩော်... ခင်ဗျားပြောမှသတိရတယ်'

'ဟုတ်ကဲ့ ပြောပါဦး'

'မုကုရောက်နေတဲ့အချိန်မှာ ကျွန်တော်တို့ စကားပြောနေရင်း အခြားမြင်းဝယ်မယ့်သူတွေ ရောက်လာလို့ ကျွန်တော်မြင်းစောင်းထဲကို သွားရသေးတယ်'

'ခင်ဗျားပြန်လာတော့ဒီမှာ အရောင်းအဝယ်ဖြစ်နေပြီလား'

'ဟုတ်ကဲ့၊ အရောင်းအဝယ်တည့်သွားပါတယ်၊ နောက်မြို့မုကုလဲ ပြန်သွားပါပြီ'



လီအင့်ဂိုသည် ကျေနပ်စွာဖြင့်ထိုင်ရာမှထလိုက်သည်။

'ကျုပ်ကို ခွင့်ပြုပါဦး'

ဂေဟာမှူး ကျုံးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့'

'လီအင့်ဂိုသည် ဤမျှလွယ်ကူနေသော အမှုကို ရှည်ရှည်ဝေးဝေး အပင်ပန်းမခံလိုတော့ပေ။

သူသည်အုပ်ချုပ်ရေးရုံးသို့ အမြန်ဆုံးပြန်လာပြီး ဒေသခံအာဏာသားများအား မုကု၏အခြေအနေကို ချက်ချင်းမေးမြန်းစုံစမ်းလိုက်၏။

မုကုသည် မြင်းပွဲစားဟု အမည်ခံထားသော်လည်း ဘာမှမယ်မယ်ရရ မရှိပေ။

သို့သော် မုကုသည် ငွေကိုရေလိုဖြုန်းနေတတ်သည့်တစ်ကိုယ်ရေ တကာယသမားမှန်း သိရှိလိုက်ရ၏။

ကြာရှည်စွာ အချိန်မဖြုန်းတော့ပါ။

လီအင့်ဂိုသည် မုကု၏အိမ်သို့ တန်းတန်းမတ်မတ်ပင် သွားလေတော့သည်။

* * *

မုကု၏အိမ်သည် ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ ရှိပေသည်။

လီအင့်ဂိုသည် မုကု၏အိမ်သို့လာရင်းမှ စဉ်းစားလာခဲ့သည်။

မုကုသည် အဖိုးတန်စိန်ကို တစ်ဦးတစ်ယောက်ကလာရောင်းခိုင်းမည်မှာ အမှန်ဖြစ်သည်။

ထိုကဲ့သို့သွားရောင်းသောအခါ အနားတွင် ဂေဟာမှူးကျုံးရှိနေမည်ကိုလည်း မုကုက ကြိုတင် တွက်ဆထား၏။

ထို့ကြောင့် ထိုအချိန်နှင့်ကိုက်၍ မြင်းလာရောက် ဝယ်ယူသူ များကို လွှတ်လိုက်လျှင်ဂေဟာမှူးက သွားရောက်၍ရောင်းမည်။

ထိုအချိန်တွင် သူ့စိန်ကို ထုတ်ပြသောအခါ စစ်ဆေးရန်ဖြစ် စေ ငွေယူရန်ဖြစ်စေ သူဌေးကြီးက ထသွားပေမည်။

ထိုကဲ့သို့ထသွားပြီး ဝင်သောအခန်းကို မုကုသည် တစ်စေ တစောင်း အကဲခတ်ထားသဖြင့်သာ ထိုလျှို့ဝှက်တံခါးကိုမေးပြ များက အလွယ်တကူ သိရှိသွားခြင်းသာ ဖြစ်ပေ၏။

မုကုကိုဖမ်း၍ သေသေချာချာစစ်ဆေးလျှင် ထိုအမှုသည် အလွယ်တကူ ပေါ်လာနိုင်မည်မှာ မလွဲတော့ပေ။

လီအင့်ဂိုက မုကု၏အိမ်ကိုလှမ်းဝင်လိုက်သောအခါ တစ်အိမ် လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

လီအင့်ဂိုသည် အခြေအနေကိုကြည့်၍ အိမ်ထဲသို့ လှမ်းဝင် လိုက်၏။

'မုကု မုကု'

လီအင့်ဂိုက အသံပြု၍ လှမ်းခေါ်လိုက်၏။

မည်သည့်အသံမှ တုံ့ပြန်မှုမပြုပါ။

သို့သော် အခန်းထဲမှ ညည်းညူသံလိုလို ကြားရသဖြင့် လီအင့်ဂို ပြေးဝင်သွားရာ လီအင့်ဂိုမှာ မြင်လိုက်ရသော မြင် ကွင်းကြောင့် တုန်လှုပ်ချောက်ချားသွားလေတော့သည်။

အကြောင်းမှာ မုကုသည် သွေးအိုင်ထဲ၌ လူးလွန့်နေပေ၏။

လီအင့်ဂိုက ကပျာကယာ ပြေးဆင်းသွားပြီး ...

'မုကု၊ မုကု၊ မင်းကို ဘယ်သူသတ်သလဲပြောပါ၊ပြောစမ်း ပါ'



လီအင့်ဂို အသောတကြီး မေးလိုက်၏။

မုကုမှာ ပြန်မပြောနိုင်ပါ။

ပါးစပ်လှုပ်ရုံသာလှုပ်၍ မည်သည့်စကားမှ ပြန်မပြောနိုင်ဘဲ လီအင့်ဂိုအား တစ်ချက်ကြည့်ကာ ဇက်ကျိုးငြိမ်သက်သွားလေ တော့သည်။

'တောက်'

လီအင့်ဂိုသည်ခံပြင်းစွာဖြင့်တောက်တစ်ချက်ခေါက်လိုက်၏။ သည်။

ထို့နောက် လီအင့်ဂိုသည် တစ်စုံတစ်ရာ သဲလွန်စ ရှာကြည့် ထူးထူးခြားခြား ဘာမှမတွေ့ရ။

သို့သော် မုကုသည် သွေးဖြင့် စာလုံးတစ်လုံး ရေးထားသည် ကို တွေ့လိုက်ရ၏။

စာလုံးမှာ ဘာမှအဓိပ္ပာယ် ဖော်၍မရပေ။

လက်ဝါးကပ်တိုင်ကဲ့သို့ (+) ကြက်ခြေ အမှတ်အသားမျိုး ဖြစ်နေသည်။

လီအင့်ဂိုသည် အတန်ကြာ စဉ်းစားထားသော်လည်း အဖြေမပေါ်ပါပေ။

ထိုစဉ် လီအင့်ဂိုမှာ အသိဉာဏ်တစ်ခု ဝင်လာ၏။

ထိုအသိဉာဏ်မှာ အခြားမဟုတ်ပေ။

မိမိ မုကုဆီသို့ရောက်မည်ကို သိရှိသူမှာ ဂေဟာမှူး ကျုံးပင် ဖြစ်၏။

ဒီတော့ ဂေဟာမှူးကျုံးသည်....

လီအင့်ဂိုသည် ဆက်လက်မစဉ်းစားတော့ဘဲ အလွန်လျင်မြန်

ကွက်ကောင်းသော ဂေဟာမှူးကျုံး၏ မျက်နှာကို မြင်ယော် ကာ အခန်းထဲမှ ပြေးထွက်ခဲ့၏။

လီအင့်ဂိုက လမ်းမပေါ်သို့ ရောက်သည်နှင့် စိတ်ထဲတွင် ထင့် ခနဲ ဖြစ်၍ စိုးရိမ်ပူပန်သွားမိပြန်၏။

အကြောင်းမှာ…

လမ်းမပေါ်တွင် မြင်းတစ်ကောင်နှင့် ရပ်တန့်နေသော တပ် မှူးကြီး အင်ရှဟုန်အား မတွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။

အင်ရှဟုန်သည် လီအင့်ဂိုအား ကြည့်၍….

'ခင်ဗျား ထိတ်ထိတ်ပျာပျာနဲ့ ဘာဖြစ်နေတာလဲ'

လူသတ်ခံထားရသော အခန်းထဲမှ ပြေးထွက်လာမိသော လီအင့်ဂိုမှာ ရုတ်တရက် မည်ကဲ့သို့ ပြန်ဖြေရမှန်းမသိ ဖြစ်နေ၏။

မိမိအား တောင်ချောက် ဆင်လေပြီလောဟုလည်း လီအင့်ဂို တွေးမိလိုက်၏။

သို့သော် လီအင့်ဂိုက အင်ရှဟုန်အား ရှင်းမပြနေနိုင်ပါ။ သူ၏အိမ်ထဲသို့ လှက်ညှိုးထိုးပြ၍ မြင်းကုန်သည်၏အိမ်သို့ သုတ်ခြေတင်ခဲ့တော့သည်။

* * *

မိမိ မုကု၏အိမ်သို့ချက်ချင်းသွားမည်ဟု သိရှိသူမှာ ဂေဟာ မှူးကျုံးပင်ဖြစ်သည်။

ဂေဟာမှူးကျုံးသည် သူကိုယ်တိုင်လည်း ခါးပြများနှင့်ပတ် သက်နေသူ ဖြစ်နိုင်သလို ယခုကိစ္စတွင် ခါးပြများကိုအကြောင်း ကြားလိုက်သည်မှာလည်း သူကလွဲ၍ တခြားသူမဖြစ်နိုင်ပါ။

စောစောကတည်းက ဂေဟာမှူးကျုံးအား ခပ်ပေါ့ပေါ့



ထွက်ထားမိခဲ့သည့်အဖြစ်ကို တွေးမိပြီး လီအင့်ဂိုသည် မိမိကိုယ် ကိုခွင့်မလွှတ်နိုင်အောင် ကျိန်ဆဲမိလေသည်။

လီအင့်ဂိုသည် မြင်းကုန်သည်အိမ်သို့ဝင်မိလိုက်သည်နှင့် မျက် လုံးမျက်ဆန်များပြူးကျယ်သွားကာ ခန္ဓာကိုယ်တစ်ခုလုံး တုန် လှုပ်ချောက်ချားသွားပြန်တော့သည်။

ရန်သူသည် မိမိထက်နှာတစ်ဖြားအမြဲသာနေပြီ မဟုတ်ပါ လား။

'သူပဲ …သူပဲ့ စောစောက သူနဲ့အတူစကားပြောနေတာပဲ၊ သူ လဲပြန်သွားပြီးရော ကျုံးဝေသေဆုံးနေတာ တွေ့ရတာပဲ'

မြင်းကုန်သည်ကြီး၏ဇနီးသည် အိမ်ထဲသို့ဝင်လာသော လီ အင့်ဂိုအားတွေ့မြင်လိုက်သည်နှင့် ထိုကဲ့သို့ပြောလိုက်လေသည်။

'ခင်ဗျားဘာတွေလျှောက်အော်နေတာလဲ၊ ကျုပ်က လူဆိုး ထိန်းတစ်ယောက်ဆိုတာလဲ ခင်ဗျားသတိထားပါဦး'

လီအင့်ဂိုက အော်ငေါက်လိုက်မှအဘွားကြီးမှာငြိမ်ကျသွား လေသည်။

မြင်းကုန်သည်အဘွားကြီး၏အမည်မှာ လိမ်လင်းဖြစ်သည်။

'ဒီမှာ ခင်ဗျားကိုမေးပါရစေ ဂေဟာမှူးကျုံးဝေကို ခင် ဗျားတို့ဂေဟာမှူး ခန့်ထားတာကြာပြီလား'

လိမ်လင်းလည်း အနည်းငယ်စဉ်းစားလိုက်၏။

'အတော်ကြာပြီရှင့် အနည်းဆုံးဆယ်နှစ်လောက်ရှိပြီ'

'သူဒီမှာပဲနေသလား'

'ဟုတ်ပါတယ်'

'သူ့ရဲ့လူမှုဆက်ဆံရေးနဲ့အကျင့်စာရိတ္တကဘယ့်နှယ်နေသလဲ'

လိမ်လင်းသည် စိတ်ပျက်ဟန်ဖြင့် ကျုံးဝေ၏အလောင်းကို ကြည့်ရင်းမှ

'ဒါတော့ ကျွန်မ မသိဘူး၊ ဒါပေမယ့် သူဟာတစ်ခါမှမတော် မတရားကိစ္စမျိုးမဆောင်ရွက်ခဲ့ဘူးဆိုတာတော့ ကျွန်မယောကျ်ား ပြောဖူးတယ်'

'ဒါထက်ကို ကျုပ်စောစောကလာတာကို ခင်ဗျားတွေ့တယ် နော်'

သူမက ခေါင်းညိတ်လိုက်၏။

'တွေ့ပါတယ်၊ ရှင်သူနဲ့အကြာကြီးစကားပြောနေတာပဲ'

'မှန်တယ်လေ၊ ကျုပ်ပြန်သွားတာကော ခင်ဗျားမသိဘူး လား'

'ကျွန်မယောကျ်ားကိစ္စကြောင့် ကျွန်မအိပ်ခန်းထဲမှာ တစ်ချိန်လုံးငိုနေတာပဲ ရှင်ပြန်ထွက်သွားတာ သတိမထားမိပါဘူး'

'သူသေနေတာကို ဘယ်သူပြောလို့ခင်ဗျားသိတာလဲ'

'ဘယ်သူမှမပြောပါဘူး ရှင်တို့ဧည့်ခန်းကစကားပြောသံတွေ တိတ်ဆိတ်နေလို့ ကျွန်မကထွက်ကြည့်တော့ ကုလားထိုင်ပေါ်မှာ ကျုံးဝေအခုလိုမေးတန်းလန်းနဲ့ သေနေတာကိုတွေ့ရတာပဲ'

လူသတ်သမားသည် မိမိအပြင်သို့ပြန်ထွက်သွားသည်နှင့် ချက်ချင်းဝင်ရောက်သတ်သွားခြင်းသာ ဖြစ်ရပေမည်။

ထိုလူသတ်သမားသည် မိမိရုံးခန်းသို့ပြန်နေစဉ်အတွင်း မုကုအားဆက်လက်၍သတ်သွားခြင်းသာဖြစ်ရပေမည်။

လ°အင်ဂိုမှာ တစ်စတစ်စဆိုးရွားလှသော အခြေအနေများ ကြောင့် အနည်းငယ်စိတ်ပျက်သွားမိလေသည်။



ထိုစဉ် ရုတ်တရက်ခြေသံကြား၍ နောက်သို့လှည့်ကြည့်လိုက်ရာ မျက်နှာကြီးနီမြန်းနေသော တပ်မှူးကြီးအင်ရှဟုန်အား တွေ့လိုက်ရလေသည်။

* * *

အင်ရှဟုန်သည် လူဆိုးထိန်းလ°အင်ဂိုအား စိန်းစိန်းဝါးဝါး ကြည့်လိုက်လေ၏။

'ဘယ်လိုလဲလူဆိုးထိန်းကြီး အင်ထရမ်းမြို့မှာရှိတဲ့လူတွေကို ခင်ဗျားကလိုက်သတ်နေတာမှာလား'

လ°အင်ဂိုက ပခုံးနှစ်ဖက်ကိုတွန့်ပြလိုက်လေသည်။

'ကျုပ်ဟာ လူသတ်သမားလား၊ ဥပဒေသမားလားဆိုတာ ခင်ဗျားနားကော မျက်စိကော ကောင်းတယ်မဟုတ်လား'

အင်ရှဟုန်က မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားဟာ အမှုစုံစမ်းတာနဲ့မတူဘူး၊ လူတွေလိုက်သတ်နေတာနဲ့တူနေတယ်ဆိုတာကော ငြင်းဦးမလို့လား'

လ°အင်ဂိုသည် ဒေါသ ထောင်းခနဲထွက်သွားသော်လည်း ပြန်လည်မျိုသိပ်ထားလိုက်လေသည်။

လ°အင်ဂိုသည် သူ၏လက်အောက်ငယ်သားအချို့တို့ကိုခေါ်၍ လုပ်ကိုင်စရာရှိသည်တို့ကို မှာကြား၍ထွက်သွားသည်။

* * *

မြို့စားကြီးကျင်းဟွာသည် လီအင့်ဂိုအား မကျေနပ်သကဲ့သို့ စူးစူးဝါးဝါးကြည့်လိုက်သည်။

'မင်းရောက်လာမှ လူသတ်မှုတွေပိုမိုများပြားလာတာ စဉ်းစားစရာဖြစ်မနေဘူးလား လူဆိုးထိန်းကြီး'

'ကျွန်တော်မရောက်ခင်ကတော့ အင်ထရမ်းမြို့က သာသာယာယာရှိနေလို့လား'

ဒေါသဖြစ်နေသော လီအင့်ဂိုသည် မြို့စားကြီးအားတစ်ခွန်းမခံဘဲ ပြန်၍ပြောဆိုမိလိုက်လေသည်။

မြို့စားကြီးမှာမျက်နှာနီမြန်းသွား၏။

ကိုယ်ရံတော်တပ်မှူးကြီး အင်ရှဟုန်က ရှေ့သို့တိုးထွက်လာသည်။

'ဒီမှာ လူဆိုးထိန်းကြီး မင်းကတယ်ရိုင်းပျပါလား စကားကိုဆင်ဆင်ခြင်ခြင်ပြောပါ၊ လောလောဆယ်မှာ မင်းဟာတရားခံဖြစ်နေတယ်ဆိုတာကို သတိမမေ့နဲ့ဦး'

လီအင့်ဂိုက အင်ရှဟုန်ကိုဆတ်ခနဲကြည့်လိုက်သည်။

'ကျုပ်က ဘယ်သူ့ကိုသတ်လို့ တရားခံဖြစ်ရမှာလဲ'

'ဒါဆို မင်းမေးနေစရာလိုသေးသလား လူတစ်ယောက်ဟာ မားဒက်ရာနဲ့ လောလောလတ်လတ်သေနေတယ်၊ အဲဒီအိမ်ထဲက လူတစ်ယောက်ကလဲ ပြေးထွက်လာတယ်ဆိုရင် ပထမဦးဆုံး မင်းဘယ်သူ့ကိုဖမ်းမလဲ'

မုကုအိမ်ထဲမှ သူထွက်လာသည်ကိုရည်ညွှန်း၍ ပြောနေမှန်း လီအင့်ဂိုသိလိုက်လေသည်။

လီအင့်ဂိုမှာရုတ်တရက် ဘာပြေရမှန်းမသိဖြစ်သွားသည်။



'ဒါပေမယ့် ဦးနှောက်ရှိတဲ့လူတွေက စဉ်းစားပေါ့ကွ၊ ဥပဒေသမားတစ်ယောက်က ဥပဒေမဲ့တဲ့အလုပ်တွေကို လုပ်မလား မလုပ်ဘူးလားဆိုတာ'

မြို့စားကြီးသည်စိတ်ပျက်စွာဖြင့် ခေါင်းယမ်းယင်းလုပ်ရင်းမှ လီအင့်ဂိုအနားသို့လာရပ်လေသည်။

'အေးလေ ဒါဟက်ဆိုးရွားတဲ့အခြေအနေမျိုး ထပ်မံဖြစ်မလာဖို့ရယ်၊ တရားခံအစစ်အမှန်ကို ဖော်ထုတ်ဖို့ရယ် မင်းမှာ တာဝန်ရှိနေပြီ အမြန်ဆုံး ဖော်မထုတ်နိုင်ရင်တော့ မင်းကိစ္စကို နေပြည်တော်ကအတွင်းဝန်မင်းဆီ အကြောင်းကြားရမှာပဲ'

လီအင့်ဂိုကမဲ့ပြုံးပြုံးလိုက်သည်။

'ကောင်းပြီလေ မကြာခင် တရားခံပေါ်လာရမှာပေါ့ မဟုတ်ဘူးလား'

လီအင့်ဂိုသည် ထိုကဲ့သို့ပြောပြီးသည်နှင့် ထွက်ခဲ့၏။ အင်ရှဟုန်ကသူ့အား မဲ့ပြုံးပြုံး၍ကြည့်နေပေသည်။

* * *

## ပေဇင်ဆရာ

အင်ထရမ်းမြို့တွင် လူဆိုးထိန်းတာဝန်ယူထားရသော လီအင့်ဂိုမှာ အတော်ပင်ဦးနှောက်ခြောက်လျက်ရှိတော့သည်။

လူသတ်သမားနှင့် ဓားပြများရှိနေသော်လည်း မိမိကမဖော်ထုတ်နိုင်လျှင် မိမိ၏နာမည်ကျဆင်းရမည်မှာ အမှန်ပင်ဖြစ်တော့သည်။

ယခုအခါတွင် မိမိမှာရောက်ရှိသည်က မကြာသေးသည်က တစ်ကြောင်း၊ လူသတ်သမား ဓားပြများ၏လုပ်နည်းလုပ်ဟန်များကို လေ့လာရသည်မှာ မပြည့်စုံသေးသည်က တစ်ကြောင်း၊ ကြောင့် ဘဲဥအစရှာမရသကဲ့သို့ တရားခံကိုအဖမ်းရခက်ပြီးခြေရာကောက်ရသည်မှာ မလွယ်ကူလှသေးပေ။

လီအင့်ဂို၏ လက်အောက်တွင်ရှိနေသော ဒေသခံအာဏာသားများအထဲတွင်အနည်းငယ် ဖျတ်လတ်ပြီး ပါးရည်နပ်ရည်ရှိသော တုံးလီကို လီအင့်ဂိုသဘောအကျဆုံးဖြစ်သည်။



အစစအရာရာ တုံးလီတစ်ယောက်သာ မိမိအားထိထိရောက်ရောက် အကူအညီပေးနိုင်လိမ့်မည်ဟု ထင်ထားသည်။

ထို့ကြောင့် သူသည်တိုင်ပင်စရာရှိသည့်ကိစ္စများကိုသူ့လက်ထောက် တုံးလီနှင့်သာအများဆုံးတိုင်ပင်လေသည်။

'ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါတုံးလီ၊ မြို့စားကြီးနဲ့ကိုယ်ရံတော်တပ်သားတွေကို မင်း ဘယ်လိုမြင်သလဲ....'

လီအင့်ဂိုက အင်ထရမ်းမြို့စားကြီးနှင့် သူ၏ကိုယ်ရံတော်တပ်သားများသဘောထားကို သိလို၍မေးလိုက်လေသည်။

'မြို့စားကြီးကျင်းဟူကလဲ အတော် အကဲခတ်ရကျပ်သားပဲ ဒါပေမယ့် သူဟာ စိတ်ကောင်းရှိတာတော့အမှန်ပဲ၊ ဘယ်သူဘယ်ဝါမဆို မိမိလက်အောက်ကလူတွေ ဒုက္ခရောက်လာရင်လက်ပိုက်ကြည့်မနေတတ်ဘူး၊ တတ်နိုင်တဲ့ဘက်က ကူညီတာချည်းပဲ'

လီအင့်ဂိုပြုံးစိစိဖြင့် နားထောင်နေ၏၊

'အင်း ပြောပါဦး တပ်မှူးကြီးအင်ရှဟုန်ရဲ့ သဘောထားကကော'

'သူကတော့ဆိုးတယ်ဗျ'

'ဘယ်လိုဆိုးတာလဲ'

'ရက်စက်တာပေါ့ဆရာရယ်၊ လူသတ်တဲ့နေရာမှာ ရက်စက်တယ် ညှဉ်းပန်း နှိပ်စက်တဲ့နေရာမှာ နာမည်ကြီးတယ်၊ လူဆိုးဓားပြတွေဟာဆိုရင် သူ့ကို တော်တော်ကလေး ကြောက်ကြတယ်_'

'အဲဒီ ကြောက်တဲ့ဓားပြတွေထဲမှာ ကျားမင်းအဖွဲ့ကောပါသလား'

တုံးလီက ရယ်လိုက်၏။

'ဆရာ့အနေနဲ့ ကျားမှင်းအဖွဲ့ကိုသံသယရှိတယ်မဟုတ်လား၊ ကျွန်တော်လဲအစက အဲ့ဒီလိုပဲထင်မိခဲ့တယ်၊ ဒါပေမယ့် အင် ရှဟုန်ဟာ ကျားမင်းဓားပြအဖွဲ့ကလူတွေကို အတော်ကလေး ဖမ်းဆီးပြီး အကျဉ်းထောင်ထဲကိုပို့ထားတယ်၊ နောက်ပြီး ကျားမင်းဓားပြအဖွဲ့က ဒုခေါင်းဆောင်တစ်ယောက်ကိုလဲ သူ ကိုယ်တိုင်သတ်ဖြတ်လိုက်တာတွေ့ရတယ်'

လီအင့်ဂို မျက်မှောင်ကြုတ်၍နားထောင်နေ၏။

'ဒါအမှန်ပဲလား'

'ကျွန်တော့်အမြင်ကိုပြောရတာလေ'

'ဒါပေမယ့် ကျားမင်းအဖွဲ့ဟာ အခုထက်ထိရှိနေတုန်းပါ ပဲလား၊ ဒါဆို ခေါင်းဆောင်ကိုမဖမ်းနိုင်သေးလို့ဖြစ်မှာပေါ့'

'ဒီလိုပဲယူဆရမှာပဲ၊ အသတ်ခံလိုက်ရတဲ့ လူဆိုးထိန်းဟာ ကျားမင်းအဖွဲ့ခေါင်းဆောင်ကို စုံစမ်းရင်းအသတ်ခံရတာပဲဆ ရာ—'

'ဒါဖြင့် ငါတော့ ကျားမင်းအဖွဲ့ခေါင်းဆောင်ကို စုံစမ်း ရမှာတောင်ကြောက်နေပြီ'

လီအင့်ဂို၏စကားကြောင့် တုံးလီက အသံထွက်အောင်ရယ် လိုက်သည်။

* * *

လီအင့်ဂိုသည် အတန်ကြာအောင်စဉ်းစားနေပြီးမှ တုံးလီ အား စာလုံးတစ်လုံးရေးပြလိုက်၏။



သူရေးပြသောစာလုံးမှာ မုကုကသွေးနှင့်ရေးသွားသောစာ လုံးဖြစ်သည်။

စာလုံးမှာ (+) လက်ဝါးကပ်တိုင်ကဲ့သို့ဖြစ်ပေသည်။

'မင်းဒီစာလုံးကို ဘယ်လိုအဓိပ္ပာယ်ယူမလဲ'

တုံးလီ စာလုံးကိုကြည့်လိုက်၏။

'ဒီစာလုံးက နာမည်တော့မဖြစ်နိုင်ဘူး၊ တိဘက်ဘာသာနဲ့ နံပါတ်ရေးနည်းခပ်ဆင်ဆင်ပဲ၊ ကျွန်တော်တော့ သေသေချာ ချာစဉ်းစားလို့မရဘူးဆရာ၊ ဒီစာလုံးကိုဆရာဘယ်ကရတာလဲ'

'မုကု ကြမ်းပြင်မှာသွေးနဲ့ရေးသွားတဲ့စာလုံးပဲကွ၊ ငါလဲ စဉ်းစားတာ ဘယ်လိုမှအဓိပ္ပာယ်မပေါ်ဘူး'

သူတို့နှစ်ဦးသည် အတန်ကြာအောင် တိတ်ဆိတ်သွားလေ သည်။အတော်ကလေးကြာမှ လီအင့်ဂိုက

'အခုရက်ထဲမှာ မင်းဘာတွေ ထူးထူးခြားခြားမြင်မိသလဲ'

တုံးလီသည် စားပွဲကိုလက်ချောင်းဖြင့်ခေါက်နေ၏။

'အင်း တစ်ခါမှမမြင်ဖူးတဲ့ ဗေဒင်ဆရာတစ်ယောက်တော့ နေရာတိုင်းမှာတွေ့နေရတယ်၊ နယ်လှည့်ဗေဒင်ဆရာတစ်ယောက် ပဲ၊ ထူးခြားမလားလို့ ကျွန်တော် နောက်ယောင်ခံပြီးစုံစမ်း တော့လဲ ဘာမှသံသယဖြစ်စရာမတွေ့ပါဘူး၊ အမှန်တကယ် ဗေဒင်တတ်ကျွမ်းတဲ့ဗေဒင်ဆရာသစ်ယောက်ဖြစ်နေတယ်'

လီအင့်ဂို ပြုံးလိုက်၏။

'အေးပေါ့ကွာ သတိဆိုတာပိုတယ်မှရှိပါဘူး ထူးထူးခြား ခြားတွေ့လာရင် လက်လွှတ်မခံနဲ့ပေါ့'

* * *

'ဗေဒင်ဟောသည်၊ သဒ္ဒါသရွေ့ပေးပါ'

ဗေဒင်ဆရာသည် ရက်ကွက်ကြိုရက်ကွက်ကြား၊ လမ်းကြိ
လမ်းကြား၌ အောင်ဟစ်လျက်ရှိနေ၏။

ဗေဒင်ဆရာသည် ဟောခန့်နှုန်းထားကိုသတ်မှတ်ထားခြင်းမ
ဘဲ သဒ္ဒါသရွေ့ပေးပါဟုလည်း ထုတ်ဖော်၍ပြောကြားလေ့
သည်။

ဤကဲ့သို့ အခကြေးငွေကိုအဓိကမထား၍လည်း ငွေကြေ
နည်းပါးသူဆင်းရဲသားများသည် ထိုဗေဒင်ဆရာကို တစ်ဦးပြီ
တစ်ဦးခေါ်ယူ၍ အနာဂတ်ကိုဖတ်ကြားခိုင်းကြလေသည်။

ဗေဒင်ကိုအများဆုံးယုံကြည်သူများမှာ အမျိုးသမီးများသာ
ဖြစ်ကြသည်မှာ ရှေးအစဉ်အလာကတည်းကဖြစ်သည်။

ယခုလည်း လူဆယ်ယောက်လျှင် အမျိုးသမီးကရှစ်ယောက်
ပါဝင်တတ်သည်။

အင်ထရမ်းမြို့တွင် ဗေဒင်ဟောစားသော လူများရှိသော်
လည်း အချို့ဗေဒင်ဆရာများမှာ အခကြေးငွေကြီးမားလွန်
၍ တော်ရုံတန်ရုံလူများကမကြည့်နိုင်ကြပေ။

ယခုနယ်လှည့်ဗေဒင်ဆရာသည် အခကြေးငွေကို အဓိကမ
ထားဘဲ သဒ္ဒါသရွေ့ပါဟုကျေညာထားသောကြောင့် တစ်
အိမ်ဆင်းတစ်အိမ်တက် ဗေဒင်ကြည့်သူ များပြားလှပေသည်

အချို့ကလည်း ငွေရှိသော်လည်း တမင်တကာပင်ကပ်စေး
နှဲပြီးများများစားစားမပေးသည့်လူများရှိသလို လုံးဝမပေးဘဲ
ခပ်ပြောင်ပြောင်ဟောခိုင်းသူများလည်းရှိတတ်သည်။



အချို့လူ ကလေးတစ်ယောက်ဟာ ဘယ်တော့မှဗေဒင်မကြည့်
လွန်းသော သူးမထက်ကြီးတဲ့သူပဲဖြစ်ရမှာပေါ့'
ပေးသူများက ဆရာကြီးက ပြောနေစဉ် အခန်းထဲမှအဘွားအိုတစ်
မည်သို့မ ာ၏။
များထက်သ က်မှာခြောက်ဆယ်ကျော်ခုနှစ်ဆယ်နီးပြီဟုခန့်မှန်းရ၏။
ဗေဒင်ဆ ဆရာကိုတော့ ငါ့အကြောင်းမဟောခင်ကတည်းက
များရှိ၏။ ျသွားပြီ၊ ကဲကဲ ငါ့ရဲ့အတိတ်နဲ့လာမယ့်အနာဂတ်ကို
အသက် မ်းပါအုံး'
ဗေဒင် ရာသည် ခုနစ်သင်္ကြာရာဇ်များမေး၍ အဘွားအိုအား
ပါ'

ဗေဒင်ဆရာက အောင်ဟစ်နေ၏။

'ဗေဒင်ဆရာလာပါအုံး'

အိမ်ကလေးတစ်အိမ်အတွင်းမှ အမျိုးသမီးတစ်ဦးက လှမ်း
ခေါ်သည်။

ဗေဒင်ဆရာကြီးက ဝင်ရောက်သွား၏။

ဗေဒင်ဆရာကြီးသည် သူ့အားလှမ်းခေါ်သည့် အမျိုးသမီး
ကိုကြည့်၍

'နင်ကြည့်မှာတော့မဟုတ်ပါဘူး၊ နင့်ထက်အသက်ကြီးတဲ့လူ
ကြည့်မလို့ မဟုတ်လား'

ထိုကဲ့သို့မေးလိုက်သောအခါ အမျိုးသမီးလေးမှာ အံ့အား
သင့်သွားလေသည်။

'ဆရာကြီးက ဘယ်လိုလုပ်သိသလဲ'

'ဗေဒင်ဟောသည်၊ သဒ္ဒါသရွေ့ပေးပါ' ...ိုင်ရင်း

ဗေဒင်ဆရာသည် ရက်ကွက်ကြိုရက်ကွက်ကြား ...တစ်ယောက် လမ်းကြား၌ အောင်ဟစ်လျက်ရှိနေ၏။

ဗေဒင်ဆရာသည် ဟောခန္ဓန်းထားကိုသတ်မှတ်ထားရှိတာ ...ဘဲ သဒ္ဒါသရွေ့ပေးပါဟုလည်း ထုတ်ဖော်၍ပြောသည်။ ...မျက်နှာအနေ

ဤကဲ့သို့ အခကြေးငွေကိုအဓိကမထား၍လည်း နည်းပါးသူဆင်းရဲသားများသည် ထိုဗေဒင်ဆရာကို တစ်ဦးခေါ်ယူ၍ အနာဂတ်ကိုဖတ်ကြားခိုင်းကြ၏ ဗေဒင်မေး...

တော့မယ်ဆိုကတည်းက ကာယကံရှင်မှာ အခက်အခဲ... လည်းကောင်း၊ စိတ်ညစ်စရာသော်လည်းကောင်း၊ ပစ္စည်း... ပျောက် ဥစ္စာပျောက်သော်လည်းကောင်း၊ ရှိတတ်ကြလို့ ဗေဒ... မေးကြတာများတယ်၊ အဲ့ဒီလူတွေရဲ့မျက်နှာဟာ သောကအရိ... အငွေ့တွေရှိနေတတ်တယ်၊ အများအားဖြင့် မျက်လုံးမှာ... ပြတတ်တယ်၊ အဲ ကလေးမကတော့ မျက်နှာဟာ ပကတိကြည်... လင်နေတယ် ပျော်ရွှင်နေဘယ် ဒီတော့ ဗေဒင်မေးရင် စိတ်ညစ်... စရာတွေပါလာမှာစိုးလို့ ဘယ်တော့မှမမေးဘူး'

ကလေးမလေးက အံ့ဩစွာကြည့်၍ ရယ်မောနေသည်။

'ဒါထက် ဦးလေးက ဗေဒင်မေးမယ့်သူဟာ ကျွန်မထက်... သက်ကြီးတယ်ဆိုတာကကော ဘယ်လိုလုပ်သိသလဲ'

'လွယ်လွယ်ကလေးပါ ကလေးမှတောင်အပျိုပေါက်ကလေး... ပဲရှိသေးတာ၊ ကလေးမထက်ငယ်တဲ့သူဆိုရင် ကလေးပဲဖြစ်တော့...



မှာပေါ့ ကလေးတစ်ယောက်ဟာ ဘယ်တော့မှဗေဒင်မကြည့်ဘူး၊ ကလေးမထက်ကြီးတဲ့သူပဲဖြစ်ရမှာပေါ့'

ဗေဒင်ဆရာကြီးက ပြောနေစဉ် အခန်းထဲမှအဘွားအိုတစ်ဦးထွက်လာ၏။

အသက်မှာခြောက်ဆယ်ကျော်ခုနစ်ဆယ်နီးပြီဟုခန့်မှန်းရ၏။

'ဗေဒင်ဆရာကိုတော့ ငါ့အကြောင်းမဟောခင်ကတည်းက သဘောကျသွားပြီ၊ ကဲ ကဲ ငါ့ရဲ့အတိတ်နဲ့လာမယ့်အနာဂတ်ကိုဖတ်ပေးစမ်းပါအုံး'

ဗေဒင်ဆရာသည် ခုနစ်သက္ကရာဇ်များမေး၍ အဘွားအိုအားစတင်၍ တွက်ချက်လိုက်လေသည်။

'အမေကြီးက အမှန်ကိုသိချင်သလား'

'အမှန်သိချင်လို့ ဗေဒင်မေးတာပေါ့ကွယ်'

'ကောင်းပြီ၊ အမှန်သိချင်ရင် ကျွန်တော်ကတစ်ခုမှမမှားရအောင် အတိအကျဟောမယ်၊ အဲ့ဒီတော့ အမေကြီးရဲ့သက္ကရာဇ်ကတော့ အမှန်ပဲနော်'

'အမှန်ပါပဲကွယ်...'

ဗေဒင်ဆရာသည် အဘွားအို၏မျက်နှာကို သေသေချာချာကြည့်လိုက်သည်။

ထို့နောက် မိန်းကလေး၏မျက်နှာကိုလည်း အကဲခတ်ကြည့်လိုက်၏။

'သက္ကရာဇ်အမှန်ဆိုရင် နာမည်လဲအမှန်ပြောပါ....ငယ်နာမည်ကိုပြောတာနော်....မှည့်ခေါ်တဲ့အမည်မှားနေရင်လဲ ကျွန်တော်ကအလုပ်လုပ်ရဘာခက်တယ် အမှန်ဖြစ်မလာနိုင်ဘူး...

အဘွားအိုသည် ခါးကိုရှေ့သို့အနည်းငယ်ကိုင်း၍
'ကျင့်ဝေ့ယုန်'
ဟု ပြောလိုက်လေသည်။
ဗေဒင်ဆရာသည် လက်ထဲမှစုတ်တံဖြင့် လိုက်ရေးနေ၏။
ဗေဒင်ဆရာ၏လက်သည် တုန်ခါနေသည်ဟု ထင်ရလေသည်။
သူသည် အဘွားအိုအား တစ်ချက်မော့ကြည့်ကာ
'ရှေ့က အတိတ်ကိုသိချင်တာလား၊ နောင်ဖြစ်လာမယ့်အနာဂတ်ကို သိချင်တာလား'
အဘွားအိုကျင့်ဝေ့ယုန်က အနည်းငယ်စဉ်းစား၍
'ငါဘာဖြစ်ခဲ့တယ်ဆိုတာမှန်ရင်တော့ အနာဂတ်မှာလဲမှန်ရမှာပေါ့နော်၊ အဲ့ဒီတော့ ငါ့ရဲ့အတိတ်ကို ပြောစမ်းပါအုံး'
'ကျွန်တော်ကတော့ ဗေဒင်မှာတွက်ချက်လို့ရတာ မှန်သမျှဟောမှာပဲ ဒါပေမယ့် တစ်ချို့ကာယကံရှင်တွေက မကြိုက်ချင်ကြဘူး၊ အမေကြီးရဲ့သဘောကကော ဘယ်လိုလဲ'
'ဟောပါကွယ်၊ အမေကြီးစိတ်မဆိုးတတ်ပါဘူး'
'ကောင်းပြီ အမေကြီးဟာအိမ်တွင်းမှုအလုပ်နဲ့အသက်မွေးဝမ်းကျောင်းပြုခဲ့ရသူဖြစ်ရမယ်၊ ဥပမာ အချုပ်အလုပ် သို့မဟုတ် အချက်အပြုတ်၊ စားဖိုမှုအလုပ်မျိုးကိုလုပ်ကိုင်ခဲ့ရပြီး ငွေရေးကြေးရေးလဲ အတော်ကလေးအဆင်ပြေခဲ့ရမယ်၊ ဒါပေမယ့် သိပ်မကြာသေးကာလမှာ ကံဇာတာကညံ့လာတယ်၊ အမေကြီးမှီခိုနေတဲ့မိသားစုဟာ ပျက်စီးမှုနဲ့ကြုံလို့ အမေကြီးပါဒုက္ခရောက်ရတာမျိုး၊ ဥပမာဆိုပါတော့ အမေကြီးရဲ့အလုပ်ရှင်သေဆုံးပျက်စီးသွားတဲ့အတွက် သောကရောက်ရတာမျိုး....'



ဗေဒင်ဆရာက တရစပ်ဟောနေ၏။
ဗေဒင်ဆရာ၏စကား မဆုံးမီ...
'အောင်မယ်လေး အတိတ်ကတော့ တော်တော်ကလေးမှန်ခဲ့ပါတယ်၊ မင်းပညာကယုံလဲယုံကြည်ပါပြီ...နောက် ဘာဖြစ်မယ်ဆိုတာလေး တဆိတ်လောက်ဟောပါဦး'
ဗေဒင်ဆရာသည် စုတ်တံနှင့်ရေးခြစ်လိုက်၏။
'အဲ... အခုအခြေအနေမှာအမေကြီးဟာသောကတစ်ခုကို ရင်မှာပိုက်ထားရပုံပေါ်တယ် အလိုလိုနေရင်း ထိတ်လန့်တဲ့စိတ်ဝင်နေရမယ်၊ ဟုတ်သလား'
'ဟုတ်ပါတယ်'
'အင်း ဒါကြောက်စရာမလိုဘူး ဒီသောကဟာ မကြာခင် ပြေပျောက်သွားနိုင်တယ်'
'ဘယ်လိုပြေပျောက်သွားမှာလဲ'
'ဒီလိုပါ အမေကြီးဟာ အများတစ်စုံတစ်ရာပြုလုပ်ထားတဲ့အတွက် သောကရှိနေတယ်၊ အဲ့ဒီသောကကိုပြေပျောက်စေချင်ရင် တစ်စုံတစ်ယောက်က အကူအညီပေးပါလို့ လာရောက်တောင်းခံတဲ့အခါမှာ မကြောက်မရွံ့ပဲရဲရဲဘင်းတင်း အကူအညီပေးလိုက်ရင် အဲ့ဒီသောကတွေဟာ ပပျောက်သွားတဲ့အပြင် စီးပွားလာဘ်လာဘအများကြီး ဝင်လာနိုင်တယ်၊ အခုလိုဆင်းရဲတဲ့ဘဝက ချက်ချင်းချမ်းသာသွားနိုင်တယ်၊ အဲ့ဒီအခါကျရင် ကျွန်တော့်ကိုလဲမမေ့နဲ့နော်'
အဘွားအိုကျင့်ဝေ့ဟုန်သည် မျက်နှာသိသိသာသာ လန်းဆန်းသွားလေသည်။

'မင်းအမှန်ပြောတာပဲနော်'

'အတိတ်ကအဖြစ်အပျက်တွေကော မှန်ရဲ့လား'

'သိပ်မှန်တာပဲ'

'ဒါဆို အနာဂတ်လဲမှန်ရမှာပေါ့'

'ဇာတာကောင်းလာမယ့်အချိန်အခါကော မသိရဘူးလား'

ဗေဒင်ဆရာက စုတ်တံနှင့်တွက်လိုက်ပြန်သည်။ ပြီးမှ

'သိပ်မဝေးတော့ပါဘူး လပိုင်းပဲလိုတော့တယ်'

အဘွားအိုသည် ဝမ်းသာလွန်း၍ ဗေဒင်ဆရာအားစုထား သည့် ငွေတုံးကလေးများကို ဝမ်းသာအားရ ပေးလိုက်တော့ လေသည်။

*　*　*

တက်သစ်စရောင်ခြည်နှင့်အတူ....

လူဆိုးထိန်းလဲအင်္ဂါဂိုသည် အိပ်ရာမှနိုးထလာသည်။

သူသည် အိမ်ရာမှထလျှင်ထခြင်း ထူးခြားသောအနံ့အသက် တစ်ခုကို ရှူရှိုက်မိလေသည်။

ဘာအနံ့နှင့်မှမတူသော ထိုအနံ့ကိုလဲအင်္ဂါဂိုသည်စိတ်ထဲ၌ သံသယဝင်လာလေသည်။

လဲအင်္ဂါဂိုသည် သူ၏အာရုံကိုနှာခေါင်းဆီသို့ စုစည်းလိုက် လေသည်။

ထိုအခါ ဆိုးရွားသောအနံ့က ပိုမိုစူးရှလာသည်။



လဲအင်္ဂါဂိုသည် ခုတင်ပေါ်မှအသာအယာဆင်းကာ အခန်းထဲတွင် လှည့်ပတ်၍အနံ့ခံလိုက်သည်။

ထို့နောက် ရုတ်တရက်သူ၏ခုတင်ခြေရင်းကို လှ လိုက်သည်။

လဲအင်္ဂါဂို မျက်လုံးများပြူးကျယ်သွားလေသည်။

'မြွေ....'

မြွေအမျိုးအစားထဲတွင် အလွန်အဆိပ်ပြင်းထန်သော မြွေ မျိုးဖြစ်သည်။

အသွေးအရောင်မှာ မည်းနက်ပြီးလက်လက်ထနေသည်။ အ ကောင်က မကြီးမားလှသော်လည်း ကိုက်မိသည်ဆိုသည်နှင့် အ သက်ရှင်နိုင်စရာအကြောင်းမရှိသော မြွေအမျိုးအစားဖြစ်၏။

ထိုမြွေများသည် ကျောက်ဆောင်ကျောက်ခဲ ထူထပ်သော နေရာမျိုးတွင်နေတတ်ပြီး အဖိုအမအမြဲတမ်းတွဲနေတတ်သည်ဟု ဇာထဲ၌ အသေအချာလေ့လာထားရသည်။

အဖိုဖြစ်သောမြွေသည် သာမန်ရိုးရိုးနေသည့်အခါ တော်ရုံ တန်ရုံ အန္တရာယ်မပေးတတ်သော်လည်း မြွေအမ၏အနားတွင် အခြားသက်ရှိသတ္တဝါရှိနေပါလျှင် ထိုရန်သူကိုမြွေအဖိုသည်လုံး ဝ အလွတ်မပေးတတ်ပေ။

လဲအင်္ဂါဂိုသည် ခြေရင်းမှမြွေကိုမြင်ပြီးသည်နှင့် အခြားနေ ရာများသို့လှည့်ပတ်ကြည့်ပြန်သည်။

လဲအင်္ဂါဂိုတွေးတောသည်မှာ မမှားပါ။

ခုတင်အောက်တွင် မြွေတစ်ကောင်ထပ်မံတွေ့ရလေသည်။

လီအင့်ဂိုမှာ မြွေအဖိုအမကိုကြည့်၍ ကြက်သီးများ ဖျန်း၍ 'အဝေးမိတော့သည်။

'သိပ်မှန်တဲ့ ရန်သူဆယ်ဦးကိုရင်ဆိုင်ရသည်ထက် ကြောက်စိတ် 'ဒါဆို ထိတ်လန့်သွားလေသည်။

'ဇာတ်မှ သူသည်မြွေများမှာ အသက်ရှင်နေမည်မဟုတ်ကြောင်း ၊ သွဲ့မိပြီး စိတ်ထဲမှပြုံးလိုက်လေသည်။

မြွေများ၏ အကျင့်စရိုက်အကြောင်းကို ရှာရှာဖွေဖွေလေ့လာ ဆည်းပူးသင်ကြားခဲ့သည့် သတ္တဗေဒပါမောက္ခကြီး တန် မြူအားချီးကျူးမိသည့်ပြင်....

ဝါကျွန်ကျွန် ဆေးမှုန့်တစ်မျိုးကို ပေးလိုက်သော အထက် ဆရာကြီးများ၏ကျေးဇူးကိုလည်း စိတ်ထဲမှအောက်မေ့မိလိုက် သည်။

ထိုဝါကျွန်ကျွန်ဆေးမှုန့်သည် အဆိပ်ရှိသောသတ္တဝါမှန်သ မျှ ရှူရှိုက်တွေ့ထိလိုက်သည်နှင့် နေရာ၌ပင် ချက်ချင်းသေဆုံး သွားနိုင်သည်။

ထိုဆေးမှုန့်ကို မိမိအိပ်ရာနေရာ ချောင်ကြိုချောင်ကြားများ တွင် ပက်ဖြူးထားရမည်ဟု သင်တန်းဆရာများက သြဝါဒ ပေးခဲ့သည် မဟုတ်ပါလား။

လီအင့်ဂိုက မြွေများကို သေချာစွာ စစ်ဆေးနေစဉ် သူ့ လက်အောက်အာဏာသား တုံးလီ ရောက်လာ၏။

ထိုအခြင်းအရာများကို မြင်တွေ့သိရှိလိုက်ရသော တုံးလီမှာ မျက်စိမျက်နှာပျက်ပြီး ကြောက်ရွံ့ထိတ်လန့်သွားတော့၏။



လီအင့်ဂိုက မြွေများအကြောင်း ရှင်းပြပြီးသည်နှင့် ရန်သူ သည် မိမိကို လောကဓံ၌အရှင်မထားလိုတော့ကြောင်း ... သည်။

တုံးလီ ခေါင်းတညိတ်ညိတ်ဖြင့်

'ဟုတ်တယ်ဆရာ ရန်သူကတော့ ဆရာ့ကို ပေမယ့် ဆရာက သတိမျှတယ် ဝီရိယရှိတယ် ဟိုပတ်ချွန်း(အသတ်ခံရသောလူဆိုးထိန်း)က ပေါ့လျော့တော့ အလွယ်တကူ သတ်နိုင်တာ

'ငါဖတ်ရတဲ့ အစီရင်ခံစာထဲမှာ ပတ်ချွန်း အဆင်းလှေကားရင်းမှာ အသတ်ခံရတယ်၊ အသ က ညဘက်လို့ပါတယ်၊ အစီရင်ခံစာရဲ့ သဘောထား ... တော့ ပတ်ချွန်းကိုသတ်မယ့်ရန်သူဟာ ပတ်ချွန်း ပြန်အလာ ... အိမ်ထဲမှစောင့်ဆိုင်းနေပြီး လုပ်ကြံသတ်ဖြတ်တာလို့ ဖတ်ရတော့ ပတ်ချွန်းဟာ ညဘက်ကိုလဲ အလည်အပတ် ကြူးလိမ့်မယ်'

တုံးလီ ခေါင်းညိတ်လိုက်၏။

'မှန်တယ်ဆရာ၊ ဆရာပတ်ချွန်းဟာ အရက်ကလဲအလွန်ကြိုက် တော့ သူ့ကိုအမြဲတမ်း ကြယ်ဝါစားသောက်ဆိုင်မှာမြင်ရတယ်၊ ကျွန်တော် စိုးရိမ်တာက အဲ့ဒီကြယ်ဝါကို သွားသွားနေတာ သိပ် စိုးရိမ်တယ်'

လီအင့်ဂို မျက်မှောင်ကြုတ် နားထောင်နေရာမှ အံ့သြသလို တုံးလီကို ကြည့်လိုက်၏။

'ကြယ်ဝါကိုဘာလို့ စိုးရိမ်တာလဲ'

'ဆရာ မရောက်ဖူးသေးလို့ပါ၊ ကြယ်ဝါမှာ လူမိုက် လူရမ်း
ကစားသမားတွေချည်းပဲ၊ ဒါပေမယ့် အာဏာသားတွေ
'အဝး ကာ်တပ်သားတွေကိုတော့ သူတို့ရန်လုပ်တာနည်းပါ
'သိပ်မှန်
'ဒါဆိုးထန် နဲ့ ငါတောင် ကြယ်ဝါကို တစ်ခေါက်လောက်
'တော မှ သူသင
သွားမိပြီး စိတ် သ်မောချ်ပြောလိုက်၏။
မြေမျာ း၏ ပဲ'
လာ ဆည်းပူး
မြူ အားချီး
ပါ

* * *

## အထင်တော်လွဲလို့ရယ်

'ဆရာ ညှော်သည်ရောက်နေတယ်'

တုံးလဒ်က လာရောက် ပြောကြားသဖြင့် လဒ်အင်္ဂလိုက ညှော်ခန်းသို့ ထွက်လာရာ တိတ်အိန္ဒိုးဖြစ်နေသည်ကို တွေ့ရှိလိုက်ရလေသည်။

တိတ်အိန္ဒိုးသည် ညှော်ခန်းထဲ၌ အေးဆေးစွာ ထိုင်နေ၏။

သူမအား ကြည့်လိုက်သည့်အခါတိုင်း အမြဲတမ်းပြုံးနေတတ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကြောက်ရွံ့သည့် အမူအရာမျိုး မရှိတတ်ပေ။

အနေထိုင်သွားလာမှု ရဲရင့်သည်၊ တည်ကြည်သည်။

သူသည် ယောကျ်ားလေးတစ်ဦးကဲ့သို့ အပူအပင် ကင်းမဲ့စွာ နေထိုင်တတ်၏။

မသိသူများက သူမအား ယောကျ်ားစိတ် ပေါက်နေသည်ဟုပင် ထင်ကြသည်။

ရုပ်ရှော သဘောကောင်းသလောက် ကြောက်စရာကောင်း သည့် မိန်းကလေးမှာ တိတ်အိန်းပင် ဖြစ်သည်ဟု နေပြည်တော် တွင် ကျော်ကြားခဲ့၏။

ကြောက်စရာကောင်းသည်မှာ အခြားမဟုတ်ပေ။

သူမ၏သိုင်းပညာနှင့် လျင်မြန်ဖျတ်လတ်မှု၊ ပါးနပ်မှုများပင် ဖြစ်၏။

လီအင့်ဂိုသည် ဧည့်ခန်းထဲမှ တိတ်အိန်းကို အင်ထရမ်းမြို့ စားသောက်ဆိုင်တစ်ဆိုင်သို့ ခေါ်ဆောင်ခဲ့၏။

'နင် ဘာလာလုပ်တာလဲ'

လီအင့်ဂိုက ဆိုင်ထဲတွင် စားသောက်ရင်း မေး၏။

'ခိုးမှုနဲ့ ထောင်ကျတဲ့ အကျဉ်းသမား နှစ်ယောက် လာပို့တာလေ'

လီအင့်ဂို ရယ်မောလိုက်၏။

'အို တယ်ဟုတ်ပါလား၊ ဒီလိုဆိုရင်တော့ ငါတို့ရဲ့ တာချင်မြို့ ကြီး အေးချမ်းနေတော့မှာ အမှန်ပဲ'

'နင်ကော ဒီမှာ အခြေအနေကောင်းရဲ့လား'

တိတ်အိန်းက ပြန်မေး၏။

လီအင့်ဂိုက သူဖြစ်ပျက်နေသော အဖြစ်အပျက် အချို့ကို ပြောပြ၏။

နောက်ဆုံးမနက်က တွေ့ရသော မြွေအကြောင်းကိုလည်း ပြောပြလိုက်၏။

ဆိုင်ထဲတွင် စားသောက်သူများက များနေသည်မို့ စကား ကို ခပ်ကျယ်ကျယ်ကလေး ပြောနေရ၏။



တိတ်အိန်းသည် လီအင့်ဂိုအတွက် အတော်စိုးရိမ်သွား၏။

'နင့်အခြေအနေ တော်တော်ဆိုးနေတာပဲ၊ နေစမ်းပါဦး နင်ပြောတဲ့မြွေမျိုးက အင်မတန်ရှားပါးတဲ့ မြွေမျိုးပဲ၊ ကျောက် ဆောင်တွေ ထူထပ်တဲ့ တောထဲမှာပဲ ရှိတတ်တယ်၊ နောက်ပြီး အဲဒီတောထဲမှာ နေခဲ့တဲ့သူတွေသာ ဒီမြွေမျိုးကို ကိုင်တွယ်နိုင် တာ၊ ဒီတော့ ဒီနယ်မှာ ဘောကျွမ်းတဲ့ မုဆိုးတွေကို နင် နည်း နည်းပါးပါး လေ့လာပါလား'

လီအင့်ဂို ခေါင်းညိတ်ထောက်ခံလိုက်၏။

'ဟုတ်တယ်၊ နင်ပြောသလိုပဲ၊ လေ့လာဖို့ငါဆုံးဖြတ်ထား ပါတယ်၊ နင်အဲ့ဒီမှာနေရတာအဆင်ပြေရဲ့လား'

'အဆင်ပြေပါတယ်၊ နင့်မိဘတွေအိမ်လဲ ငါမကြာမကြာ သွားသည်ပါတယ်၊ နင့်မိဘတွေက သိပ်ပြီးစိတ်ထားကောင်း တာပဲ၊ ငါ့ကိုသမီးလေးတစ်ယောက်လိုပဲအရမ်းချစ်ကြတာ....'

'ဒါဖြင့် နင်ကလဲ အမေ အဖေလို့ခေါ်လိုက်ပေါ့'

တိတ်အိန်းက မျက်စောင်းထိုး၏။

'နင်သိပ်နာသွားအုံးမယ် စဉ်းစဉ်းစားစားပြော၊ ငါနင့်မိ ဘတွေကိုမခေါ်ရဲပါဘူး၊ ဟိုဟာမလေးကိုကြောက်နေရတယ်၊ သူ့ကိုကြည့်ရတာ ငါ့ကိုတစ်စုံတစ်ခုကျေနပ်သလိုပဲ၊ ငါ့စိတ် ထဲရှိတာပြောရရင် ငါနင့်လက်ထဲပါသွားမှာ သိပ်ပြီးစိုးရိမ်နေပုံ ရတယ်၊ ငါ့ကိုဆက်ဆံတဲ့အခါ သိပ်ပြီးလိုက်လိုက်လှဲလှဲမရှိဘူး'

လီအင့်ဂိုက ပို့ကျူလှင်အကြောင်းတွေးမိပြီး ရယ်လိုက် သည်။

'ဟာ ဒီကောင်မလေးကဗီလိုပဲ၊ ငါ့ကိုလဲသိပ်နိုင်တယ်၊ အမှန်တော့ ပို့ကျူလင်ဟာ စိတ်ကောင်းရှိတဲ့မိန်းကလေးပါ'

တိတ်အိန်း ရယ်လိုက်၏။

'စိတ်ကောင်းရှိတာမှန်ပေမယ့်၊ မုန့်ကိုတော့ ခွဲဝေပေးနိုင်တယ်နော်၊ ရည်းစားကိုတော့ ခွဲဝေပေးနိုင်မှာမဟုတ်ဘူး'

'ဟာ နင်ကလဲ သူနဲ့ငါနဲ့က အဲဒီအဆင့်မရောက်သေးပါဘူး၊ ငယ်သူငယ်ချင်းတွေပါ၊ အေးနောင်တော့မပြောတတ်ဘူးပေါ့လေ...'

'ငယ်သူငယ်ချင်းသာဆိုတယ် သူ့ကိုကြည့်ရတာ နင်နဲ့လက်ထပ်ထားပြီးတဲ့ မိန်းမကျနေတာပဲ၊ နင်နဲ့စကားပြောတဲ့အခါများ သူ့မျက်နှာက လင်ပုပ်ဖမ်းထားတာကျနေတာပဲ'

လီအင့်ဂို အားရပါးရရယ်လိုက်သည်။

သူတို့နှစ်ဦးက ရယ်ရယ်မောမောပျော်ပျော်ရွှင်ရွှင် စကားပြောနေသည်ကို ခပ်လှမ်းလှမ်းရှိစားပွဲခုံတစ်ခုမှ အနီရဲရဲဝတ်စုံကိုဝတ်ဆင်ထားသောအမျိုးသမီးတစ်ဦး အံတကြိတ်ကြိတ်နှင့် ကြည့်နေသည်ကိုမူ လုံးဝသတိမထားမိပါပေ။

ပို့ရှိကံဆိုးချင်တော့ လီအင့်ဂို၏အပေါ်နှုတ်ခမ်းတွင် စားသောက်ရင်းပေကျံနေသော စားကြွင်းတစ်ခုကို တိတ်အိန်းက သူမ၏ပဝါဖြင့်လှမ်း၍သုတ်ပေးလိုက်၏။

'ကျေးဇူးတင်ပါတယ်'

လီအင့်ဂိုက ရယ်မောပြောဆို၏။ တိတ်အိန်းကလည်းပြုံးလိုက်သည်။

ထိုစဉ် ရုတ်တရက်...



အနီရောင်ဝတ်စုံနှင့် မိန်းကလေးသည် စားပွဲမှထလာကာ သူတို့နှစ်ယောက်၏အနီးမှ ခြေဆောင့်၍ဖြတ်သွားသည်။

လီအင့်ဂိုကလှည့်ကြည့်လိုက်သောအခါ မျက်လုံးများဝိုင်းသွား၏။

'ဟင် ဟော့ပို့ကျူလင်'

လီအင့်ဂို ကပျာကယာလှမ်းခေါ်၏။

သို့သော် သူမသည် သူမ၏နာမည်အားမခေါ်သကဲ့သို့ လုံးဝလှည့်မကြည့်ဘဲဆိုင်ထဲမှထွက်သွားသည်။

လီအင့်ဂိုက ထပြီးလိုက်ရန်ဖင်ကြွလိုက်၏။ တိတ်အိန်းက သူ၏လက်ကိုဖမ်းဆွဲလိုက်၏။

'ဘာလို့ဒီလောက်အလျင်လိုနေတာလဲ၊ အမှန်တရားဆိုတာ သူ့ဟာသူသိလာမှာပေါ့၊ ကိုယ်ကလိုက်ချော့နေရင် နောင်ကိုဘယ်တော့မှချော့လို့ဆုံးမှာမဟုတ်တော့ဘူး'

တိတ်အိန်းက သူ့ဝသီအတိုင်းပြောချလိုက်၏။

လီအင့်ဂိုမှာ ရှက်ကိုးရှက်ကန်းနှင့်ပြန်၍ထိုင်နေလိုက်သည်။

'သူဒီကိုဘာကိစ္စရောက်နေတာလဲမသိဘူး'

တိတ်အိန်းက ပြုံးလိုက်လေသည်။

'နင့်ဇနီးလောင်းလေးက စိုးရိမ်စိတ် အင်မတန်လွန်ကဲနေတာ၊ ငါဒီကိုတရားခံလာပို့မယ်ဆိုတာသူသိတယ်၊ အဲဒါစိတ်မချလို့လိုက်ချောင်းတာပဲ'

'ဟာ နင်ကလဲ ငါ့ဇနီးလောင်းမဟုတ်ပါဘူးဟာ၊ ငါနဲ့ဘယ်လိုမှမပတ်သက်သေးပါဘူး၊ သူငယ်ချင်းတွေပါ'

'ဒါဆို မပတ်သက်သေးတဲ့ကိစ္စကို လိုက်ချောင့်စရာလဲမလိုဘူးလေ..

လဲ့အင့်ဂို ပါးစပ်ပိတ်ထားလိုက်၏။

'ငါနင့်ကိုပြောရဦးမယ်၊ ဟိုနန့်နယ်မှာ ဓားသမားကိုးယောက်သောင်းကျန်းနေတယ်ဆိုတဲ့ သတင်းကြားမိသလား'

လဲ့အင့်ဂိုက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ် ကြားမိတယ်'

'အဲဒီကိစ္စနဲ့ပတ်သက်ပြီး အသက်က ငါ့ကိုအဲဒီကိုပို့မယ်ဆိုတဲ့သတင်းကြားထားတယ် အတိအကျတော့ မသိသေးပါဘူး၊ အမိန့်ကျလာရင်တော့သွားရမှာပဲ'

'ဟာ အဲဒီကောင်တွေက ကြေးစားလူသတ်သမားခါးပြတွေပဲ နင်အဲဒီကိုသွားရင် တော်တော်ကြီးကို သတိထားရလိမ့်မယ်'

'ကိစ္စမရှိပါဘူးဟာ၊ သူ့ဆန်စားရင်ရဲရမှာပေါ့'

တိတ်အိန်း ရယ်မော၍ပြောလိုက်သည်။

ထိုအချိန်တွင် လဲ့အင့်ဂို တို့၏အနားရှိစားပွဲမှ လူတစ်ယောက်က စားသောက်ပြီး၍ထသွားတော့သည်။

ထိုသူသည် ဆိုင်ပြင်သို့ရောက်သည်နှင့်

'ဗေဒင်ဟောတယ်၊ သဒ္ဒါသရွေ့ပဲပေးကြပါ'

ဟု အော်ဟစ်သွားလေသည်။

လဲ့အင့်ဂိုသည် ဗေဒင်ဆရာကို မျက်စိတစ်ဆုံး ငေးကြည့်နေမိသည်။

'နင် ဘာငေးနေတာလဲ'



'ဟို ဗေဒင်ဆရာကို ကြည့်နေတာပါ'

တိတ်အိန်းက ပြုံးလိုက်သည်။

'ဘာလဲ၊ နင်က ဗေဒင်ကြည့်မလို့လား၊ အဲဒီဗေဒင်ဆရာက နယ်လှည့်ဗေဒင်ဆရာဖြစ်ပါလိမ့်မယ်၊ တာချင်မြို့မှာလဲ သုံးလေးရက် တွေ့လိုက်ရတယ်၊ အခု သူက ဒီရောက်နေတာကိုး'

တိတ်အိန်းက ပေါ့ပေါ့ဆဆ ပြောနေသော်လည်း လဲ့အင့်ဂို၏စိတ်ထဲတွင် ဗေဒင်ဆရာအားသံသယတစ်မျိုးဖြစ်နေမိတော့၏။

* * *

ဗေဒင်ဆရာသည်

'ခီဟုတ်ကျူး၊ ဘုရားကျောင်းရှေ့တွင် နေရာယူထား၏။

သူသည် လမ်းသွားလမ်းလာများ ဘုရားဝင်ရောက်ဝတ်ပြုသူများကို မြင်သည်နှင့်

'ဗေဒင်ဟောပါတယ်၊ သဒ္ဒါသလောက်ပဲပေးပါ'

ဟု ပြောဆိုတတ်လေသည်။

အချို့ကလည်း တစ်စေ့တစ်စောင်းကြည့်၍ ပြုံးသွားကြသည်။

အချို့မှာ ဝါသနာပါ၍ ဝင်ရောက်ကြည့်ရှုပြီး တတ်အားသရွေ့ ပေးကမ်းသွားကြသည်။

အနီရောင်ဝတ်စုံနှင့် ပို့ကျူလင်သည် ဘုရားကျောင်းရှေ့မှ ဖြတ်လျှောက်လာသည်။

သူမသည် ဘုရားကျောင်းကို လွန်အောင်လျှောက်သွားပြီးမှ ဗေဒင်ဆရာကို တစ်ချက်လှည့်ကြည့်ကာ ပြန်လျှောက်လာ၏။

'ကလေး မ ဗေဒင်ကြည့်မလား'

ဗေဒင်ဆရာက လှမ်းမေးသည်။

ပို့ကျူလင်က ခေါင်းညိတ်ပြပြီး နေ့နံသက္ကရာဇ်တို့ကို ပြော ပြလိုက်သည်။

ဗေဒင်ဆရာသည် ထုံးစံအတိုင်း တွက်ချက်ကြည့်၍ ပို့ကျူ လင်ကို မော့ကြည့်လိုက်၏။

'အင်း စိတ်သောကရောက်နေတဲ့ မိန်းကလေးတစ်ယောက်ပဲ'

'ဟုတ်ပါတယ်ရှင်'

'အခြားပစ္စည်းဥစ္စာကြောင့်မဟုတ်ဘဲ၊ ခင်မင်သော မိတ်ဆွေ အတွက် ရောက်ရတဲ့သောကပဲ'

ပို့ကျူလင်က ဗေဒင်ဆရာကို လေးစားသွားပြီး အံ့သြစွာ ကြည့်နေမိသည်။

အမှန်တော့ စားသောက်ဆိုင်ထဲတွင် ဗေဒင်ဆရာက သူတို့ အား အကဲခတ်ကြည့်နေသည်ကို ပို့ကျူလင် မသိရှာပါ။

'မှန်ပါတယ်ရှင်'

'မိန်းကလေးရဲ့မိတ်ဆွေဟာ အရာထမ်း အမှုထမ်းထဲကဖြစ်ဖို့ များတယ်'

'မှန်ပါတယ်ဆရာကြီးရယ် အတိအကျပါပဲ'

'ဒါပေမယ့် မပူပါနဲ့မိန်းကလေး တစ်နေ့ စိတ်ချမ်းသာမှာ ပါ၊ မိန်းကလေးက အစိုးရိမ်လွန်ကဲနေတာပဲဖြစ်တယ်'

ပို့ကျူလင်မှာ မျက်နှာကလေး အတော်ရွှင်လန်းသွားလေ သည်။

'သူတို့ ဘာမှမဖြစ်ဘူးပေါ့ ဟုတ်လား'



ပို့ကျူလင်သည် ထိုကဲ့သို့ မေးလိုက်ပြီးမှ မိမိစကားမှား သွားသည်ကို သိရှိလိုက်သည်။

'မိန်းကလေးက ကိုယ့်ကိုယ်ကိုယ် စိတ်ဒုက္ခပေးနေတာပါ၊တစ် နေ့မှာ အားလုံးအဆင်ပြေသွားလိမ့်မယ်၊ အချိန်အခါကိုစောင့် ထိန်းရမယ် ကြားလား'

'ဟုတ်ကဲ့ဆရာကြီး၊'ဒါထက် ကျွန်မ...ကျွန်မအိမ်ထောင်ကျ ရင် ဘယ်လိုလူမျိုးနဲ့ကျမယ်ဆိုတာ သိရင် ပြောပြပါဆရာကြီး'

ဗေဒင်ဆရာသည် စုတ်တံတစ်ချောင်းနှင့် တွက်ချက်လိုက် သည်။

'အင်း...မိန်းကလေး တကယ်တန်း လက်ထပ်ရမယ့်ဖူးစာ ရှင်ကတော့ စိတ်ပျက်စရာပဲ'

'ဘာဖြစ်လို့လဲဆရာကြီး'

ပို့ကျူလင်က စိုးရိမ်စိတ်ဖြင့် ကပျာကယာမေးလိုက်၏။

'ဘာ ဖြစ်လို့လဲဆိုတော့ မိန်းကလေး တကယ်တန်းလက်ထပ် ရမယ့်လူဟာ လူသတ်သမား ခားပြ'

ပို့ကျူလင်သည် ငွေတုံးတစ်တုံးကို ကပျာကယာပစ်ချခဲ့ပြီး ဗေဒင်ဆရာအနားမှ ခပ်သွက်သွက် ထွက်သွားတော့၏။

ဗေဒင်ဆရာမှာ ငွေတုံးကိုငေးစိုက်ကြည့်ရင်း အံ့အားသင့်၍ ကျန်ရစ်ခဲ့လေသည်၊

*

မြို့စားကြီးကျင်းဟူသည် ဂေဟာရှေ့လေသာဆောင်၌ လမ်းလျှောက် အပမ်းဖြေနေ၏။

သူ၏မျက်နှာမှာ ညှိုးနေပြီး တိုင်းပြည်အခြေအနေမငြိမ်မသက်မှုကြောင့် သောကရောက်နေပုံရလေသည်။

သူသည် ဂေဟာရှေ့ လမ်းမကြီးပေါ်သို့ ငေးမှော လမ်းလျှောက်နေစဉ် ကဒလးငယ်တစ်ဦးသည် တံခါးမှူးအား တပ်စုံတစ်ရာ မေးမြန်း၍နေသည်ကို တွေ့လိုက်ရ၏။

ထို့နောက် တံခါးမှူးသည် ကလေးငယ် လှမ်းပေးသော စာရွက်တစ်ခုကို ယူဆောင်လာကာ မြို့စားကြီးထံသို့ ရောက်လာသည်။ မြို့စားကြီးသည် အသေအချာလိပ်၍ ခေါက်ထားသော စာရွက်ကို ဖတ်ကြည့်လိုက်၏။

မြို့စားကြီးသည် စာကိုဖတ်နေရာမှ စာရွက်တစ်နေရာတွင် စိတ်တံဖြင့် တစ်ချက်ရေးခြစ်လိုက်ပြီး တံခါးမှူးကို ကြည့်လိုက်သည်။

'ဒီစာက ဒီကို ပေးဖို့မှမဟုတ်တဲ၊ လူဆိုးထိန်း လီအင့်ဂိုကို ပေးတဲ့စာပဲ'

တံခါးမှူးက ခေါင်းညိတ်လိုက်၏။

'မှန်ပါတယ် မြို့စားကြီးကလေးကလဲ လူဆိုးထိန်းလီအင့်ဂိုကို ရှာနေတာပါ၊ ဒါနဲ့ ကျွန်တော် မသကာလို့ မေးတဲ့အခါ စာပေးမလို့ဟု ပြောပါတယ်၊ ကျွန်တော်က လိုအပ်မလားလို့ မြို့စားကြီးကိုလာပြတာပါ'

မြို့စားကြီးသည် တံခါးမှူးအား စာရွက် ပြန်ပေးလိုက်လေသည်။



'ဟာ ဒါငါ့ဂေဟာနဲ့မဆိုင်ဘူး၊ လီအင့်ဂိုရဲ့ကိစ္စပဲ၊ အဲ့ဒီကလေးကို လီအင့်ဂိုရှိတဲ့နေရာကို လမ်းညွှန်လိုက်'

'ကောင်းပါပြီ မြို့စားကြီး'

တံခါးမှူးက ဦးညွှတ်၍ ပြန်ထွက်သွား၏။

ထို့နောက်တံခါးမှူးသည် လီအင့်ဂို၏ အုပ်ချုပ်ရေးရုံးခန်းရှိသည့်နေရာကို သေသေချာချာညွှန်ကြား၍ ပြောဆိုလွှတ်လိုက်တော့သည်။

* * *

တုံးလီသည် စာရွက်ကိုကိုင်၍ လီအင့်ဂို၏ အခန်းထဲသို့ ပြေးဝင်သွား၏။

'ဆရာ့နာမည်နဲ့ စာတစ်စောင် ရောက်နေတယ်'

လီအင့်ဂိုက လှမ်းယူ၍ ပြုံးလိုက်သည်။

ထိုစာသည် ပို့ကျူလင်က မကျေမနပ်နှင့် ရေးသားထားသော စာသားဖြစ်ရမည်ဟု တစ်ထစ်ချ ယုံကြည်ထားလိုက်၏။

ထို့ကြောင့် သူသည် ခပ်ပြုံးပြုံးဖြင့် စာကိုဖွင့်ဖတ်လိုက်သည်။

ထိုအခါ လီအင့်ဂို၏ မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားတော့သည်။

သူသည် အံ့သြသွားပြီး တုံးလီကို ကြည့်လိုက်၏။

'ဒီစာကို ဘယ်သူလာပေးသွားတာလဲကွ'

'ကလေးတစ်ယောက်က ဆရာ့နာမည်မေးပြီး လာပေးသွားတာပဲ'

'နည်းနည်းတော့ထူးဆန်းတယ်ကွ၊ မင်းဖတ်ကြည့်ပါဦး'

လီအင့်ဂိုသည် စာရွက်ကို တုံးလီ၏ လက်ထဲသို့ ထိုးပေးလိုက်၏။

တုံးလီသည် လီအင့်ဂို၏မျက်နှာကို အကဲခတ် ကြည့်ရင်းမှ စာကိုဖွင့်ဖတ်လိုက်၏။

ချစ်မိတ်ဆွေ လူဆိုးထိန်း လီအင့်ဂို

သင့်ကို ကျွန်ုပ် ကူညီပါမည်၊ ကျားမင်း ခေါင်းဆောင် ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ သိချင်ရင် ဆယ်ရက် မွန်းလွဲချိန်တွင် အနောက်နတ်စင်ကုန်းကို လာခဲ့ပါ။

နတ်မျက်စိ

စာမှာ တိုတိုနှင့်လိုရင်းကို ရေးသားထား၏။

'မင်း ဘယ့်နှယ်သဘောရသလဲ'

လီအင့်ဂိုက တုံးလီကို မေးလိုက်၏။

'စဉ်းစားစရာပဲ ဆရာရေ့၊ ဒီနတ်မျက်စိဆိုတဲ့လူဟာ အမှန်တကယ်သဲသိနေတာ ဖြစ်ချင်ဖြစ်ရမယ်၊ ဒါမှမဟုတ် ကျားမင်းအဖွဲ့က ထောင်ချောက်ဆင်တာလဲ ဖြစ်ချင်ဖြစ်နိုင်တယ်'

တုံးလီက သူ့ထင်မြင်ချက်ကို ပြော၏။

လီအင့်ဂိုကလည်း ခေါင်းညိတ်လိုက်၏။

'ငါလဲ အဲဒီအတိုင်းပဲ ထင်တယ်'

'ဆရာ သူ့ချိန်းတဲ့ဆီကို သွားမှာလား'

'ဆယ်ရက်ဆိုတော့ လိုပါသေးတယ်ကွာ၊ အခြေအနေကို ချင့်ချိန်စဉ်းစားပြီး သွားသင့်ရင်လဲ သွားရမှာပေါ့'



'ကျွန်တော်ကတော့ ထောင်ချောက်ဆင်တာပဲလို့ထင်တယ်။ ဆရာသွားရင် ဆရာသွားမယ်ဆိုရင် ကျွန်တော်တို့ အာဏာသား အဖွဲ့တွေနဲ့ အစီအစဉ်တစ်ခုခု လုပ်ပြီးမှ သွားဖို့သင့်တယ်'

တုံးလီက စိုးရိမ်သဖြင့် ပြောနေခြင်းဖြစ်သည်။

တုံးလီ၏စကားများမှာ အမှန်အကန်ပင် ဖြစ်သည်။

နတ်မျက်စိဆိုသူသည် အမှန်တကယ်ပင် ရှိချင်လည်းရှိမည်။

ကျားမင်းအဖွဲ့၏ မိမိကိုအပြီးအပိုင်သုတ်သင်သည့်အစီအစဉ်လည်း ဖြစ်နိုင်၏။ နတ်မျက်စိချိန်းဆိုထားသည့်နေ့ရက်ကဆယ်ရက်ကျော်ကျော် လိုသေးသည်မို့ လီအင့်ဂိုသည် ထိုကိစ္စကို ခေါင်းထဲ၌ သိတ်မထားသေးပေ။

'တုံးလီ မင်းက ဒေသခံဆိုတော့ ငါ့ထက်ပိုပြီးသိလိမ့်မယ်၊ ဒီနယ်မှာ တောလိုက်မုဆိုး ဘယ်နှစ်ယောက်ရှိသလဲကွ'

တုံးလီသည် သူ့ဟန်မူရာအတိုင်း စားပွဲကို လက်ချောင်းဖြင့် ခေါက်၍ စဉ်းစားလိုက်၏။

'အင်း ကျွန်တော် သိရသလောက်ဆိုရင် ကျားဖမ်းတဲ့ မုဆိုးစိုရင်းရယ်၊ နောက်သားကောင်မျိုးစုံဖမ်းတဲ့နှစ်ယောက်ကတော့ ချိုက်ပုံနဲ့ အိုစီရှန်းတို့ဆိုတာပဲ သိတယ်၊ ဆရာ ဘာသိချင်လို့လဲ'

'ဒီလူတွေက ဒီနယ်တစ်ဝိုက်မှာပဲ ဖမ်းဆီးပြီးရောင်းစားတဲ့ လူတွေမဟုတ်လား'

'ဟုတ်ပါတယ်ဆရာ'

လီအင့်ဂိုသည် သက်ပြင်းတစ်ချက်ချစဉ်းစားလိုက်ပြီးမှ....

'ငါသိချင်တာက အလွန်ခေါင်တဲ့တောနက်တွေကိုသွားပြီး ထူးဆန်းတဲ့တိရစ္ဆာန်တွေကို ဖမ်းဆီးရောင်းစားတဲ့လူမျိုး ဥပမာ

ငါတို့တွေတဲ့မြေမျိုးကို ဖမ်းဆီးရောင်းစားတဲ့မုဆိုး ဒီမှာရှိသလားလို့ပါ'

'အဲဒီလိုလူမျိုးတော့ ကျွန်တော်မတွေ့မိဘူးဆရာ၊ ဒါပေမယ့် မှတ်တမ်းတွေထဲမှာတော့ ဟိုအရင်လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်ဝန်းကျင်လောက်က ရှော့ထရံဆိုတဲ့ မုဆိုးတစ်ယောက်အကြောင်းရှိတယ်၊ ဒါပေမယ့် အဲဒီမုဆိုးဟာ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်ကတည်းက လူသုံးယောက်သတ်မှုနဲ့ နေပြည်တော်ထောင်မှာ အကျဉ်းချခံထားရတယ်၊ နောက်ပိုင်းမှာ ရှော့ထရံဟာ သေဆုံးတယ်ဆိုလား၊ ထောင်ဖောက်သွားတယ်ဆိုလားပဲ မရေရာတဲ့သတင်းသာကြားလိုက်ရတယ်၊ ခုချိန်ထိ သူ့သတင်းဘာမှထွက်မလာတော့ဘူး'

'ဟင် ဒါဆို အချိန်ကအတော်ကြာသွားပြီပဲ'

လီအင့်ဂိုမှာ စိတ်ပျက်စွာဖြင့် သက်ပြင်းချလိုက်မိပြန်တော့သည်။

* * *

ကြယ်ဝါ....။

ကြယ်ဝါသည် တုံးလီပြောသည့်ပျော်ပွဲစားစားသောက်ဆိုင်တစ်ဆိုင်၏အမည်သာဖြစ်၏။

လီအင့်ဂိုသည် ချောင်ကျကျစားပွဲဘစ်ခုဌ်ထိုင်၍ အရက်တစ်အိုးကိုမှာပြီးသောက်နေမိ၏။

လူများက မျက်စိရှုပ်စရာကောင်းလောက်အောင် ဝင်ထွက်သွားလာနေကြပေသည်။



အများအားဖြင့် တုံးလီပြောသကဲ့သို့ပင် အနက်ရောင်သိုင်းသမားများနှင့် ခိုးဆိုးပေတေသူကများပြားလှသည်။

ထိုလူများထဲတွင် လီအင့်ဂိုအားသိရှိသူများကလည်း ဖော်ဖော်ရွေရွေနှုတ်ဆက်ကြသည်။

အချို့ကလည်း တစ်ဦးနှင့်တစ်ဦးလက်တို့ကာ မှင်သေသေပြောဆိုစားသောက်နေသူများလည်းရှိ၏။

လီအင့်ဂိုအား သိကျွမ်းသောသိုင်းသမားတစ်ဦးသည် သူ့အားနှုတ်ဆက်ရင်း အနားသို့လာထိုင်၏။

'ဆရာဘာသတင်းထူးလာသလဲမသိဘူး၊ ဒီကိုမလာစဖူးလာတယ်'

ထိုလူက ရင်းရင်းနှီးနှီးနှုတ်ဆက်သော်လည်း ထိုလူကိုလီအင့်ဂိုက ရင်းနှီးစွာမသိပါ။

ထိုသူသည် ထက်မြက်သော သိုင်းသမားတစ်ဦးဖြစ်မည်ဟုတော့ခန့်မှန်းရ၏။

ထိုသူသည် သိုင်းသမား အကျော်အမော်များအံ့ကြောင်းအလွန်စိတ်ဝင်စားသူလည်းဖြစ်ပုံရ၏။

'ဘာသတင်းထူးလို့မှ မဟုတ်ပါဘူးကွာ ပျင်းပျင်းရှိတာနဲ့ ဒီမှာလာပြီးအရက်သောက်တာပါ'

လီအင့်ဂိုက အလိုက်အထိုက်ပြန်ဖြေလိုက်၏။

'ဒီဆိုင်မှာ အရက်ကတော့ကောင်းပါတယ်၊ ဒါပေမယ့်ဆရာနားအေးပါးအေးသောက်ရမှာတော့မဟုတ်ဘူး၊ ဒီကိုလာတဲ့လူတွေက မိုက်တိမိုက်ကန်းသမားတွေများတယ်၊ ဒါပေမယ့် ဆရာ့ကိုတော့ သူတို့ရန်မမူရဲပါဘူး'

လီအင်ဂို ပြုံး၍သာနားထောင်နေ၏။

ထိုလူက လီအင်ဂို၏အနားသို့ ပိုမို၍တိုးကပ်လိုက်၏။

'ဒါထက်ဆရာ၊ နေပြည်တော်က ထောက်လှမ်းရေးစားသမားမုန်တိုင်းကိုဆရာသိသလား'

ထိုလူက ကောက်ခါငင်ကာမေးလိုက်၏။

'ငါကြားသာကြားဖူးတာပါ၊ မမြင်ဖူးသေးပါဘူး၊ ဘာဖြစ်လို့လဲ'

လီအင်ဂိုကလည်း အမှန်အတိုင်းပင်ဖြေလိုက်၏။

'ဘာမှမဖြစ်ပါဘူးဆရာ၊ သူ့သတင်းတွေကတော့ အတော်ကိုနာမည်ကျော်ကြားနေတာပဲ၊ နေပြည်တော်မှာဆိုရင် အလှမျိုးစုံကသိုင်းသမားတွေဟာ သူ့ကိုမယှဉ်ရဲဘူးလို့ပြောနေကြတယ်'

'ဟုတ်လား....'

'သူ့ လဲ မုန်တိုင်းဆိုတဲ့ နာမည်နဲ့ လိုက်အောင် တိုက်ခိုက်တဲ့အခါမှာ ရုတ်တရက်မုန်တိုင်းဒဏ်ကို ခံစားလိုက်ရသလိုပဲ၊ တစ်ဖက်လူမှာကြာရှည်ရင်ဆိုင်နိုင်တဲ့ အခွင့်အရေးလုံးဝမရှိဘူးလို့သိရတယ်'

ထိုလူက မုန်တိုင်းစားသမားကိုအားကျနေပုံရ၏။ သူသည် အားရပါးရပြောနေခြင်းဖြစ်၏။

'အင်း ခင်ဗျားပြောတာဖြစ်နိုင်ပါတယ်၊ ဒါပေမယ့်တချို့ကလဲ တစ်စိတ်ကိုတစ်အိတ်လုပ်ပြီး ပြောတာတွေလဲရှိတာပေါ့'

'ဟာ မဟုတ်ဘူးဆရာမုန်တိုင်းစားသမားအကြောင်းကိုပြောတဲ့လူတိုင်းဟာ ကျွန်တော်ခုပြောတဲ့အတိုင်းပဲပြောကြတယ်၊ သူဟာ



လက်နက်ကိုင်တာနည်းတယ်လို့ပြောတယ်၊ အကယ်၍စားကိုကိုင်ပြီဆိုရင်လဲ သူနဲ့ယှဉ်ပြိုင်တဲ့လူဟာ သေသကြီးကိုစွန့်ခွာသွားရတော့တာပဲလို့ပြောတယ်'

လီအင်ဂိုကထိုလူ၏ပြောပုံဆိုပုံကိုသဘောကျ၍ရယ်နေမိသည်။

'ဒါထက် မင်းကဘယ်သူလဲ'

လီအင်ဂိုသည် စိတ်ထဲမှလုံးဝစဉ်းစား၍မရသဖြင့် တဲ့တိုးပင်မေးမြန်းလိုက်လေသည်။

'အို....ဆရာကလဲ ကျွန်တော့်ရဲ့နာမည်ကိုတောင် မကြားဖူးဘူးလား အင်ထရမ်းတစ်မြို့လုံး ကျွန်တော့်ကိုသိပါတယ်၊ ဆရာရဲ့လက်ထောက်တိုးလီ သိတာပဲ'

'အေးကွာ ငါကရောက်တာသိပ်မကြာသေးတော့ ရုတ်တရက်မမှတ်မိတာ စိတ်မရှိပါနဲ့'

လီအင်ဂိုသည် ပြောမယ့်သာပြောလိုက်ရသည် ထိုသူသည် သိုင်းပညာများကို အလွန်ဝါသနာပါပြီး ဆင်းဆင်း ရဲရဲနှင့်နေမည့်သူတစ်ဦးဖြစ်မည်။

ထိုသူသည် လူတကာကို ခင်မင်ရင်းနှီးစွာပြောဆိုဆက်ဆံနေပုံကို ထောက်ရှုခြင်းအားဖြင့် အရက်သောက်စရာမရှိ၍ မျက်နှာချိုလိုက်သွားနေသောအရက်ကျွန်တစ်ဦးဖြစ်လိမ့်မည်ဟု ခန့်မှန်းရလေသည်။

'ကျွန်တော့်နာမည် အားလုံးကအချွန်းလို့ ခေါ်ပါတယ်၊ ဆရာကျွန်တော့်ကိုခိုင်းစရာရှိလဲခိုင်းနိုင်ပါတယ်၊ နောက်ပြီးအင်ထရမ်းမြို့တော်ကြီးတစ်ခုလုံးရဲ့အကြောင်းကို ကျွန်တော်မသိတာမရှိပါဘူး'

လီအင့်ဂိုမှာ အချွန်းကိုကြည့်၍ အံ့ဩသွားသည်၊ ထို့နောက် သဘောကျသွား၏။

'အို…တယ်ဟုတ်ပါလား ဒါဖြင့် မင်းကအင်ထရမ်းမြို့တော်ရဲ့ ထောက်လှမ်းရေးသမားတစ်ယောက်ပေါ့ဟုတ်လား....'

'ဟာ... ဆရာကလဲ ဒီလောက်အရည်အချင်းမရှိပါဘူး၊ ကျွန်တော်ပြောတာက အင်ထရမ်းမြို့တော်မှာ ကျွန်တော့်ကိုခိုင်းချင်တာခိုင်းလို့ရပါတယ်လို့ ပြောတာပါ'

လီအင့်ဂိုသည် အချွန်းအတွက်အရက်တစ်အိုး မှာပေးလိုက်သည်။ အချွန်းသည် အလွန်ပင်ပျော်ရွှင်သွားလေသည်။

သူသည် အရက်ကိုအလွန်အမင်းသောက်ချင်သော်လည်း ငွေမရှိ၍ ယခုကဲ့သို့လူတကာကိုမျက်နှာချိုသွေးနေရသည်၊ အသေ အမွှားကိစ္စကလေးများ ခိုင်းသမျှကို ပြုလုပ်နေရခြင်းဖြစ်လေသည်။

လီအင့်ဂိုသည် ဤအရက်ဆိုင်သို့ရောက်လာကတည်းက လူတစ်ယောက်ကို ဂရုထားမိလေသည်။

ထိုလူမှာ နှုတ်ခမ်းမွှေးနှင့်ဖြစ်ပြီး ရုပ်ရည်က ကြောက်စရာကောင်းလောက်အောင် ကြမ်းတမ်းလှပေသည်။

ထိုလူ၏ရုပ်လက္ခဏာမှာ အလွန်ရက်စက် ကြမ်းကြုတ်မည့်လက္ခဏာမျိုးလည်းရှိပေသည်။

'ဟေ့ အချွန်း ဟောဟိုမှာအရက်သောက်နေတဲ့လူကို မင်းသိသလား'

လီအင့်ဂိုကပြောသဖြင့် အချွန်းက လှည့်ကြည့်လိုက်လေသည်။



'ဟာ....ဒီလူကြီးကို ဆရာမသိဘူးလား၊ သူလဲ တစ်ချိန်တုန်းက တော်တော်နာမည်ကြီးတဲ့လူဆိုးတစ်ယောက်ပဲ၊ အခုတော့ သူကအကျဉ်းထောင်ထဲမှာ အကျဉ်းသမားအုပ်ချုပ်ရတဲ့လူ ဖြစ်နေပြီလေ အကျဉ်းသမားအုပ်ချုပ်တဲ့ စီကင်ရို့ဆိုတဲ့လူမရှိတော့တဲ့နောက်ပိုင်းမှာ သူ့ကိုခန့်ထားလိုက်တာပဲ'

'ဒါဆို သူက သေဒဏ်ခံရတဲ့အကျဉ်းသမားတွေကိုလဲ သတ်ရမှာပေါ့ဟုတ်လား'

'ဒါပေါ့ဆရာရဲ့ ပါးကွက်အာဏာသားကြီးပေါ့၊ သူ့ရုပ်သွ ရည်နဲ့တော့ အဲ့ဒီအလုပ်ဟာအံကိုက်ပဲ....နာမည်က ထန်လုန်းတဲ့'

အချွန်း၏စကားကြောင့် လီအင့်ဂိုသဘောကျစွာရယ်မောမိလိုက်လေသည်။

ထိုစဉ်အခိုက်မှာပင် အရက်ဆိုင်ထဲသို့ လူတစ်ယောက်ဝင်ရောက်လာပြန်သည်။

ထိုလူကိုတွေ့ရသောအခါ လီအင့်ဂိုမှာ စိတ်ထဲတွင်တစ်မျိုးဖြစ်ပြီး ပို၍ သံသယ ကြီးထွားသွားလေသည်။

ထိုသူအား မိမိသွားလေရာတွင် အမြဲလိုလိုမြင်တွေ့နေရသောကြောင့် ဖြစ်သည်။

ထိုလူမှာအခြားမဟုတ်ပေ။

ဗေဒင်ဆရာကြီးပင်ဖြစ်တော့သည်။

ဗေဒင်ဆရာကြီးသည် လီအင့်ဂိုရ်၏စားပွဲနားတွင်ပင် ကပ်လျက်သားဝင်၍ထိုင်ကာ အရက်တစ်အိုးကိုမှာယူလိုက်၏။

'ခင်ဗျား ဘယ်မြို့ကဗေဒင်ဆရာလဲ'

လီအင့်ဂိုက ဆိုင်းမဆင့်ဗုံမဆင့်နှင့် ခပ်ထန်ထန်ပင်မေးလိုက်လေသည်။

ဗေဒင်ဆရာသည် ယခုမှသတိထားမိသလို လီအင့်ဂိုအား လှည့်ကြည့်၍ ပြုံးပြလိုက်ရင်းမှ....

'ကျုပ်ကိုမေးတာလား ကျုပ်ကတော့ နယ်စုံသွားလာနေတာပဲ၊ အတိအကျနေထိုင်တဲ့မြို့ရယ်လို့ မရှိပါဘူး...'

ဗေဒင်ဆရာက အေးအေးဆေးဆေးပင်ပြန်ပြော၍ မှာထားသော အရက်အိုးထဲမှ အရက်ကိုငှဲ၍သောက်လိုက်လေသည်။

လီအင့်ဂိုက ဗေဒင်ဆရာကို သေသေ ချာချာအကဲခတ်နေသည်။

'ခင်ဗျားဒီကိုရောက်တာ တော်တော်ကြာပြီလား'

'အင်း ဆယ်ရက်လောက်တော့ရှိပါပြီ၊ ဒီမြို့ဟာ ဗေဒင်ဟောစားလို့ တော်တော်ကလေးကောင်းပါတယ်၊ ဘယ့်နှယ်လဲ ဆရာကောဗေဒင်လေးဘာလေး ကြည့်ပါအုံးလား'

လီအင့်ဂိုသည် ဗေဒင်ဆရာကိုသံသယဝင်နေမိသော်လည်း သေသေ ချာချာစကားပြောကြည့်သောအခါတွင် သံသယဝင်စရာအကြောင်းက မရှိဖြစ်နေပြန်သည်။

သို့သော် အမှန်တကယ်တတ်မြောက်သော ဗေဒင်ဆရာတစ်ဦးဟုတ်မဟုတ်ကိုတော့ သိချင်နေ၏။



'ဒါဖြင့်လဲ ကျုပ်လက္ခဏာလေး နည်းနည်းလောက် ဖတ်ကြည့်စမ်းပါ'

ဗေဒင်ဆရာက အရက်သောက်ခြင်းကို လက်စသတ်လိုက်၏။

'ရပါတယ်.... ခုနင်နဲ့နာမည်ပြော'

လီအင့်ဂိုကပြောသည် ဗေဒင်ဆရာကတွက်ချက်၏။

သူ၏စုတ်တံသည် စာရွက်တစ်ရွက်ပေါ်တွင် ရေးခြစ်နေ၏။ ဂဏန်းစာလုံးပေါင်းများစွာသည် စာရွက်ပေါ်၌ ပြည့်နှက်နေတော့သည်။

အချိန်းကလည်း ဘေးမှထိုင်ကြည့်နေ၏။

'အင်း ကျုပ်အမှန်အတိုင်းဟောရင် မင်းစိတ်မဆိုးနဲ့နော်'

'မဆိုးပါဘူး အမှန်သာဟောပါ'

'မင်းမှာ အသက်ဘေးနဲ့အင်မတန်နီးကပ်တဲ့ အန္တရာယ်တွေ ကျရောက်နေတယ်၊ မနာလိုတဲ့သူတွေက မင်းရဲ့အသက်ကိုအန္တရာယ်ပေးဖို့ အချိန်ပြည့်ကြိုးစားနေတာကို မင်းခံနေရတယ်၊.... အသွားအလာ အနေအထိုင် အစားအသောက် သတိကောင်းကောင်းထားရမယ်...'

လီအင့်ဂို ဗေဒင်ဆရာကိုအတော်သဘောကျသွားသည်။

'ဟုတ်ကဲ့ နောက်ထပ်မြင်တာ ဆက်ဟောပါဦး'

'အင်း မင်းဟာညီအစ်ကိုမောင်နှမ နည်းပါတယ်၊ နည်းပါတယ်ဆိုတာထက် တစ်ဦးတည်းသောသားဖြစ်ဖို့က များတယ်'

'ဘယ်နှယ့်လဲ'

လီအင့်ဂိုကပြုံး၍ထောက်ခံသည်။

'ဟုတ်ပါတယ်'

'မိဘကချမ်းသာတယ် ဒါပေမယ့်မိဘနဲ့အတူထာကွ ရင်အုပ် မကွာနေရဖို့ အချိန်နည်းပါးခဲ့တယ်… အထူးသဖြင့်ကတော့ မင်း ဟာဒီရက်ပိုင်းတွေမှာ အထူး သတိထားနေရမယ် အသက်ဆုံး ရှုံးနိုင်လောက်တဲ့အထိ အန္တရာယ်ကရှိနေတယ်'

ဗေဒင်ဆရာသည် သူ၏ဟောပြောမှုဆုံးသည်နှင့် အရက်တင် အိုးထပ်မံမှာကြားကာ ဆက်လက်၍သောက်နေပြန်သည်။

လဝီအင့်ဂိုသည် အချွန်းကိုကြည့်၍

'မင်း အရင်ကသူ့ကိုမြင်ဖူးသလား 'ဟုခပ်တိုးတိုးမေး၏၊

'ဟိုအရင်ကတော့ သူ့ကိုလုံးဝမမြင်ဖူးပါဘူး၊ အခု ရက် ပိုင်းမှာတော့ သူကတစ်မြို့လုံးလျှောက်သွားနေတာပဲ'

အချွန်းကပြန်ဖြေလိုက်သည်။

လဝီအင့်ဂိုသည် ဗေဒင်ဆရာအားယုံရခက် မယုံရခက်ဖြစ်နေ ပေသည်။

သို့သော် သူ၏ဟောပြောချက်များက အမှန်အကန် ဖြစ်နေ သဖြင့် ဗေဒင်ဆရာအစစ်ဟုပင် သတ်မှတ်ရပြန်သည်။

ထိုစဉ် ဗေဒင်ဆရာသည် ထောင်အကျဉ်းသားအုပ်ချုပ်သူ ထန်လန်းနှင့် စကားသွားရောက်ပြောနေသည်ကို တွေ့လိုက်ရ သည့်အခါ လဝီအင့်ဂိုသည် ဗေဒင်ဆရာအပေါ် ပိုမို၍သံသယ ကြီးထွားသွားလေသည်။

သို့သော်လည်း လဝီအင်ဂိုကမသိလိုက်မသိဘာသာဖြင့်ပင်နေ ၍ ထိုအရက်ဆိုင်ထဲမှထွက်ခွာခဲ့တော့သည်။

* * *

## ဘာမှန်းမသိတဲ့လူနှစ်ယောက်

မြို့အနောက်ဘက် နတ်စင်ကုန်း....။

အင်ထရမ်းမြို့၏ အနောက်ဘက်တွင် လူသူခေါင်းပါး၊ အ ရောက်အပေါက်နည်းသော တောင်ကုန်းတစ်ခုရှိပေသည်။

ထိုတောင်ကုန်းတွင် ရှေးယခင်ကနတ်စင်ကြီးများ ရှိခဲ့ဖူး၍ နတ်စင်ကုန်းဟု အမည်တွင်နေခြင်းဖြစ်ပေသည်။

ထိုတောင်ကုန်းပေါ်မှ လှမ်းမျှော်ကြည့်လျှင် အင်ထရမ်းမြို့ ကိုတစ်စိတ်တစ်ဒေသ လှမ်းမြင်နေရ၏။

ယခု တောင်ကုန်းပေါ်တွင် ဝတ်စုံအဖြူရောင်ကိုဝတ်ဆင် လျက် မျက်နှာဖုံးအဖြူကိုခေါင်းမှနေ၍ စွပ်ချထားသော လူ တစ်ယောက်က မားမားမတ်မတ်ရပ်တန့်နေပေသည်။

ထိုသူ၏အနီးတွင် မြင်းဘစ်ကောင် ရပ်တန့်ထားလေသည်။

ဝတ်စုံအဖြူနှင့်လူသည် ရှည်လျားသည့်ဓားရှည်ကို ခါးတွင် ချိတ်ဆွဲထား၏။

ထိုသူ၏ခေါင်းမှာ အနည်းဆုံးသုံးပေကျော် လေးပေနီးပါးရှိ လိမ့်မည်ဟု ခန့်မှန်းရလေသည်။

ထိုသူသည် တစ်စုံတစ်ယောက်ကိုလှမ်းမျှော်ရင်း တောင်ကုန်းပေါ်တွင် ဟိုမှဒီမှလမ်းလျှောက်လျက်ရှိနေ၏။

ထို့နောက် သူသည်ကောင်းကင်သို့မော့ကြည့်လိုက်သည်။

ပူပြင်းလှသော နေလုံးကြီးက ခေါင်းပေါ်တည့်တည့်သို့ ရောက်ရှိနေပြီဖြစ်လေသည်။

အချိန်က မွန်းတည့်ချိန်ပင်ဖြစ်တော့သည်။

* * *

သိပ်မကြာလိုက်ပါပေ။

မြင်းတစ်ကောင် တောင်ကုန်းပေါ်သို့တက်လာသည်ကိုတွေ့ လိုက်ရ၏။ မြင်းပေါ်တွင်အနက်ရောင်ဝတ်စုံနှင့်အနက်ရောင်မျက်နှာဖုံး တပ်ထားသောလူတစ်ယောက် စီးနင်းလိုက်ပါလာသည်။

ထိုလူသည်လည်း အဖြူရောင်ဝတ်စုံနှင့်လူကဲ့သို့ပင် ဓားကို ခါးတွင်ချိတ်ဆွဲထားလေသည်။

အနက်ရောင်ဝတ်စုံနှင့် လူသည် မြင်းပေါ်မှဆင်းလိုက်ပြီး အဖြူရောင်ဝတ်စုံနှင့်လူကို ရပ်တန့်ကြည့်နေပေ၏။

ထို့နောက် အဖြူရောင်ဝတ်စုံနှင့်လူအနားသို့တစ်လှမ်းချင်း လျှောက်လာသည်။

ထိုလူသည် အဖြူရောင်ဝတ်စုံနှင့်လူအနားသို့ ရောက်သော အခါ ဆယ်ပေမျှအကွာတွင် ရပ်တန့်လိုက်သည်။

အဖြူရောင်ဝတ်စုံနှင့်လူသည် လက်နှစ်ဖက်ပိုက်ကာ ငြိမ်ငြိမ် ရပ်ကြည့်နေပေသည်။



သူတို့နှစ်ဦးစလုံး တစ်ဦးနှင့်တစ်ဦး မည်သူမည်ဝါဟုမသိရှိနိုင်ကြပေ။

နှစ်ယောက်စလုံး၏မျက်နှာဖုံးတွင် မျက်ပေါက်ကလေးနှစ်ပေါက်သာရှိနေသောကြောင့်ပင်။

'မင်း ...ဘယ်သူလဲ'

အဝတ်နက်နှင့် နောက်မှရောက်လာသူကစတင်၍ မေးလိုက်ခြင်းဖြစ်သည်။

'မင်းကကော ဘယ်သူလဲ'

အဖြူရောင် လူကလည်း ထိုနည်းတူစွာပင် ပြန်မေးလေ၏။

'ငါဘယ်သူဆိုတာ မင်းကိုပြောနေစရာမလိုဘူး'

အနက်ရောင်လူကလည်း ခက်ထန်စွာ ပြန်ပြောလိုက်သည်။

အဖြူရောင်ဝတ်စုံနှင့်လူကလည်း

'ငါဘယ်သူဆိုတာ မင်းကိုပြောပြနေစရာမလိုဘူး'

'ချွမ်း'

အနက်ရောင်လူကလည်း ဓားကိုလျင်မြန်စွာ ဆွဲထုတ်လိုက်သည်။

ထို့အတူပင် အဖြူရောင်ဝတ်စုံနှင့်လူကလည်း သူ၏ဓားကို ဆွဲထုတ်လိုက်တော့၏။

'ချွမ်း'

* * *

အဖြူနှင့် အနက်၊ အနက်နှင့်အဖြူ။

လူနှစ်ယောက်သည် သဲသဲမဲမဲ တိုက်ခိုက်တော့၏။

ရယ်တော့ ရယ်စရာကောင်းနေ၏။

အဖြူကလည်း အနက်ကို မည်သူမှန်းမသိ၊ အနက်ကလည်း အဖြူကို မည်သူမှန်းမသိ၊ အခြား အကြောင်းအရာ ကိစ္စမျ လည်း မပြောမဆိုကြဘဲ၊ မှင်းဘယ်သူလဲ ငါဘယ်သူလဲ စသည် ဖြင့်သာ မေးမြန်း၍ တိုက်ခိုက်ကြခြင်းဖြစ်သည်။

နှစ်ဦးစလုံး၏ သိုင်းပညာမှာ အထက်တန်းကျလှပေသည်၊

အနက်ရောင်လူ၏သိုင်းကွက်များက ရက်စက်ကြမ်းကြုတ် ကြောက်စရာကောင်းသကဲ့သို့ အဖြူရောင်ဝတ်စုံနှင့်လူ၏ သိုင်း ကွက်တို့ကလည်း ပညာသားပါလှသည်။

အရှောင်အတိမ်း အထိုးအခုတ် လျင်မြန်သွက်လက်လှသည်

သူတို့နှစ်ဦး၏ တူညီသောရည်ရွယ်ချက်မှာ တစ်ယောက်သေ မှတစ်ယောက်၏မျက်နှာကို တွေ့မြင်ကြရမည့် ရည်ရွယ်ချက်ပ ဖြစ်သည်။ အနက်ရောင်လူကလည်း အဖြူရောင်လူ မည်သူမည် ဝါဖြစ်သည်ကို သိချင်နေသည်။

အဖြူရောင်လူကလည်း အနက်ရောင်ပုဂ္ဂိုလ် မည်သူမည်ဝ ဖြစ်သည်ကို သိချင်နေသည်။ ထို့ကြောင့် သူတို့နှစ်ဦးသည် သဲ့သဲ့မှဲ့မှဲ့ ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

သိုင်းပညာအနေဖြင့် နှစ်ဦးစလုံး မဆိုးလှပါ။ ပညာရည် နေသည်ဟု ဆိုရပေမည်။

အနက်ရောင်လူ၏တိုက်ကွက်များက တစ်စထက်တစ်စ ပြင်းထန်လာသည်။တစ်ဖက်လူကို အသေအကြေတိုက်ခိုက်နေ

တစ်ခါတရံ နှစ်ယောက်စလုံးသည် ပူးကပ်သွားလိုက် ကွ သွားလိုက် အမြင့်သို့ရောက်ရှိသွားလိုက်ဖြင့် အလွန်ပင် ကြ ကောင်းလှသည်။



အကယ်၍သာ ဘေးမှတစ်စုံတစ်ယောက်က ရပ်ကြည့်မည် ဆိုပါလျှင် အဖြူနှင့်အမည်း ခွဲခြားရန်ပင် ခက်ခဲသွားလေသည်။

သူတို့နှစ်ဦး၏ တိုက်ခိုက်မှုများသည် တိုတောင်းသည့်အချိန် ပိုင်းအတွင်း အကွက်ပေါင်းနှစ်ရာနီးပါးအထိ တိုက်ခိုက်သွား နိုင်ကြပေ၏။

ထိုပွဲတွင် တစ်ဦးတစ်ယောက် သေကြရမည်မှာအမှန်ပင်ဖြစ် ပေသည်။ အနက်ရောင်ဝတ်စုံနှင့်လူသည် အဖြူရောင်ထက် ပိုလျင်လက်ရည်အနည်းငယ် ကျဆင်းလာသည်ကို တွေ့ရ၏။

သို့သော်လည်း အဖြူရောင်သည် အနက်ရောင်လူကိုအလွယ် တကူ အနိုင်မနိုင်မည်မဟုတ်ပါ။

အနက်ရောင်လူ၏တိုက်ခိုက်အားက အလွန်အမင်း ကောင်း နေပေသည်။

သို့သော်လည်း အဖြူရောင်ဝတ်စုံနှင့်လူ၏သိုင်းကွက် တစ် ကွက်သည် အနက်ရောင်ဝတ်စုံနှင့်လူကို အကျဉ်းအကျပ်ဖြစ် သွားစေတော့သည်။

အဖြူရောင်ဝတ်စုံနှင့်လူက ဝမ်းဗိုက်တည့်တည့်သို့ ထိုးသွင်း နိုင်ရှိသော်လည်း တမင်တကာ မထိုးသွင်းဘဲ ဓားကိုပြန်ရုပ် သိမ်းလိုက်၏။

အနက်ရောင်ဝတ်စုံနှင့်လူသည် မိမိအဖို့ မျှော်လင့်ချက်မရှိ ထင်လိုက်မိသော်လည်း အဖြူရောင်လူက ရက်ရက်စက်စက် သတ်သာဖြင့် သက်ပြင်းချမိလိုက်တော့သည်။

သို့သော် အနက်ရောင်လူသည်တိုက်ခိုက်အားကိုလျှော့မပေး ပါချေ။

ပြင်းထန်စွာပင် ဆက်လက်၍ တိုက်ခိုက်လေသည်။

အဖြူရောင်လူ၏ဓားသည် မှန်ကန်တိကျသည်ဟုဆိုရမလား မပြောတတ်၊ ရုတ်တရက် အနက်ရောင်လူ၏စွပ်ထားသော မျက်နှာဖုံးကို ဓားဦးဖြင့်ထိုးကော်လိုက်သောအခါ မျက်နှာဖုံးမှာ ရုတ်တရက် ပွင့်ထွက်သွားတော့သည်။

အဖြူရောင်လူက အနက်ရောင်လူကို တစ်ချက်စိုက်ကြည့်လိုက်၏။

'အို လက်စသတ်တော့မင်းကိုး'

အနက်ရောင်လူသည် သူ၏မျက်နှာပေါ်လွင်သွားသည်နှင့် ရုတ်ခနဲနောက်ပြန်လှည့်ကာ မြင်းပေါ်သို့ ခုန်တက်လိုက်သည်၊

ထိုနောက် နတ်စင်တောင်ကုန်းဂပေါ်မှ တစ်ချိုးတည်းပြေးလွှားသွားတော့၏။

အဖြူရောင်ဝတ်စုံနှင့်လူသည် ခါးထောက်လျက်မှရယ်မောလိုက်သည်။

* *

*

အင်ထရမ်းမြို့တော်၏ အုပ်ချုပ်ရေးပိုင်း အခြေအနေမှာ တစ်နေ့တခြားဆိုးရွားလာသည်။

နေပြည်တော်မှအတွင်းဝန်မင်းသည် အင်ထရမ်းမြို့စားကြီးအား လူသတ်မှုများ၊ ဓားပြမှုများ များပြားနေသည့်အတွက် ခေါ်ယူကြိမ်းမောင်းသည့်သတင်းကိုကြားလိုက်ရသည်။

ထိုသတင်းကြားရပြီးသည်နှင့် မြို့စားကြီးက အုပ်ချုပ်နိုင်နင်းရေးပိုင်းမှ လူဆိုးထိန်းလမ်ိအင်္ဂကိုအား ဖို၍ကြိမ်းမောင်းတော့၏။



ထိုကဲ့သို့ ကြိမ်းမောင်းရုံသာမက လူနှစ်ဦးသေဆုံးရသော ကိစ္စတွင် လမ်ိအင်္ဂကိုမှာ တာဝန်မကင်းဟုစွပ်စွဲပြီး ထိုအမှုကို မဖော်ထုတ်နိုင်ပါက ထိုလူနှစ်ဦးကို သတ်သောတရားခံသည် လမ်ိအင်္ဂကိုပင်ဖြစ်ရမည်ဟု တပ်မှူးကြီးအင်ရှဟုန်ကစွပ်စွဲထားသည်။ ထို့ကြောင့်လည်း လမ်ိအင်္ဂကိုမှာ အမှုမှန်ပေါ်ရေးအတွက် နေ့မအား ညမအားကြိုးစားလျက်ရှိနေပေသည်။

ယခု လမ်ိအင်္ဂကိုသည် လိုအပ်မည်ထင်သောမှတ်စုမှတ်တမ်းများကိုရှာဖွေလျက်ရှိနေ၏။

တုံးလမ်ိနှင့်အဖွဲ့ကလည်း ဝိုင်းဝန်းကူညီလျက်ရှိနေပေသည်။

'ဆရာ....'

တုံးလမ်ိ ခေါ်လိုက်၏။

'နောက်နှစ်ရက်ဆိုရင် ဆရာ့ကို နတ်မျက်စိဆိုတဲ့လူကချိန်းထားတယ်မဟုတ်လား၊ အဲဒီကိစ္စဆရာ ဘယ်လိုစဉ်းစားသလဲ'

လမ်ိအင်္ဂကိုသည် လုပ်လက်စအလုပ်များကိုလက်စသတ်လိုက်ပြီး တုံးလမ်ိနှင့်အတူ သူ၏အခန်းထဲ၌သွားရောက်အနားဖြေရင်း

'မင်းအနေနဲ့ ဘယ်လိုလုပ်သင့်တယ်ထင်သလဲ'

လမ်ိအင်္ဂကိုက ပြန်မေးလိုက်၏။

တုံးလမ်ိ သက်ပြင်းချလိုက်သည်။

'ကျွန်တော်ရဲ့ စိတ်ထင်ပြောရရင် အဲဒီကိစ္စဟာ ထောင်ချောက်တစ်ခုပဲလို့ ကျွန်တော်စွဲစွဲမြဲမြဲထင်ထားတယ်'

'မင်းကဘာဖြစ်လို့အဲဒီလိုထင်တာလဲ'

'ဆရာစဉ်းစားကြည့်လေ၊ နတ်မျက်စိဟာ အမှန်တကယ်စိတ်ထားသဘောထားရိုးရိုးဆိုရင် အခုလိုစာနဲ့ချိန်းနေစရာလိုသ

လာ၊ တစ်နေရာရာမှာ ဆရာနဲ့တွေ့လို့ရနေတာပဲပြောလိုက်ရုံပေါ့၊ အခုတော့ နတ်စင်ကုန်းတောင်ကို လာခဲ့ပါဆိုတော့ အဲဒီနေရာကလူပြတ်တယ်၊ လူခေါင်တယ်၊ တမင်တကာအကွက်ဆင်ပြီး အဲဒီနေရာကိုခေါ်တာပဲလို့ကျွန်တော်ထင်တယ်'

လီအင့်ဂိုသည် ရေနွေးကြမ်းကိုငှဲ့သောက်ရင်းမှ တိုးလီ ပြောသောစကားများကို နားထောင်စဉ်းစားနေသည်။

'သူက ဒီမြို့ထဲကိုလုံးဝမဝင်ဝံ့တဲ့လူတစ်ယောက်ဖြစ်နေလို့လားမှမသိဘဲ'

'ဟာ ဒါဆိုရင်လဲ ကျွဲမင်းဟာဘယ်သူကယ်ဝါပါလို့စာလေးတစ်လုံးတည်းပဲရေးပြီး အခုလိုပို့ရင်ရောမရဘူးလား'

လီအင့်ဂိုက ခေါင်းညိတ်လိုက်၏။

'မင်းပြောတာမှန်ပါတယ်၊ သူက လူကိုယ်တိုင်တွေ့ပြီးပြည့်ပြည့်စုံစုံပြောချင်လို့ ချိန်းတာကော့မဖြစ်နိုင်ဘူးလား'

'ဟာ ဆရာကတယ်ပြီးလျှော့တွက်တာကိုး၊ ဒါဆိုဆရာကသွားမယ်လို့စိတ်ကူးထားသလား'

'ဒီလိုရှိတယ်လေတိုးလီရဲ့၊ အကယ်၍ နတ်မျက်စိဟာငါ့ကိုထောင်ချောက်ဆင်တဲ့ရန်သူတစ်ယောက်ဖြစ်နေပါစေ၊ ငါသွားလိုက်တော့ ဒီရန်သူဟာဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ငါသိရတာပေါ့ကွ'

'ရန်သူကိုသိရတယ်ဆိုပေမယ့်၊ ထောင်ချောက်ဆင်တဲ့နောက်တော့ ဆရာ့ကိုအများနဲ့ဝိုင်းပြီးသတ်မှာပေါ့၊ အဲဒါကိုတော့ ဆရာမစဉ်းစားဘူးလား'

လီအင့်ဂို ပြုံးလိုက်သည်။



'အင်း မင်းကငါ့အတွက်တယ်ပူတာပဲ၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ တစ်ပွဲတစ်လမ်းတော့ရင်ဆိုင်ရမှာပဲ ဘယ်သူမှမလိုက်ကြပါနဲ့၊ ဒီကောင်တွေကိုငါကြောက်နေရင် လူဆိုးထိန်းဆုထူးကိုဘယ်ယူထားပါမလဲ'

တိုးလီကစိတ်ပျက်သလို ခေါင်းခါယမ်းလိုက်၏။ သူသည် လီအင့်ဂိုအားစူးစူးကလေးကြည့်နေရာမှ

'သေမှာကိုတော့ ကျွန်တော်လဲမကြောက်ပါဘူး၊ သေဆုံးသွားတဲ့လူဆိုးထိန်းပတ်ချွန်းကလဲ ဒီစကားမျိုးပဲပြောခဲ့တာပဲ၊ နောက်ဆုံးတော့ ကျွန်တော်တို့မှာသာ အရှုံးနဲ့ခံလိုက်ရလို့ပါ၊ ကျွန်တော်တို့ကိုယ်တိုင် ကြိုးစားလို့ အောင်မြင်မှုရတယ်ဆိုတာ မရှိသေးတော့အားငယ်မိတယ်ဆရာ'

လီအင့်ဂိုကသက်ပြင်းချလိုက်သည်။

'တစ်နေ့နေ့တော့ အောင်မြင်မှုရမှာပေါ့ကွာ'

* * * *

နောက်တစ်နေ့မနက် မိုးလင်းသည်နှင့်…

ပြဿနာတစ်ခုက လီအင့်ဂိုတို့အား ဆီးကြိုလိုက်လေသည်။

မြို့စားကြီးက သူ၏ဂေဟာသို့ အမြန်ဆုံးလာရောက်ကြရန် ဖိတ်ခေါ်လိုက်ခြင်းပင်ဖြစ်သည်။

မြို့စားကြီးက အာဏာပိုင်များအား ဖိတ်ခေါ်သည်ဆိုကတည်းက ပြဿနာတစ်ခုခုပေါ်ပြီဆိုသည်မှာ မလွဲတော့ပေ။

လီအင့်ဂိုသည် သူ၏လက်ထောက်အချို့ကိုခေါ်၍ မြို့စားကြီးဂေဟာသို့ အမြန်ဆုံးထွက်ခဲ့ကြသည်။

မြို့စားကြီးဂေဟာ၌ လူစုံတက်စုံရောက်ရှိနေကြပေသည်။

မြို့စားကြီးနှင့် တပ်မှူးကြီးအင်ရှဟုန်တို့မှာ သိသိသာသာ မျက်နှာပျက်လျက်ရှိနေသည်ကို တွေ့လိုက်ရ၏။

ယနေ့ ပိုမိုထူးခြားနေသည်မှာ အင်ထရမ်းမြို့တော်တရားသူကြီးများနှင့် အုပ်ချုပ်ရေးအရာရှိကြီးများ စုံညီနေခြင်းပင်ဖြစ်လေသည်။

မြို့စားကြီးသည် မတ်တတ်ရပ်၍ပရိသတ်အားလုံး၏ မျက်နှာကိုကြည့်လိုက်လေသည်။

'ကျုပ် ပြောချင်တာက ပထမဦးဆုံး ကျုပ်ရဲ့ဂေဟာထဲမှာ အင်မတန် လုံခြုံစွာထားတဲ့ ဘုရင့်ဘဏ္ဍာဖြစ်တဲ့ ရတနာတွေ ဖောက်ထွင်းခံရတဲ့ကိစ္စပဲ'

'ဟာ'

'ဟင်'

ဇိတ်ကြားထားသော အရာရှိပရိသတ်အားလုံးမှာ အံ့သြကုန်သည်။

တစ်ဦးမျက်နှာတစ်ဦးကြည့်၍ အဲဓိပ္ပာယ်ရှာကြသည်။

လိအင့်ဂိုကိုယ်တိုင်လည်း သူ၏လက်အောက်ငယ်သားများနှင့် တုံးလိ၏မျက်နှာကို ကြည့်မိလိုက်သည်။

မြို့စားကြီးသည် ဘုရင့်အခွန်ဘဏ္ဍာများကို ဂေဟာအတွင်း၌ အစောင့်အကျပ်များစွာဖြင့်ထားလေ့သည်။

ဖောက်ထွင်းသူသည် မည်ကဲ့သို့ဖောက်ယူခဲ့ပါသနည်း။

မြို့စားကြီးကဆက်လက်၍

'ဘုရင့်မင်းမြတ်ရဲ့ အခွန်ဘဏ္ဍာထဲမှာ အဖိုးတန်တဲ့ရတနာတွေပါတယ်၊ ဘုရင်မင်းမြတ်ရဲ့သက်တော်၅၀ပြည့် မွေးနေ့အတွက် မင်းညီမင်းသားသူဌေး သူကြွယ်အချို့ကအမှတ်တရပေးပို့တဲ့ အဖိုးတန်ရတနာတွေဟာ ပေးပို့တော့မယ့်ဆဲဆဲမှာ အခုလိုအခိုးခံရတော့ ကျုပ်တို့ကိုနေပြည်တော်က ဘယ်နည်းနဲ့မှခွင့်မှာမပါတ်ဘူး'

တာဝန်အရှိဆုံးမှာ မြို့စားကြီးပင်ဖြစ်လေသည်။

နန်းရေးဝန်ကြီးနှင့် အတွင်းဝန်မင်းကသာ မကျေနပ်လျှင် မြို့စားကြီးမှာ ရာထူးကျပြီး အကျဉ်းချခံထားရမည်မှာသေချာနေပြီဖြစ်သည်။ ထို့ကြောင့်လည်း မြို့စားကြီးမှာ မျက်ကလူးဆန်ပြာဖြစ်နေခြင်းဖြစ်ပေသည်။

'ဖောက်ထွင်းတဲ့သူခိုးဟာ အစောင့်အားလုံးကိုမေ့ဆေးမှုန့် ပိုင်ပိုင်နိုင်နိုင်သုံးပြီး ဖောက်ယူသွားတာပဲ ဒါပေမယ့်အင်မတန် ပေါ့လျော့မှုရှိတဲ့ အစောင့်ခြောက်ယောက်စလုံးကို ကြီးမားတဲ့ အပြစ်ဒဏ်ခတ်ဖို့ ဖမ်းဆီးထားတယ်'

မြို့စားကြီးသည်စကားကိုရပ်၍ ပရိသတ်များကို ကြည့်လိုက်ပြန်သည်။

'သူခိုးဓားပြ လူသတ်သမားနှိမ်နင်းတဲ့ မြို့ပြအုပ်ချုပ်ရေးအရာရှိတွေနဲ့ လူဆိုးတွေအာဏာသားတွေကလဲ့ ခုချိန်ထိသူခိုးဓားပြတွေကို ထိထိရောက်ရောက် မနှိမ်နင်းမဖမ်းဆီး နိုင်ကြဘူးဆိုတော့ ဘုရင့်ရဲ့အခွန်ဘဏ္ဍာငွေကို အလကားထိုင်စားနေတဲ့ လူတွေပဲလို့ ကျုပ်ယူဆတယ်'

မြို့ပြအုပ်ချုပ်ရေးအရာရှိကြီးများမှာ မျက်နှာမဖော့ဝံ့ပေ၊ ထိုအရာရှိများသည် လုံဆိုးထိန်းလိအင့်ဂိုအား မျက်စောင်းထိုး၍ကြည့်လိုက်၏။

'နောက်ပြီး ကျုပ်တစ်ခုပြောချင်တာက ကျုပ်တို့ရဲ့ကိုယ်ရံတော်တပ်သား တပ်မှူးလေး ဗိုလ်မှူးကြီးများကိုလဲ ပြောချင်ပါတယ်၊ အခုချိန်မှာ သူ့တာဝန်ကိုယ့်တာဝန်လို့ သိပ်ပြီးခွဲခြားမနေဘဲ တတ်နိုင်သမျှစုံစမ်းဖမ်းဆီးပေးဖို့ ပြောချင်တယ်'

ကိုယ်ရံတော်တပ်မှူးကြီး အင်ရှဟုန်က....

'ကျွန်တော်တို့မှာ သူပုန်သူကန်တွေကိုလဲ တိုက်ခိုက်နှိမ်နင်းနေရပါတယ်၊ ဒီကြားထဲ မြို့တွင်းမြို့ပြင်မှာသောင်းကျန်းနေတဲ့ သူခိုးသူဝှက်ခားပြကအစ လိုက်လံဖမ်းဆီးရမယ်ဆိုတော့ မြို့ပြအုပ်ချုပ်ရေးနဲ့ လူဆိုးထိန်းဆိုတာတွေကိုဘာအတွက် ထားနေဦးမှာလဲ'

တပ်မှူးကြီးသည် မြို့ပြအုပ်ချုပ်ရေးအဖွဲ့ကိုပုတ်ခတ်၍ပြောဆိုလိုက်ခြင်း ဖြစ်လေသည်။ မြို့ပြအုပ်ချုပ်ရေးအရာရှိကြီးက မခံနိုင်ပေ၊ မြို့ပြ အုပ်ချုပ်ရေးအရာရှိကြီးမှာ သဘောကောင်းပြီး စကားပြောလျှင်အေးဆေးတည်ငြိမ်လှ၏။

'ဒီလိုရှိပါတယ်မြို့စားကြီးခင်ဗျား၊ ကျွန်တော်တို့ မြို့ပြအုပ်ချုပ်ရေးအရာရှိတွေနဲ့ လူဆိုးထိန်းအာဏာသား လက်ထောက်အာဏာသားတွေဟာလဲ ပေါက်လွတ်ပဲစားတွေ မဟုတ်ပါဘူး၊ စနစ်တကျ သင်ကြားလာခဲ့တဲ့သူတွေဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးကို အလေးထားပြီး တရားခံအစစ်ကိုသာ ရှာဖွေစုံစမ်းရပါတယ်'

မြို့ပြအုပ်ချုပ်ရေးမှူးက စကားကို ခေတ္တနားသည်။

မြို့စားကြီး၏ကိုယ်ရံတော်တပ်မှူးများ တစ်ချိန်ကပရမ်းပတာဖမ်းဆီးစစ်ဆေးပြီး ထောင်ချထားသည့် ကိစ္စများကိုရည်ရွယ်၍



ပြောဆိုနေသည်ဖြစ်၍ မြို့စားကြီးနှင့် ကိုယ်ရံတော် တပ်မှူးအချို့ မျက်နှာပျက်သွားကုန်သည်။

အုပ်ချုပ်ရေးအရာရှိက သူ့စကားကို ပြန်ဆက်သည်။

'ကျုပ်တို့ရဲ့ အာဏာသားတွေ လူဆိုးထိန်းတွေဟာ ဘယ်အထိ ကြိုးစားနေတယ်ဆိုတာ ကျုပ်သိတယ်၊ တရားခံအစစ်ကိုသာ ဖော်ထုတ်ဖို့ ကြိုးစားနေတာဖြစ်တယ်၊ ဒါပေမယ့်အင်မတန်ဆိုးရွားလှတဲ့ ခားပြတွေဟာ ကျုပ်တို့လူဆိုးထိန်းတွေကိုတောင် သတ်ဖြတ်ခဲ့တဲ့အထိဖြစ်လာတော့ ကျုပ်တို့ဟာပရမ်းပတာ မလုပ်ရဲတော့ဘူး၊ အင်မတန် လိမ္မာပါးနပ်တဲ့လူဆိုးတွေကို လိမ်လိမ်မာမာနဲ့ပဲ ဖမ်းဆီးဖော်ထုတ်ဖို့ ကြိုးစားနေပါတယ်၊ အခုကိစ္စက အင်မတန်လုံခြုံတဲ့ မြို့စားကြီးရဲ့ ဘဏ္ဍာတော် တိုက်ကိုတောင် ဖောက်ထွင်းခိုးလာတယ်ဆိုတော့ ကျွန်တော်တို့မှာ စဉ်းစားစရာတွေ အများကြီးဖြစ်လာပါတယ်'

မြို့စားကြီးက မျက်နှာနီမြန်းစွာဖြင့်

'စဉ်းစားစရာဆိုတာက ဘာကိုဆိုလိုတာလဲ၊ ကျုပ်ရဲ့ဂေဟာထဲမှာ ပျောက်ဆုံးတဲ့အတွက် ကျုပ်မှာ တာဝန်ရှိတယ်၊ ကျုပ်ရဲ့လူတွေပဲလို့ ဆိုလိုတာလား'

မြို့ပြအုပ်ချုပ်ရေးအရာရှိက ပြုံးလိုက်သည်။

'စဉ်းစားစရာဆိုကတည်းက အားလုံးကိုကျုပ်တို့က စဉ်းစားတွေးတောရတော့မှာပဲ၊ ကျုပ်တို့ရဲ့အလုပ်က နဖူးတွေ ဒူးတွေ ရန်သူနဲ့ ရင်ဆိုင်တိုက်ခိုက်ရတဲ့ ကိုယ်ရံတော် တပ်သားတွေရဲ့ အလုပ်လို လွယ်ကူတာမဟုတ်ဘူး၊ မမြင်ရမတွေ့ရတဲ့ သူခိုးသူဝှက် ခားပြလူသတ်သမားကို အမှောင်ထဲမှာ ရှိနေတဲ့ သူတို့ကို

စမ်းတဝါးဝါး ဆွဲထုတ်ရတဲ့ အလုပ်ဆိုတော့ စဉ်းစားရတယ်၊ လေ့လာရတယ်၊ စဉ်းစားတယ်ဆိုတဲ့နေရာမှာ တခြားလူတော့ မပြောနဲ့၊ ကျုပ်ကိုယ်ကျုပ်တောင် ပြန်စဉ်းစားရတယ်၊ အဲ့ဒီတော့ အခုအခိုးခံရတယ်၊ အခု တရားခံတွေ့ရမယ် ဆိုတာမျိုးတော့ မဖြစ်နိုင်ဘူး၊ ချက်ချင်းဖမ်းဆီးလို့ရတဲ့ တရားခံရှိသလို အချိန်ကြာကြာစောင့်ဆိုင်းမှ ဖမ်းဆီးမိတဲ့ တရားခံလဲ ရှိတာပဲ၊ အဲဒီတော့ စောင့်ကြည့်စေချင်ပါတယ်’

မြို့စားကြီးသည် ကျေနပ်ဟန် မရှိသော်လည်း ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။

‘ကောင်းပြီလေ စောင့်ကြည့်ရတာပေါ့၊ ဒါပေမယ့် ကျုပ်ကတော့ ဒီသတင်းကို နေပြည်တော်အတွင်းဝန်မင်းဆီ မပို့လို့ မဖြစ်ဘူး၊ ပေးပို့ရမှာပဲ၊ အဲဒီအခါမှာ အတွင်းဝန်မင်းက နေပြည်တော်ကနေပြီး ဘယ်လိုစီစဉ်မယ်ဆိုတာတော့ ခင်ဗျားဘို့ကော ကျုပ်တို့ပါ စောင့်ကြည့်ရမှာပဲ’

ထိုစဉ် တရားသူကြီးက

‘ကျုပ်တို့ တရားသူကြီးတွေအတွက်လဲ နေပြည်တော်အတွင်းဝန်ဆီက ညွှန်ကြားချက်တွေ ရောက်နေပါတယ်၊ တရားစီရင်ဆုံးဖြတ်တဲ့အခါ အမှားအယွင်း မရှိဖို့နဲ့ ပြည်သူလူထုရဲ့ ရှေ့မှောက်မှာ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ဆုံးဖြတ်စီရင်ဖို့ ညွှန်ကြားထားတဲ့အတွက် စစ်မှန်တဲ့တရားခံကိုသာ သက်သေ အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ တင်ပြကြဖို့ အားလုံးကို ပြောချင်ပါတယ်၊ သက်သေ အထောက်အထားမရှိတဲ့ တရားခံ



ကို မှားယွင်းစီရင်မိရင် ကျုပ်တို့မှာ ဘယ်လောက်အထိ အပြစ်ကြီးတယ်ဆိုတာကို အတွင်းဝန်က သတိပေးထားပါတယ်’

‘ဒါ မှန်ပါတယ်၊ ဒါကြောင့်မို့လဲ ကျုပ်တို့က စစ်မှန်တဲ့ တရားခံကို မိအောင် ကြိုးစားနေကြတာပဲ၊ အထူးသဖြင့် ကျုပ်ပြောချင်တာက အခုဆိုရင် ဒီမြို့ရဲ့အခြေအနေကို လေ့လာပြီး အင်မတန်တော်တဲ့ နေပြည်တော်က ထောက်လှမ်းရေးသမားတွေကို ပို့ပေးဖို့ ကျုပ်ကိုယ်တိုင် တောင်းဆိုထားပါတယ်၊ ဘယ်နေ့ဘယ်အခါ ရောက်လာမယ်ဆိုတာတော့ အတပ် မပြောနိုင်ဘူး’

ခန်းမတစ်ခုလုံး တီးတိုးသံများ ထွက်လာသည်။

ထိုနေ့က ဤမျှလောက်နှင့် ဆွေးနွေးပွဲ ပြီးဆုံးသွားသည်။

* * *

## သူခိုးကြီး သူခိုးလေး

'တုံးလီ'

'ခင်ဗျာ'

'ဒီနယ်တစ်ဝိုက်မှာရှိတဲ့ ဖောက်ထွင်းဝိဇ္ဇာတွေရဲ့ မှတ်တမ်းယူလာခဲ့စမ်းကွာ'

တုံးလီသည် မှတ်တမ်းစာရွက်များ တစ်ပွေ့တစ်ပိုက်ကြီးဆွဲထုတ်လာသည်။

လီအင့်ဂိုသည် ထိုစာရွက်များကိုကြည့်၍ မျက်လုံးများ ဝိုင်းသွားသည်။

'ဒါ ဖောက်ထွင်းဝိဇ္ဇာတွေရဲ့ မှတ်တမ်းပဲလား'

'ဟုတ်ပါတယ် ဆရာ'

'များလှချည်လားကွ'

'ဒီလိုပါ မှတ်တမ်းတွေသာရှိတာပါ၊ လူတွေက မရှိတော့ပါဘူး၊ တချို့လဲသေကုန်ပြီ၊ တချို့လဲ အကျဉ်းထောင်ထဲမှာ ရောက်နေတယ်'



လီအင့်ဂိုသည် စိတ်ပျက်စွာဖြင့် ခေါင်းကုတ်လိုက်သည်။

'ဒီလိုလုပ်ကွာ အခုသက်ရှိထင်ရှားလဲရှိနေရမယ်၊ ဖောက်ထွင်းတဲ့ နေရာမှာလဲ အင်မတန် အထက်တန်းကျရမယ်၊ နာမည်ကြီးထဲကလဲ ဖြစ်ရမယ်၊ အဲဒီလူမျိုးဘယ်နှစ်ယောက် ရှိတယ်ဆိုတာ မင်းဆွဲထုတ်ထားစမ်းပါ'

တုံးလီက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ဒါထက် ဆရာကဘယ်လဲ'

'ငါဒီနေ့ လုပ်စရာတွေများတယ်၊ လောလောဆယ် မြို့စားကြီး ဂေဟာကိုသွားပြီးအခြေအနေ သွားလေ့လာမယ်၊ နောက်အဲဒီကပြန်လာပြီးရင် မင်းရှာဖွေထားတဲ့လူတွေကို ကြည့်မယ်'

'ဟုတ်ကဲ့ဆရာ ဒါထက် မနက်ဖြန်(ဆယ်ရက်နေ့)ဆရာ နတ်ဝင် တောင်ကုန်းကို သွားမှာလား'

'ငါ သွားဖြစ်အောင်ကို သွားရတော့မယ်'

* * *

မြို့စားဂေဟာ။

လီအင့်ဂိုသည် မြို့စားကြီးဂေဟာရှိ ဘဏ္ဍာတော်များ ထိန်းသိမ်းသည့် အခန်းကို သေချာစွာ လေ့လာသည်။

ထိုနေရာသို့ရောက်ရှိအောင် သွားလာသည့် လမ်းကြောင်းများ၊ အဝင်အထွက်တံခါးများနှင့် အစောင့်များ စောင့်ကြပ်နေထိုင်သည့် နေရာများကို အသေးစိတ်လေ့လာကြည့်ရှုသည်။

အစောင့်တပ်သားများက လီအင့်ဂို သိချင်သော အချက်အလက်များကို ဖြေကြားပေးသည်။

ဘဏ္ဍာတော်တိုက်ခန်းသည် အလွန်ပင်လုံခြုံသည်ကိုတွေ့ရ၏။

သူခိုးသူဝှက် တစ်ဦးတစ်ယောက်သည် အလွယ်တကူမဝင်နိုင်ပေ။ ဝင်ရောက်လာသည့် သူခိုးသည် အစောင့်များ မေ့မြော အိပ်ပျော်သွားစေရန် မေ့ဆေးကိုအသုံးပြုရဦးမည် ဖြစ်သည်၊

ထိုအချက်များကို လေ့လာလိုက်သည့်အခါ သူခိုးသည် အစောင့်များနှင့် ရင်းနှီးသူလည်း ဖြစ်နိုင်ပေသည်။

ဒါမှမဟုတ် အစောင့်များသည် ခြောက်ဦးစလုံးအိပ်ပျော် နေမိစဉ် သူခိုးက မေ့ဆေးမှုန့်ကို ထပ်မံအသုံးပြုပြီး ဝင်ရောက် သွားခြင်းလည်း ဖြစ်နိုင်သည်။

'မင်းဘာတွေ သဲလွန်စရှာလို့ရသလဲ'

အနားသို့ရောက်ရှိလာသော မြို့စားကြီးက လီအင့်ဂိုအား မေးလိုက်သည်။

လီအင့်ဂိုက

'အစောင့်တွေက ဘယ်လိုအစစ်ခံသလဲ မြို့စားကြီး'

'အစောင့် ခြောက်ယောက်ဟာ နှစ်ယောက်စီတာဝန်ယူ တယ်၊ ဒါပေမယ့် မနက်မိုးလင်းတဲ့အထိ သူတို့ခြောက်ယောက် စလုံး အိပ်ပျော်သွားတယ်၊ လေးယောက်ကတော့ သူတို့တာဝန် မရှိတဲ့အချိန်မို့ အိပ်ပျော်နေပေမယ့်၊ တာဝန်ရှိတဲ့နှစ်ယောက် ကလဲ သူတို့လဲရုတ်တရက်မူးလဲပြီး အိပ်ပျော်သွားတယ်လို့ အစစ် ခံတယ်၊ ဒီတော့ သူခိုးဟာ အိပ်ဆေးမှုန့်ကို အသုံးပြုတယ်ဆို တာ မထင်ရှားဘူးလား'

မှန်ပါတယ် မြို့စားကြီး အိပ်ဆေးမှုန့်ဆိုတာ အမျိုးမျိုးရှိ ပါတယ်၊ ချက်ချင်း မေ့လဲအောင်လုပ်တဲ့ အိပ်ဆေးမှုန့်သုံးရင် အစောင့်တွေဟာ အဲဒီလူကို မြင်မိမှာပဲ'



မြို့စားကြီးက ခေါင်းယမ်းလိုက်၏။

'အစောင့်တွေက ဘယ်သူ့ကိုမှ မမြင်မိဘူးလို့ပြောတယ်'

လီအင့်ဂိုသည်အနားတွင်ရှိသော အစောင့်များသောက်သုံး သည့်ရေအိုးကို လှမ်းကြည့်လိုက်သည်။

'ဒီရေအိုးဟာ ညကရေအိုးပဲမဟုတ်လား'

လီအင့်ဂိုကအစောင့်တပ်သားသစ်များကိုလှမ်းမေးလိုက်၏။

'ဟုတ်တယ်'

'အခုမနက် ဘယ်သူသောက်သေးသလဲ'

အစောင့်အသစ်များသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ မေးလိုက်ကြသည်။ ပြီးနောက် အားလုံး ခေါင်းခါပြ လိုက်ကြ၏။

'ဘယ်သူမှ မသောက်သေးပါဘူး'

လီအင့်ဂိုသည် ရေတစ်ခွက်ကို အပြည့်ခပ်လိုက်သည်။ပြီးလျှင် အစောင့်တပ်သားတစ်ဦးအား လှမ်းပေးလိုက်၏။

'မင်း အဲ့ဒီရေကိုသောက်ကြည့်စမ်း၊ ဘာထူးခြားသလဲလို့'

အစောင့်တပ်သားသည် မဝံ့မရဲဖြင့် ရေတစ်ခွက်လုံးကို သောက်ချလိုက်၏။

အစောင့်သည် ရေသောက်ပြီး ခေတ္တကြာသည်အထိ မြို့စား ကြီးနှင့် လီအင့်ဂိုအား ကြည့်နေရာမှ ခေါင်းခါလိုက်သည်။

'ဘယ်လိုမှ မထူးခြားဘူး'

'ခဏလောက်နေပါဦးလေ၊ နည်းနည်းထူးခြားလာရင်ပြော'

လီအင့်ဂိုက ပြောလိုက်၏။

ထိုအစောင့်က တစ်ချက်ဆွဲ့ဘင်ပြန်ထိုင်နေသည်။

'ရေထဲမှာခပ်တဲ့ အဆိပ်တစ်မျိုးရှိတယ်၊ ဒီအဆိပ်မျိုးက အခုနောက်ပိုင်းမှပေါ်လာတဲ့ မေ့ဆေးတစ်မျိုးပါ၊ တဖြည်းဖြည်းချင်း အိပ်ငိုက်လာပြီး အိပ်ပျော်သွားတတ်တဲ့ အဆိပ်မေ့ဆေးလို့ခေါ်တယ်၊ သူကညင်သာတယ်၊ မေ့ဆေးခပ်ထားမှန်းလုံးဝမသိသာဘူး၊ သဘောကတော့ အိပ်ဆေးသဘောပဲ'

လီအင့်ဂိုက ရှင်းပြသည်။

မြို့စားကြီးနှင့် အစောင့်တပ်သားများက နားထောင်နေ၏။

သို့သော် ကုလားထိုင်ပေါ်တွင် ထိုင်နေသည့် ရေသောက်ထားသော အစောင့်တပ်သားမှာ ငိုက်တုတ် အိပ်ပျော်လျက်ရှိသည်ကို အံ့သြစွာ တွေ့လိုက်ရ၏။

* * *

'ကဲ....ကျွန်တော်မပြောဘူးလား၊ ရန်သူဟာ အဲဒီအိပ်ဆေးကို အသုံးပြုသွားတာအမှန်ပဲ'

မြို့စားကြီးသည် လီအင့်ဂို၏စူးစမ်းထောက်လှမ်းသည့်အရည်အချင်းကို အထင်မသေးရဲတော့ပေ။

'ဒီတော့ မင်းက ဒီဆေးမျိုးကို ဘယ်သူသုံးတတ်တယ်ဆိုတာ စုံစမ်းရှာဖွေရင် တရားခံကို မိနိုင်မယ်နဲ့တူတယ်'

'ဟုတ်ကဲ့ နီးစပ်ပါတယ်၊ ကျွန်တော် အချုပ်ခံထားရတဲ့ အစောင့်တပ်သား ခြောက်ယောက်နဲ့ တွေ့ချင်ပါသေးတယ်'

မြို့စားကြီးက တာဝန်ပေး၍ အချုပ်ခံထားရသော အချုပ်သမားခြောက်ယောက်နှင့် လီအင့်ဂိုအား တွေ့ပေးလိုက်သည်။

လီအင့်ဂိုသည် ထိုသူများကို မေးမြန်းစစ်ဆေးပြီး သူ၏ရုံးခန်းဆီသို့ ပြန်လာခဲ့သည်။



'ဘာတွေထူးခြားမှုရှိခဲ့သလဲဆရာ'

တုံးလီက မေးလိုက်သည်။

'အင်း...တရားခံကတော့ အစဉ်းစားရကျပ်နေပြီကွ'

'ဘာဖြစ်လို့လဲ'

'အခုနောက်ပိုင်းမှ ပေါ်တဲ့အိပ်ဆေးတစ်မျိုးကို အသုံးပြုသွားတာပဲ၊ စဉ်းစားရကျပ်တယ်ဆိုတာက အဲဒီအိပ်ဆေးဟာ ဖော်စပ်တဲ့လူကလဲ အရာရှိကြီးတစ်ဦးကွ၊ ဒီအိပ်ဆေးမျိုးကို တော်ရုံတန်ရုံလူသုံးစွဲနိုင်တာမဟုတ်ဘူး၊ အာဏာပိုင်အရာရှိကြီးတွေနဲ့ အင်မတန်ရင်းနှီးမှုရနိုင်တဲ့ပစ္စည်းဆိုတော့'

တုံးလီကဲ မျက်မှောင်ကြုတ်စဉ်းစားနေ၏။

ပြီးမှ....

'အင်း....မြို့စားကြီးဆီမှာများ ရှိနေသလားမှမသိဘဲ'

ဟု ပြောလိုက်လေသည်။

လီအင့်ဂိုက ပြုံးလိုက်၏။

'အဲဒါကြောင့်မို့ သိပ်ပြီးအစဉ်းစားရကြပ်နေတယ်လို့ ပြောတာပေါ့ကွ'

တုံးလီသည် လက်ထဲမှစာရွက်အချို့ကို လှမ်းပေး၏။

'ဒီမှာဆရာ ဖေါက်ထွင်းစိဇ္ဇာသုံးယောက်ရဲ့မှတ်တမ်း'

လီအင့်ဂိုက မှတ်တမ်းများကိုကြည့်လိုက်သည်။

သုံးယောက်အနက် နှစ်ယောက်ကို လီအင့်ဂိုက စိတ်မဝင်စားပေ။

အဘယ်ကြောင့်ဆိုသော် ထိုနှစ်ယောက်သည် မှတ်တမ်းထဲတွင်နာမည်ရှိနေသော်လည်း ထိုသူများအလုပ်မလုပ်တော့သည်

မှာ ကြာပြီဖြစ်တဲ့အပြင်၊ လောလောဆယ် ကောင်းရှောင်းကောင်းငယ်ပြုလုပ်နေသည်ဟု ရေးသားသဖြင့် ထိုသူများသည် ယခုအခါ ထိုအလုပ်ကိုဆက်လုပ်လိမ့်မည်မဟုတ်ဟု ထင်မိလိုက်သည်။

တစ်ယောက်ကိုမူ လီအင့်ဂိုကစိတ်ဝင်စားသွားမိလေသည်။

ထိုတစ်ယောက်မှာ သူခိုးကြီးအဖြစ် နာမည်မကြီးခဲ့သော်လည်း၊ ဟိုစပ်စပ် ဒီစပ်စပ်ခိုးယူတတ်သဖြင့် မကြာခဏသတိပေးခြင်း ဖမ်းဆီး၍ရိုက်နှက်ခြင်းခံရသော သူတစ်ယောက်ဖြစ်နေသည်။

သို့သော် ထိုသူသည် မည်သည့်အခါမှအဖိုးတန်သောပစ္စည်းများကိုခိုးယူသည်ဟု မရှိခဲ့ပေ။

အဝတ်အစားကလေးများ၊ ငွေစကလေးများကိုသာ ခိုးယူတတ်သောကြောင့် ထိုသူကလည်း စာရင်းမှပယ်ဖျက်သင့်၏။

လီအင့်ဂိုက စိတ်ဝင်စားသွားခြင်းမှာ

ထိုသူသည် မနေ့တစ်နေ့က သူ့အရက်တိုက်လိုက်သောအရက်ကျွန်ကလေးအချွန်းဖြစ်နေသောကြောင့်ပင်....။

'အချွန်းဆိုတဲ့ကောင်က သူခိုးလားကွ....ဟုတ်လား'

လီအင့်ဂိုက တုံးလီကိုလှမ်းမေးလိုက်၏။

'သူခိုးစာရင်းထဲမှာတော့ အပါအဝင်ပဲ၊ ဒါပေမယ့် ဒီကောင်ကသူခိုးကြီး ဖေါက်ထွင်းဝိဇ္ဇာကြီး တစ်ယောက်တော့မဟုတ်ဘူးဆရာရဲ့၊ အဖိုးသိပ်မတန်လှတဲ့ပစ္စည်းကိုသာ ခိုးတတ်တာပါ၊ ဒါပေမယ့် ဒီကောင်ကလည်တယ်'

'ဘယ်လိုလည်တာလဲ'



'လုပ်တဲ့ကိုင်တဲ့နေရာမှာပီရိတယ်....သူဝင်ရောက်ခိုးပါတယ်လို့တာယကာ ရှင်ကသိပေမယ့် မျက်မြင်မဟုတ်တော့ အပြစ်ပေးရ(ခ)က်တယ်၊ ပစ္စည်းနဲ့လဲ လက်ပူးလက်ကြပ်တစ်ခါမှမမိဘူး'

လီအင့်ဂိုက ပြုံးနေလိုက်တော့သည်။

* * *

ကြယ်ဝါတွင်...

ထုံးစံအတိုင်း ဆူညံနေပေသည်။

လီအင့်ဂိုသည် ကြယ်ဝါတွင် သူတွေ့ချင်သောသူကိုမတွေ့ရသဖြင့် အတော်စိတ်ပျက်သွားမိသည်။

သူသည် အရက်ကျွန်ဖြစ်နေသောအချွန်းကို တွေ့ချင်နေ၏။

မြို့စားကြီး၏ရတနာကိစ္စတွင် အချွန်းသုံးဝမဖြစ်နိုင်သည်ကို သိရှိသော်လည်း အခြားသော အထောက်အကူများရမလားဟု လီအင့်ဂိုက ယာရောက်ရှာဖွေခြင်းဖြစ်လေသည်။

အခန်းထောင့် စားပွဲတစ်လုံးတွင် အရက်ထိုင်သောက်နေသောအကျဉ်းသားအုပ်ချုပ်ရေးမှူး ထန်လန်းဆိုသည့် ဘိလူးကြီးသည် လီအင့်ဂိုအား ခပ်တွေတွေငေးကြည့်နေသည်။

လီအင့်ဂိုကလည်း ထန်လန်းကိုမြင်သွား၏။

သူသည် လူ့ဘီလူးကြီးထန်လန်းအနီးသို့ လျှောက်သွားလေသည်။

'ခင်ဗျား အကျဉ်းထောင်ထဲမှာ အလုပ်ချိန်မှရှိရဲ့လား၊ ဒီမှာချည်းပဲ ကျုပ်တော့မြင်တယ်'

လီအင့်ဂိုက ရယ်သလိုမောသလိုပြောလိုက်သည်။

'ကျုပ်အလုပ်က အကျဉ်းသားတွေအုပ်ချုပ်ရတယ်ဆိုပေမယ့် လူသတ်ရတဲ့အလုပ်ပဲ၊ လူသတ်စရာမရှိတော့ ကျုပ်လဲအလုပ်ပါးတာပေါ့'

ထန်လန်း၏စကားကြောင့် လိအင့်ဂိုမှာ ကျောချမ်းသွားလေသည်။

'အကျဉ်းသမားတွေကို မသတ်ရတာကြာပြီလား'

ထန်လန်းက ခေါင်းညိတ်လိုက်၏။

'အကျဉ်းသမားတွေကို သတ်လို့မဖြစ်ဘူးဗျ၊ အကျဉ်းထောင် ပြုပြင်တဲ့အလုပ်က ပြီးကာနီးနေပြီ၊ နောက်ထပ်အကျဉ်းသမားတောင်လိုချင်သေးတယ်'

လိအင့်ဂိုသည် ထန်လန်း၏စကားကိုနားထောင်ပြီး ရယ်ချင်လာ၏။

'ဘာလဲ ခင်ဗျားတို့အကျဉ်းထောင်မြန်မြန်ပြီးဖို့အတွက် လူတွေကိုဖမ်းထည့်ပေးရဦးမှာလား'

'သိပ်ကောင်းတာပေါ့ဗျာ'

'စိတ်ချပါ၊ တော်တော်ကြာလူသစ်တွေရောက်လာပါလိမ့်မယ်'

လိအင့်ဂိုက ရယ်မောပြီးပြောလိုက်၏။

ပြီးမှ....

'ခင်ဗျားကို မနေ့ကဗေဒင်ဆရာက ဘာတွေဟောပြောနေတာလဲဗျ'

ထန်လန်းသည် ဆတ်ခနဲခေါင်းမော့လိုက်၏။

'အလကားပါ၊ ဘာမှမဟုတ်ပါဘူး'



ထန်လန်းသည် နောက်ထပ်စကားမပြောချင်တော့သည့်ပုံစံဖြင့် တိုနေရာမှ သွက်လက်စွာထသွားတော့၏။

လိအင့်ဂိုက တစ်စုံတစ်ရာကိုထိုင်၍စဉ်းစားနေစဉ်မှာပင် အချွန်းသည် ဆိုင်ထဲသို့ပြေးဝင်လာ၏။ အချွန်းက လိအင့်ဂိုအား ရုတ်တရက်မြင်လိုက်သောအခါကိုယ်ရှိန်သတ်လိုက်၏။

'အချွန်းလာပါဦးကွ'

အချွန်းသည် သူ့အနားသို့ရောက်ရှိလာသည်။

'မှင်းဘယ်သွားနေတာလဲ'

'ဟို ဟို ဗေဒင်ဆရာနဲ့စကားသွားပြောနေတာ'

လိအင့်ဂို မျက်မှောင်ကြုတ်လိုက်၏။

ဗေဒင်ဆရာသည် ထန်လန်းကိုလည်းသိကျွမ်း၏။ ယခုအချွန်းကိုလည်းစကားပြောဆို၏။ အရက်ဆိုင်တိုင်း၌လည်းတွေ့ရ၏။ စားသောက်ဆိုင်များတွင်လည်း သူ့ကိုတွေ့နေရသည်။

'ဗေဒင်ဆရာနဲ့ မင်းဘာစကားတွေပြောသလဲ၊ ငါ့ကိုမှန်မှန်ပြောစမ်း'

သူကစ၍ ဗေဒင်ဆရာကိုမသင်္ကာတော့ပေ။ ထို့ကြောင့် အချွန်းအား ခပ်ထန်ထန်မေးလိုက်၏။

သို့သော် အချွန်းကရယ်မောနေ၏။

'အလကားပါဆရာရယ်၊ ဗေဒင်ဆရာက မိန်းမလိုချင်နေတယ်နဲ့တူပါတယ်၊ ပဲပြားရောင်းနေတဲ့ အမျိုးသမီးကြီးတစ်ယောက်ကို အောင်သွယ်လုပ်ပေးဖို့ ကျွန်တော့်ကိုခပြောနေတာပါ'

အချွန်း၏စကားကြောင့် လိအင့်ဂိုမှာပြုံးလိုက်ရပြန်သည်။

မိမိထင်ထားသည်နှင့်တစ်လွဲစီဖြစ်နေသဖြင့် တစ်ခါတစ်ခါ မိမိ၏အရည်အချင်းကိုပင် သံသယဖြစ်လာမိ၏။

မိမိသည် တော်တော်ညံ့သေးသောသူတစ်ယောက်ဟု ကိုယ့်ကိုယ်ကိုယ်ပြန်၍အပြစ်တင်မိသည်။

'မနေ့က အချုပ်သမားမှူးထန်လန်းနဲ့လဲ ဗေဒင်ဆရာက တီးတိုးတီးတိုးနဲ့ ဘာတွေတိုင်ပင်နေသလဲမသိဘူး၊ မင်းသတိထားမိသလား'

လီအင့်ဂိုသည် သူ၏မသင်္ကာမှုများကို ဘာမှမဆိုင်သည့် အချွန်းအားမေးမြန်းနေမိ၏။

'ဟာ ဗေဒင်ဆရာကခပ်ပေါပေါလူစားပါ၊ မနေ့ကဆရာပြန်သွားတော့ ဗေဒင်ဆရာဟာ အဲဒီထန်လန်းနဲ့ လောင်းကြေးစားကြေးနပမ်းသတ်ကြတယ်၊ တော်တော် ရယ်စရာကောင်းတာပဲ၊ အရက်ငါးအိုးကြေးလောင်းပြီးနပမ်းသတ်တာ'

'ဘယ်သူနိုင်သွားသလဲ'

လီအင့်ဂို ရယ်မော၍ပြန်မေးလိုက်သည်။

'ဗေဒင်ဆရာကဘယ်နိုင်မှာလဲဆရာရယ်၊ ရှုံးသွားလို့ အရက်ငါးအိုးတိုက်လိုက်ရတယ်၊ ဒါပေမယ့် ဗေဒင်ဆရာကလူတစ်မျိုးပဲ၊ သူရှုံးပေမယ့် ထန်လန်းရဲ့ရင်ဘတ်ကအမှာရွတ်ကိုကြည့်ပြီး တဟားဟားနဲ့ရယ်နေတယ်'

'အမာရွတ် အမာရွတ်ကိုမြင်ရတာနဲ့ ဘာလို့ရယ်တာလဲ'

'ရယ်စရာပေါ့ဆရာရဲ့၊ ထန်လန်းရဲ့အမာရွတ်က အပေါင်းလက္ခဏာကြီးလိုဖြစ်နေတော့ ဗေဒင်ဆရာရယ်တာပေါ့'



လီအင့်ဂိုသည် ထိုစကားကြောင့် အချိန်အတော်ကြာအောင်စဉ်းစားနေသည်။

'အပေါင်းလက္ခဏာပုံစံဟုတ်လား၊ ဘယ်လိုပုံစံမျိုးလဲငါ့ကိုပြောပြစမ်း'

'ဆရာကလဲ အပေါင်းလက္ခဏာပါဆိုမှပဲ'

အချွန်းက စိတ်မရှည်သလိုပြောပြီး လက်ရေးဖြင့်ရေးပြလိုက်သည်။

ထိုအခါ ထန်လန်း၏အမာရွတ်ပုံစံမှာ လက်ဝါးကပ်တိုင်ပုံစံမျိုးနှင့်တူနေသည်ကို တွေ့လိုက်ရလေသည်။

လီအင့်ဂိုသည် ကျေနပ်စွာဖြင့်ပြုံး၍ အချွန်းအတွက်အရက်အိုးဝယ်ပေးသည်။

အချွန်းသည် အရက်ကိုအငမ်းမရသောက်ပစ်လိုက်၏။

'ဟေ့ အချွန်း'

'ဗျာ ဆရာ'

'မင်း အရင်ကခိုးမှုခဏခဏဖြစ်ဖူးတယ်မဟုတ်လား'

အချွန်းမှာ မျက်နှာ ကွက်ခနဲပျက်သွားသေသည်။

'အရင်ကတော့ဟုတ်ပါတယ်ဆရာ၊ အခု ဒီအလုပ်မျိုးကျွန်တော်မလုပ်ပါဘူး'

လီအင့်ဂိုက ပြုံးလိုက်သည်။

'အေးလေ မင်းလုပ်နေတယ်လို့လဲငါမပြောဘူး၊ ဒါပေမယ့် အဲဒီအလုပ်မျိုးလုပ်စားတဲ့ လူဘယ်နှစ်ယောက်ရှိနေတယ်ဆိုတာကော မင်းသိသလား'

ဟာ ဆရာကလဲ ဖေါက်ထွင်းမှုတွေ ဘာတွေမဖြစ်တာအတော်ကြာပြီပဲ၊ ဒီတော့ ဖောက်ထွင်းဝိဇ္ဇာတွေ ဒီမှာမရှိပါဘူး'

လီအင့်ဂိုသည် အချွန်းကိုသေသေ ချာချာအကဲခတ်နေသည်။

ယင်းသို့အကဲခတ်ရင်းမှုလည်း အမျိုးမျိုးတွေးတောစဉ်းစား နေ၏။

သို့သော် တိကျသောအဖြေက ပေါ်မလာပါ။

ဒါပေမယ့် လီအင့်ဂိုသည် အချွန်းထံမှ ထူးခြားသောသဲလွန်စ်တစ်ခုကိုရရှိယိုက်သဖြင့် အနည်းငယ် ကျေနပ်သွားတော့သည်။

* * *

## နတ်မျက်စိချိန်းသည့်နေ့

ယနေ့ လဆန်း ဆယ်ရက်....။

နတ်စင်ကုန်းတောင်၌ နတ်မျက်စိဆိုသူက လီအင့်ဂိုအားချိန်းဆိုထားသည့်နေ့ဖြစ်လေသည်။

နတ်မျက်စိသည် ကျားမင်းအဖွဲ့ခေါင်းဆောင် မည်သူမည်ဝါဖြစ်သည်ကို ပြောပြပါမည်ဟု ချိန်းဆိုထားသည်။

ထိုကိစ္စကို တုံးလှိုက နည်းနည်းမှမယုံကြည်ပေ။

နတ်မျက်စိဆိုသူသည် လီအင့်ဂိုအား ထောင်ချောက်ဆင်ခြင်းသာဖြစ်သည်ဟု ပြောနေသည့်ကြားက လီအင့်ဂိုသည် သွားရောက်တွေ့ဆုံရန် ပြင်ဆင်နေခြင်းဖြစ်လေသည်။

'ဆရာ ကျွန်တော်တို့အဖွဲ့နောက်ကလိုက်ခဲ့မယ် ဘယ့်နှယ်လဲ'

လီအင့်ဂိုက စဉ်းစားသည်။

'မင်းတို့ပါလာမှန်းသိရင် အခြေအနေက တစ်မျိုးပြောင်းလဲသွားနိုင်တယ်ကွ'

'ကျွန်တော်တို့က ရန်သူမရိပ်မိအောင်လျှို့ဝှက်ပြီး လိုက်ခဲ့မယ်လေ'

လီအင့်ဂိုသည် အတန်ကြာအောင်စဉ်းစားပြီးမှ ဆုံးဖြတ်ချက်တစ်ခုချကာ ခေါင်းညိတ်လိုက်လေသည်။

'ကောင်းပြီလေ…မင်းတို့လိုက်ချင်လဲလိုက်ခဲ့ပေါ့၊ ဒါပေမယ့် အစစအရာရာ သတိတော့ထားကြပါ'

'ကောင်းပါပြီဆရာ'

တုံးလီမှာ ယခုမှစိတ်အေးသွားပုံရသည်။

*　　*　　*

လဆန်းဆယ်ရက် မွန်းတည့်ချိန်။

မွန်းက မတည့်သေးပါ….။

အချိန်အနည်းငယ် လိုနေသေး၏။

သို့သော် လီအင့်ဂိုက အချိန်အနည်းငယ်စောပြီး ရောက်ရှိနေခြင်းဖြစ်သည်။ လီအင့်ဂိုသည် ပတ်ဝန်းကျင်အနေအထားများကို လေ့လာအကဲခတ်နေမိသည်။

ယခုအချိန်ထိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပေသည်။

နတ်မျက်စိဆိုသူသည် လာပါမည်လော….။

သို့မဟုတ် အလုံးအရင်းနှင့်လာပြီး မိမိအားတိုက်ခိုက်ဖမ်းဆီးအသေသတ်မည်လော….။

အကယ်၍ အလုံးအရင်းနှင့်လာခဲ့လျှင်လည်း လီအင့်ဂိုကသိပ်ပြီးပူစရာမလိုတော့ပေ။

တုံးလီတို့အုပ်စုက နောက်မှလိုက်လာမည်ဟု ပြောထားသောကြောင့် အကြိတ်အနယ်တိုက်ခိုက်ရုံသာရှိတော့သည်။



လီအင့်ဂိုသည် တွေးရင်းတောရင်းမှ အခြေအနေကိုစောင့်ကြည့်နေသည်။

နေလုံးသည် မကြာမီခေါင်းပေါ်တည့်တည့်သို့ရောက်ရှိတော့မည်ဖြစ်၏။

တစ်ခါတစ်ရံ တိုက်ခတ်လာသောလေတိုးသံမှအပ လီအင့်ဂို၏နားထဲတွင် ဘာမှမကြားရပေ။

လီအင့်ဂိုသည်ဘေးပတ်လည်တောအုပ်ထဲ၌ ရန်သူရှိနေရမည်သို့မဟုတ် မိတ်ဆွေရှိနေရမည်ဟု အငွေ့အသက်ခံစားမိသည်။

တောတန်းတောင်တန်းတို့သည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ထိုစဉ်အခိုက်….

မြင်းတစ်ကောင်က သူ့ရှေ့တည့်တည့်၌ဘွားခနဲပေါ်ပေါက်လာသည်။ မြင်းပေါ်တွင် မျက်နှာဖုံးအုပ်ထားသော လူတစ်ယောက်စီးနင်းလာ၏။

လီအင့်ဂိုကထိုသူကို မမှိတ်မသုန်ကြည့်နေမိသည်။

သို့သော် လီအင့်ဂိုစ၍သူ၏ဓားကိုအလွယ်တကူ ဆွဲထုတ်နိုင်ရန် အဆင်သင့်ပြုလုပ်ထားလေသည်။

မြင်းပေါ်မှလူသည် မြင်းပေါ်မှခုန်ဆင်းပြီး လီအင့်ဂိုအနားသို့ တဖြည်းဖြည်း လျှောက်လာလေသည်။

လီအင့်ဂိုနှင့် ခပ်လှမ်းလှမ်းတွင် ရပ်တန့်လိုက်လေသည်။

'နတ်မျက်စိဆိုတာ ခင်ဗျားလား'

လီအင့်ဂိုကစတင်၍မေးလိုက်သည်။

'မင်းက ဘယ်လိုထင်သလဲ'

'ကျုပ်ကို ဒီနေရာလာဖို့ချိန်းတာနတ်မျက်စိ၊ အခု ဒီကိုလာ

တာ ခင်ဗျားဆိုတော့ ခင်ဗျားဟာကျုပ်ကိုချိန်းတဲ့ နတ်မျက်စိပေါ့ဟုတ်လား'

'ဒါပဲဖြစ်ရမှာပေါ့ငါ့လူရာ ဟား ဟား ဟား'

ထိုလူကပြောပြီး ရယ်မောလိုက်သည်။

ထိုလူ၏ရယ်မောပြောဆိုသံကို ထောက်ရှုခြင်းအားဖြင့် ဘယ်နည်းနဲ့မှ မိတ်ဆွေမဖြစ်နိုင်တော့ကြောင်း လီအင့်ဂိုသိရှိလိုက်၏။

'ဒါဆို ခင်ဗျားကကျုပ်ကိုလိမ်ခေါ်တာပေါ့ ဟုတ်လား'

လီအင့်ဂိုကဒေါသဖြစ်စွာဖြင့် မေးလိုက်သည်။

ထိုလူကခေါင်းယမ်းလိုက်သည်။

'မလိမ်ပါဘူး၊ ကျားမင်းခေါင်းဆောင် ဘယ်သူဘယ်ဝါဆိုတာ ကျုပ်ပြောပြမလို့ခေါ်တာအမှန်ပဲ'

'ဟုတ်လား…ဒါဖြင့်ဘယ်သူလဲပြောပါ'

'ကျုပ်ပဲလေ'

ထိုလူကတိုတိုတုတ်တုတ်ပင် ပြန်ဖြေလိုက်သည်။

* * *

'ခင်ဗျားဘယ်သူဆိုတာ ကျုပ်မသိရဘူးလား'

လီအင့်ဂိုကမေးသည်။

ထိုလူက အသံထွက်အောင်ရယ်လိုက်လေသည်။

'ကျုပ်ကျားမင်း၊ ဒါမှမဟုတ်နတ်မျက်စိ၊ ကဲ ဘာသိချင်သေးသလဲ'

'ကျားမင်း ကျားမင်းကမျက်နှာပြဝံ့တဲ့သတ္တိ မရှိဘူးလား'

'ကျုပ်က ရှက်တတ်လို့ အဲ့ဒီတော့ ကျုပ်သေရင် မင်းမြင်ရမှာပေါ့'



'ဒါဆိုခင်ဗျားက ကျုပ်ကိုလိမ်ပြီးစိန်ခေါ်တာပေါ့'

'မင်းထင်ချင်သလို ထင်နိုင်တယ်'

ထိုစဉ် ရုတ်တရက် လီအင့်ဂိုကဘေးပတ်ဝန်းကျင်ကို ကြည့်မိလိုက်သောအခါ ထိတ်လန့်သွားမိတော့သည်။

အနက်ရောင်ဝတ်စုံနှင့် ကျားမင်းဓားပြအဖွဲ့သားများသည် ဘေးပတ်ဝန်းကျင်၌ ဆယ်ယောက်ခန့်ရပ်တန့်နေသည်ကို တွေ့လိုက်ရလေသည်။

'ဪ ခင်ဗျားကအဖွဲ့နဲ့ဝိုင်းတိုက်မှာပေါ့လေ ဟုတ်လား'

ထိုလူကရယ်လိုက်လေသည်။

'မင်း ဒါတွေမေးနေစရာမလိုဘူးနဲ့တူတယ်၊ သိချင်သပဆိုလဲ ပြောပြရမှာပဲ တို့မှာတရားတာမတရားတာမသိဘူး၊ တို့လုပ်သမျှဟာ အားလုံးသင့်တော်တာပဲလို့ သတ်မှတ်ထားတယ် မင်းအဖို့လဲ ဒီကနေပြန်လမ်းမရှိတော့ပါဘူး'

ထိုလူသည် စကားဆုံးသည်နှင့် လီအင့်ဂိုအားစတင်တိုက်ခိုက်လေသည်။

ထိုစဉ်အခိုက် ညာသံများနှင့်အတူ လူတစ်စုပြေးတက်လာလေသည်။

တုံးလီတို့အုပ်စုပဲဖြစ်ရမည်ဟု လီအင့်ဂို အတတ်သိလိုက်၏။

'မင်းကလဲ ဘယ်ဆိုးလို့လဲအဖော်ပါသားပဲ'

လီအင့်ဂိုသည် ဘာမှဆက်မပြောတော့ပါ ကျားမင်းဆိုသူကိုတိုက်ခိုက်လိုက်တော့သည်။

ကျားမင်းအဖွဲ့မှသုံးယောက်က လီအင့်ဂိုအားဝိုင်း၍ တိုက်သည်။

အချို့ ကျားမင်းအဖွဲ့သားများက၊ တုံးလဒ်တို့ အုပ်စုကို တိုက်ခိုက်၏။ တုံးလဒ်တို့မှာလေးယောက်သာ ရောက်ရှိလာခြင်း ဖြစ်သည်။

ဒီတော့ ငါးယောက်နှင့် ဆယ့်တစ်ယောက်ဖြစ်နေတော့၏။

*　　*　　*

တိုက်ပွဲမှာ တော်တော်ကလေးပြင်းထန်နေသည်ဟုဆိုရမည်။ တုံးလဒ်တို့လေးဦးသည် ပါးစပ်မှဩသံပေး၍ တိုက်ခိုက်သည်။

ကျားမင်းဓားပြအဖွဲ့မှလူများကအသံသိပ်မထွက်သော်လည်း၊ လက်ရည်က မဆိုးလှပါ။

လီအင့်ဂိုနှင့် တိုက်ခိုက်နေသောကျားမင်းအဖွဲ့ခေါင်းဆောင်ဆိုသူသည် တိုက်ရည်ခိုက်ရည် အလွန်ဝနေသောလူ ဖြစ်သည်။

အမှန်အတိုင်းဝန်ခံရပါမူ လီအင့်ဂိုမှာ ပြန်လည်တိုက်ခိုက်နိုင်အား မရှိတော့ပါ။ သူသည် ကျားမင်းနှင့်စာလိုက်လျှင်အတော်ကလေး အဆင့်နိမ့်မှန်း သိရှိလာတော့သည်။

မိမိကိုယ်မိမိ အထင်ကြီးထားမိသော လီအင့်ဂိုသည် သတိကြီးစွာသော နောင်တတစ်ခုကို ရရှိတော့သည်။

သို့သော် ကံတရားသည် လီအင့်ဂိုဘက်မှ ဖေးမလာသည်။

မမျှော်လင့်ဘဲ လူတစ်ယောက် ရောက်ရှိလာသည်။

အဖြူရောင်ဝတ်စုံနှင့် အဖြူရောင်မျက်နှာဖုံး စွပ်ထားလေသည်။

*　　*　　*



ထိုအဖြူရောင်မျက်နှာဖုံးနှင့်လူသည် ရောက်လျှင် ရောက်ချင်း ကျားမင်းအဖွဲ့သားတစ်ဦးအား သုတ်သင်ပစ်လိုက်တော့သည်။

ပုံလျက်သား လဲကျသွားတော့သည်။

ကျားမင်းခေါင်းဆောင်သည် ထိုလူကို တစ်ချက်ကြည့်ကာ သူ၏ကိုယ်ခန္ဓာကို ထိုလူဘက်သို့ ပြောင်းလိုက်သည်။

အဖြူရောင်ဝတ်စုံနှင့်လူကလည်း ကျားမင်းထံသို့ လျှောက်လာသည်။

'မင်းဘယ်သူလဲ ဘယ်ကလဲ'

ကျားမင်းခေါင်းဆောင်သည် အဖြူရောင် ဝတ်စုံနှင့်လူကို မေးလိုက်သည်။

'မင်းမျက်နှာဖုံး ချွတ်လိုက်လေ၊ ငါမျက်နှာဖုံး ချွတ်ရဲတယ်'

ကျားမင်း ပါးစပ်ပိတ်သွားသည်။

သူဘယ်နည်းနှင့်မှ မျက်နှာဖုံး မချွတ်ရဲမှန်း သိရှိလိုက်သည်။

ထိုစဉ်အခိုက် လီအင့်ဂို၏ လက်ချက်ဖြင့် ကျားမင်းအဖွဲ့မှ လူဆိုးတစ်ဦးမှာ အော်ဟစ်လဲကျသွားပြန်သည်။

ထိုအခါ ကျားမင်းခေါင်းဆောင်သည် အခြေအနေကိုလုံးဝ ရိပ်စားမိလာပြီဖြစ်သည်။

ဆက်လက်တိုက်ခိုက်ပါလျှင် မိမိတို့အဖွဲ့ မရှုမလှ သေဆုံးရတော့မည်ကို သိရှိလာ၏။

ကျားမင်းခေါင်းဆောင်သည် ရုတ်တရက် မြင်းပေါ်သို့ ခုန်တက်ကာ သူ့လူများကို အော်ဟစ်၍ပြေးလွှားသွားတော့သည်။

ခေါင်းဆောင်ကိုယ်တိုင် ထွက်ခွာသွားပြီ ဖြစ်သည့်အတွက် တပည့်များသည် ခြေဦးတည့်ရာသို့ ပြေးကုန်သည်။

ပို၍ထူးခြားသည်မှာ....

မျက်နှာဖုံးအဖြူနှင့် ဝတ်စုံအဖြူဝတ်ထားသူသည် လီအင့်ဂိုတို့၏ ရှေ့မှပင် ရုတ်ခြည်းကွယ်ပျောက်သွားသည်။

ရုတ်တရက်လာရောက် ကူညီသွားသောသူကို မည်သူမည်ဝါ ဟူ၍ပင် လီအင့်ဂိုမှာ မသိရှိလိုက်ရပေ။

* * *

မြို့စားကြီးနှင့် ကိုယ်ရံတော်တပ်မှူးကြီးသည်....

လီအင့်ဂိုနှင့် သူ့ငယ်သားများ သယ်ဆောင်လာသည့် အလောင်းနှစ်လောင်းကို ကြည့်လိုက်ပြီး မျက်နှာပျက်နေသည်။

ပို၍မျက်နှာပျက်နေသူမှာ တပ်မှူးကြီး အင်ရှဟွန်ပင် ဖြစ်သည်။

အင်ရှဟုန်သည် မြို့စားကြီး၏ မျက်နှာကို လှမ်းကြည့်နေမိသည်။

'သူတို့က ဘယ်ကလဲ၊ ဘယ်သူတွေလဲ'

မြို့စားကြီးကလီအင့်ဂိုအား ခပ်ဆတ်ဆတ် မေးလိုက်သည်။

'ကျွန်တော့်ဆီကို နတ်မျက်စိအမည်နဲ့ စာတစ်စောင်ရောက်လာတယ်၊ စာထဲမှာ ကျားမင်းအဖွဲ့ ခေါင်းဆောင် ဘယ်သူတယ်ဝါဆိုတာ သိချင်ရင် နတ်စင်ကုန်းကို ဆယ်ရက်နေ့လာခဲ့ပါဆိုလို့ ကျွန်တော် သွားတယ်၊ ဟိုရောက်တော့ ကျွန်တော့်ကို ထောင်ချောက်ဆင်ပြီး ဝိုင်းတိုက်တယ်၊ ဒါပေမယ့် လူတစ်ယောက်က ဝိုင်းဝန်း ကူညီ တိုက်ခိုက်ပေးတဲ့ အတွက် အဲဒီအလောင်းနှစ်လောင်းရခဲ့တယ်၊ ကျားမင်းခေါင်းဆောင်ဆိုတဲ့လူက ထွက်ပြေးသွားတယ်'



လီအင့်ဂိုက အပိုအလိုမရှိဘဲ အမှန်အတိုင်း တင်ပြလိုက်လေသည်။

'အကူအညီပေးတယ်ဆိုတဲ့သူက ဘယ်သူလဲ'

မြို့စားကြီးက ပြန်မေးလိုက်သည်။

'ကျွန်တော် လုံးဝမသိဘူး၊ အဲဒီလူက ချက်ချင်း ပျောက်သွားတယ်'

မြို့စားကြီးသည် ခေါင်းညိတ်လိုက်သည်။

'မင်း မဆိုးပါဘူး၊ ဒါဆိုရင် ကျားမင်းအဖွဲ့ မင်းကို တော်တော်ဖြုံသွားလိမ့်မယ် ဆက်လုံ့လုကြိုးစားပါ'

မြို့စားကြီးက ချီးကျူးသလိုပြောပြီး သူ့တပ်သားများကို အလောင်းများ လွှဲအပ်လိုက်သည်။

'မြို့စားကြီး အခုသေတဲ့လူတွေကို သိပါသလား'

ထိုစကားကို မြို့စားကြီးကမဖြေမီတပ်မှူးအင်ရှဟုန်ကဝင်၍

'တစ်ယောက်ကို ငါသိတယ်၊ ဒီကောင်အလျင်တုန်းကမြို့စားကြီးရဲ့ ဥယျာဉ်ခြံထဲမှာ အလုပ်လုပ်သွားတဲ့ကောင်ပဲ'

တပ်မှူးအင်ရှဟုန်က အမှန်အတိုင်းပြောနေသည်ဟု လီအင့်ဂို ထင်မိသည်။

'အခု လက်ရှိကကော သူက အဲဒီအထဲမှာ အလုပ်လုပ်နေတုန်းပဲလား'

လီအင့်ဂိုက သိချင်သောအချက်ကို တပ်မှူးကြီးအား ထပ်တိုးပင် မေးလိုက်သည်။

တပ်မှူးကြီးက မြို့စားကြီးအား လှမ်းကြည့်လိုက်၏။

'ဦးကောင်တွေကို ငါအလုပ်က ထုတ်ထားတာကြာပြီပဲ၊ ဦးကောင်တွေ ဒါကို မကျေနပ်လို့ ခေါ်ပြုလုပ်နေတာလားမှမသိဘဲ'

မြို့စားကြီး၏အဖြေဖြစ်သည်။

လဲ့အင်ဂိုသည် နောက်ထပ်ဘာမှမမေးတော့ဘဲ မြို့စားကြီးအား ဦးညွှတ်၍ ထွက်သွားလေသည်။

တုံးလဲ့တို့အဖွဲ့သည်း နောက်မှလိုက်ပါသွားကြ၏။

* *

ယနေ့အဖို့ နေဝင်ကာနီးမှ လဲ့အင်ဂို အနားယူရသည်။ တုံးလဲ့က သူ့အနား ရောက်ရှိလာ၏။

'ဆရာ၊ ရွှေမှာဧည့်သည်ရောက်နေတယ်'

လဲ့အင်ဂိုသည် တုံးလဲ့အား မျက်မှောင်ကြုတ်၍ကြည့်ရင်း ဧည့်ခန်းဆီသို့ ထွက်သွား၏။

လုံးဝမမျှော်လင့်ထားသောသူကို တွေ့လိုက်ရသည်။

လှပစွာ ဝတ်ဆင်ထားသော

ပို့ကျူလင် ဖြစ်သည်။

'အို...ပို့ကျူလင် ပါလား၊ ဘယ်တုန်းကရောက်သလဲ'

မိမိအား စိတ်ဆိုးနေပြီဟု ထင်ထားရသော ပို့ကျူလင်က မိမိထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာသဖြင့် လဲ့အင်ဂိုမှာ ဝမ်းသာသွားသည်။

သို့သော် ပို့ကျူလင်က နှုတ်ခမ်းစူထား၏။

'နင့်ကိုငါ သိပ်တွေ့ချင်နေတယ်များ ထင်နေသလား'



သူမက နှုတ်ခမ်းစူပြီး ငေါက်ဆတ်ဆတ် ပြောလိုက်သည်။

'နင်ကလဲဟာ စိတ်ကောက်စရာမရှိ စိတ်ကောက်နေရသလား ငါ့မှာ ဘာအပြစ်ရှိနေလို့လဲ'

'တော်စမ်းပါ၊ နင့်မှာဘာအပြစ်ရှိရှိ ငါဂရုမစိုက်ဘူး၊ အခုလာတာ အဖေကလွှတ်လိုက်လို့'

လဲ့အင်ဂို မျက်မှောင်ကြုတ်လိုက်သည်။

'ဟင်...သမားတော်ကြီးက နင့်ကိုဘာကိစ္စနဲ့ လွှတ်လိုက်လာလဲ'

နင့်အဖေ တော်တော်ကလေး အသည်းအသန်ဖြစ်နေတယ်၊ အဲဒါ ဖေဖေပဲကြပ်မတ်ပြီး ကုသပေးနေရတယ်၊ အဲဒါ အခြေအနေမကောင်းလို့နဲ့တူတယ်၊ နင့်ကိုအမြန်လာဖို့ အခေါ်လွှတ်လိုက်တာ'

တုံးလဲ့သည် လဲ့အင်ဂိုနှင့် ရင်းနှီးသော မိတ်ဆွေမှန်းသိလိုက်ရသည်နှင့် စားသောက်စရာများ လာရောက်ချပေးသည်။

စားပါဦး ပို့ကျူလင်'

လဲ့အင်ဂိုက ပြောပြီး သူ့ဖခင်အတွက် စိုးရိမ်သွားသည်။ သူသည် အလုပ်တာဝန်ကများလွန်းသဖြင့် မိခင်နှင့်ဖခင်ထံသို့ လုံးဝမပြန်နိုင်ခြင်း ဖြစ်နေသည်။

'သမားတော်ကြီးက တခြားရော ဘာမှာသေးသလဲ'

'ငါနဲ့အတူ ပြန်လိုက်ခဲ့ဖို့ပဲ'

လဲ့အင်ဂို သက်ပြင်းချလိုက်သည်။

'ဘာလဲ နင်က မလိုက်ချင်ဘူးလား'

ပို့ကျူလင်က မုန့်တစ်ခုကိုယူစားရင်းမှ မေးလိုက်သည်။

'ငါ့မှာ သိပ်အရေးကြီးတဲ့ကိစ္စက တန်းလန်းဖြစ်နေတယ်'

'ဒါတော့ နင်စဉ်းစားပေါ့၊ နင့်အဖေရဲ့အခြေအနေကတော့ သိပ်မကောင်းဘူးလို့ပြောတယ်'

'နင် ဘယ်မှာတည်းခိုသလဲ'

'ငါ့မှာ မိတ်ဆွေတွေအများကြီးဘယ်မှာတည်းတည်းရတယ်'

'နင်ကလဲဟာ၊ ငါ့ကိုဆိုရင် ဘယ်တော့မှ စကားကောင်းကောင်းမပြောဘူး'

ပို့ကျူလင်က မျက်နှာကို ပိုမို၍ မဲ့လိုက်သည်။

'နင့်ကိုငါလာပြောတာ ဝတ္တရားအရ လာပြောတာ၊ ငါ့ သူငယ်ချင်း စာရင်းထဲမှာ နင်မရှိတော့ဘူး'

လီအင့်ဂို မျက်နှာပျက်သွားသည်။

သို့သော် ပြုံးလိုက်၏။

'နင် ငါ့ကို အထင်မှားနေတာပါ'

'တော်ပါ၊ နက်ဖြန်ကာအကြောင်းပြန်၊ ငါသွားမယ်'

ပို့ကျူလင်က ထိုသို့ပြောပြီး ပြန်ထသွားသည်။

ပို့ကျူလင်၏အမူအရာသည် သူ့ကိုအမှန်ပင် စိမ်းကားနေပုံရသည်။

ခက်နေသည်က ပို့ကျူလင်နှင့်သူသည် သမီးရည်းစားလည်း မဟုတ်၊ ငယ်သူငယ်ချင်းများသာဖြစ်သည်။

ဤသို့ဆိုလျှင် အခြားမိန်းကလေးနှင့် စကားပြောသည်ကို သူမက ဘာကြောင့်မနာလိုဖြစ်ရပါသနည်း....။

ထိုအဖြေကိုတော့ လီအင့်ဂိုက တိတိကျကျမဖြေနိုင်ပါ။

*   *   *



'ဆရာ ဘာတွေတွေးနေတာလဲ'

တုံးလီအနားသို့ရောက်လာပြီး မေးလေသည်။

'ငါဆက်လုပ်ရမယ့် အလုပ်ကိစ္စအတွက်ပါကွာ'

တုံးလီက ပြုံးစိစိဖြင့်

'ကောင်မလေးက တကယ်လှတာပဲဆရာရယ်'

လီအင့်ဂိုက တုံးလီကိုကြည့်၍ ရယ်မောလိုက်လေသည်။

ပြီးမှ...

'သူ့ကိစ္စအသာထားစမ်းပါအုံးကွာ၊ ငါမင်းကိုမေးစရာရှိလို့'

'ဘာမေးမှာလဲ'

'မြို့စားကြီးရဲ့ဥယျာဉ်ခြံဆိုတာ ဘယ်မှာလဲကွ'

'ဒီမြို့အနောက်ခြမ်းမှာရှိတယ် ခြံကြီးက အကျယ်ကြီးပဲ အဲ့ဒီမှာ အလုပ်သမားတွေလဲရှိတယ်ဆရာရဲ့ ...ဘာဖြစ်လို့လဲ'

'ကျားမင်းအဖွဲ့ထဲက သေသွားတဲ့လူနှစ်ယောက်ထဲမှာ တစ်ယောက်က အဲဒီဥယျာဉ်ထဲမှာ အလုပ်လုပ်ခဲ့တဲ့အလုပ်သမားဆိုတော့ အဲ့ဒီခြံထဲကအလုပ်သမားတွေဟာ စဉ်းစားစရာဖြစ်မနေဘူးလား'

တုံးလီသည် စဉ်းစား၍ ခေါင်းတညိတ်ညိတ်လုပ်နေသည်။

'အင်း ဆရာတွေးတာလဲမဆိုးပါဘူး၊ ဒါထက် ဆရာတောင်ကုန်းမှာ ကျုန်တော်တို့ကိုအကူအညီပေးတဲ့ အဖြူရောင်ဝတ်စုံနဲ့လူက ဘယ်သူလဲ'

‘အဲဒါလဲ ငါစဉ်းစားလို့မရဘူးကွ၊ နောက်ပြီး ဒီလူကလဲ ဘာမပြောညာမပြောနဲ့ ပျောက်သွားတယ်’

‘ဟုတ်တယ် အဲဒီအချက်ကလဲ ထူးဆန်းတာပဲ’

‘နောက်ပြီး အခု ထောင်သမားတွေကို အုပ်ချုပ်နေတဲ့ ထန်လန်းဆိုတဲ့လူကို မင်းသိတယ်မဟုတ်လား’

‘ဟာ သိတာပေါ့ ဒီလူက လူဆိုးတစ်ယောက်ပဲ၊ နောက်ပိုင်းသူ့ကိုမြို့စားကြီးကဆုံးမပြီး အဲဒီဥယျာဉ်ထဲမှာ အလုပ်ကြမ်းခိုင်းထားတယ်၊ တစ်ခါ အကျဉ်းသားအုပ်ချုပ်တဲ့လူက မရှိတော့လို့ သူ့ကို အဲဒီတာဝန်ပေးထားတယ်လေ’

‘အေး အဲဒီထန်လန်းကို ငါတော်တော်သံသယဖြစ်နေတယ်’

‘ဘာကိုသံသယဖြစ်တာလဲဆရာ’

‘နေအုံး သူနဲ့ငါတွေ့ပြီးတဲ့အခါကျတော့ မင်းကိုအဖြေပေးမယ်’

‘စောစောက ကောင်မလေးက တာချင်မြို့ကနော်’

‘ဘာလဲ မင်းစိတ်ဝင်စားနေလို့လား၊ ငါပေးစားမယ်’

‘မလုပ်ပါနဲ့ဆရာရယ် သူကဆရာ့ဆီလာတာပါ’

‘ငါ့အဖေ အတော်နေမကောင်းလို့လာပြောတာကွ’

ထိုစကားကြောင့် တုံးလီဘာမှဆက်မပြောတော့ဘဲ ငြိမ်ကျသွားသည်။

* * *

## တရားခံ

မှောင်ရိပ်ပျိုးစအချိန်

လီအင်ဂိုသည် မင်းလမ်းမကြီးအတိုင်း လျှောက်၍လာခဲ့၏။

အကျဉ်းထောင်ဆီသို့သွားရာ လမ်းသည် ထိုလမ်းမကြီးအတိုင်းသွားရသဖြင့် သူသည် အခြားလမ်းနှင့်ကွေ့ပတ်မနေတော့ဘဲ လျှောက်ခဲ့ခြင်းဖြစ်သည်။

ထိုအခါ မြို့စားကြီးဂေဟာရှေ့မှ ဖြတ်သန်း၍ သွားရလေသည်။

မြို့စားကြီးဂေဟာကျော်လွန်ပြီးသည်နှင့် အကျဉ်းစခန်းသို့ ရောက်ရှိလာ၏။

သူသည် အကျဉ်းစခန်းရှိ တာဝန်ရှိသူအချို့နှင့်တွေ့ဆုံကာ ထန်လန်းကို တွေ့ချင်ကြောင်းပြောဆိုသောအခါ ထန်လန်းမှာ တာဝန်မရှိသည့်အချိန်တွင် သူနေထိုင်ရာမြို့စားကြီး၏ ဥယျာဉ်အတွင်း၌ပင် ရှိတတ်ကြောင်းပြောပြသဖြင့် လီအင်ဂိုသည် မြို့စားကြီးဥယျာဉ်ဆီသို့ ချက်ချင်းထွက်ခဲ့လေသည်။

ထီ အင့်ဂိုမှာ အလုပ်ကိုချက်ချင်းလုပ်လိုသူဖြစ်သည်။

သူ့အဖို့ နှေးညည်းနေ၍မဖြစ်ပါ၊ အလုပ်ကိစ္စတစ်ခု မြန်မြန်ပြီးလျှင် တာဝန်တစ်ခုမြန်မြန်ပေါ်သွားသည်မဟုတ်ပါလား။

လီအင့်ဂိုအနေဖြင့် ထန်လန်းအား တွေ့ဆုံနေချင်သည်မှာ အခြားမဟုတ်ပေ။

အချိန်းက ပြောပြသည့်စကားထဲတွင် ထန်လန်း၏ရင်ဘတ် (+) လက်ဝါးကပ်တိုင်နှင့်တူသော အမာရွတ်တစ်ခုရှိနေသည်ဟု ဆိုသည်။

ထန်လန်း၏ရင်ဘတ်မှ အမာရွတ်ကြီးသည် မုကုသေဆုံးစဉ်က သွေးဖြင့်ရေးပြသွားသည့် သင်္ကေတနှင့်တူညီနေသဖြင့် မုကုအား သတ်သူမှာ ထန်လန်းဖြစ်နိုင်ကြောင်း စဉ်းစားမိသည်။

ထိုအတွက် ထန်လန်းကိုနည်းအမျိုးမျိုးနှင့်လှည့်ပတ် ခြိမ်းခြောက်လျှင် အမှုမှန်ထပ်ပေါ်လာနိုင်စရာအကြောင်း ရှိပေသည်။

ထို့ကြောင့် လီအင့်ဂိုသည် ထန်လန်းအားတွေ့ချင်နေခြင်းဖြစ်၏။

မြို့စားကြီး၏ဥယျာဉ်ခြံမှာ အတော်ကျယ်ဝန်းသောခြံကြီးတစ်ခြံပင်ဖြစ်သည်။

ခြံကြီးထဲတွင် သပ်ရပ်သောလူနေအိမ်များလည်း ဆောက်လုပ်ထား၏။

လီအင့်ဂိုသည် ထိုအိမ်ကလေးများကိုကြည့်လိုက်ရာ တချို့အိမ်မှာ မီးမထွန်းထားသော်လည်း အချို့အိမ်ကလေးများမှာ မီးလင်းနေ၏။



သူက လူငယ်တစ်ဦးကိုတွေ့၍ ထန်လန်း၏အိမ်ကိုမေးလိုက်သည်။

လူငယ်ကလက်ညှိုးညွှန်ပြ၏။

'ဟိုဘက်အစွန်ဆုံးက မီးမှောင်နေတဲ့အိမ်ပဲ'

သူသည် လူငယ်ပြောသည့်အိမ်ဆီသို့ တန်းတန်းမတ်မတ် လျှောက်လာခဲ့၏။

မီးကလုံးဝမထွန်းထားပါ။

'ထန်လန်း ...'

သူကအသံပြုလိုက်၏။

'ထန်လန်း ...'

သူသည် ယင်းကဲ့သို့ထပ်မံ၍ခေါ်လိုက်ပြီး အိမ်ထဲသို့လှမ်းဝင်လိုက်သည်။

'ဝှီး ... ဒုတ် ...'

အိမ်ထဲမှ အရှိန်ပြင်းစွာဖြင့် ဓားတစ်လက်က သူ့အား လှမ်း၍ခုတ်လိုက်သည်။

သူသာလျှင်မြန်စွာထိုင်မချလိုက်လျှင် ထိုဓားသည် သူ၏ ဇက်ကို တိတိကျကျပြတ်သွားစေမည်သာဖြစ်တော့၏။

ယခုဓားက တံခါးဘောင်ကိုသာခုတ်မိသွားတော့၏။

အိမ်ကလေးထဲတွင်မှောင်နေသည်။

'ထန်လန်း ...ကျုပ်ပါ'

သူက ထပ်မံ၍အသံပြုလိုက်၏။

သို့သော် အိမ်ထဲမှအရိပ်က သူ့အားဆက်လက်၍သာတိုက်ခိုက်တော့၏။

ဓားရှည်သည် ညအမှောင်တွင် လက်ခံနဲ့ဖြစ်သွားပြီး သူ၏နေရာအနှံ့အပြားသို့ ဆက်လက်၍ထိုးခုတ်နေ၏။

မနေသာတော့ပါ သူသည် ရန်သူ၏အခြေအနေကိုကြည့်၍ သူ၏ခါးကြားမှဓားမြောင်ကိုဆွဲထုတ်လိုက်သည်။

ရန်သူ၏ဓားကလည်း သွက်လက်လှပေသည်။

လိအင့်ဂိုမှာ နောက်ဆုတ်ရလည်းအခက် ရှေ့သို့တိုးရမှာလည်းခက်နေ၏၊

သူသည် ရန်သူကိုမျက်ခြည်မပြတ်ကြည့်နေရင်းမှ ပြန်လည်၍စတင်တိုက်ခိုက်လိုက်သည်။

မတိုက်၍မဖြစ်တော့ပါ။

ရန်သူသည် မိမိအား ရက်စက်စွာသတ်ဖြတ်လိုသည်မှာထင်ရှားနေပြီဖြစ်၏။

သူသည် ရန်သူ၏ခုတ်ချက်ကိုလျင်မြန်စွာရှောင်တိမ်းပြီးသည်နှင့် သူ၏ဓားမြောင်ကိုင်ထားသောလက်အား ဆန့်တန်းလိုက်သည်။

ထိုအခါ...

'အား...'

ဟူသောညည်းညူသံနှင့်အတူ ရန်သူမှာ ဝုန်းခနဲပြိုလဲသွားသည်။ ရုတ်တရက် လေးဖက်လေးတန်မှခြေသံများကြားရပြီးလူများပြေးဝင်လာ၏။

သူသည် ရင်ထိတ်သွားရပြန်သည်။

ထိုစဉ် မီးရောင်များလင်းထိန်လာကာ ရှေ့ဆုံးမှဝင်လာသည့်ကိုယ်ရံတော်တပ်မှူးလေးကီဖန်းကိုတွေ့လိုက်ရ၏။



သူက ကီဖန်းတို့ကိုရှုမစိုက်အားပါ။

မီးရောင်နှင့် လဲကျနေသူကိုကြည့်လိုက်၏။

ထန်လန်း

မိမိ၏ဓားမြောင်သည် ထန်လန်း၏လည်မျိုတည့်တည့်သို့စိုက်ဝင်သွားသဖြင့် ထန်လန်းမှာ တစ်ချက်တည်းနှင့်ငြိမ်ကျသွားခြင်းဖြစ်ပေသည်။

'ဘယ့်နှယ်လဲကိုယ့်လူ၊မှင်းကလူဆိုးထိန်းဆိုပြီးတော့ ခုတော့လူသတ်သမားတစ်ယောက်ဖြစ်နေပါလား'

ကီဖန်းသည် သူ့အား စားတော့ဝါးတော့မည့်ပုံစံဖြင့်မေးလိုက်သည်။

'ကျုပ်စိတ်မကောင်းပါဘူး၊ ထန်လန်းက ကျုပ်ကိုဒီလိုပုံစံမျိုးနဲ့ဆီးကြိုလိမ့်မယ်လို့ လုံးဝမထင်ထားဘူး၊ သူကကျုပ်အသက်ကိုမညှာမတာ သတ်ဖြတ်ဖို့ကြိုးစားတော့လဲ ကျုပ်ကခုခံရတော့တာပေါ့'

ကီဖန်းသည် ဓားကိုဆွဲထုတ်ပြီးမှ ပြန်လည်ဆောင့်သွင်းလိုက်သည်။

'ဒီကိစ္စ ခင်ဗျား မြို့စားကြီးနဲ့ရင်ဆိုင်ရလိမ့်မယ်'

သူက ပခုံးနှစ်ဖက်ကိုအသာအယာတွန့်ပြလိုက်သည်။

'ကျုပ်ဘာမှမတတ်နိုင်ဘူး၊ ရှင်းဆိုလဲရှင်းရတာပေါ့'

* * *

နံနက်စောစော....။

နှင်းများ မကွဲတကွဲမှာပင် လူဆိုးထိန်းရုံးခန်းသို့ပို့ကျူလင်ရောက်ရှိလာသည်။

ပို့ကျူလင်သည် ဒေးငိုင်၍ထိုင်နေသောတုံးလီကို လီအင့်ဂို နှင့်တွေ့ချင်ကြောင်း ပြောလိုက်လေသည်။

တုံးလီကသူမအား ဧည့်ခန်းသို့ခေါ်သွား၏။

'ခင်ဗျားကိုတော့ စိတ်မကောင်းစရာသတင်းနဲ့ပဲဆီးကြိုဧည့်ခံရတော့မှာပဲ'

တုံးလီကစိတ်ပျက်အားငယ်စွာပြောလိုက်သည်။

'ရှင် ... ရှင်ဘာပြောတာလဲ'

ပို့ကျူလင်က နားမလည်၍ ပြန်မေးလေသည်။

'လီအင့်ဂိုမြို့စားကြီးရဲ့အချုပ်ခန်းထဲမှာ အချုပ်ခံနေရတယ်'

ပို့ကျူလင်မှာ မျက်လုံးဝိုင်းသွားလေသည်။

'ဟင်....ရှင်တို့မြို့ကလဲ လူဆိုးထိန်းတော်ငံ အဖမ်းအဆီးအချုပ်အနှောင် ခံရတာပဲလား'

'ညက လီအင့်ဂိုကမြို့စားကြီးရဲ့ အလုပ်သမားတစ်ယောက်ကို သွားသတ်မိတယ်၊ အဲ့ဒီကိစ္စနဲ့ဖမ်းဆီးထားတာ'

'သူကတကယ်သတ်တာကောဟုတ်လို့လား'

တုံးလီကပခုံးကို အသာတွန့်ပြလိုက်သည်။

'ကျုပ်တို့အလုပ်ကလဲ ခက်သားပဲဗျာ၊ ရန်သူကိုရှာဖွေတဲ့အခါမှာ ရန်သူကပြန်လည်ခုခံတော့လဲ တိုက်ရင်းခိုက်ရင်းသေဆုံးရတာပေါ့'

'ဒါဖြင့် ဘာဖမ်းစရာလိုသလဲ ဟိုကလူဆိုးတစ်ယောက်ပဲ'

ပို့ကျူလင်ကသူမ သိသလောက် ပြန်ပြောနေခြင်းဖြစ်၏။

'အဲ့ လူဆိုးဖြစ်ပါတယ်ဆိုတာကို သက်သေအထောက်အထားနဲ့ပြောနိုင်ရင်တော့ ပြန်လွှတ်ပေးရမှာပါ'



ပို့ကျူလင်သည် သက်ပြင်းချလိုက်ပြန်သည်။

'ဒုက္ခပါပဲရှင် သူ့အဖေကတော်တော်ကို နေမကောင်းဖြစ်နေတာရှင့် ဒီသတင်းကြားရင်ပိုဆိုးတော့မှာပဲ'

သူမက ညည်းညည်းညူညူပြောလိုက်လေသည်။

'ခင်ဗျားက ပြန်တော့မလို့လား အခြေအနေစောင့်ကြည့်ပါဦးလား'

'ဟုတ်ကဲ့၊ ကျွန်မတစ်ရက်နှစ်ရက်တော့ စောင့်ပါဦးမယ်'

* * *

တစ်ရက် ....နှစ်ရက်။

တစ်ရက်နှစ်ရက် အတွင်းမှာပင် ထူးခြားသောသတင်းများ အင်ထရမ်းမြို့တော်တစ်ခုလုံးသို့ ပျံ့နှံ့သွားတော့သည်။

ထိုသတင်းမှာ ....

မြို့စားကြီးရတနာများ ပျောက်ဆုံးသောသတင်း။

အင်ထရမ်းမြို့၌ လူသတ်မှုများဖြစ်ပွားသောသတင်း။

လူဆိုးထိန်းလီအင့်ဂိုက လူများကိုသတ်၍လီအင့်ဂိုအားဖမ်းဆီးချုပ်နှောင်ထားသော သတင်းနှင့်အတူ....

အင်ထရမ်းမြို့တော်၏မှုခင်းများကို နေပြည်တော်မှမြို့တော်ဝန်ကိုယ်တိုင်နှင့် အတွင်းဝန်မင်းကိုယ်တိုင် ကြွရောက်ပြီး အမှုများစစ်ဆေးမည်။ တရားခံအစစ်အမှန်များ ဖော်ထုတ်မည်ဆိုသည့်သတင်းများသည် တမုဟုတ်ချင်းကျော်ကြားနေတော့၏။

ထိုအမှုများကိုနေပြည်တော်မှ ထောက်လှမ်းရေးသမားတစ်ဦးကိုယ်တိုင် စုံစမ်းဖော်ထုတ်မည်ဆိုသည့် နောက်ဆက်တွဲ သတင်းများလည်း ထွက်ပေါ်လာလေသည်။

ထိုသတင်းနှင့်အတူ—

သုံးရက်မြောက်နေ့တွင် နေပြည်တော်မှမြို့တော်ဝန်နှင့် အတွင်းဝန်မင်းကိုယ်တိုင် ရောက်ရှိလာတော့သည်၊

* * *

အင်ထရမ်းမြို့သို့ အတွင်းဝန်မင်းနှင့် မြို့တော်ဝန် ကိုယ်တိုင် ကိုယ်ရံတော်တပ်သားများနှင့်အတူ တခမ်းတနားရောက်ရှိလာသဖြင့် အချို့သောမြို့သူမြို့သားများမှာ ဝမ်းသာနေကြသည်။

အရာရှိကြီးများ သူဌေးသူကြွယ်ကြီးများသည် လက်ဆောင်ပဏ္ဏာများဖြင့် ပေးကမ်းဆီးကြိုကြသည်။

အုပ်ချုပ်ရေးပိုင်းတွင် မငြိမ်မသက်ဖြစ်နေသောကြောင့် အတွင်းဝန်မင်းကိုယ်တိုင်ရောက်လာပြီး ဖြေရှင်းပေးလျှင် အင်ထရမ်းမြို့မှာ အေးချမ်းသာယာသွားလိမ့်မည်ဟု အများကမျှော်လင့်ယုံကြည်ထားကြလေသည်။

အုပ်ချုပ်ရေးပိုင်းမှ အရာရှိကြီးများမှာမူ မိမိတို့ အုပ်ချုပ်မှု ညံ့ဖျင်းသောကြောင့် ယခုကဲ့သို့ဖြစ်ရသည်ဟုထင်မြင်မိပြီး မျက်နှာပူနေကြသည်။ မိမိတို့၏ရာထူးများ ကျဆင်းရတော့မည်ကို ကြိုတင်တွက်ဆ၍ သောကများရောက်လျက် ရှိနေကြပေသည်။

မြို့စားကြီးကမူ အုပ်ချုပ်ရေးသမားများကိုသာ အပြစ်ပုံ၍ အတွင်းဝန်မင်းနှင့် မြို့တော်ဝန်အား မျက်နှာချိုသွေးရသည်မှာ မမောနိုင် မပန်းနိုင်ဖြစ်နေပေသည်။

* *



တရားခန်းမ။

မြို့စားကြီး၏ဂေဟာအတွင်းမှ တရားခန်းမသည် အလွန်ကျယ်ဝန်းစွာ ဆောက်လုပ် စီမံထားလေ၏။

မကြာမီ ထိုတရားခန်းမ၌ တရားစီရင်မည်ဖြစ်လေသည်။

မြို့သူမြို့သားမည်သူမဆို လာရောက် နားထောင်နိုင်ကြောင်း မိမိ၏ခံစားချက် မကျေနပ် ချက်နှင့် အခြားလူဆိုး သူခိုးတို့အားလည်း ရဲဝံ့စွာ ထုတ်ဖော်ပြောဆိုနိုင်ကြောင်း ကြေငြာထားသဖြင့် တရားခန်းမထဲတွင် အုတ်အုတ်ကျက်ကျက်နှင့် စည်ကားလျက်ရှိနေပေသည်။

ယင်းပရိသတ်ထဲတွင် လူဆိုးထိန်း လီအင့်ဂို၏သတင်းကို နားထောင်ချင်သော ပို့ကျူလင်လည်း ရောက်ရှိနေပေသည်။

ပို့ကျူလင်သည် တုံးလိတို့အုပ်စုနှင့်အတူ ရှိနေ၏။

မကြာမီ တရားခန်းမပေါ်သို့ မြို့တော်ဝန်နှင့် အတွင်းဝန်တို့က ရောက်ရှိလာ၏။

မြို့စားကြီးတို့က တစ်ဖက်တွင် နေရာယူထား၏။

အတွင်းဝန်မင်းနှင့် အတူပါလာသော နေပြည်တော်မှကိုယ်ရံတော်တပ်ဖွဲ့သည် အားလုံး၏လုံခြုံမှုကိုယူ၍ ဝိုင်းရံစောင့်ကြပ်နေပေသည်။

အတွင်းဝန်မင်း၏ ရှေ့တွင် မြို့ခံတရားသူကြီးများက နေရာယူထား၏။

ရှေးဦးစွာ မြို့စားကြီးက တင်ပြလာသည်မှာ အင်ထရမ်းမြို့တွင် ယခင်က ခိုးမှု၊ လူသတ်မှုများ သိပ်ပြီးမရှိခဲ့သော်လည်း လူဆိုးထိန်း လီအင့်ဂိုရောက်ရှိလာမှ လူသတ်မှု ဖြစ်ရသည့်

အကြောင်း၊ဘုရင့်ဘဏ္ဍာတော်များပင်အခိုးခံရသည့်အကြောင်း ထုတ်ဖော်လေတော့၏။

မြို့စားကြီး၏ ကိုယ်ရံတော်တပ်မှူးကြီးအင်ရဟုန်က တရားခံ လီအင့်ဂိုအား ညွှန်ပြ၍ မြင်းသူဌေးအိမ်မှ ဂေဟာမှူးကျိုး သေရပုံ၊ မုကုဆိုသော မြင်းပွဲစား သေရပုံ၊ သေဆုံးသူများ အနားတွင် လီအင့်ဂိုရှိနေပုံ၊ နောက်ဆုံး၌ ထန်လန်းကိုသတ်စဉ် ယခုကဲ့သို့ လက်ပူးလက်ကြပ် ဖမ်းဆီးပုံများ တင်ပြလေသည်။

ပရိသတ်သည် ငြိမ်သက်စွာ နားထောင်နေ၏။

လူဆိုးထိန်း လီအင့်ဂိုသည် လူသတ်သမားဖြစ်လိမ့်မည်ဟု တချို့က ထင်ကြေးပေး၍ တီးတိုးဝေဖန်နေကြသည်။

လီအင့်ဂိုအား တရားသူကြီးက တပ်မှူးများ တင်ပြသည့်အတိုင်း မှန်မမှန်မေး၏။

လီအင့်ဂိုက သူထောက်လှမ်းစုံစမ်းရင်းမှ တွေ့ကြုံရသော အဖြစ်အပျက်များကို အမှန်အတိုင်းပြောပြသည်။

ထန်လန်းအား သတ်မှုမှာ သူကိုယ်တိုင် သတ်မိသည်မှန်သော်လည်း ထန်လန်းက သူ့အားရှေးဦးစွာ သတ်ဖြတ်ရန်ကြိုးစား၍သာ သူကခုခံကာကွယ်ရကြောင်း ပြန်လည်ထုချေလေသည်။

* * *

ပရိသတ်များ စိတ်ဝင်စားနေ၏။

ထိုစဉ် အတွင်းဝန်မင်း၏ အောင်မြင်ခန့်ညားသော အသံက ထွက်ပေါ်လာသည်။



'ယခုအခါမှာ တရားခံအစစ်ကို ဘယ်သူမှတိတိကျကျမဖော်ထုတ်နိုင်သေးပါဘူး၊ အဲဒီတော့ နေပြည်တော်ကတာဝန်ပေးထားတဲ့ ထောက်လှမ်းရေးသမား ရှိပါတယ်'

ပရိသတ်များ ရုတ်ရုတ်သဲသဲဖြစ်သွား၏။

'အဲဒီထောက်လှမ်းရေးသမားကပဲ တရားခံဟာဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ အားလုံးပရိသတ်များရှေ့မှာ တင်ပြပါလိမ့်မယ်၊ ဒီအခါမှာ တရားသူကြီးများကလဲ တရားခံအစစ်ကို ထိုက်သင့်တဲ့အပြစ်ဒဏ်များ ပေးရပါလိမ့်မယ်'

အတွင်းဝန်က ပြောပြီး နားလိုက်သည်။

ပရိသတ်များ တစ်ယောက်တစ်ပေါက်စကားသံများ ဆူညံသွား၏။

ထိုစဉ် တရားခန်းမထဲသို့ လူတစ်ယောက်ဝင်လာသည်။

ထိုလူသည် အဘွားအိုတစ်ယောက်ကိုလက်မှတွဲလာပြီးတုံးလီ၏အနားတွင် ထိုင်စေကာ တုံးလီအား တစ်စုံတစ်ခုမှာကြားသွားလေသည်။

ထိုလူကိုမြင်ရသော တုံးလီမှာ ဘာမှ နားမလည်နိုင်အောင်ဖြစ်နေမိတော့သည်။

ထို့အတူ တုံးလီ၏ဘေးတွင်ထိုင်နေသော ပို့ကျူလင်သည် ထိုသူကိုမြင်တွေ့ရသောအခါ အံ့ဩသွားမိပြန်သည်။

အဘယ်ကြောင့်ဆိုသော်

ထိုသူသည် ဗေဒင်ဆရာကြီးဖြစ်နေသောကြောင့်ပင်။

* * *

ဗေဒင်ဆရာကြီးသည် တရားသူကြီးများရှေ့၌ ရပ်တန့်၍ အတွင်းဝန်မင်း မြို့တော်ဝန် မြို့စားကြီး၊ တရားသူကြီးများကို ဦးညွတ်၍အရိုအသေပေးလိုက်သည်။

ထို့နောက် သူသည် တရားသူကြီးများဘက်သို့လှည့်လိုက်၏။

'တရားသူကြီးများခင်ဗျာ၊ ကျွန်တော်ဟာ နေပြည်တော်က အတွင်းဝန်မင်းကိုယ်တိုင်စေလွှတ်လို့ လာရောက်ထောက်လှမ်းရတဲ့ ထောက်လှမ်းရေးသမားတစ်ဦး ဖြစ်ပါတယ်'

ထိုစကားကြောင့် ပရိသတ်များသည် ဗေဒင်ဆရာကိုကြည့်၍ အံ့သြသွားကြလေသည်။

ပရိသတ်များထဲတွင် ဗေဒင်ကြည့်ဖူးသူများလည်း ပါနေသဖြင့် တစ်အံ့တစ်သြဖြစ်နေကြသည်။

ပိုကျူလင်မှာ ဒေါသပင်ဖြစ်သွားမိသည်။

အဘယ်ကြောင့်ဆိုသော် သူမအား သူခိုး ဓားပြနှင့် အိမ်ထောင်ကျမည်ဟု ဟောခဲ့သည် မဟုတ်ပါလား။

တရားခံဖြစ်နေသော လီအင့်ဂိုသည် ဗေဒင်ဆရာကထောက်လှမ်းရေးသမားဖြစ်နေသဖြင့် မိမိထင်သမျှ လွဲချော်နေသည်ကို မိမိကိုယ်မိမိ ဒေါသဖြစ်နေမိပေသည်။

သို့သော် မိမိ၏အကြပ်အတည်းကို ဗေဒင်ဆရာထောက်လှမ်းရေးသမားက ဆွဲထုတ်နိုင်တော့မည်ဟုလည်း ယုံကြည်မိလေသည်။

ဗေဒင်ဆရာက ဆက်လက်၍

'တရားသူကြီးများခင်ဗျာ၊ ကျွန်တော့်နာမည်ဟာ ထောက်လှမ်းရေးဓားသမား မုန်တိုင်းဖြစ်ပါတယ်'



ထိုကဲ့သို့ ထုတ်ဖော်လိုက်သည်နှင့် ပရိသတ်သည် ဆူညံသွားပြီး ဗေဒင်ဆရာကို မမြင်ဘူးသူတစ်ယောက်ကဲ့သို့ ခေါင်းထောင်ကြည့်ကြသည်။

ဓားသမားမုန်တိုင်းကို သတင်းကြားမိထားသော သူများသည် ယခု ဓားသမားမုန်တိုင်းကိုယ်တိုင် မြင်ရသောအခါ အံ့သြသွားကြသည်။

ပိုကျူလင်သည်...

မိမိအား ဗေဒင်ဟောသူမှာ နာမည်ကျော် ထောက်လှမ်းရေးသမား မုန်တိုင်းဖြစ်နေ၍ ရှက်လည်းရှက် ဒေါသလည်းထွက်နေမိသည်။

တရားခံဖြစ်နေသော လီအင့်ဂိုမှာ မုန်တိုင်းအမည်ခံဗေဒင်ဆရာအား ငေး၍ကြည့်နေမိသည်။

'ကျွန်တော် အင်ထရမ်းမြို့ရဲ့ အရှုပ်တော်ပုံကို စတင်ဖြေရှင်းလင်းပါ့မယ်၊ အဲ့ဒီလိုရှင်းလင်းတဲ့အခါမှာ ဘယ်ကစပြီးရှင်းလင်းရမယ်ဆိုတာ ကျွန်တော်စဉ်းစားကြည့်လိုက်တော့ ဘုရင့်ဘဏ္ဍာတော်ကို ဖေါက်ထွင်းခိုးယူတဲ့သူခိုးဟာ ဘယ်သူဖြစ်တယ်ဆိုတာ စအောင်ပြီး ထုတ်ဖော်ပါ့မယ်'

ပရိသတ်များမှာ အပ်ကျသံ မကြားရလောက်အောင်ပင်ငြိမ်သက်တိတ်ဆိတ်နေပေသည်။

မြို့စားကြီးမှာ သူ၏ဂေဟာထဲသို့ ရဲတင်းစွာ ဝင်ရောက်ခိုးယူသော သူခိုးကို သိချင်လွန်း၍ စိတ်များ လှုပ်ရှားနေပေသည်။

'အမှန်တော့ မြို့စားကြီးရဲ့ ဘဏ္ဍာတော်တိုက်ကို ဝင်ဖေါက်တဲ့သူခိုးဟာ ကျွန်တော်ပါပဲ'

ထိုကဲ့သို့ ပြောဆိုလိုက်ရာ ပရိသတ်များသည် အုတ်အုတ်ကျက်ကျက်ဖြစ်သွားတော့၏။

မြို့စားကြီးမှာ ဘာပြောရမှန်းမသိအောင် ဖြစ်သွားလေတော့သည်။

တရားသူကြီးက စားပွဲကို တူဖြင့်ထုလိုက်မှ အားလုံးငြိမ်သွားသည်။

မုန်တိုင်းဓားသမားသည် အိတ်ထဲမှရတနာထုပ်ကို ထုတ်ယူ၍ စားပွဲပေါ်တင်ပြလိုက်သည်။

ရတနာများက ပြိုးပြိုးပျက်ပျက် အရောင်များထွက်နေ၏။

တရားသူကြီးက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့်

'မင်းက ထောက်လှမ်းရေးသမားဆိုပြီးဘယ်အတွက်ကြောင့် ဥပဒေမဲ့တဲ့အလုပ်ကို လုပ်ရတာလဲ'

'တကယ်တော့ ကျွန်တော့်လုပ်ရပ်ဟာ အမှားပါ၊ ဒါပေမယ့် အမှားလုပ်မှလဲ အမှန်ပေါ်မှာမို့ လုပ်ရတာပါ၊ စိသမလောဘစိတ်နဲ့ခိုးယူရင် ကျွန်တော် ဒီပစ္စည်းနဲ့ တစ်သက်လုံးထိုင်စားလို့ရပါတယ်၊ ဘယ်သူမှ ကျွန်တော်တရားခံပါလို့ ဖော်နိုင်တဲ့သူမရှိဘူး၊ ဒါပေမယ့် ကျွန်တော်ဟာ ဥပဒေဘက်တော်သားပီပီ အခု ဒီပစ္စည်းကိုခိုးယူမှ အမှုမှန်ပေါ်မှာမို့ ခိုးယူရတာပါ'

မုန်တိုင်းသည် ထိုရတနာများထဲမှ စိန်တစ်လုံးကို ထုတ်ယူလိုက်သည်။

ထိုစိန်မှာ အတော်ပင်ကြီးမားပြီး အဖိုးတန်လှပေ၏။

မုန်တိုင်းသည် စိန်ကိုကိုင်ပြီး ပရိသတ်ကလှည့်ပတ်ကြည့်လိုက်သည်။



သေဆုံးသူ မြင်းကုန်သည်၏ဇနီးကို တွေ့ရသည်။

'အဒေါ်ခဏလာပါ'

သေဆုံးသွားသူ မြင်းကုန်သည်ဇနီး ထလာသည်။

မုန်တိုင်းက သူမအား တရားသူကြီးများရှေ့မှောက်တွင် မေးသည်။

'ဟောဒီစိန်ကို အဒေါ်မှတ်မိသလား'

သူမက ခေါင်းညိတ်ပြ၏။

'မှတ်မိပါတယ်၊ ကျွန်မယောကျ်ားမသေခင်ကလေးမှာတင် မုကုက လာရောက်ရောင်းချတဲ့စိန်ပါပဲ'

တရားသူကြီးများက ခေါင်းညိတ်၍ မှတ်သားထားသည်။

'အဲ့ဒီစိန်ကိုဝယ်ပြီးလို့ မကြာခင်မှာဘဲ ဓားပြတိုက်ခံရပြီး အဲဒီစိန်လဲပါသွားတယ်၊ အဒေါ့်ရဲ့ စိန်တွေလဲ ပါသွားတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ အဲဒီစိန်နဲ့အတူပထမရှိနေတဲ့စိန်တွေ ပါ ပါသွားတယ်'

မုန်တိုင်းက ပြုံးလိုက်သည်။

'ဟုတ်ကဲ့ အဒေါ် ပြန်ထိုင်နိုင်ပါပြီ'

အမျိုးသမီးကြီးက မိမိနေရာသို့ ပြန်၍ ထိုင်လိုက်သည်။

မုန်တိုင်းက မြို့စားကြီးကိုကြည့်၍

'မြို့စားကြီး ခင်ဗျား ဒီစိန်ဟာ ဘုရင့်ဘဏ္ဍာတော် ဖြစ်ပါသလား'

မြို့စားကြီးမှာ မျက်စိမျက်နှာပျက်စွာဖြင့် ခေါင်းညိတ်ပြသည်။

'ဟုတ်ပါတယ် စိန်ကုန်သည်တစ်ဦးက ဘုရင့်မွေးနေ့အတွက် လက်ဆောင်ဆက်သတာပါ'

'ကောင်းပြီ ဒါဆိုရင် ဒီစိန်ဟာ မုကုရဲ့လက်ထဲကိုဘာကြောင့် ရောက်သွားရပါသလဲ'

အားလုံး ပါးစပ်ပိတ်နေသည်။

တပ်မှူးကြီး အင်ရှဟုန်ကဝင်၍....

'မုကုက ဝင်ခိုးတာတော့ မဖြစ်နိုင်ဘူးလား'

မုန်တိုင်းကပြုံး၍....

'တပ်မှူးကြီး စဉ်းစားပါ၊ မုကုက စိန်ကို ဝင်ခိုးတယ်ဆိုရင် အဲဒီအချိန်တုန်းက ခင်ဗျားတို့ မသိကြဘူးလား၊ ကျုပ် ဝင်ခိုးတာကော ခင်ဗျားတို့သိတယ်၊ မုကုဝင်ခိုးတာတော့ မသိဘူးဆိုရင် ယုတ္တိရှိပါ့မလား၊ မုကုသာ တကယ်ဝင်ခိုးတာမှန်ရင် ဘခြားပစ္စည်းတွေလဲပါမယ်၊ မုကုလဲ ချမ်းသာနေမှာပေါ့'

အားလုံး ပါးစပ်ပိတ်သွားကြသည်။

တရားသူကြီးများက ခေါင်းညိတ်နေကြသည်။

မုကု မခိုးပါဘူး၊ မုကုကို တစ်ဦးတစ်ယောက်က ရောင်းခိုင်းတာ၊ မုကုကိုရောင်းခိုင်းတဲ့လူဟာ စိန်သူခိုး၊ အဲဒီ စိန်သူခိုးဟာ ခေးပြတစ်ဦးပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မြင်းပွဲစားကြီးအိမ်မှာ စိန်တွေရှိတယ်ဆိုတာ ခေးပြက သိထားတယ်၊ ဒါပေမယ့် ဘယ်နေရာမှာထားတယ်ဆိုတာ မသိဘူး၊ ဒီတော့ မုကုကို ဒီစိန်ရောင်းခိုင်းရင် မြင်းသူဌေးက စိန်ကိုစစ်ဆေးမယ်၊ ဒီအခါမှာ မုကုက မြင်းသူဌေးဘယ်အခန်းမှာစိန်ကို စစ်ဆေးသလဲဆိုတာ တစေ့တစောင်းကြည့်မယ်၊ နောက်စိန်ကိုရောင်းခဲ့ပြီး ခေးပြကို



အကျိုးအကြောင်းပြန်ပြောမယ်၊ ခေးပြက မုကုပြောတဲ့အတိုင်းလျှို့ဝှက်တံခါးကိုသိသွားတော့ ဒီစိန်ကို ပြန်ရတဲ့အပြင် အခြားစိန်နဲ့ ရတနာတွေကိုပါ ခေးပြက ရသွားတော့တာပေါ့'

တပ်မှူးကြီးအင်ရှဟုန်သည် မြို့စားကြီးကျင်းဟွာ၏ မျက်နှာကို ကြည့်လိုက်သည်။

မြို့စားကြီးမှာ မျက်နှာသိသိသာသာမှုန်နေသည်။

'အခု ဒီစိန်ဟာ ဘုရင့်ဘဏ္ဍာတော်တိုက်ထဲ ပြန်ရောက်နေတယ်ဆိုတော့ ခေးပြဟာ တမင်လာပြန်ထည့်သွားတာပေါ့နော်'

မုန်တိုင်းက ခနဲ့သလို ပြောလိုက်သည်။

တရားသူကြီးများသည် မြို့စားကြီးတို့၏အုပ်စုကို မကြာခဏ လှမ်းကြည့်နေသည်။

မုန်တိုင်းကဆက်၍

'ဒီကိစ္စကို လူဆိုးထိန်း လီအင့်ဂိုက စုံစမ်းတယ်၊ သူက မြင်းကုန်သည် အိမ်မှာရှိနေတဲ့ဂေဟာမှူးကြီးကျုံးကို စုံစမ်းတဲ့အခါမှာ အနားမှာ ချောင်းမြောင်းနားထောင်နေတဲ့ လူသတ်သမားကို သတိမထားမိဘူး၊ ဂေဟာမှူးကျုံးက မုကု လာရောင်းပါတယ်လို့ ပြောလိုက်တော့ လီအင့်ဂိုဟာ မုကုဆီကိုသွားမှာ အမှန်ပဲ၊ လီအင့်ဂိုလဲထွက်သွားရော လူသတ်သမားကဂေဟာမှူးကျုံးကို သတ်လိုက်တယ်၊ တစ်ဆက်တည်း လူသတ်သမားဟာမုကုဆီ အမြန်သွားပြီး နှုတ်ပိတ်သတ်ပစ်လိုက်ပြန်တယ်၊ လီအင့်ဂိုရောက်သွားတော့ မုကုလဲသေနေပြီ၊ ဒါပေမယ့် မုကုကမသေခင် လူသတ်သမားဆီမှာရှိတဲ့ အမှတ်အသားတစ်ခုကို သွေးနဲ့ရေးသွားတယ်၊ အဲဒါကို လီအင့်ဂိုက သတိထားမိခဲ့တယ် ဒါပေမယ့် လူ

သတ်သမား ဘယ်သူဘယ်ဝါဆိုတာမှသိခဲ့ဘူး၊ လောလောဆယ် လီအင့်ဂိုပဲဖြစ်ရမယ်လို့ အပြစ်ပုံချထားကြတယ်'

မုန့်တိုင်းက လီအင့်ဂိုအားကြည့်၍ ပြုံးပြလိုက်သည်။

ထိုသို့ပြုံးပြပြီး မုန့်တိုင်းက လီအင့်ဂိုအား

'မင်းလဲမဆိုးပါဘူး၊ အင်မတန်တော်ပါတယ်၊ ဒါပေမယ့် မင်းက ခြေတစ်လှမ်း အမြဲတမ်းနောက်ကျနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကြယ်ဝါစားသောက်ဆိုင်ကိုသွားတယ်၊ အချုန်းကို သွားရှာတယ်၊ အချုန်းနဲ့မတွေ့ခင် မင်းက ထန်လန်းနဲ့ တွေ့တယ်၊ ထန်လန်းကို မင်းက ဟိုဟာမေး ဒီဟာမေး လုပ်တော့ ထန်လန်းကထွက်သွားပြီး သူ့ဆရာဆီ သတင်းပို့ထားတယ်၊ အချုန်းလာလို့ မင်းနဲ့တွေ့တဲ့အခါမှာ ငါနဲ့နပမ်းလုံးစဉ်က တွေ့ရတဲ့ အမာရွတ်အကြောင်း မင်းကိုပြောပြတယ် မဟုတ်သား၊ အဲဒီ အမာရွတ်ရှိနေတယ်ဆိုတဲ့ အကြောင်း မင်းကို ဆက်ဆက်ပြောဖို့ အချုန်းကို ငါကသင်ပေးလိုက်တာကွ'

မုန့်တိုင်းကို ငေးမောကြည့်နေသော လီအင့်ဂိုသည် စိတ်ထဲမှ ချီးကျူးမိသွားသည်။

'အချုန်းဆီက သတင်းလဲရရော မင်းဟာ ထန်လန်းကို မသင်္ကာတော့ဘူး၊ ထန်လန်းကလဲ မင်းသူ့ဆီတစ်ချိန်ချိန်ရောက်လာမှာပဲဆိုပြီး အဆင်သင့် စောင့်နေတယ်၊ ထန်လန်းရဲ့ ဆရာကလဲ မင်းလာရင်သတ်ဖို့ မှာလိုက်တယ်လေ'

'ဒါဖြင့် ထန်လန်းရဲ့ဆရာဟာ သူပဲဖြစ်ရမယ်'

လီအင့်ဂိုသည် အနားတွင်ရပ်တန့်နေသော တပ်မှူးလေး ကီဖန်းကို လက်ညှိုးထိုး၍ပြောလိုက်လေသည်။



ကီဖန်းသည်ရုတ်တရက် ဓားဆွဲထုတ်၍ လီအင့်ဂိုအားခုတ်ချရန်ဟန်ပြင်လိုက်သည်။

တရားခန်းမထဲ၌ ရုတ်ရုတ်သဲသဲဖြစ်သွားတော့၏။

တပ်မှူးကြီးအင်ရှဟုန်က ကီဖန်းကိုဓားဖြင့် လှမ်းထောက်ထားလိုက်သည်။

'မင်း နည်း၊နည်းမှမလှုပ်နဲ့ အသားထဲကလောက်ထွက်တဲ့အကောင်'

ထိုသို့ရုတ်ရုတ်သဲသဲဖြစ်ချိန်တွင် မြို့စားကြီးကထိုင်နေရာမှထလိုက်သည်။

သို့သော် အတွင်းဝန်မင်း၏ကိုယ်ရံတော် တပ်မှူးများသည် မြို့စားကြီးနှင့် အနားတွင်ရှိနေသော အခြားတပ်မှူးများကိုရုတ်တရက် ဖမ်းဆီးလိုက်လေသည်။

* * *

## အတိုက်အခံ

တရားခန်းမထဲတွင် အခြေအနေမှာ ရုတ်ခြည်းပြောင်းလဲသွားလေတော့သည်။

နေပြည်တော်မှပါလာသော အတွင်းဝန်မင်း၏ကိုယ်ရံတော်တပ်သား တပ်မှူးများသည် မုန်တိုင်း၏အစီရင်ခံစာထဲတွင် မည်သူမည်ဝါတရားခံဖြစ်ကြောင်း အတိအလင်း ထည့်ရေးထားသဖြင့်ထိုတပ်မှူးများက သတိမလစ်အောင်စောင့်ကြပ်ပြီး ယခုကဲ့သို့မြို့စားကြီးကိုပါ ဖမ်းဆီးလိုက်ခြင်းဖြစ်လေသည်။

ထိုအထဲတွင် တပ်မှူးကြီးအင်ရှဟုန်မပါဝင်ပေ။

တပ်မှူးကြီးအင်ရှဟုန်မှာ သတ္တိရှိသည်။ သို့သော်ရိုးသား၏။ မြို့စားကြီးကိုလူဆိုးတစ်ဦးဖြစ်လိမ့်မည်ဟု သူကမယုံကြည်ခဲ့ပေ။ ယခု တပ်မှူးလေးကီဖန်းနှင့်အဖွဲ့ မြို့စားကြီးနှင့် တပ်မှူးကလေးများမှာ အသီးသီးတရားခံနေရာသို့ ရောက်ရှိနေတော့သည်။



သူတို့အား ကြိုးများဖြင့်ချည်နှောင်ကာ တရားခံထားသည့်နေရာသို့ ပို့ဆောင်လိုက်လေသည်။

တရားခန်းမတစ်ခုလုံး ထိန်းသိမ်းမရအောင်ဖြစ်နေ၏။

လူဆိုးထိန်းလီအင့်ဂိုမှာ ယခုအခါတရားခံမဟုတ်တော့ပေ။

တရားသူကြီးများသည် ပရိသတ်များကို တုတ်ထု၍ငြိမ်သက်စေလိုက်သည်။

* * *

မုန်တိုင်းဓားသမားက သူ၏ထောက်လှမ်းမှုများကို ဆက်လက်၍ ဖော်ထုတ်နေ၏။

'ကျွန်တော် ဆက်လက်ပြီး ရှင်းလင်းပါ့မယ်၊ လှေသလောဆယ် တိုက်ခိုက် နန့်ဓားပြခေါင်းဆောင်ကတော့ ကီဖန်းပါပဲ၊ ဒါပေမယ့် ကီဖန်းဟာ ကျွဲမင်းအဖွဲ့ကိုဦးစီးနေမှန်း တပ်မှူးကြီးအင်ရှဟုန်မသိရှာပါဘူး၊ ကီဖန်းဟာထန်လန်းကို လက်ကိုင်တုတ်အဖြစ်ထားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ထန်လန်းဟာ တစ်ချိန်တုန်းက သေဒဏ်အပေးခံရတယ် ဒါပေမယ့် ကီဖန်းက ဆွဲထုတ်ထားပြီး သူလိုရာကိုခိုင်းတယ်၊ မြင်းပွဲစား အိမ်ကဒေဂဟာမှူးကိုသတ်ခိုင်းတာလဲ ကီဖန်းပဲ သတ်တဲ့သူကထန်လန်း မုကုကိုသတ်တာလဲထန်လန်းပဲ၊ ထန်လန်းဟာအဝတ်အစားအစုတ်အပြတ်ကိုသာ ဝတ်ဆင်တတ်တယ်၊ မုကုဟာမသေခင်ထန်လန်းရဲ့ ရင်ဘတ်က အမာရွတ်ကိုမြင်သွားတယ်၊ ဒါကြောင့်သွေးနဲ့ရေးခဲ့တာပဲ'

တပ်မှူးကြီးအင်ရှဟုန်ကဝင်လာပြီး....

'ဒါထက် မြို့စားကြီးဟာ ဘယ်လိုအပြစ်တွေ ကျူးလွန်လို့ အခုလိုဖမ်းဆီးလိုက်တယ်ဆိုတာ ရှင်းပြပါ'

မုန်တိုင်းကခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ ကျွန်တော်အားလုံးရှင်းပြပါ့မယ်၊ တကယ်တော့ ကီဖန်းနဲ့မြို့စားကြီးဟာ တစ်ကျိတ်ထဲ တစ်ဉာဏ်တည်းသမားတွေပါ၊ မြို့စားကြီးဟာကျားမင်းအဖွဲ့ရဲ့ အဓိကခေါင်းဆောင်ကြီးဖြစ်တယ်ဆိုတာ သိရတာကတော့....

'ကလေးတစ်ယောက်ကို ကျွန်တော် စာပေးခိုင်းတယ်...စာထဲမှာ ကျားမင်း ဘယ်သူဘယ်ဝါဆိုတာသိချင်ရင်၊ နတ်စင်တောင်ကုန်းကိုလာခဲ့ပါ၊ နတ်မျက်စိဆိုပြီးလီအင်္ဂုဆီကို ပို့ခိုင်းတယ်၊ ကလေးတွေကလဲ ကျွန်တော်သင်ကြားထားတဲ့အတိုင်း လီအင်္ဂုဆီကိုအရင်မသွားဘဲ မြို့စားကြီး ဂေဟာရှေ့မှာ ယောင်လည်လည်လုပ်နေတယ်၊ ဒီအခါမှာ တံခါးမှူးကခေါ်ပြီးမေးတော့ စာထုတ်ပြတယ် အဲ့ဒီစာကိုမြို့စားကြီးက ဖတ်ပြီး စာလုံးတစ်လုံးကိုပြင်ဆင်လိုက်တယ်'

မုန်တိုင်းက တရားခံမြို့စားကြီးကိုကြည့်လိုက်ရာ။

'စာထဲမှာ ကျွန်တော်ရေးထားတာက ကျားမင်းဆိုတာ ဘယ်သူဘယ်ဝါဆိုတာသိချင်ရင် လဆန်းတစ်ရက်နေ့လာခဲ့ပါလို့ ရေးထားတယ်၊ မြို့စားကြီးကဆယ်ရက်နေ့လာခဲ့ပါလို့ ပြင်လိုက်တယ်....ကလေးကကျွန်တော်ထင်ထားတဲ့အတိုင်း ကျွန်တော့်ကို စာလာပြန်ပြတယ် တစ်ရက်ကိုဆယ်ရက်ပြင်လိုက်မှန်း ကျွန်တော် မှတ်ထားလိုက်တယ်၊ အဲ့ဒီတော့လီအင်္ဂုက ဆယ်ရက်နေ့မှလာတာပေါ့ တစ်ရက်နေ့က ဘယ်သူလာသလဲဆိုတော့ မျက်နှာဖုံးနဲ့လူတစ်ယောက် ရောက်လာတယ်၊ဒီလူဟာကျားမင်းပဲဖြစ်ရမယ်ဆိုတာ ကျွန်တော်ကသိပြီးသား အဲဒီတော့ ဘယ်သူ ဘယ်ဝါဆိုတာသိရအောင် မျက်နှာဖုံးကိုကျွတ်ထွက်သွားသည်အထိ ကျွန်တော်ကိုက်ခိုက်ဘယ်၊ အဲဒီအခါမှာ မြို့စားကြီးမျက်နှာ ပေါ်လာပါတော့တယ်....'



တရားခံမြို့စားကြီးသည် ခေါင်းငုံ့နေ၏။

ပရိသတ်များ တစ်ယောက်တစ်ပေါက်ပြောကြသည်။

'သူ့သတောကတော့ နတ်မျက်စိဆိုတဲ့ ကျွန်တော်က လီအင်္ဂုကို ဖွင့်မပြောနိုင်အောင် လာသတ်တာပဲ...ဒါပေမယ့် သူထင်သလိုဖြစ်မလာတော့ သူ့စိတ်ထဲမှာ ဆယ်ရက်နေ့ကျရင် လီအင်္ဂုတော့ တောင်ကုန်းကိုသွားမှာပဲ၊ ဒါပေမယ့် ရက်ချိန်းလွဲနေလို့ နတ်မျက်စိဆိုတဲ့ ကျွန်တော်နဲ့တော့မတွေ့တော့ဘူးလို့ထင်ပြီး ကီဖန်းနဲ့အဖွဲ့ကို လီအင်္ဂုသတ်ဖို့လွှတ်လိုက်တယ်၊ လီအင်္ဂုကလဲ ထောင်ချောက်မှန်းသိပေမယ့် ရန်သူ ဘယ်သူဘယ်ဝါဆိုတာ သိချင်တော့ ရောက်လာတယ်....အခြေအနေကမကောင်းတာနဲ့ ကျွန်တော်ကူညီပြီးတိုက်ခိုက်တယ်... ကီဖန်းတို့လဲ ပြေးကုန်တာပဲ၊ ဒါပေမယ့် လီအင်္ဂုအနေနဲ့ ကျားမင်းဟာ ဘယ်သူဘယ်ဝါမှန်းမသိလိုက်ရဘူး'

လီအင်္ဂုမှာ ယခုမှရှင်းသွား၍ အံ့သြစွာပြုံးနေမိသည်။

လီအင်္ဂုအနေနဲ့ ကျားမင်းဓားပြအဖွဲ့ဟာ ကီဖန်း ဖြစ်ရမယ်လို့ ထင်မိတဲ့အချိန်မှာ လူသတ်မှုနဲ့ ထောင်ထဲထည့်ဖို့ကြိုးစားနေကြပြီ။ပထမလူဆိုးထိန်းကိုသတ်တာလဲ ကီဖန်းပဲ—မြင်းကုန်သည်ကြီးကို ဓားပြတိုက်ရင်း သတ်ခဲ့တာလဲ ကီဖန်းပဲ၊ ဂေဟာမှူး

ကျုံးဝေနဲ့ မုကုကိုသတ်တာကတော့ သူကခိုင်းလို့ ထန်လန်းက သတ်ရတာပါ'

တပ်မှူးကြီးအင်ရှဟုန်သည် မြို့စားကြီးအား ရှုံ့မှုန်းစွာ လှမ်းကြည့်လိုက်လေသည်။

'မြို့စားကြီးတစ်ယောက် သူခိုး ဓားပြအလုပ်လုပ်ရတယ်လို့ ကွာ၊ တော်တော်ကိုအရှက်မရှိတဲ့လူစားမျိုးပဲ'

ဟု အင်ရှဟုန်ကပြောလိုက်သဖြင့်မုန်တိုင်းက ရယ်လိုက်လေသည်။

'အမှန်တော့ သူဟာ မြို့စားကြီးဖြစ်ထိုက်တဲ့လူတစ်ယောက် မဟုတ်ပါဘူး၊ အစကတည်းက တောလိုက်မုဆိုးတစ်ယောက်ပါ'

'ဟင် တောလိုက်မုဆိုးဟုတ်လား'

တပ်မှူးကြီး အင်ရှဟုန်ကအံ့သြစွာဝင်မေးသည်။

မုန်တိုင်းက

'တရားသူကြီးများခင်ဗျား မြို့စားကြီးကျင်းဟူက မတရား အကျဉ်းချထားတဲ့သူတွေရှိနေပါတယ်…ကျွန်တော် ဆက်လက် ပြီးတင်ပြပါ့မယ်'

'တင်ပြပါ'

အတွင်းဝန်မှင်းက ပြောလိုက်ခြင်းဖြစ်၏။

'ကျင်းဟူဟာ တောလိုက်မုဆိုးတစ်ယောက်ပါ သူဟာ ကျောက်ဆောင်တွေရှုပ်ထပ်တဲ့တောထဲမှာ ကျင်လည်ခဲ့တဲ့လူတစ် ယောက်ပဲ၊ ဒါကြောင့် ငန်းနက်မြေအကြောင်းကိုနားလည်ပြီး အဲ့ဒီမြေကိုရှာကြံလာနိုင်ခဲ့ပါတယ်၊ ဟောဒီလူဆိုးထိန်းလ°အင့်ဂို ကိုလဲ အဲဒီမြေနဲ့သတ်ဖို့ကြံစည်တဲ့အကြောင်း ကျွန်တော်စုံစမ်း သိရှိရပါတယ်'



ထိုအခါ လ°အင့်ဂိုက အခန်းထဲ၌မြေတွေပုံများကို ဝင်၍ ပြောပြလေသည်။

ပြီးမှ မုန်တိုင်းကဆက်လက်၍

'ကျင်းဟူဟာ တောလိုက်မုဆိုးအလုပ်ကိုလုပ်နေရင်း လူဆိုး တွေဖမ်းလာတဲ့တပ်မှူးကလေးတစ်ဦးကို ကယ်ဆယ်ဖူးပါတယ်၊ တကယ်တော့ အဲ့ဒီတပ်မှူးလေးဟာလဲ အကျင့်မကောင်းပါ ဘူး၊ ဒါပေမယ့် အဲဒီတပ်မှူးလေးဟာ တပ်မှူးကြီးဖြစ်တဲ့ အချိန်မှာ ကျင်းဟူကိုခေါ်ပြီး မြို့မှာထားခဲ့ပါတယ်၊ ကျင်းဟူ ဟာ လူသတ်မှုနဲ့ ထောင်ကျတယ်၊ နောက် ထောင်ထဲမှာခဏပဲ နေပြီး ထွက်ပြေးသလိုလိုနဲ့ ပျောက်သွားတယ်၊ အမှန်တော့ တပ် မှူးလေးရာထူးပေးထားတာပါ'

'ကျင်းဟူရဲ့နာမည်အရင်းက မုဆိုးကြီး ရှော့ထဲရဲလို့ခေါ်ပါ တယ်၊ သူ့ကိုထောင်ထဲကထုတ်ပြီး တပ်မှူးလေးရာထူးပေးထား တဲ့တပ်မှူးကြီးဟာ မြို့စားဖြစ်ခဲ့ပါတယ်၊ အဲဒီအခါမှာ ရှော့ ထရဲဟာ တပ်မှူးကြီးဖြစ်ခဲ့ပါတယ်၊ မြို့စားကြီးကနေပြီး အ တွင်းဝန်အထိဖြစ်သွားတဲ့ ရှော့ထရဲရဲ့ဆရာကြီးကတော့ မကြာ သေးမီက ရာထူးပြုတ်ကျသွားတဲ့ ချန်ယိပဲဖြစ်ပါတယ်၊ ချန်ယိ ဟာရာထူးမပြုတ်ခင် ရှော့ထရဲကို အင်ထရမ်းမြို့စားကြီးခန့် တာပါပဲ'

အတွင်းဝန်မင်းမှာ စုံစုံစေ့စေ့ထောက်လှမ်းနိုင်သော မုန် တိုင်းဓားသမားကိုကြည့်၍ သဘောကျနေမိသည်။

'ကဲ….ဆက်ပြောပါ'

'ရှော့ထရ'ဟာ မြို့စားဖြစ်လာတော့ မြို့စားကြီးကျင်းဟူနာမည်နဲ့ပဲဖြစ်လာခဲ့ပါတယ်၊ တစ်နေ့တော့ သူဟာ မျိုးချစ်စိတ်ရှိတဲ့သူဌေးကြီး ထန်ဝူကို အကောက်ကြံချင်တော့ ဘဏ္ဍာတော်တိုက်ထဲကပစ္စည်းတွေကို အဲ့ဒီအိမ်ကိုခိုးပြီးပို့ခဲ့ပါတယ်၊ နောက်မှ သူက တပ်မှူးကြီးအင်ရှုဟုန်ကို ရှာဖွေခိုင်းတဲ့အခါမှာ ပစ္စည်းနဲ့အတူမိတာမို့ သူဌေးကြီးထန်ဝူ ကိုစွပ်စွဲပြီး ဇနီးဖြစ်သူကိုသတ်ခဲ့ပါတယ်'

တပ်မှူးကြီးအင်ရှုဟုန်က ရှေ့သို့တိုးလာသည်။

'အဲ့ဒီတုန်းက ငါကိုယ်တိုင်ဖမ်းတာပဲ ပစ္စည်းလဲအမှန်ပဲတွေ့တယ်လေ'

'ကျွန်တော်ရှင်းပြပါ့မယ်—သူဌေးကြီးထန်ဝူရဲ့ ဇနီးဟာသူ့သားလေးကို လူယုံတော်တစ်ယောက်ဆီမှာ အပ်နှံပြီး တိုက်ခိုက်ရင်း သေဆုံးသွားခဲ့တယ်မဟုတ်လား'

တပ်မှူးကြီးအင်ရှုဟုန်က ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်လေ၊ သူ့ဇနီးကသေဆုံးသွားတယ်၊ ထန်ဝူတို့ကိုတော့ ထောင်ထဲမှာ အခုချိန်ထိအကျဉ်းချထားတာပဲ'

'ဟုတ်ပါတယ်၊ တပ်မှူးကြီးကတော့ မြို့စားကြီးခိုင်းတဲ့အတိုင်းလုပ်ရတာကိုး၊ ခပ်တိုတိုပြောရရင် ထန်ဝူရဲ့သားလေးကြီးပြင်းလာပြီး ဝါးဖြူတောင်က သိုင်းဆရာကြီးဟန်လင်းရှိဆီမှာ သိုင်းပညာသင်ရပါတယ်၊ သိုင်းပညာထူးချွန်စွာတတ်မြောက်အောင်သင်ကြားနေစဉ်မှာ အဲဒီကလေးဟာ သူ့ဘဝအကြောင်းကို သိလာရတော့တယ်၊ သိုင်းဆရာကြီးဟန်လင်းရဲ့ဂေဟာမှာ ဝေယျာဝစ္စပြုစုလုပ်ကိုင်ပေးနေတဲ့အမျိုးသ



မီးကြီးက ထန်ဝူဂေဟာရဲ့အကြောင်းကိုသိထားလေတော့ အဲ့ဒီကလေးကို အားလုံးဖွင့်ပြောပြလိုက်လို့ အဲဒီကလေးဟာ သူ့မိဘတွေမတရားလုပ်ကြံခံထားရမှန်းသိသွားတယ်'

'ကလေးက ဘယ်လိုသိတာလဲ'

အင်ရှုဟုန်က မေးလေသည်။

'သူဌေးကြီးထန်ဝူရဲ့အိမ်မှာ စားဖိုမှူးလုပ်နေတဲ့အမျိုးသမီးကြီးတစ်ဦးရှိပါတယ်၊ သူ့ကို ကျွန်တော်ခေါ်ပေးပါ့မယ်၊ မေးကြည့်ပါ'

မုန်တိုင်းသည် ဤသို့ပြောဆိုပြီး တံ့လီ၏အနားတွင်ထားခဲ့သောအဘွားကြီးအားခေါ်လိုက်သည်။

အဘွားကြီးကထလာ၏။

'ကျွန်မနာမည်ကျင့်ဝေ့ယုန်ပါ၊ တစ်နေ့တော့ မြို့စားကြီးကကျွန်မကိုခေါ်ပြီး ပစ္စည်းတစ်ထုပ်ပေးထားပါတယ်၊ အဲဒီပစ္စည်းကို အခန်းကလေးတစ်ခုထဲမှာထည့်ထားဖို့ သင်ပေးပါတယ်၊ ကျွန်မလဲ ငွေရမယ်ဆိုတော့လုပ်မိပါတယ်၊ မကြာခင်မှာပဲ မြို့စားကြီးက ပစ္စည်းခိုးမှုနဲ့ သူဌေးကြီးကိုစွပ်စွဲပြီး ဖမ်းသွားပါတယ်၊ ကျွန်မညီမက ကျွန်မကို တစ်နေ့နေ့မြို့စားကြီးနှုတ်ပိတ်သတ်ဖြတ်လိမ့်မယ်၊ ရုပ်ပြောင်းနာမည်ပြောင်းပြီးနေပါလို့မှာထားတာနဲ့ ကျွန်မလဲ မြို့စားကြီးရန်ကိုကြောက်လို့ပုန်းနေရတာပါ၊ ဟောဒီကဗဒင်ဆရာနဲ့တွေ့မှပဲ နာမည်အမှန်ကိုပြောမိရာက အခုတော့ မြို့စားကြီးကိုလဲဖမ်းထားလို့ ကျွန်မအမှန်အတိုင်းပြောရပါပြီ၊ သိုင်းဆရာကြီးနဲ့ နေတယ်ဆိုတာက ကျွန်မညီမပါ'

'ကဲတော်လောက်ပါပြီ၊ ဒီလောက်ဆိုရင် ခိုင်လုံနေပါပြီ' အင်ရှုဟုန်ကဝင်၍ ပြောလိုက်ပြီး မုန်တိုင်းကိုကြည့်လိုက်သည်။

'တဲ့ ဒါဆိုရင် သူဌေးကြီးထန်ဝူဟာ မတရားအချုပ်ခံထားရသူပေါ့၊ အခုချက်ချင်းလွှတ်မိန့်ပေးလိုက်ပါမယ်၊ ဒါထက် စောစောကပြောတဲ့ သူဌေးကြီးထန်ဝူရဲ့သားလေးဆိုတာ သူ့အကြောင်းဆက်ပြောပါဦး'

'ထန်ဝူရဲ့သားလေးဟာ ဆရာကြီးဟန်လင်းဆီမှာပညာသင်ပြီးတဲ့အခါ နေပြည်တော်ကိုရောက်သွားတယ်၊ အဲဒီအခါမှာ ထောက်လှမ်းရေးသင်တန်းတက်ပြီး ပညာစုံတဲ့အခါမှာတော့ ဓားသမားမုန်တိုင်းလို့အမည်တွင်တဲ့ ကျွန်တော်ပါပဲ'

'ဟာ....'

'ဟင်...'

'ဟင် သူဌေးကြီးထန်ဝူရဲ့သား'

မုန်တိုင်းကိုကြည့်၍ အမျိုးမျိုးအသံများ ထွက်လာသည်။

မုန်တိုင်းသည် သူ၏ဗေဒင်ဆရာအသွင်ကို ချက်ချင်းပြောင်းလိုက်သောအခါ ပရိသတ်ထဲမှထိုင်နေသောပို့ကျူလင်၏အသံ ကကျယ်လောင်စွာထွက်ပေါ်လာတော့သည်။

'ဟင်...ချီ....ဟေ့ ထန်ချီ...'

* * *

## သူတို့တတွေ

အင်ထရမ်းမြို့သည် အထူးပင်စည်ကားနေတော့၏။

အထူးသဖြင့်

အတွင်းဝန်မင်း၏ဂုဏ်ပြုညည့်ခံပွဲသည် အထူးပင်စည်ကား နေ၏။

ထိုဂုဏ်ပြုပွဲသို့ မြို့ပေါ်ရှိဂုဏ်သရေရှိသောလူကြီးများတက် ရောက်ကြ၏။

ထိုပွဲ၏ မျက်နှာအပွင့်ဆုံးလူမှာ ထန်ချီပင်ဖြစ်လေသည်။

ထန်ချီ၏ဖခင်ထန်ဝူမှာ သားဖြစ်သူ၏ ကြိုးပမ်းမှုကြောင့် လောကငရဲမှလွတ်ကင်းခဲ့ရပြီး ယခင်အတိုင်း ဂေဟာကြီးကို ပြန်လည်မွမ်းမံ၍ စိတ်အေးချမ်းသာစွာနေထိုင်ရပြီဖြစ်ပေသည်။

မြို့စားမိုက်၏မှားယွင်းမှုကြောင့် လောကငရဲခံစားရသော သူဌေးကြီးထန်ဝူအား မြို့တော်ဝန်ကြီးကိုယ်တိုင်က တောင်းပန်စကားပြောဆိုလေသည်။

ထန်ဝူနှင့်အတူ အဖမ်းခံရသောလူများမှာ ဤအကျဉ်းထောင်၌မရှိပေ။

အခြားအကျဉ်းထောင်သို့ အသီးသီးလွှဲပို့ထားသဖြင့် ထိုလူများကိုလွှတ်ပေးရန် တပ်မှူးကြီးအင်ရှဟုန်က အသားချင်းပင် အမိန့်ထုတ်ပြန်လိုက်သည်။

ထန်ချီသို့မဟုတ် ထောက်လှမ်းရေးမားသမားမုန်တိုင်း၏သတင်းက အင်ထရမ်းတစ်မြို့လုံးကိုမွှေးပျံ့စေတော့သည်။

ထို့အတူ ဖခင်ထန်ဝူ၏မျက်နှာမှာ အလွန်ပင်ပွင့်လန်းလျက်ရှိနေပေသည်။ ထိုဂုဏ်ပြုညစာခံပွဲ၏ အတွင်းဝန်မင်းက ထောက်လှမ်းရေးသမား မုန်တိုင်းအား

'မင်းရဲ့ထက်မြက်တဲ့ စွမ်းဆောင်မှုတွေကို ကျုပ်တို့အင်မတန်အားရကျေနပ်မိပါတယ်၊ အခုချိန်ကစပြီး မင်း လွတ်လပ်စွာအနားယူနိုင်ပါတယ်၊ အနားယူပြီးတာနဲ့ ဟိုနန်နယ်က မားသမား ကိုးယောက်ကို သုတ်သင်ရှင်းလင်းပေးဖို့ ဆက်လက်တစ်ဝန်ပေးလိုက်ပါတယ်'

အတွင်းဝန်မင်းသည် ထန်ချီအား နောက်ထပ် တာဝန်တစ်ခုပေးအပ်နေခြင်းဖြစ်သည်။

ထန်ချီက မိမိ၏အသက်ကို ပဓာနမထားဘဲ မားသမား ကိုးယောက် ကိစ္စကို အမြန်ဆုံး ဖြေရှင်းပါမည်ဟု ကတိပေးလိုက်သည်။

ပရိသတ်များ၏ လက်ခုပ်သြဘာသံနှင့်အတူ ဂုဏ်ပြုညစာခံပွဲမှာ အောင်မြင်စွာ ပြီးဆုံးသွားခဲ့သည်။

* * *



အင်ထရမ်းမြို့တွင် မြို့တော်ဝန်က မြို့စားအသစ် တစ်ဦးကို နေပြည်တော်မှာ ခန့်အပ်စေလွှတ်ပေးမည်ဖြစ်ကြောင်း၊ တပ်မှူးကြီး အင်ရှဟုန်က ဒေသခံအနေဖြင့် ဆက်လက် အမှုထမ်းပြီး မကောင်းသည့်တပ်သားတွေကို မကောင်းသလို အရေးယူဆုံးမစေလိုကြောင်း မှာကြားခဲ့၏။

မြို့ပြအုပ်ချုပ်ရေးမှ အရာရှိကြီးများကိုလည်း ထို့အတူပင် မှာကြား၍ အတွင်းဝန်မင်းနှင့် မြို့တော်ဝန်တို့သည် နေပြည်တော်သို့ ပြန်သွားကြတော့သည်။

အတွင်းဝန်၏ ညစာခံပွဲသို့ မတက်နိုင်သော....

လူဆိုးထိန်း လီအင့်ဂိုနှင့် ပို့ကျူလင်တို့အတွက် ထန်ချီက စိတ်မကောင်းဖြစ်ရလေသည်။

လီအင့်ဂိုသည် ဖခင်နေထိုင်မကောင်းဖြစ်နေ၍ တာချင်မြို့သို့ ပို့ကျူလင်နှင့်အတူ အားချင်းပြန်သွားရသည်။

သို့သော် သုံးရက်မြောက်နေ့တွင် သူဌေးကြီးထန်ဝူ၏ဂေဟာသို့ ညသည်ပေါင်းစုံ ရောက်ရှိလာသည်ကို ဝမ်းမြောက်ဝမ်းသာ တွေ့ရှိလိုက်ရသည်။

• • •

လီအင့်ဂိုသည် ဖခင်အနည်းငယ်သက်သာသဖြင့် အင်ထရမ်းသို့ ပြန်လည်ရောက်ရှိလာသည်။

ပို့ကျူလင်က လီအင့်ဂိုနှင့်အတူမလာပဲ နောက်တစ်နေ့မှ သူမဘာသာ ရောက်ရှိလာသည်။

သူတို့သူငယ်ချင်းသုံးယောက် ပြန်တွေ့ဆုံစဉ်မှာပင် ဝမ်းတုံနှင့် တွမ်ကျူးတို့နှစ်ယောက်က နေပြည်တော် အကျဉ်းထောင်

များမှ ပြန်လွတ်လာကြပြီး သူဌေးကြီးထန်ဝူထံ၌ပင်ဆက်လက်၍ အမှုထမ်းကြတော့၏။

တစ်ဖန် နောက်တစ်နေ့၌ တန်ကြဲင်းလိန်နှင့် လုင်စိန်ချိုင်းတို့ ရောက်ရှိလာသောအခါ ထန်ဝူဂေဟာသည် ယခင်ကကဲ့သို့ ပျော်စရာအတိ ဖြစ်သွားတော့သည်။

သူတို့အားလုံးသည် ရှေးဟောင်းနှောင်းဖြစ်များကို တဝါး ဝါး တဟားဟား ပြောဆိုလျက်ရှိနေကြ၏။

ဘာဘာတွမ်ခေါ် တွမ်ကျူးက....

'မင်းကို ချောက်ထဲမကန်ချလို့ မဖြစ်တော့လို့ ကန်ချလိုက်ရပေမယ့် ငါနည်းနည်းမှ စိတ်မကောင်းဘူး'

ထန်ချီက ရယ်ပြီး

'ပထမတော့ ကျွန်တော်လဲ ကြောက်အားလန့်အားနဲ့ မေ့သွားတယ်၊ သတိပြန်ရလို့ အပေါ်ကိုကုတ်တက်ပြီး ကြည့်တော့ ဘာဘာတွမ်တို့ မရှိကြတော့ဘူး၊ သွေးကွက်တွေပဲမြင်တယ်'

တွမ်ကျူးက ဝမ်းတုံကို လှည့်ကြည့်၍....

'အဲ့ဒီသွေးကွက်တွေကမတော့ ဒီကောင် ဝမ်းတုံ ဒဏ်ရာရသွားတဲ့ သွေးကွက်တွေပေါ့၊ တို့အဲဒီမှာတင် အဖမ်းခံရတယ်။ နောက်ပြီး နေပြည်တော်က အကျဉ်းထောင်ကို တန်းပို့လိုက်တာပဲ၊ မင်းက တို့ကိုမတွေ့တော့ ဘယ်ကို ရောက်သွားသလဲ'

ထန်ချီက သူ တာချင်မြို့ကို ရောက်သွားပုံ၊ ပို့ကျူလင်နှင့် လီအင့်ဂိုတို့ စတင်၍ သိကျွမ်းရပုံ၊ ကုတ်ဟီး အရက်ဆိုင်၌ အရက်ရောင်းအမားလုပ်ရပုံနှင့် အရက်သမား အဘိုးအိုယောင်ဆောင်ထားသည့် လင်စိန်ချိုင်းနှင့် တွေ့ရပြီး လင်စိန်ချိုင်းက



စေလွှတ်၍ ဝါးဖြူတောင်ဆရာကြီး ဟန်လင်းထံသို့ သွားရသည်အထိ ပြောပြလိုက်သည်။

ထိုအခါ လင်စိန်ချိုင်းကလည်း....

ထန်ချီ ထွက်သွားပြီးသည့်နောက်ပိုင်း အကျဉ်းထောင်မှူး စီကင်ရို့ ယောင်ဆောင်ပြီး အကျဉ်းကျနေသော သူဌေးကြီး ထန်ဝူအားကယ်တင်ရန် ကြိုးစားစဉ် ဖမ်းမိသွား၍ အခြားထောင်ထဲ ရောက်သွားရပုံကို ပြောပြသည်။

သူတို့သည် ရှေးဟောင်းနှောင်းဖြစ်များကို ရယ်ကာမောကာ ပြောနေကြ၏။

ပို့ကျူလင်က....

'ကဲ ထန်ချီ၊ နင် ဝါးဖြူတောင် ရောက်သွားရပုံကို ပြော ပါဦး'

ထန်ချီက ဝါးဖြူတောင်ရောက်သွားပုံ၊ သူအင်မတန်ပေပြီး သည်းခံတော့မှ ဆရာကြီးဟန်လင်းက သဘောကျပြီး သိုင်းသင်ပေးပုံကို ပြောပြ၏။

'ဆရာကြီးဟန်လင်း ငါ့ကို သိုင်းသင်ပေးနေတဲ့ အချိန်မှာ ဘယ်သူနဲ့တွေ့သလဲဆိုတော့ အဘွားနန်းနဲ့ တွေ့တယ်၊ အဘွားနန်းက အလျင်တုန်းက ငါတို့အိမ်မှာ စားဖိုမှူး လုပ်သွားတဲ့ ကျင်ဝေ့ယုန်ရဲ့ ညီမပဲ'

'နေပါဦး မင်းတရားရုံးမှာ ကျင်ဝေ့ယုန် ဘယ်ကဲတွေ့ပြီး ခေါ်လာတာလဲ'

လီအင့်ဂိုက မရှင်း၍ ဝင်မေးသည်။

'ဒီလိုကွ...အဘွားနန်းက ကျင်ဝေ့ယုန်ဟာ သူ့အစ်မ ဖြစ်ပေမယ့် သစ္စာမရှိကြောင်း မြို့စားကြီးက ပစ္စည်းတွေကို ပစ်ဖမ်းတဲ့ အကြံအစည်ထဲမှာ သူမက အဓိက ပါဝင်နေကြောင်း၊ နောက်ပိုင်းမှာ မြို့စားကြီးက သူမကို နှုတ်ပိတ်ပစ်မှာကြောက်လို့ အင်ထရမ်းမြို့မှာပဲ ပုန်းနေမှာဖြစ်ကြောင်း၊ ဒါပေမယ့် ကျင်ဝေ့ယုန်ဟာ ဗေဒင်ကို အလွန်ဝါသနာပါကြောင်း၊ ဗေဒင်ဆရာတွေလျှင် မနေနိုင်ကြောင်း ငါ့ကို ပြောပြတယ်၊ ဒါကြောင့် ငါက အင်ထရမ်းတစ်မြို့လုံးလှည့်ပတ်ပြီး ဗေဒင်ဟောရတာပေါ့ အဘွားကြီးတွေမှန်သမျှ နာမည်အမှန်ကို ငါက အတိအကျ မေးတော့ ဗေဒင်သိချင်တဲ့ ကျင်ဝေ့ယုန်ကို တွေ့ရတော့တာပဲ'

'အင်းမှင်းက တော်တော့်ကို ရှာရှာဖွေဖွေ ပင်ပင်ပန်းပန်း နိုင်တာပဲ'

လီအင့်ဂိုက ချီးကျူးသလို ပြောလိုက်သည်။

ပို့ကျိူလင်က နှုတ်ခမ်းစူ၍

'နင် လုံးဝမကောင်းဘူး သိလား'

ထန်ချီက ရယ်မောရင်းမှ....

'ဘာဖြစ်လို့လဲ'

'ငါက တကယ့်ဗေဒင်ဆရာ အောက်မေ့လို့ စိတ်ညစ်ညစ်နဲ့ မေးမိပါတယ်၊ ငါ့ကို သူခိုးခါးပြနဲ့ ညားမယ်လို့ ဟောတယ် မဟုတ်လား'

ထန်ချီသည် ရယ်မော၍

'နင်က ငါ့စကားကိုဆုံးအောင် နားမထောင်လို့ပါ၊ သူခိုးခါးပြလို့ပဲ ပြောရသေးတယ်၊ နင်ကထွက်သွားတာကိုး၊ ငါ



ဟောတာက သူခိုးခါးပြလိုလူမျိုးနဲ့ ဘယ်တော့မှ မညားဘူး အရာရှိကြီးနဲ့ညားမယ်လို့ ဟောမလို့ပါ'

ထန်ချီက လီအင့်ဂိုအားကြည့်၍ ပြောလိုက်သည်။

ပို့ကျိူလင်က မျက်နှာမဲ့၍ရွဲ့လိုက်သည်။

'ဒီလိုအရာရှိမျိုး သေတဲ့အထိ မယူသေးဘူး၊ ဒီကောင်က သစ္စာရှိတဲ့အကောင်မှ မဟုတ်ဘဲ'

'ဟ နင်တို့ကဘယ်လိုဖြစ်နေကြတာလဲ'

ထန်ချီက မေးလိုက်လေသည်။

'ငါတော့ဘာမှမပြောတတ်ဘူးထန်ချီ၊ မင်း သူ့ကိုသာမေးကြည့်ပေတော့'

လီအင့်ဂိုက စိတ်ပျက်စွာပြောလိုက်၏။

ထိုစဉ်အခိုက် သူတို့ထံသို့ သူဌေးကြီးထန်ဝူရောက်လာသဖြင့် အားလုံးစကားပြတ်သွားကြသည်။

* * *

တစ်လခန့်အကြာတွင်

အတွင်းဝန်မင်းထံသို့ လီအင့်ဂိုထင်ထားသောစာက အမိန့်ကျလာ၏။

အမိန့်စာမှာ လီအင့်ဂိုကလျှောက်ထားသည့်အတိုင်း တာချင်မြို့တွင် အမှုထမ်းလိုကြောင်းတင်ပြချက်ကို အတည်ပြုပေးလိုက်ခြင်းဖြစ်သည်။

ထို့ပြင် တာချင်မြို့မှ လူဆိုးထိန်းတိတ်အိန်းအား အင်ထရမ်းမြို့သို့ပြောင်းရွှေ့ခွင့်ပေးလိုက်၏။

ထို့ကြောင့်လည်း လီအင့်ဂိုစ၍ အင်ထရမ်းမြို့မှတာချင်မြို့သို့ရောက်ရှိလာပေသည်။

လီအင့်ဂိုသည် မိမိ၏နေရပ်ဌာနသို့ ပြန်လည်အမှုထမ်းရပြီး မိတ်မျာ:နှင့်အတူတကွနေရ၍ ဝမ်းသာမိသော်လည်း

လီအင့်ဂိုရောက်ရှိပြီးနှစ်ရက်အကြာတွင်ပင် အန္တရာယ်တစ်ခုကဆီးကြိုလိုက်တော့၏။

ကံဆိုးမသွားရာ မိုးလိုက်၍ရွာဆိုသကဲ့သို့ သူရောက်ရှိလာမှ ထိုအန္တရာယ်သည် ဆိုက်ဆိုက်မြိုက်မြိုက်ဝင်လာခြင်း ဖြစ်တော့သည်။

လီအင့်ဂိုသည် လက်ထဲမှစာကို ဒုတိယအကြိမ်ထပ်မံ၍ဖတ်ရှုမိလိုက်သည်။

ပို့ကျူလင်ကိုပြန်လိုချင်ရင်....
အင်ထရမ်းအကျဉ်းထောင်ထဲမှ
မြို့စားဟောင်းကျင်းဟူနှင့် ကီဖန်းကို
ခိုးထုတ်ပေးရမည်။

စာမှာ ထိုမျှသာ တိုတိုတုတ်တုတ်ရေးသားထား၏။

လီအင့်ဂိုမှာ ပို့ကျူလင်အတွက် အလွန်အမင်းစိုးရိပ်သွားလေတော့သည်။

* * *

မနေ့ကပင် သူမနှင့်လီအင့်ဂို တစ်ယောက်တစ်ခွန်းစကားများခဲ့ကြသည်။

ပို့ကျူလင်သည် စိတ်အလွန်ခက်ထန်သည့်မိန်းကလေးဟုဆိုရမည်လား၊ မိမိအပေါ်နဲ့ဆိုးဆိုးနေခြင်းလား၊ အတိအကျမ



ပြောတတ်သော်လည်း ပို့ကျူလင်သည် မိမိကမည်ကဲ့သို့ချော့ချော့ ယနေ့ထိစိတ်ဆိုးမပြေသေးပေ။

အမှန်အတိုင်းဝန်ခံရလျှင် လီအင့်ဂိုသည် ပို့ကျူလင်အပေါ် အလွန်သံယောဇဉ်တွယ်တာနေမိပြီဖြစ်၏။

ထို့ကြောင့် မနေ့ကဖွင့်ပြောမိသည်။

သို့သော် သူမက ခါးခါးသီးသီးငြင်းဆန်၍

'နှင့်လိုလူတစ်ယောက်ကို ငါဘယ်တော့မှမစဉ်းစားဘူး'

ဟု ခပ်ပြတ်ပြတ်ပြောသွားသည်။

ယခုသူမကို လူဆိုးများကဖမ်းဆီးသွားပြီဖြစ်၏။

ထိုလူဆိုးများသည် မြို့စားကြီးကျင်းဟူ၏ လက်ကျန်တပည့်များပင်ဖြစ်ရမည်မှာမလွဲတော့ချေ။

ထိုကိစ္စကို မိမိကမဆောင်ရွက်ပေးလျှင် သူမသည် မိမိအားပိုမို၍မုန်းတီးပေတော့မည်။

'ငါဘယ်လိုကြံရပါမလဲပို့ကျူလင်ရယ်'

လီအင့်ဂိုမှာ စိတ်ထဲမှညည်းညူမိလိုက်တော့သည်။

* * *

'ဒီကိစ္စကို မင်းဘယ်လိုမှ မဆောင်ရွက်ပေးနိုင်တော့ဘူးလား လူလေးရယ်'

ပို့ကျူလင်၏ဖခင်သမားတော်ကြီးက မျက်စိပျက်မျက်နှာပျက်ဖြင့် လီအင့်ဂိုအားလှမ်းရောက်ပြောနေ၏။

ပို့ကျူလင်၏မိခင်သည် စီးကျလာသည့် မျက်ရည်များကိုသုတ်၍....

'သမီးလေးရေတိမ်နစ်တာကို မင်း ဒီလိုပဲကြည့်နေတော့မလားကွယ်'

ဟု သနားစဖွယ်ပြောနေတော့သည်။

'မပူပါနဲ့ဗျာ၊ ကျွန်တော်တတ်နိုင်သမျှကြိုးစားပေးပါ့မယ်' သူက နှစ်သိမ့်လိုက်၏။

'ပို့ကျူလင်ကို ဘယ်အချိန်ကဖမ်းသွားတာလဲ'

လူအင့်ဂိုက သမားတော်ကြီးအားမေးလိုက်သည်။

မိခင်ဖြစ်သူကဝင်ပြောသည်။

'ဘယ်အချိန်ရယ်လို့မသိရပါဘူးကွယ်၊ ညကတော့ညကပဲ၊ မနက်မိုးလင်းမှ သူ့အခန်းထဲကိုဝင်တော့ အဲဒီစာကိုတွေ့ရတာပဲ'

လူအင့်ဂိုမှာ သက်ပြင်းချမိလိုက်သည်။

'ဒါဆို လူဆိုးတွေကအတော်အတင့်ရဲတာပဲ၊ အိမ်ထဲမှာ တောင်ဝင်ပြီးဆွဲသွားနိုင်တယ်ဆိုတော့ သူ့မှာအင်အားလဲရှိပုံရတယ်'

'အဲဒါဘယ်လိုလုပ်မလဲလူလေးရယ်၊ မင်းသူငယ်ချင်းဆီကို ကော အကူအညီတောင်းကြည့်ရင်မရဘူးလား'

သမားတော်ကြီးက ထန်ချီကိုရည်ရွယ်၍ပြောလိုက်ခြင်းဖြစ်ပေသည်။ လူအင့်ဂိုကလည်း ယခုမှသတိရသွားသည်။

'အင်း ထန်ချီကိုအကျိုးအကြောင်းပြောပြပြီး အကူအညီ အကြံဉာဏ်ရယူရမှာပဲ၊ ဒါပေမယ့် ဒီကောင်ကဟိုနန်နယ်ကိုခရီး သမားကိုးယောက်ကိုစုံ သွားပြီလားမသိဘူး၊ ကျွန်တော်အင်ထ ရမ်းကို သွားပြီးစုံစမ်းကြည့်ဦးမယ်လေ'



ပို့ကျူလင်၏မိခင်က အနားသို့တိုးကပ်၍

'မင်းအနေနဲ့ ဘယ်နည်းနဲ့မှ အကျဉ်းသားတွေကိုလွှတ်ပေး လို့မဖြစ်နိုင်ဘူးလား'

လူအင့်ဂို သက်ပြင်းချလိုက်သည်။

အပြစ်ရှိလို့ထောင်ကျနေတဲ့သူကို လွှတ်အောင်ဆောင်ရွက် တယ်ဆိုတာ ပိုပြီးအပြစ်ကြီးပါတယ်ဗျာ'

'ထောင်ပိုင်တွေကို ငါတို့ကငွေပုံပေးမယ်ဆိုရင်ကော....'

'အခု အင်ထရမ်းမြို့ဟာ အရင်ကလို ပခုမ်းပတာမဟုတ် တော့ဘူးအဒေါ်၊ အခုရောက်လာတဲ့မြို့စားကြီးက အင်မတန် ဖြောင့်မတ်တည်ကြည်ပြီး သူ့လက်အောက်က အမှုထမ်းအရာ ထမ်းတွေဟာလဲ လာဘ်စားဝံ့မယ်လို့ကျွန်တော်မထင်မိဘူး....'

ပို့ကျူလင်၏မိခင်သည် ရှိုက်ကြီးတငင်ငိုပြန်တော့၏။

လူအင့်ဂိုမှာ လုံးဝစိတ်မကောင်းတော့ပေ။

'ကျွန်တော်ကြိုးစားပြီးဆောင်ရွက်ပေးမယ်လို့ ကတိပေးပါ တယ်'

လူအင့်ဂိုက ထိုကဲ့သို့ပြောလိုက်မှ သမားတော်ကြီးတို့သည် ပြန်သွားကြတော့၏။

* * *

သမားတော်ကြီးဇနီးမောင်နှံ စိတ်ချမ်းသာအောင်သာပြော လိုက်ရသည် ထိုကိစ္စကို မိမိဘယ်ကဲ့သို့ရင်ဆိုင်ဆုံးဖြတ်ရမည်ကို လုံးဝစဉ်းစား၍မရပေ။

မိမိသည် အကျဉ်းထောင်အတွင်းသို့တိတ်တဆိတ်ဝင်ရောက် ၍ တရားခံများကိုခိုးထုတ်ရမည်လော....။

မိမိသည် ဥပဒေဘက်တော်သားတစ်ယောက်အဖြစ်မှ လူဆိုးတစ်ဦးအဖြစ်သို့အရောက်မခံနိုင်ပါ။

ဤသို့ဆိုလျှင် ထိုကိစ္စကို ဒီအတိုင်းပင် လက်ပိုက်၍ကြည့်နေရတော့မည်လား။

ရန်သူ၏လက်ထဲတွင် ပင်ပန်းဆင်းရဲစွာနှင့် ရောက်ရှိနေမည့် ပို့ကျူလင်၏အဖြစ်ကိုတွေး၍ လီအင့်ဂိုမှာ နေမထိထိုင်မသာဖြစ်လာတော့သည်။

ကြာတော့လည်း လီအင့်ဂိုမှာ စိတ်ညစ်မခံနိုင်တော့ပါ၊

မိမိတစ်ယောက်တည်း တွေးတောကြံစည်နေခြင်းထက် မိတ်ဆွေများနှင့်တိုင်ပင်သည်က ပို၍သင့်တော်မည်ဟု ဆုံးဖြတ်ကာ အင်ထဲရမ်းမြို့သို့ ခရီးထွက်ခဲ့ရပြန်တော့သည်။

* * *

အင်ထရမ်းမြို့သို့ရောက်ရှိသောအခါ

ထန်ချီသည် မနေ့တစ်နေ့ကပင် ဟိုနန်နယ်ဘက်သို့ ခရီးထွက်သွားပြီသို့ ကြားသိလိုက်ရသော လီအင့်ဂိုမှာ ရင်ထဲ၌ဟာသွားရတော့သည်။

တုံးလီသည် လီအင့်ဂို၏အဖြစ်ကို ကြားသိရသောအခါ စိတ်မကောင်းဖြစ်မိပြန်လေသည်။

ထိုကိစ္စကို လီအင့်ဂိုသည် အခြားသူများအား အသိမပေးရဲပါပေ။

အကယ်၍ အသိပေးလိုက်ပါက အကျဉ်းသားများသည် သူ့ဟာသူထွက်ပြေးလွတ်မြောက်သွားသည့်တိုင်အောင် မိမိအပေါ် မြားဦးလှည့်လာမည်ဖြစ်ပေသည်။



ထို့ကြောင့် လီအင့်ဂိုသည် ထိုကိစ္စကို တုံးလီနှင့် သူ၏မိတ်ဆွေလူဆိုးထိန်းတိတ်အိန်းကိုသာ ဖွင့်ပြောတိုင်ပင်မိခြင်းဖြစ်ပေသည်။

'ဒီအတိုင်းမှန်ရင် နင့်ကိစ္စကသိပ်မလွယ်ဘူးလီအင့်ဂို၊ သူ့ကို သိသိ သာသာလိုက်လံတိုက်ခိုက်နှိမ်နင်းပြန်ရင်လဲ သူ့ဘာလေကောင်မလေးကိုသတ်ပစ်မှာစိုးရတယ်'

တိတ်အိန်းက စဉ်းစဉ်း စားစားဖြင့် ပြန်ပြောခြင်းဖြစ်လေသည်။

'ဒီတော့ ငါဘာလုပ်သင့်သလဲ'

လီအင့်ဂိုက မေးခွန်းပြန်ထုတ်လိုက်သည်။

သူမကအတန်ကြာအောင် စဉ်းစားနေ၏။

ပြီးမှ

'ပို့ကျူလင်ကိုဖမ်းသွားတဲ့လူတွေဟာ မြို့စားကြီးကျင်းဟူရဲ့တပည့်တွေဆိုတာ အမှန်ပဲဖြစ်နေပြီး ဒီတော့ သူ့တပည့်တွေထဲက ဘယ်သူဖြစ်နိုင်တယ်ဆိုတာ အရင်စုံစမ်းပြီးမှခြေရာခံလိုက်ပြီး ပို့ကျူလင်ကိုကယ်မယ်ဆိုရင် မဖြစ်နိုင်ဘူးလား'

လီအင့်ဂိုက ခေါင်းယမ်းလိုက်သည်။

'ဒီကောင်တွေဟာ ဒီနီးနီး နားနားမှာတော့နေမှာမဟုတ်ဘူး မြို့စားကြီးအဖမ်းခံရတယ်ဆိုကတည်းက ခြေရာဖျောက်သွားပြီး တာချင်ကိုရောက်သွားခဲ့တာ ကြည့်တော့...'

တိတ်အိန်းမှာ တစ်စုံတစ်ခုစဉ်းစားမိလိုက်သည်။

'ဒီမှာလီအင့်ဂို ပို့ကျင်လင်ကိုပြန်ပေးဆွဲပြီး နင့်ကိုအကျပ်ကိုင်တယ်ဆိုကတည်းက ရန်သူဟာနင်နဲ့ပို့ကျူလင်ရဲ့ဆက်ဆံရေး

ကိုသိနေတဲ့သူဖြစ်ရမယ် ပို့ကျူလင်ကိုဖမ်းသွားပြီးရင် နင်ဘယ်နည်းနဲ့မှနေမှာမဟုတ်ဘူး၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဆောင်ရွက်ပေပဲလို့ သေသေ ချာချာသိထားတဲ့လူဖြစ်ရမယ်'

ရတော့ လ^ အင်္ဂိုက ခေါင်းညိတ်လိုက်သည်။

ရန် 'အေး...နင်ပြောတာမှန်တယ်၊ တို့နှစ်ယောက်ဟာ တစ်ပို့ယောက်နဲ့တစ်ယောက် အင်မတန်သံယောဇဉ်ကြီးတယ်ဆိုတာကို သိတဲ့လူထဲကဖြစ်ရမယ်၊ ဒါဆိုဘယ်သူဖြစ်နိုင်သလဲဆိုတော့'

လ^ အင်္ဂို စဉ်းစားရတော့သည်။

သို့သော် ချက်ချင်းပေါ်မလာပေ။

တိတ်အိန်းက

'ငါစဉ်းစားလို့ရတာကတော့ နင်ဗီမှာရှိနေတုန်းက ပို့ကျူလင်ကနင့်ဆီကိုလာတယ်မဟုတ်လား၊ အဲဒီတော့ ကီဖန်းတို့အဖွဲ့က နင်နဲ့ပို့ကျူလင် ပတ်သက်နေတာကိုသိမှာပေါ့....မဟုတ်ဘူးလား'

'အေး အဲ့ဒါလဲဟုတ်တာပဲ'

'အင်း ခက်တာက ဒီကောင်တွေ ဘယ်နေရာမှာအခြေချပြီး ပို့ကျူလင်ကို ဘယ်နေရာမှာထားတယ်ဆိုတာ မသိရတာအခက်ဆုံးပဲ'

တိတ်အိန်းက ပြောလိုက်ခြင်းဖြစ်သည်။

'ဒီလောက်တော့ သူတို့ကလဲဘယ်အ' ပါ့မလဲ'

နှစ်ယောက်စလုံးအတန်ကြာအောင် တိတ်ဆိတ်သွားတော့သည်။

အတန်ကြာမှ လ^ အင်္ဂိုက



'ဖြစ်ချင်ရာဖြစ်စေတော့ ဒီကောင်တွေနောက်ခြေရာခံလိုက်ပြီး တိုက်ခိုက်တာပဲ ကောင်းလိမ့်မယ်နဲ့တူတယ်'

ပို့ကျူလင်အတွက် ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသော လ^ အင်္ဂိုကိုကြည့်၍ တိတ်အိန်းမှာ စိတ်မကောင်းဖြစ်သွားမိလေသည်။

'နင်အဲ့ဒီလိုဆုံးဖြတ်ပြီးတော့ အရမ်းလဲ လိုက်မသွားနဲ့အုံး၊ ...န်သူကသိလို့ ပို့ကျူလင်ကိုသတ်ပစ်လိုက်တော့ ဘယ့်နှယ်လုပ်...မလဲ'

တိတ်အိန်း၏စကားကြောင့် လ^ အင်္ဂို ငြိမ်ကျသွားပြန်သည်

'ငါတစ်ခုတော့စဉ်းစားလို့ရတယ်....'

တိတ်အိန်းက ပြောလိုက်ခြင်းဖြစ်၏။

လ^ အင်္ဂိုက ဆတ်ခနဲကြည့်လိုက်၏။

'ဘာစဉ်းစားလို့ရသလဲပြောစမ်း'

'နင် ရန်သူ့ကိုရှာဖွေဘာထက် ဟိုနန်နယ်ဘက်ကို သွားတဲ့...န်ချီကိုရှာပြီး အကူအညီတောင်းတာက ပိုပြီးတော့မကောင်း...ဘူးလား'

'အေး....နောက်ဆုံးတော့ ငါဒီကောင်ကိုပဲ အပူကပ်ရတော့...ာပဲ'

* * *

## မုန်တိုင်း၏တာဝန်

ချီ သို့မဟုတ် ထန်ချီ

မုန်တိုင်းဓားသမားထန်ချီသည် ဟိုနန်နယ်ဘက်သို့ ဦးတည်ထွက်ခွာလာခဲ့၏။

ဟိုနန်နယ်တစ်ဝိုက်တွင် နည်းမျိုးစုံနှင့်သောင်းကျန်းလျက်ရှိနေသော ဓားသမားကိုးယောက်၏အမည်သည် နေပြည်တော်အထိကျော်ကြားနေ၏။

ယခု သူ့အားဓားသမားကိုးယောက်ကို ဖော်ထုတ်နိုင်ရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသည့်အလျောက် ချီသည် ဟိုနန်နယ်သို့ထွက်လာခဲ့၏။

သို့သော် သူ၏ထောက်လှမ်းရေးဓားသမားအလုပ်မှာ မလွယ်ကူလှပါ ရန်သူသည် သူ့အားထောက်လှမ်းရေးသမားဟုမသိရှိရန်မှာ အလွန်အရေးကြီးလှသော တချက်တစ်ခုဖြစ်ပေသည်။



ထို့ကြောင့်လည်း ချီသည် အလွန်ဝေးလံသောခရီးပင်ဖြစ်သော်လည်း အခြားသူများကဲ့သို့ မြင်းစီးပြီး ထင်ထင်ပေါ်ပေါ်သွား၍မဖြစ်နိုင်ပေ။

ဆုံတွေ့ရမည့်ခရီးကို ကြုံသလိုသွားနေရခြင်း ဖြစ်လေသည်။

ထို့အတူ သူ့အဖိုလက်နက်ကိုလည်း အဆင်သင့်ယူဆောင်၍မဖြစ်ပါ။

ဓားကိုခါးတွင်ချိတ်ဆွဲထားသည်ဆိုကတည်းက သိုင်းလောကထဲမှ လူသားမှန်းသိရှိသွားမည်ဖြစ်တော့မည်။

ထိုအခါ ရန်သူများကစူးစမ်းတော့မည်ဖြစ်၏။

ဘုရင့်အာဏာသားလော၊ ကိုယ်ရံတော်တပ်သားလော စသည်ဖြင့် စူးစမ်းစုံစမ်းတော့မည်မှာ မလွဲပေ။

ထို့ကြောင့်လည်း ချီသည် ကုန်သည်အယောင်ဆောင်လိုဆောင်...

ပွဲစားအသွင်နှင့် သွားလိုသွား'

စာပေသမားတစ်ယောက်၏ ဟန်အမူအရာမျိုးလုပ်လိုလုပ်နှင့် တစ်ရွာဝင်တစ်ရွာထွက်သွားလာရပေသည်။

အင်မတန်ဆိုးသွမ်းသောနယ်သို့ ရောက်သည့်အခါတွင်လည်း မလွဲသာမရှောင်သာ လူမိုက်လုပ်ပြတန်လျှင် လုပ်ပြလိုက်ရပေသည်။

ယခုချီသည်

ကျေးရွာဇနပုဒ်တွင် လယ်ယာလုပ်ကိုင် စားသောက်သည့် လယ်သမားတစ်ဦးအသွင်ဖြင့် ခရီးဆက်နေရပေသည်။

ချီသည် မိုးချုပ်၍ခရီးမဆက်နိုင်သောအခါ နီးရာရွာတွင်ဝင်ရောက်တည်းခိုလိုက်ရလေသည်။

ယင်းကဲ့သို့ သွားရင်း လာရင်းမှလည်း ဓားသမားကိုးယောက်၏အကြောင်းကို စုံစမ်းလေ့လာလျက်ရှိနေပေသည်။

ယနေ့ညအဖို့ချီသည် ဟုရားဟူသော ရွာကလေးတစ်ရွာသို့ရောက်ရှိသည်နှင့် မိုးကချုပ်သွားတော့သည်။

ထိုရွာတွင်တည်းခိုစားသောက်စရာဟူ၍ ဆိုင်တစ်ဆိုင်တည်းသာရှိပေသည်။

ချီသည် ထိုဆိုင်၌ပင်တည်းခိုရန်ဆုံးဖြတ်တော့၏။

* * *

ချီ ထိုဆိုင်ထဲသို့လှမ်းဝင်သောအခါ ဆိုင်ရှင်နှင့်တူသူသည် ငေးငိုင်၍ထိုင်မှိုင်နေသည်ကို တွေ့လိုက်ရလေသည်။

'ခင်ဗျားကဘာလဲ ဒီမှာတည်းခိုမလို့လား'

ဆိုင်ရှင်မှာ စိတ်ညစ်နေသည့်ပုံစံမျိုးဖြင့် ချီကိုမေးလိုက်သည်

'ဟုတ်တယ်ဗျာ မိုးကလဲချုပ်ပြီဆိုတော့ ညဘက်ခရီးဆက်လို့မဖြစ်တော့ဘူး...ဒီည ဒီမှာပဲစားသောက်တည်းခိုပါရစေ'

ဆိုင်ရှင်က ခေါင်းကိုသွက်သွက်ပါအောင် ခါလိုက်လေ၏။

'ဖြစ်မှာမဟုတ်ဘူး'

'ဘာဖြစ်လို့လဲ'

ဆိုင်ရှင်သည် အတွင်းသို့စိတ်ပျက်စွာလှမ်းကြည့်၍

'ဟာ အထဲမှာလူရမ်းကားလေးငါးယောက်ရှိတယ် မောင်းထုတ်လို့လဲမသွားဘူး နောက်ပြီး စားသောက်ထားတာတွေလဲ ပိုက်ဆံတစ်ပြားမှမပေးဘူး'



ဆိုင်ရှင်က စိတ်ပျက်စွာဖြင့်ညည်းညူ ပြောဆိုလိုက်သည်။

ချီက အတွင်းသို့လှမ်းကြည့်လိုက်သည်။

အတွင်းခန်းထဲတွင် နှစ်ယောက်သီချင်းများအော်ဟစ်ဆိုနေသည်။

သုံးယောက်က ကြည့်မကောင်း ရှုမကောင်းအောင် ခုန်ပေါက်ကခုန်နေပေသည်။

အုပ်ချုပ်ရေး အလှမ်းကျဲသည့်နေရာများမို့ လူဆိုးလူမိုက်များမင်းမူနေခြင်းဖြစ်မည်ဟု ချီကတွေးမိလိုက်သည်။

'သူတို့ကဘယ်သူတွေလဲ'

'ဘယ်ကမှန်းလဲကျုပ်မသိဘူး'

'ဓားသမားကိုးယောက်အဖွဲ့ကလား'

ချီကဟုတ်လိုဟုတ်ငြား တီးခေါက်မေးကြည့်လိုက်သည်။

ဆိုင်ရှင်သည် ချီကိုမော့ကြည့်လိုက်၏။

'ဓားသမားကိုးယောက်ဆိုတာက ကျုပ်ကြားဖူးတာ ဒီလိုမဟုတ်ဘူးဗျ၊ သူတို့ကတကယ့်စီးပွားရေးသမားတွေပဲ ဘိန်းကုန်ကူးတယ်လူသတ်တယ် ဓားပြတိုက်တယ် ဒီလိုပေါက်ကရအရက်သမားမျိုးမဟုတ်ဘူး'

ချီသည် အထဲမှလူငါးယောက်ကို တစ်ချက်လှမ်းကြည့်၍

'ဟာ....သူ့ဟာသူဘာဘဲဖြစ်နေဖြစ်နေ ကျွန်တော်ဒီညဒီမှာပဲတည်းခိုပါရစေ'

'မဟုတ်ဘူးငါ့ညီ ကျုပ်ပြောတာကမင်းကိုရန်မူပြီးသတ်မှာစိုးလို့ပြောနေကာ'

ချီကအနည်းငယ်ပြုံးလိုက်ပြီး

'ကျွန်တော်နဲ့သူတို့က ရန်သူမှမဟုတ်ဘဲဗျာ သတ်မယ်မထင်ပါဘူး'

ဆိုင်ရှင်သည် ချီကိုမော့ကြည့်၍သက်ပြင်းချလိုက်သည်။

'ကဲ ပြောလို့မရရင်တော့မင်းသဘောပဲ၊ ဒါပေမယ့်သူတို့ရှေ့မှာတော့ ကျုပ်ကဘာမှရောင်းချမှာမဟုတ်ဘူး၊ သူတို့ကိုအရက်လဲမရှိတော့ဘူး၊ စားစရာလဲမရှိတော့ဘူးလို့ ကျုပ်ကပြောထားတာ'

ချီကခေါင်းညိတ်လိုက်သည်။

'ရပါတယ်ဗျာ....'

*

* *

ချီကအထဲသို့ဝင်လာပြီး ထိုင်ခုံတစ်ခုတွင်ဂူခြေရရ ထိုင်နေသည်။

သို့သော်ချီသည် လူငါးယောက်စလုံးကို တစေ့တစောင်း အကဲခတ်နေ၏။

သုံးယောက်သည် ကမြကနေ၏။

နှစ်ယောက်ကအော်ဟစ်၍ ပေါက်ကရသီချင်းများအော်ဆိုနေသည်။

'သူတို့မူးနေကြ၍ လုပ်ချင်ရာလုပ်နေကြတာထင်ပါရဲ့'

ချီကထိုသို့တွေးလိုက်လေသည်။

ချီ အနေဖြင့် ဘာမဟုတ်သည့်ကိစ္စတစ်ခုနှင့်လည်း အကျယ်အကျယ်မဖြစ်စေလိုသောဆန္ဒရှိနေသည်။

ထိုစဉ် သီချင်းဆိုသည့်အသံကရပ်တန့်သွားသည်။



အင်္ကျီကို ကိုးရိုးကားရားဝတ်ဆင်ထား လူတစ်ယောက်က ချီ၏အနားသို့လျှောက်လာသည်။

ထိုလူက ချီအနားသို့ လျှောက်လာသည်နှင့် ကျန်လူလေးယောက်သည် ကခုန်နေရာမှရပ်တန့်သွား၏။ သီချင်းသံလည်း တိတ်သွားသည်။

လူလေးယောက်စလုံး ချီ ကို ငေးကြည့်နေသည်။

အင်္ကျီ ကိုးရိုး ကားရားဝတ်ထားသူသည် ချီ၏ရှေ့တွင်ရပ်တန့်ကာ ခါးထောက်လိုက်သည်။

'မင်းကဘယ်ကလဲကွ'

'ကျွန်တော် ခရီးသွားတစ်ယောက်ပါဗျာ မိုးချုပ်တာနဲ့ ဒီမှာတည်းခိုမလို့ပါ'

ထိုလူသည် သူ့အဖော်များကိုတစ်ချက်လှည့်ကြည့်လိုက်၏။

ပြီးနောက် ထိုသူသည် ချီဆောင်းထားသောခမောက်ကိုပိုင်စိုးပိုင်နင်း ဆွဲချွတ်လိုက်လေသည်။

ချီကသည်းခံ၍ ငြိမ်နေလိုက်သည်။

ထိုသူသည် မြွေပွေးကိုကစားနေမိပြီဖြစ်သည်။

'မင်းက လူကတောသားပုံစံမျိုးဖြစ်နေပေမယ့် ရုပ်ကချောသားပဲကွ'

ထိုသူသည်ပြောပြီး ရယ်မောလိုက်လေသည်။

ချီကလည်းရောယောင်၍ လိုက်ရယ်လိုက်၏။

'မင်းကခရီးသည်ဆိုတော့ ငွေလေးဘာလေးတော့ အိတ်ထဲမှာထည့်လာတန်ကောင်းပါရဲ့နော်'

ဆိုင်ရှင်သည် ချီအား ကွက်စိတ်မကောင်းဖြစ်မိသော်လည်း မည်သည့်စကားမှ ဝင်မပြောရဲပါ။

အင်္ကျီကိုးရိုးကားယား ဝတ်ထားသူသည် ချီ၏အိတ်ကို စမ်းကြည့်လိုက်လေသည်။

ထိုအခါ ငွေတုံးအချို့ကိုစမ်းသပ်မိသွား၏။

ချီက ငွေတုံးနှစ်တုံးကိုယူ၍အသာတကြည်ပင် ထိုလူ၏လက်ထဲသို့ထည့်ပေးလိုက်သည်။

ထိုလူကဟားတိုက်၍ရယ်လိုက်လေသည်။

'ဟား ဟား ဟား မင်းကလဲဒီငွေလေးက သူတောင်းစားပေးသလောက်ပဲရှိပါတယ်၊ တို့က သူတောင်းစား မဟုတ်ဘူး ဘုရားတကာတွေကွ ကဲ အကုန်ထုတ်စမ်းပါ'

ချီမှာ အနည်းငယ်မျက်နှာနီမြန်းလာတော့သည်။

မြွေပွေးစိတ်ဆိုးနေသည်ကို မည်သူမှမသိပေ။

ချီကနောက်ထပ် ငွေတုံးတစ်တုံးနှိုက်နေစဉ် ထိုလူသည်ချီ၏မျက်နှာကို မပြောမဆိုဖြတ်၍ရိုက်ချလိုက်သည်။

ဒီလောက်အထိ ရမ်းကားလိမ့်မည်ဟုချီနည်းနည်းမှ မထင်မိပေ။

ယခုကဲ့သို့ သူ့မျက်နှာကို ဖြတ်ရိုက်သည်အထိ စော်ကားလာသောအခါ ချီသည် ဒေါသချောင်းချောင်းထွက်လျက် ရုတ်တရက် မတ်တတ်ရပ်လိုက်၏။

ချီသည် မတ်တတ်ရပ်လိုက်သည်ဆိုကတည်းက သူ၏လက်နှစ်ဖက်ကလည်း ထိုသူကို ကိုင်မြှောက်ထားပြီး ဖြစ်နေတော့သည်။



ထို့နောက် အနည်းငယ်အားစိုက်လိုက်ရုံနှင့် ထိုသူမှာ လမ်းမပေါ်သို့ လွင့်စဉ်ထွက်သွားတော့၏။

'ဘုန်း'

ခွေလျက်သား ကျသွားသည်။ လုံးဝပြန်မထတော့ပေ။

* * *

ထိုစဉ် လူလေးယောက်အနက်မှ

နှုတ်ခမ်းမွေးနှင့်လူကစ်ယောက်က ချီ၏အနားသို့ တစ်လှမ်းချင်းလျှောက်လာပြန်သည်။

တစ်ခုံ ချီးကျူးစရာကောင်းသည်။

ထိုလူငါးယောက်သည် အခြားသူများကဲ့သို့ ဝိုင်းဝန်း၍မတိုက်ခိုက်သည်မှာ ချီးကျူးစရာလိုဖြစ်နေ၏။

နှုတ်ခမ်းမွေးနှင့်လူသည် ချီကို သေသေချာချာကြည့်လိုက်သည်။

ထိုသူ၏ခန္ဓာကိုယ်မှာ ချီထက် အနည်းငယ် ထွားကျိုင်းပုံရသည်။

လူငါးဦးထဲတွင် ထိုသူက အထွားကျိုင်းဆုံးဖြစ်၏။

'မိတ်ဆွေရဲ့ နာမည်လေးများ မသိရဘူးလား'

'နမ်ရှမ်း'

ချီက အတွင်းဝန်မင်း၏နာမည်ကို ပြောပြလိုက်၏။

'နန်ရှမ်း ဟုတ်လား၊ နေပါဦး၊ ဒီနာမည်မျိုးကြားဖူးပါတယ်၊ နန်အမျိုးအနွယ်ဆိုတော့ နေပြည်တော်က အတွင်းဝန်မှင်းရဲ့နာမည်ပဲ၊ မင်းက မင်းညီမင်းသား တစ်ယောက်များလားကွာ၊ ဟား...ဟား....ဟား'

ထိုလူက ချီကို မထီလေးစား ပြော၍ ဟားတိုက်ရယ်နေသည်။

ချီသည် ပြုံး၍ နားထောင်နေ၏။

ထိုသူသည် လမ်းပေါ်တွင် မှောက်နေသော သူ့ရဲ့ဘော်ကို လှမ်းကြည့်လိုက်သည်။

'ဒီနယ်မှာ မြက်ရှောင်ါးကောင်ဆိုတာများ မင်းနည်းနည်းမှမကြားဘူးလား'

မြက်ရှောင်ါးကောင်ဆိုသော စကားကို ကြားလိုက်ရတော့မှ ဆိုင်ရှင်သည် မျက်လုံးဝိုင်းသွားလေ၏။

အကြောင်းမှာ မြက်ရှောင်ါးကောင်သည် နာမည်ကျော်ကြားနေသော လူငါးဦးပင်ဖြစ်သည်။

သူတို့သည် ငွေးရမ်းသည့်သူက ရှိလာလျှင် လူပါသတ်ပေးသည့်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

ထိုသော် မြက်ရှောင်ါးကောင်မှာ စည်းကမ်းတစ်ခုရှိသည်။

ရန်သူတစ်ယောက်ကို တစ်ယောက်ချင်းတိုက်၏။ အကယ်၍ ငါးယောက်ဖြစ်လာလျှင် ငါးယောက်စလုံး ဝိုင်းတိုက်သော အကျင့်ပင်ဖြစ်သည်။

သူတို့၏သိုင်းပညာသည် ဤနယ်တစ်ဝိုက်၌ ကျော်ကြားနေသော်လည်း ဆိုင်ရှင်မှာ တစ်ခါမှမမြင်ဘူးပါပေ။



'ဒါကြောင့်မို့လဲ ဒီကောင်တွေ ဒီလောက် မိုက်မိုက်ကန်းကန်းနဲ့ အတင့်ရဲနေတာကိုး'

ဆိုင်ရှင်က စိတ်ထဲမှရေရွတ်လိုက်သည်။

'မြက်ရှောင်ါးကောင်ဆိုတာ ခင်ဗျားတို့လား'

ချီက ပြန်မေးလိုက်သည်။

ထိုသူက ခေါင်းညိတ်၍

'အေး....ဟုတ်တယ်၊ မင်းကြားဖူးတယ်မဟုတ်လား'

'ဟင့်အင်း၊ ကျွန်တော်မှကြားဖူးဘူး'

နှုတ်ခမ်းမွေးနှင့်လူက မျက်မှောင်ကြုတ်လိုက်သည်။

'မကြားဘူးရင် သေသေချာချာမှတ်ထား၊ ဟောဟိုလမ်းမပေါ်မှာ လဲကျနေတာက ရေမြက်ရှောတဲ့၊ ငါက မြေမြက်ရှော ဟောဟိုမှာရှိနေတဲ့ သုံးယောက်က လေမြက်ရှော၊ မိုးမြက်ရှောနဲ့ တောင်မြက်ရှော'

ချီက ရယ်လိုက်သည်။

'ဟာ....ခင်ဗျားတို့နာမည်ကတယ်ကောင်းပါလား၊ ရေမြေမိုးတောတောင်စုံလို့ပါပဲလား'

'ဒါမှင်းလှောင်စရာ မဟုတ်ပါဘူး'

ချီက ခေါင်းခါယမ်းလိုက်၏။

'ကျွန်တော် မလှောင်ပါဘူး'

'ဟေ့ကောင် မင်းထစမ်း'

ချီက ကုလားထိုင်ပေါ်၌ ထိုင်နေသည်ကို ဘဝင်မကျ၍ မြေမြက်ရှောက ထခိုင်းလိုက်ခြင်းဖြစ်သည်။

'ကျွန်တော် ညောင်းလို့ထိုင်နေတာ'

မြေမြက်ရှော စ၍ ဒေါ်သထွက်သွားကာ'

'ကဲကွာ ညောင်းဦး'

ဟုဆိုကာ အခြားကုလားထိုင်တစ်လုံးကိုယူ၍ ချီ၏ခေါင်းပေါ်သို့ ရိုက်ချလိုက်တော့သည်။

ဆိုင်ရှင်မှာ ရုတ်တရက် ဇက်ပုဝင်သွားပြီး မျက်စိမှိတ်ထားမိလိုက်သည်။

'ဘုန်း'

'ဝုန်း'

ဟူသောအသံကြားမှ မျက်စိဖွင့်ကြည့်လိုက်ရာ ဆိုင်ရှင်၏မျက်လုံးသည် အဆမတန် ပြူးကျယ်သွားလေတော့သည်။

အကြောင်းမှာ

လမ်းမပေါ်၌ နှစ်ယောက်တိတိအိပ်ပျော်နေပြီ ဖြစ်သည်ကို တွေ့လိုက်ရသောကြောင့်ပင်။

* * *

နန္ဒကျော်သူ

နား‌ဦးမည်။

ဒု–ဇာတ်သိမ်း တစ်ပတ်အတွင်းထွက်မည်။